
www.burmeseclassic.com



# လမင်းရိုရို

မော ဟ တိမ် မညိုး ညို

၂ လင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## မောဟတိမ်မည်းညို

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၈၄၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၁၆၁၁၀၈

၂၀၀၃ ခုနှစ်၊ မေလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင် (၀၃၈၈၇) ခေတနာစာပေ အမှတ် (၅၉)၊ ၁၉ လမ်း သသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင် (၅၅၇၃)ခေတနာ OFFSET အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ရပါပြီ သမီးရယ်၊ စာချုပ်က ပြည့်စုံပါတယ်"

ဒေါ်သင်းသင်းနွယ်က စာချုပ်များကို ပို့လက်ထဲပြန်၍ ကမ်းပေးလိုက်ရင်း ခေါင်းတညိတ်ညိတ်နှင့် ပြောလျှင် ...

"ဟုတ်ကဲ့ အန်တီ၊ ဒါဖြင့် ပို့ နက်ဖြန်မနက် ကိုးနာရီတိတိကို ဒီကိုလာပြီး စာချုပ် ချုပ်လိုက်တော့မယ်၊ စရန်ငွေနုတ်ပြီး ကျန်ငွေကို နက်ဖြန်မနက်မှာ အားလုံးချေပါ့မယ်၊ မနက်ကိုးနာရီ အန်တီ အဆင်ပြေပါတယ်နော်"

"ပြေပါတယ်"

"ကိုးနာရီ စာချုပ် ချုပ်ပြီးရင် ပို့က အပေါ်ထပ်ကို ချက်ချင်းပဲ အိမ်ပြောင်းလိုက်တော့မယ်။ အောက်ထပ်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖွင့်ဖို့အတွက် လိုအပ်တာ နည်းနည်း ထပ်မြှုပြင်တာ ကို နက်ဖြန်ပဲ စ,လိုက်တော့မယ် အန်တီ”

“လုပ်ပါ ... လုပ်ပါ၊ ကောင်းပါတယ်”

တစ်ချိန်လုံး အခန်းထောင့် နံရံကို လက်ပိုက်မှီ၍ စိုက်ကြည့်နေသော ဒေါ်သင်းသင်းနွယ်ရဲ့သား သားအေး ဆိုတဲ့ ကောင်လေးက ...

“ကျွန်တော် ဘာကူလုပ်ပေးရဦးမလဲ မမ”

“အြော် ... ရပါတယ်၊ ကြီးကြီးမားမား ကူစရာတော့ မ ပါဘူး၊ ကျေးဇူးပါပဲ”

ပို့ုက အပြုံးကလေးနှင့် မှင်သေသေ ဖြေလိုက်ရ သည်။ ဒီကောင်ကလေးဟာ သူ့ရဲ့ ဝတ်စားဆင်ယင်ပုံ အမူအရာ ဟန်ပန်တွေကြောင့်သာ ချာတိတ်ကလေး တစ်ယောက်အသွင် မလောက်လေး မလောက်စား ဖြစ်နေပေမဲ့ ပို့ုထက် နှစ်နှ လောက်ထက်ပိုပြီး မငယ်နိုင်ပါ။

ဆံပင်က အမျှင်ကလေးတွေလို ဖွာကော့နေကာ ခေတ်ပေါ် ကိုရီးယားမင်းသားလေးတွေ ဟန်ပန်ရှိတဲ့ ကောင်က လေးဟာ သူတို့တိုက်ရဲ့ အောက်နှစ်ခန်းကို ပို့ု ငှားရမ်းဖို့ စတင်





ဆက်သွယ်ဖြစ်ကတည်းကစပြီး ပို့ုကို အရောဝင်ချင်တာ၊ ငေး မောခိုးကြည့်တတ်တာ အသိသားပင်။

ကိစ္စမရှိပါဘူးလေ။ မနက်ဖြန် စာချုပ်ကြီးချုပ်တော့ “ကိုည”ပါလာမှာပဲ။ ကိုညက အသိသက်သေနေရာက လက်မှတ် ရေးထိုးမှာပဲ။ မတော်တဆ စကားစပ်ရင်း ပြရင်း အဲဒီ “ညီညီဦး” ဆိုတဲ့သူဟာ ပို့ုကလျာရဲ့ မကြာခင် လက်ထပ်ဖို့ ရည်ရွယ်ပြီးသော ချစ်သူဆိုတာ သိသွားကြမှာပဲပေါ့။

“မမတို့ ချက်ချင်း အိမ်ပြောင်းလာမှာဆိုတော့ ပစ္စည်းတွေ ဘာတွေ သယ်စရာရှိတာတွေ ကျွန်တော် ကူညီသယ်ပေး လို့ရပါတယ်၊ ကျွန်တော့်မှာ သူငယ်ချင်းတွေလည်း ရှိပါ တယ်”

“ဟုတ်သွားပဲ၊ အားမနာနဲ့ သမီး၊ သမီးတို့က တူဝရီးနှစ် ယောက်ထဲဆို သားထွေးက ဒီနားမှာတင် သူ့ဘော်ဒါတွေ အများကြီး၊ ခိုင်းစရာရှိတာ ခေါ်သာခိုင်း၊ အလကား အား နေတာ”

“ကျေးဇူးတင်ပါတယ် အန်တီ၊ ကြီးကြီးရယ်၊ ပို့ုရယ် အလုပ်သမား မိန်းကလေး ပန်းနုရယ်၊ အမျိုးသမီးချည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



မို့လို့ ပို့ဂျူက ပြောင်းရွှေ့ဖို့ကို Moving service တစ်ခုကို အပ်လိုက်ပါတယ် အန်တီ၊ သူတို့ အစအဆုံး သယ်ပေး ရွှေ့ပေးပါလိမ့်မယ်"

"ဩော် _ ဟုတ်လား၊ အေး ... အဲဒါလည်း ကောင်းသား နော်"

လမ်းမတန်းကြီးရဲ့ မျက်နှာစာ ပေလေးဆယ် ခြောက် ဆယ် မြေကွက်မှာ ပေနှစ်ဆယ် ခြောက်ဆယ် နှစ်ခန်းတွဲ ကန် ထရိုက်တိုက်ကြီး ဆောက်လုပ်ချိန်ဟာ အချိန်ကောင်းမိခဲ့၍ ဒေါ်သင်း သင်းနွယ်တို့ သားအမိကတစ်ခြမ်း၊ ကန်ထရိုက်တာကတစ်ခြမ်း ခွဲဝေရရှိခဲ့ပါသည်။ ခုနောက်ပိုင်းတွေမှာတော့ ကန်ထရိုက်ဘက်က ဆဲဗင်းရှိပ်ပ် " 7 " ယူတယ်လို့ သိရသည်။

ဒေါ်သင်းသင်းနွယ်တို့ဟာလည်း ချို့ချို့တဲ့တဲ့ မဟုတ် ကြ၍ သူတို့ရတဲ့ တစ်ခြမ်းလုံးကို တစ်ခန်းမှ မရောင်းပါ။ အလွှာ ခြောက်လွှာမှာ အပေါ်ဆုံးလွှာကို အကျိုးဆောင် အေဂျင်စီတစ်ခု ကို ငှားထားပါသည်။ အလယ်နှစ်လွှာဖြစ်တဲ့ သုံးနဲ့လေးကို သူတို့သားအမိ နေနေကာ အောက်ဆုံး မြေညီထပ်နှင့် ပထမထပ် ကို ငှားဖို့ ဈေးဖွင့်ထားတာ ကြာပါပြီ။





သူတို့က လခယူလို့ကောင်းအောင် နှစ်လွှာပေါင်း တစ်ဦးတည်း ငှားလိုသည်။ ဆိုင်ခန်းတွေ ဘာတွေ ဖွင့်လိုသည့် သူတချို့ကလည်း အောက်ဆုံးလွှာ တစ်လွှာပဲ ငှားလိုသည်။ အောက်ဆုံးလွှာ တစ်လွှာတည်းငှားလျှင် လျှော့ချရမည့်ဈေးကို အိမ်ရှင် အိမ်ငှား ညှိမရဘဲ အိမ်ရှင်ကလည်း ဆစ်ဈေးမပေးနိုင်၊ အိမ်ငှားကလည်း တစ်လွှာတည်းမို့ ဆိုဈေးများသည်နှင့် ဈေးမတည့် ဘဲ ကြာမြင့်နေရာက ပို့ဂျူကကျတော့ အောက်ဆုံးလွှာနှင့် ပထမ လွှာ နှစ်လွှာတွဲ ငှားလိုတဲ့သူဖြစ်ရာ ချက်ချင်းလိုပဲ ဒေါ်သင်းသင်း နွယ်က ဆိုဈေးမှ အတော်အသင့် လျှော့ပေးလိုက်ပြီး ငှားဖြစ်သွား ခဲ့တာပင်။

ပို့အဖို့ကကျတော့ အောက်မြေညီထပ်ကို Beauty Spa တစ်ခု ဖွင့်မည်။ အပေါ်လွှာကို လူနေမည်။ ပို့ဂျူကိုယ်တိုင်က ခြောက်မိုင်ခွဲက ခြံနှင့်တိုက်ကို သံဝန်ထမ်းမိသားစုကို ငှားရစ်ခဲ့တဲ့ သူမို့ ဒီလောက်ပေးပြီး နှစ်လွှာငှားနေတဲ့အတွက် ငှားရမ်းခချင်း ချေလျှင် ပို့ခြံဘက်က ငွေပိုထွက်နေပါသေးသည်။

ပို့တို့ခြံက လမ်းတွင်းပိုင်း ကျကျမို့ ပို့ဆိုင်ဖွင့်ဖို့ အဆင်မပြေရာ ခုချိန်ထိ ပို့ဂျူက မြေနီကုန်းဘက်မှာ အခန်းငှား



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ခဲ့ရတာပင်။ အခုတော့ ဒီအခန်းက မိုလည်းကျယ် အချက်အချာလည်း ဖြိုကျ၊ ကိုယ်နေဖို့ အိမ်နဲ့ တစ်တွဲတည်းလည်းရ။ ပျို့အဖို့ အဆင်ပြေလှသည်။

အောက်ထပ်ခန်း ဟောလ်ကို ယာယီအကာအရံလေးများ၊ ရေပိုက်လိုင်း၊ မီး၊ မှန်ချပ် စသည်တို့ ပျို့ အနည်းအကျဉ်း ပြင်ဆင်ရမည်။ အပေါ်ထပ်ကတော့ နဂိုကပင် အိပ်ခန်းနှစ်ခန်း အပါအဝင် တောက်လျှောက် အခန်းဖွဲ့ထားပြီးသားပင်။ ပျို့ဘာမှ ပြုပြင်စရာမလို။

"တီ တီ တီ ... တီ တီ တီ"

စာချုပ်များကို ကောက်ယူ၍ ဖိုင်လ်အိတ်ထဲ ပျို့ သိမ်းဆည်းနေဆဲပင် ပျို့ရဲ့ လက်ကိုင်ဖုန်းလေးက အသံမြည်လာပါသည်။

ပျို့က ဖုန်းကို တစ်ချက်ကြည့်ကာ ဖုန်းဖွင့်လိုက်ပြီး

"ဟယ်လို ... ကိုည"

"ပျို့လေးလား"

"ဟုတ်"

"ပျို့လေး အခု ဘယ်မှာလဲ"





"ပျို့ ဗိုလ်တထောင်ဘက်က ... ငှားမဲ့အိမ်ခန်း ရောက်နေတယ် ကိုည၊ နက်ဖြန်ကို မနက်ကိုးနာရီ ချိန်းထားတယ် ကိုည၊ ကိုည အားတယ် မဟုတ်လားဟင်"

"ပျို့လေး ... နားထောင်ဦး၊ ကိုယ် အခု တအားယောက်ယက်ခတ် ပြေးလွှားနေပြီ၊ ပျို့လေးဆီတောင် ခုမှပဲ ဖုန်းဆက်ဖြစ်တာ၊ နက်ဖြန် သက်သေလက်မှတ်ထိုးပေးဖို့ ကိုယ် မလိုက်နိုင်တော့ဘူး ပျို့လေး၊ ကိုစိုးကိုဖြစ်ဖြစ် လွှတ်ပေးမယ်"

"ဟုတ်လား၊ ဘာဖြစ်လို့လဲဟင် ကိုည"

"ပျို့ ... ကိုယ့်အစ်ကို စင်ကာပူမှာ ဆုံးသွားတယ်"

"ဟယ်"

ပျို့သည် အလန့်တကြား ဟစ်အော်လိုက်မိပါသည်။ ကိုညတို့မှာ "နောင်နေဦး"နှင့် "ညီညဦး"ရယ်လို့ ညီအစ်ကိုနှစ်ယောက်တည်း ရှိတာပင်။ ကိုညရဲ့ အစ်ကို့ကို ပျို့ တစ်ကြိမ်မှ မမြင်ဖူး မဆုံဖူးပါ။ ဒါပေမဲ့ ကိုညရဲ့ နှုတ်ဖျားကနေ "ကိုနေ" "ကိုနေ"နှင့် တတွတ်တွတ် ပြောဖူးတဲ့ အကြောင်းအရာတွေကိုတော့ နားရည်ဝနေကာ ပျို့အစ်ကို တစ်ယောက်လိုပဲ ရင်းနှီးနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်နေဦးဟာ ငယ်ငယ်တည်းက နည်းနည်း ချူချာတဲ့ ကလေး။ ကျန်းမာရေး သိပ်မကောင်းတဲ့ကြားက သူ ကိုယ်တိုင်တော့ ဆေးရာဝန်ဖြစ်ခဲ့တဲ့သူပင်။ ပြီးတော့ သူတို့ညီအစ်ကို က အသက်ချင်း ခြောက်နှစ်ကွာခြားတဲ့အတွက် ကစားဖက် ရန် ဖြစ်ဖက်လို မဖြစ်ခဲ့ဘဲ အစ်ကိုကလည်း ညီကိုသိပ်ချစ်၊ ညီကလည်း အစ်ကို့ကို သိပ်ချစ်။

ကိုညဟာ သူ့အစ်ကို့ကိုတင် သိပ်ချစ်တာမဟုတ်။ သူ့အစ်ကိုရဲ့ တစ်ဦးတည်းသော သမီး ၊ သူ့တူမလေး အိန်ဂျယ်လ်ကိုလည်း အလွန်ကို ချစ်ပါသည်။ ဘယ်လောက်ထိ ချစ်သလဲဆိုရင် ကိုညရဲ့ လည်တိုင်က ပလက်တီနမ်ဆွဲကြိုးခပ် တုတ်တုတ်မှာ ချိတ်ဆွဲထားတဲ့ လေးထောင့်ပုံ ပလက်တီနမ် လော့ကက်ပြားကလေးဟာ သေတ္တာလေးလို ပိတ်လို့ဖွင့်လို့ရတဲ့ ဟာ ဖြစ်ပြီး အတွင်းဖက်မှာ သူ့တူမလေးရဲ့ ချစ်ဖို့ကောင်းလှတဲ့ မျက်နှာပြည့် ဓာတ်ပုံကလေးကို အမြဲတမ်း ထည့်သွင်းထားတာ ကိုပဲ ကြည့်ပေါ့။

ပျိုသည် သတိပြန်ဝင်ကာ ...

"ဘယ် ... ဘယ်လိုဖြစ်တာလဲ ကိုည"





"ဒီမနက်ပဲ ကိုယ့်ဆီ အီးမေးလ် လာတယ်၊ အဲဒီကတည်းက ဒီနဲ့ ဟိုနဲ့ အီးမေးလ်ပို့လိုက် ဖုန်းပြောလိုက် ကိုယ်သွားဖို့ လက်မှတ်ကြိုးစားလိုက်နဲ့"

ညီညဦးဟာ ဘစ်စ်နက်စ် ပါ့စ်ပို့ထ် ကိုင်ဆောင်သူ မို့ အချိန်မရွေးတော့ ကောက်ထ,သွားနိုင်သူမျိုးပင်။ လက်မှတ် သာ ရ,မရ ကြိုးစားရမှာ။

"လက်မှတ်ရပြီလား ကိုည"

"ရပြီပျို၊ ဒီညပဲ ခုနစ်နာရီခွဲ ကိုယ်သွားမယ်"

"ပျို စိတ်မကောင်းလိုက်တာ ကိုညရယ်၊ ရောဂါနဲ့ပဲလား ဟင်"

"ရောဂါနဲ့ မဟုတ်ဘူး၊ သူတို့အပေါ့ထ်မဲန့်ထ်မှာ ဝါယာ ရှော့ခ်ဖြစ်ပြီး ပေါက်ကွဲမှု ဖြစ်တာလို့ ပြောတယ်"

"ဟင် ... ဒါဖြင့် သူ့မိန်းမနဲ့ ကလေး"

"အားလုံး ဆေးရုံမှာ ပျိုလေး၊ ဒါကြောင့် ကိုယ် ချက်ချင်း သွားဖို့လိုတယ်၊ ပြီးတော့ ကြာရင်လည်း နည်းနည်းကြာ မယ်၊ ဆေးရုံမှာ ဟိုသားအမိက ဘယ်လိုအခြေအနေလဲ မသိရဘူးလေ၊ ကိုယ် အခု ဆက်သွယ်ရတာက အဲဒီက



www.burmeseclassic.com

www.burmeseclassic.com



ကိုနေ့ မိဘ်ဆွေတွေနဲ့ပဲ၊ ဟိုကျမှ အခြေအနေ အားလုံး သိရမယ်”

“ဟုတ်ကဲ့၊ ကိုည ဒီကို ဘာမှနောက်ဆံမတင်းနဲ့၊ ဟိုမှာ အားလုံး အဆင်ပြေတဲ့အထိ နေလေ၊ ကိုညကို ပျို့ ဘာ လုပ် ပေးလို့ရလဲ၊ ကူညီပေးဖို့ လိုတာရှိရင် ပျို့ဆီ လှမ်း ဆက်နော်”

“ပျို့လေး ... မေမေ့ကို နည်းနည်းလာပြီး အားပေးလိုက်ပါ ဦး၊ အိမ်မှာတော့ မေမေ့ညီမတွေ တူမတွေ လာနေပေး မယ်၊ အခု ရောက်နေပြီ၊ ပျို့ တစ်နေ့ တစ်ကြိမ်လောက် အားပေးမျက်နှာပြလေး လာရုံပဲ”

“စိတ်ချပါ ကိုည၊ ပျို့ ဒီနေ့လည်း လာလိုက်မယ်”

“ဒါပဲ ပျို့လေး၊ ကိုယ် လုပ်စရာ ပေါ်လာပြီ၊ အဲဒီဘက် ခြမ်းကို ကားကပ်ရပ်လိုက်တော့ ကိုစိုး”

ကိုည ကားပေါ်ကနေ ပြောနေတာ ပျို့သိရသည်။ ကိုစိုးဟာ ညီညဦးရဲ့တပည့်။

ပျို့သည် ဖုန်းလေးကိုပိတ်ပြီး စိတ်မကောင်းလှဘဲ ငိုင်ငြိမ်နေမိ၏။





“ဘယ်သူ ဘာဖြစ်လဲ သမီး၊ နက်ဖြန် စာချုပ်ဖို့ အဆင် ပြေရဲ့လား”

“သြော် ... အန်တီ၊ စာချုပ်ဖို့ အဆင်ပြေပါတယ်၊ စာချုပ် ချုပ်ရင် အသိသက်သေ လိုက်လာပေးမဲ့ မိတ်ဆွေက ခရီး သွားစရာ ပေါ်လာလို့ပါ၊ တခြားမိတ်ဆွေတစ်ယောက်ကို ပဲ ခေါ်ခဲ့ပါ့မယ်”

“သြော် ... အေး ... အေး ... အဆင်ပြေရင် ပြီးတာပါပဲ၊ နက်ဖြန် စာချုပ်ချုပ်မယ် ဆိုပေမဲ့ သမီးတို့လည်း စရန် ချထားပြီးသားပဲ၊ ရွှေ့စရာ ပြောင်းစရာတွေ ဒီနေ့လုပ်လို့ အဆင်ပြေရင်လည်း ရွှေ့နှင့်ပါ၊ ရပါတယ်”

“ကျေးဇူးတင်ပါတယ် အန်တီ၊ အဲဒါဆိုရင်တော့ ပျို့ အောက်ဆုံးထပ်ကို ရေပိုက်သမားခေါ်ပြီး ပြချင်ပါတယ်၊ လိုတဲ့ပစ္စည်း သူကြို့ဝယ်လာနိုင်အောင်လို့ပါ၊ ခေါင်းလျှော် ခုတင်တွေရဲ့ ခေါင်းရင်းတွေမှာ ဗေစင်လေးတွေ တပ်ရ မှာဆိုတော့”

“ရတယ်လေ ... ကြည့်ပါ၊ ပြပါ၊ လုပ်စရာရှိတာလုပ်သာ လုပ်နှင့်ပါ”



www.burmeseclassic.com

www.burmeseclassic.com



ပျို့ စရန်ချထားတဲ့ ငွေကလည်း အတော်များများ မို့ ဒေါ်သင်းသင်းနွယ်က လိုက်လိုက်လျောလျောပင် ပျို့ကို သော့တစ်စုံ ထုတ်ပေးရင်း ...

"လောလောဆယ် ခတ်ထားတဲ့ သော့ပေါ့၊ သမီး ပြောင်းလာရင်တော့ သော့သစ်တွေ သုံးမှာပဲဆိုတော့ ဒီသော့တွေ သော့ခလောက်တွေ အန်တီ့ဆီ ပြန်အပ်ထားလိုက်ပေါ့"

"ဟုတ်ကဲ့"

ပျို့က ထိုင်ရာမှ ထ,ရင်း ...

"ဒါဖြင့် ပျို့ ပြန်လိုက်ပါဦးမယ် အန်တီ၊ ရေပိုက်သမားကို ဆက်သွယ်ပြီး ညနေလောက်မှ တစ်ခေါက်ပြန်လာပြီး သူ့ကို ပြတော့မယ်၊ ပျို့ကို ခွင့်ပြုပါဦး"

"အေး ... အေး ... ကောင်းပါပြီ သမီး"

နံရံကို မှီရပ်နေတဲ့ သားထွေး ဆိုတဲ့ ကောင်ကလေးသည် ပျာပျာသလဲပင် ပျို့ ပြန်ဖို့အတွက် တံခါးကို သွားဖွင့်ပေးပါသည်။ ပျို့ တံခါးဝမှ အထွက်တွင် အရောဝင်လိုတဲ့ ခပ်ပြုံးပြုံးကလေး မျက်နှာလေးနှင့် ...

"မမ ဘာနဲ့ ပြန်မလဲ၊ အဆင်ပြေရဲ့လား"





"မမ ကားပါတယ်၊ အောက်လမ်းထဲမှာ ရပ်ထားခဲ့တယ်"

"ဪ ..."

ပျို့က ကောင်လေးကို ပြုံး၍ နှုတ်ဆက်ကာ ဆင်းလာခဲ့ပါသည်။ ပျို့ကို တစ်ဆစ်ချိုး လှေကားထိပ်အထိ ထွက်ရပ်ကြည့်ကာ ကျန်ရစ်ကြောင်း စိတ်က အလိုအလျောက် သိနေသည်။

ခပ်ချောချော ခပ်လှလှ အမျိုးသမီးတစ်ယောက်ကို ခင်မင်အရောဝင်ချင်ပုံ အမူအရာ ရှိသော်လည်း သို့ပုံစံက အမြင်ကတ်စရာတော့ မရှိပေ။ ဖြူစင်ဝင်းဥတဲ့အသားရောင် ကြည်ကြည်ကလေးမှာ မျက်ခုံးမည်းမည်းတန်းတန်းကလေးနှင့် ကောင်ကလေးရဲ့ ရုပ်ကသနို့ကာ အဆင့်အတန်းရှိတဲ့အပြင် အမူအရာ၊ အကြည့်အပြုံးလေးတွေက ကလေးရုပ်ပင် သေချာမပျောက်ချင်သေးသလို အလန်ကလား ထွားထွားနုနုနှင့် ချစ်စရာ ခင်စရာကလေးတောင် ကောင်းနေပါသေးသည်။

အောက်ရောက်တော့မှ ပျို့ ဒုက္ခရောက်တော့တာပင်။ ပျို့ရဲ့ ဆုဗါးဆိုလွန်းကား မက်တဲလစ်ဆီးရောင်ကလေးဟာ ရှေ့ဘီးတစ်လုံး ပြားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုသည် ကားနောက်ဖုံးဖွင့်ကာ ဂျိုက်နှင့် စပန်နာ ရှာသော်လည်း မတွေ့။ ဘီးမိုကတော့ပါသည်။ ဖြေရှင်းစရာနည်း လမ်း အလွယ်တကူ တစ်ခုပ် စဉ်းစားလို့ ရလေရာ လမ်းထိပ်က ဒေါ်သင်းသင်းနွယ်တို့ တိုက်ကြီးအောက် ပျို ပြန်လျှောက်လာခဲ့ရ လျက် သုံးထပ်ကခေါင်းလောင်းကြိုးကို ဆွဲလိုက်ရပါတော့သည်။

ဝရန်တာကျယ်ကျယ်ကြီး၌ ချက်ချင်း ပေါ်လာသူမှာ သားထွေးပင်။

"မမ ဘာကျန်ခဲ့လို့လဲ"

"ဘာမှ မကျန်ပါဘူး၊ သာထွေးမှာ ဂျိုက်တို့ စပန်နာတို့ ရှိသလားဟင်"

ပျိုသည် အားနာပါးနာနှင့်ပင် မော့မော့ကလေး မေးလိုက်ရပါသည်။

"ကားဘီး ပေါက်လို့လား"

"ဟုတ်ကဲ့"

"ခဏ ... ခဏ၊ ကျွန်တော် လာခဲ့မယ်"

ဝရန်တာမှ သားထွေး လှစ်ခနဲ ပျောက်သွားသည်။ ပျို ရပ်စောင့်ရတာ ဘာမှ မကြာလိုက်။ ခုနက တွေ့ခဲ့တဲ့ ပုံစံ





အတိုင်း တီရှပ်လက်ပြတ်အဖြူရောင်၊ ဒူးကျော်ကျော် စကာဂျင်း ဘောင်းဘီပွနှင့် သားထွေး ဆင်းလာသည်။ သူ့လက်ထဲ ဘာမှ ပါမလာ။

"တခြားက ငှားရမှာလားဟင်၊ မမက သားထွေးတို့ဆီမှာ ရှိမလားလို့၊ အားနာစရာ ဖြစ်နေပြီ ထင်တယ်"

"မငှားရပါဘူး မမ၊ ဒီမှာလေ ကျွန်တော့်ကား၊ ကားထဲမှာ မို့လို့"

ပျိုက တိုက်ရှေ့ ပလက်ဖောင်းကပ်ရပ်ထားသော သားထွေး ညွှန်ပြတဲ့ကားကို ငဲ့ကြည့်လိုက်သည်။ ခေတ်လူငယ် ဆောင်းတဲ့ ကားပီပီ အတက်အလက်တွေ စတစ်ကာတွေနှင့် ပြင် ချင်တိုင်း ပြင်ဆင်ထားသော အနက်ရောင် ကားတစ်စီးသည် ကားအမျိုးအစားပင် မှန်းရခက်အောင် တောင်ပံလို စက္ကိုင်လာ တွေ၊ မီးလုံးဆန်းတွေနှင့်။ ကားဘေးပတ်လည် အောက်ခြေမှာ ငွေရောင်အပြားကြီး တပ်ထားတာကလည်း စလိုးဒေါင်းဘုတ္တွေ ကိုပင် ဖြတ်ဖို့ခက်အောင် မြေပြင်နား ကပ်နေသည်။

ကားသော့ကိုဖွင့်၍ သူ တံခါးဆွဲဖွင့်လိုက်လျှင် ကားထဲမှာ မီးပြာပြာ လင်းသွားသည်။ သားထွေးက နောက်ဖုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ခလုတ်ဆွဲဖွင့်၍ ရေ့ဂါခါးဇိ ပြန်ပိတ်လိုက်သည်။ ပျို့ကို ပြုံးပြလိုက်ပြီးမှ နောက်ဖုံး သွားလုံနှံမွှင့်ထား အတွင်းမှ ချိုက်တိုး စပန်နာတို့ ထုတ်ယူလိုက်ပါသည်။

"မမကား ဘယ်မှာလဲ"

"ဒီဘေးလမ်းကြားမှာ သားထွေး"

ပျို့က ရေမှုရှောက်ခဲ့ပြီး ကားနံဘေးရပ်လိုက်ပါသည်။

"အီးရော အဝိုပါလား"

"ဟုတ်ကဲ့ ... အီးပါတယ်"

"အတဲဟဲ ... မမကြားသည်း ကျွန်တော်ကို ရှိရှိသေသေနဲ့ ဟုတ်တဲ့တွေ ဘာတွေ ပြောစရာမလိုပါဘူး"

"အို ... ဒီလိုပဲ ပြောရမှာပေါ့ သားထွေးရယ်"

"အေး ... လို့ ပြောရင် ရပါတယ်"

"အို ... သားထွေးကလည်း မဟုတ်တာ"

သားထွေးက ကျောပိုးစိတ်ကောက် စကောက်ပိဆံပင် လှလှကလေးနှင့်ပျိုကလျာ ဆိုတဲ့ အစ်မကြီးကို ခင်မင်ချစ်စနိုး နှင့် ပြုံးကြည့်သည်။ ဒီမမရဲ့ စကားပြောဆိုပုံကလေးဟာ မိန်းမ



ဆန်ဆန် သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့လေး။ ရုပ်ကလေးကလည်း ချောတာအပြင် ကျက်သရေရှိတဲ့ အလှတရားတစ်မျိုးက ထပ်ဆင့်ထားပါသေးသည်။

"မမ နေ့ရိုပ်ထဲ သွားရှုပ်နေ့လေ"

"အို ... ဘယ်ဟုတ်မလဲ မမလည်း ကူရမှာပေါ့"

"ဟား ဟား၊ မမကူလို့ ဘယ်ရမလဲ၊ သွားပါ၊ ဒီနားလေးပဲဟာ၊ အဲဒီကနေ ရပ်ကြည့်နေ သွားပါ ဆို"

သားထွေး ညွှန်ပြရာသို့ ပျို့က အားနာပါးနာ အင်တင်တင်လေး ရွှေ့ရပ်ရပါသည်။ တကယ်တော့ ကားအီးကိုပင် ပျို့မနိုင်ပြီး ချနိုင်တာ မဟုတ်။ ပျို့လက်တွေကလည်း နုနုနယ်နယ်နှင့် အားလည်းမရှိပါ။ သို့သော် ကိုယ့်ကိစ္စကို သူများကချည်း အစအဆုံး ဒိုင်ခံလုပ်ပေးရမှာကိုဖြင့် အားနာမိသည်။

သားထွေးကတော့ ကားကို နောက်ဘီး၌ အုတ်ခဲကျိုးရာခု၊ အီးပိုကို ဆွဲချ ပြားနေတဲ့ ရှေ့အီးအောက် ဂျိုက်တပ်၍လှည့်ကာ မြှင့်တင်ပြီး အီးကိုဖြုတ်။ တစ်ချက် တစ်ချက် ပျို့ကို ကြားဖောက်လှည့်ပြုံးပြနေသေးတာကို ဝဲလေးလေး ကျနေတာပင်။

www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟုတ်ကဲ့"

"မလာနဲ့ အဲဒီကပဲနေ၊ စကားအော်ပြောလို့ ရတယ်"

ရှေ့တိုးမည့် ပို့ ခြေလှမ်းလေးတွေ တုံ့သွားရသည်။

"ဒီကို ပြောင်းပြီးရင် တိုက်ရှေ့ပဲ ကားရပ် သိလား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ဒီလမ်းထဲ ဝင်မရပ်နဲ့၊ ဒီလမ်းက ကျဉ်းတယ်"

"ဟုတ်ကဲ့"

"မမက အောက်ထပ်မှာပဲ ဆိုင်ဆိုတော့ တော်ရုံနဲ့လည်း အပြင်ကို သွားလာနေမှာမှ မဟုတ်တာ၊ ဒီတိုက်မှာ ညအိပ်ရတဲ့ ကိုယ်ပိုင်ကားက လေးစီးပဲရှိတာ မမရဲ့၊ ကျွန်တော့်ကားရယ်၊ အခု မမကားရယ်၊ ဟိုဘက်ကန့်ထရိုက်ဘက်ခြမ်းက သူ့ ရောင်းထားတဲ့ အလယ်နှစ်ခန်းက ကားနှစ်စီးရယ်ပေါ့၊ အနေတော် ကွက်တိပဲ၊ ဒါပေမဲ့ ညညကျ ဘယ်ကကားတွေလဲ မသိဘူး၊ လာလာရပ်တယ်၊ ဒီတိုက်ကလည်း မဟုတ်ဘဲနဲ့ ပါကင် လာလုပ်တာပေါ့"

"ဩော် ... ဟုတ်ကဲ့"





"ကျွန်တော်တောင် တစ်ခါတလေ အိမ်ပြန်မိုးချုပ်ရင် ရပ်စရာနေရာ မရှိဘူး ဖြစ်နေရော၊ စကားပြောရတာပေါ့၊ ကိုယ့်ကားမရှိသေးဘဲနဲ့ ခုံချပြီး ဦးထားရမှာလည်း ကျွန်တော်က ရှက်လို့၊ နောက်တော့ အမြဲရပ်မဲ့ ဒီတိုက်ကကားမှန်းသိမှ နေရာချန်ထားပေးတာ၊ ခုဆိုရင် ဒီတိုက်က ကားသုံးစီးပဲ ရပ်တာဆိုပြီး ကျန်တဲ့နေရာပိုမှာ တခြားကားတွေ ဝင်တာပေါ့၊ မမကားလည်း နောင်ကို အမြဲရပ်မယ်ဆိုတာ သိမှ ဖြစ်မယ်၊ မသိသေးရင် နေရာမချန်ဘဲ ကားလာထိုးထားမှာ၊ မမ တစ်ခုခုကြောင့် နောက်ကျမှ အပြင်ကပြန်လာရင် ဒီရှေ့ရပ်စရာ မကျန်ပဲ ဟိုးအဝေး သွားရပ်ရလိမ့်မယ်"

"ဩော် ... ဟုတ်ကဲ့"

"ဟား ... မမကလည်း"

"ဘာဖြစ်လို့လဲဟင် သားထွေး"

"ဘာပြောပြော ဟုတ်ကဲ့ချည်းပဲ"

"ဩော် ... အဲဒါ သားထွေး ပြောတာကို လက်ခံနာယူတဲ့သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မမက အသက်ကြီးတာပဲ"

"ကြီးပေမဲ့လည်း သားထွေးက ယောက်ျားလေး အရွယ်ရောက်တစ်ယောက်ပဲ၊ လေးလေးစားစား ပြောဆိုရမှာပေါ့"

"အာ ... မဟုတ်သေးပါဘူး၊ ကျွန်တော့်မှာလည်း အစ်မတစ်ယောက် ရှိပါတယ်၊ အိမ်ထောင်ကျပြီး တခြားမှာနေတာ၊ သူဆိုရင် ကျွန်တော့်ကို အေး၊ အင်း နှင့် ငါနဲ့ပဲ ပြောတာပဲ၊ နိုင်းလိုက်တာလည်း အရှမ်း၊ ခေါင်းကိုတောင် လာလာခေါက်သေးတာ"

ပျိုကာ ပြုံးမိသည်။

"မမ အသက်နဲ့အစိတ်လောက် ရှိလား"

"အဟင်း ... နှစ်ဆယ့်ခြောက်၊ သားထွေးရဲ့"

"နှစ်ဆယ့်သုံးပေမဲ့ လေးပြည့်တော့မှာပါ၊ ကျွတ် ... တစ်နှစ်လောက်ပဲကွာမယ် ထင်တာ ... အဟဲဟဲ"

ပျိုသည် အားကြိုးမာန်တက် စေတနာပါပါ ဘီးလဲပေးနေသည့် သားထွေးကို ခင်မင်စွာ ပြုံးကြည့်နေမိ၏။

◆ ○ ◆



၂

"မောာ ... ပျိုကလျှာမပါလွှား၊ လာ ... လာ ... ညီမ"

တံခါးဝထွက်ကြိုသူဟာ ညီညဦးရဲ့ အစ်မဝမ်းကွဲ မမနီလာ ဖြစ်သည်။ အိမ်ထဲမှာ ဧည့်သည်တွေ အမျိုးအဆွေတွေ အတော်ရောက်နေပုံနှင့် ဖိနပ်တွေ အပြင်မှာ အများကြီး။

"ကိုညွှတ်ကောင် သွားတော့မှာ"

"ဟုတ်ကဲ့၊ ခေါ်ပါသေးရဲ့၊ မျိုး မိရုံပဲ"

မျိုးသည် ရေပိုက်သမားသွားပြော၊ သူက တစ်ခါတည်း လိုက်ကြည့်မည်ဆို၍ ခေါ်ကာ တိုက်ခန်းဆီ ပြန်သွားပြ။ ပိုက်သမားက ကြည့်ရှု၍ မျိုးနှင့် လိုချင်တာ ဆွေးနွေးတိုင်ပင်။ ဝယ်ရမည့် ပစ္စည်းအကြမ်းဖျဉ်းထွက်ချက်ကြ။ မနက်ကို ပစ္စည်းဝယ်၍ တစ်ခါတည်း လာနိုင်အောင် ခန့်မှန်းငွေ ထုတ်ပေးပြီး

www.burmeseclassic.com



နောက် ပိုက်သမားကို ပြန်မပို့နိုင်တော့။ နီးရာဘတ်စ်ကားဂိတ် ချခဲ့ပြီး ကိုညတို့အိမ် တန်းလာတာပင် ခြောက်နာရီ ခွန်းပြီးမှ ရောက်သည်။

"အန်တီ နေကောင်းရဲ့လားဟင် မမနီလာ"

"ဆရာဝန် ခေါ်ထားတယ်"

"ပျို့ ဝင်လို့သင့်ပါ့မလား၊ အန်တီ ပင်ပန်းနေဦးမယ်"

"ရပါတယ်၊ ကိုညလည်း အန်တီဆင့် အခန်းထဲပဲ ရှိတယ်၊ လာ ... လာ ... ပျို့"

မမနီလာက ပျို့လက်ဖဝါးကလေးကိုဆွဲကာ အပေါ် ထပ်တက်သွားသဖြင့် ပျို့ လိုက်ပါရသည်။

"စိတ်ငြိမ်ဆေး ပေးထားရတာပေါ့ ပျို့ရယ်"

"ဟုတ်ကဲ့၊ ကိုကိုနေလည်း ဖြစ်မှဖြစ်ရလေ မမနီလာရယ်၊ မယုံနိုင်အောင်ပဲ၊ ကြားရတာ စိတ်မကောင်းလိုက်တာ"

"အေးလေ၊ ကံဆိုးတာပဲ ပျို့ရယ်"

ကိုညအမေရဲ့ အိပ်ခန်းတံခါးက ဖွင့်ဟထားသည်။ အခန်းထဲမှာ ခုတင်ပေါ်တွင် ကိုညအမေရှိ၍ နံဘေးမှာ ဆရာဝန်၊ ကိုညနှင့် ကိုညရဲ့ကြီးတော်တစ်ယောက် ရှိနေပါသည်။





စိတ်ပင်ပန်း ဆင်းရဲနောက်ကျိခြင်းနှင့် မျက်နှာတစ်ခုလုံး ပျက်နေတဲ့ ညီညဦးက ပျို့ကို မြင်လျှင် အခန်းတံခါးဝအနီး လျှောက်လာကာ ...

"ပျို့လေး ... ကိုယ် သွားတော့မှာ သိလား၊ မေမေ့ကို နှုတ်ဆက်နေတာ"

"ပျို့ နောက်ကျသွားတယ်"

"သိတယ်၊ ပျို့လေးလည်း အလုပ်တွေ ရှုပ်နေမှာ ကိုယ်သိတယ်၊ ကိုယ်က ပျို့ကို လာကူဖို့ပဲ၊ ခုတော့ ကိုယ့်ကိုတောင် ပြန်ကူရတော့မယ်"

"ပျို့ နေ့တိုင်း အန်တီ့ဆီ လာကြည့်မယ် ကိုည"

"နေ့တိုင်းလာနော်၊ အိမ်မှာလည်း အမျိုးတွေတော့ နေနေကြမှာပါ၊ ဒါပေမဲ့ ပျို့လာတော့လည်း နောက်ထပ်တအားပေါ့"

"စိတ်ချပါ၊ ပျို့လာပါ့မယ်၊ ကိုည တခြားလိုအပ်တာရှိရင်လည်း ပျို့ဆီ ဖုန်းဆက်နော်"

"အင်း ... ဆက်လိုက်မယ်"

ညီညဦးက အမေနား ငုံ့ကပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ပို့ သတင်းမေးလာတယ်"

ဒေါ်ဆင့်ဆင့်သွယ်သည် မျက်လွှာကလေး တစ်ချက်မျှလှန်ကြည့်ပြီး အနားတိုးကပ်လာသော ပို့ကလျာ လက်ဖျားလေးကို လှမ်း၍ ဆုပ်ကိုင်သည်။ သူ ကျွမ်းဝင်သံယောဇဉ်ရှိသူတစ်ယောက် လာတိုင်း ထပ်၍ ဝမ်းနည်းကာ မျက်ရည်ကျတဲ့နည်းတူ အခုလည်း မျက်နှာရှုံ့မဲ့၍ အသံမထွက်နိုင်ဘဲ ကျိတ်ခဲမျက်ရည်ကျလာပြန်သည်။

ပို့သည့် ဖွယ်ဖွယ်ရာရာ အားမပေးတတ်သော်လည်း ပို့ချစ်သူရဲ့မေမေ၊ ပို့အပေါ်လည်း နွေးထွေးကြင်ဆိုတဲ့ ယောက္ခမလောင်း ခံစားနေရတာကို ရောယောင်ဝမ်းနည်း ထိခိုက်ကာ သူပါ မျက်ရည်လည် ဝေ့ကျလာပါသည်။ ဒေါ်ဆင့်ဆင့်သွယ် လက်ကို ပြန်လည်ဆုပ်ညှစ်အားပေးရင်း ...

"အန်တီပါ နေမကောင်း ဖြစ်ပါ့မယ်၊ စိတ်ကိုဖြေပါ အန်တီ"

အသံတိမ်တိမ်နှင့် ပြောမိပါသည်။ ဒေါ်ဆင့်ဆင့်သွယ်က မဖြေနိုင်ဘူး ဆိုတဲ့ အမူအရာနှင့် ခေါင်းကိုသာ ဖြည်းဖြည်းယမ်းကာနေသည်။



"ကဲ ... မေမေ၊ ကျွန်တော် လေဆိပ်ဆင်းရတော့မယ်၊ ကျွန်တော် သွားမယ်နော် မေမေ၊ မေမေ နေကောင်းအောင်နေမယ်၊ စိတ်ကိုဖြေမယ်လို့ ကျွန်တော့်ကို ကတိပေးပါ၊ နော် မေမေ၊ ကျွန်တော် ဟိုကနေ မေမေ့ကို အရမ်းပူမနေရအောင်လေ ... နော်"

သားဖြစ်သူက ဒီလိုပြောတော့လည်း မျက်ရည်သွယ်သွယ်ကျလျက်က ခေါင်းညိတ်နေပြန်ပါသည်။

"ကြီးကြီးတို့၊ အန်တီလေးတို့၊ မမနီလာတို့၊ မေမေ့တူမတွေရော ပို့ရော မေမေ့အနားမှာ ရှိပါတယ်၊ ပို့လည်း နေ့တိုင်း လာကြည့်မယ် မေမေ၊ အားငယ်နဲ့နော် မေမေ"

ဒေါ်ဆင့်ဆင့်သွယ်က ခေါင်းညိတ်ရင်း တိုးဖျလှတဲ့အသံနှင့် ...

"ဟိုမှာ ... ဟိုမှာသာ ... အစစအရာရာ ချောချောမောမော"

"စိတ်ချမေမေ၊ အစစအရာရာ ချောချောမောမော ဖြစ်ရပါစေ့မယ်၊ အိမ်ဖျယ်တို့ သားအမိအတွက်လည်း မပူနဲ့နော် မေမေ၊ ကျွန်တော် အားလုံး အကောင်းဆုံးဖြစ်အောင် စီစဉ်မယ်၊ စိတ်ချနော် မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"သား ... သားကြီးရဲ့ပြာ"

"စိတ်ချပါ မေမေ၊ ကျွန်တော် ပြာအိုးသယ်လာခဲ့ပါမယ်၊ နေကောင်းအောင် နေနော် မေမေ၊ ကျွန်တော် သွားမယ်နော်"

ညီညဦးက ခုတင်ဘေး ပုဆစ်တုပ်ကာ အမေကို ခရိုးသွားခါနီး ကန်တော့နေကျအတိုင်း ကန်တော့လိုက်ပြီး အခန်းပြင်ထွက်လိုက်ပါတော့သည်။ ပျိုက ညီညဦးနောက်မှ လိုက်ပါလာသည်။ ညီညဦးကို ဆွေမျိုးထဲမှ ဘယ်သူမှ လေဆိပ်လိုက်မပို့ဖြစ်တော့ပါ။ သူ့တပည့် ကိုစိုးနှင့် ကိုညွန့်တို့ နှစ်ယောက်ပဲ လေဆိပ်ကို လိုက်ကြမည်။

"ပျိုလေး ... ကိုယ်သွားပြီ"

"အခြေအနေ ဖုန်းဆက်နော် ကိုည"

"ဆက်မယ် ... ဆက်လိုက်မယ်"

ညီညဦးက အောက်ထပ်ဧည့်ခန်းထဲမှ အမျိုးတစ်သိုက်ကို နှုတ်ဆက်ကြည့်နှင့် ဇေ့ဝိုက်ကြည့်ကာ ခေါင်းတစ်ချက်ဆတ်၍ စုရုံးနှုတ်ဆက်ပြီး ပျို့ကိုလည်း နှုတ်ခမ်းစေ့ပြုံးတဲ့ ခပ်နွမ်းနွမ်း အပြုံးတစ်ချက်နှင့် နှုတ်ဆက်ပြီး ချာခနဲလှည့်ကာ





ခေါ်တီကိုအောက်ကကားပေါ် တက်သွားပါတော့သည်။ ကားထွက်သွားတာကို ပျိုခဏရပ်ကြည့်နေပြီးမှ တံခါးဝမှ ပြန်လှည့်ဝင်လာကာ ဧည့်ခန်းထဲက လစ်လပ်တဲ့ခုံတစ်ခုမှာပဲ ဝင်ထိုင်လိုက်ပါသည်။

ကိုညနှင့် ပျိုတို့ သိကျွမ်းခဲ့တာက နှစ်နှစ်ကြာ။ တစ်နှစ်ကျော် အကြာမှာ ချစ်ခဲ့ကြတာမို့ ချစ်သူသက်တမ်းက ရှစ်လ ကိုးလသာ ရှိသေးပေမဲ့ သူတို့တစ်ဆွေလုံး တစ်မျိုးလုံးရဲ့ အလှူပွဲလမ်း အခမ်းအနားတွေကို ကိုညက အမြဲခေါ်သွားတတ်ပြီး အားလုံးနဲ့ မိတ်ဆက်ပေးထားတာမို့ ပျို့ကို အားလုံးက သိကြပါသည်။

ညီညဦးတို့ ဆွေတွေမျိုးတွေ အားလုံးဟာ ငွေရှိရှိ ထိုက်ရှိရှိ အဆင့်ရှိရှိတွေချည်းသာပင်။ အားလုံးထဲမှာ စီးပွားရေးအရ ညီညဦးတို့က အထောင်မတ်ဆုံးမို့ အားလုံးက ပိုမို၍ အလေးထားထား ဂရုစိုက်ကြသည်။ ပျိုကလျှာကိုလည်း ညီညဦး၏ နောက်ထပ်မည့် ချစ်သူမိန်းကလေးအဖြစ် အရေးတယူ ဆက်ဆံကြပါသည်။

"ပျို ဆိုင်နေရာ ပြောင်းလို့ဆို၊ ဒီနေ့ အဲဒီကိစ္စနဲ့ ပျိုလည်း အလုပ်များ အလုပ်ရှုပ်နေတာလို့ ကိုည ပြောသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမသီဂီ၊ နက်ဖြန် အပြီးရွှေ့မှာပါ"

"အကူပေးဖို့ လိုသေးလဲ ဖျို"

"မလိုပါဘူး မမသီဂီ၊ မြေနိကုန်းက ဆိုင်ကလည်း မနေ့ကပိတ်လိုက်ပြီး ပြန်အပ်လိုက်ပြီ၊ တစ်ပတ်နေမှ ဒီဆိုင်သစ်ပြန်ဖွင့်မှာပါ၊ မှန်မှန်လေး လုပ်သွားလို့ မီပါတယ်၊ ဆိုင်တွင်းလေး နည်းနည်းနေရာချဲ့ရမှာကလွဲရင် တိုက်ခန်းကလည်း အသစ်မို့ ဘာမှမပြုပြင်ရဘူး၊ ရေသာမား မီးသမားတွေ သူ့ဟာသူ လာလုပ်ကြမှာကို နည်းနည်းပါးပါးစောင့်ကြီးကြပ်ရုံပါပဲ၊ အလုပ်မများပါဘူး ..."

အန်တီကိုသာ ဖျို စိတ်ပူတာပါ၊ အရမ်းစိတ်ထိခိုက်နေမှာပဲ၊ ကိုကိုနေလည်း သနားပါတယ်၊ ကံဆိုးရှာလိုက်တာ"

မသီဂီက သက်ပြင်းချရင်း ...

"ဒီတိုင်းဆိုရင်တော့ မူယာတို့ သားအမိလည်း မြန်မာပြည်ပဲ ပြန်လိုက်လာရတော့မှာပေါ့၊ သူတို့လည်း ဘယ်လောက်ထိခိုက်သွားကြသေးလဲ မသိဘူး၊ ဆေးရုံမှာများ ကြာမလား၊ ကြာမယ် ဆိုရင်လည်း ဒီကိုရွှေ့လို့ရလောက်တဲ့





ကျန်းမာရေး ရှိရင်တော့ ရွှေ့လာတာ ကောင်းတယ်၊ ဒီမှာဆို ကိုနေ့ အမျိုးရော သူ့အမျိုးရော ရှိတာ ပြုစုနိုင်တာပေါ့"

"မမူယာရဲ့ မိသားစုဆီရော အကြောင်းကြားပြီးပြီလား"

"အဲဒါ ကိုညပဲ သိမယ်၊ ကိုည အကြောင်းကြားပြီးရောပေါ့၊ မသီဂီလည်း မသိဘူး"

"အိန္ဒိယ်လ်က အသက်ဘယ်လောက်လဲဟင်"

"ကျောင်းနေနေပြီလေ၊ ခြောက်နှစ်လောက် ရှိပြီ"

"သူ မြန်မာပြည် ရောက်ဖူးလားဟင်"

"တစ်ခါမှ မရောက်ဖူးဘူး၊ မွေးတာကိုက ဟိုမှာပဲလေ၊ ပြီးတော့ ဒီကနေ ကိုညတို့ အန်တီတို့ကလည်း မကြာမကြာ အလည်ရောက်နေကြတော့ ကိုနေတို့က ပြန်ကိုလာမလည်တာ ခြောက်နှစ်ကျော်ပဲ"

"မမူယာ မိဘတွေကကော ဟိုကိုပဲ လိုက်လည်ကြလား၊ မမူယာက ပြန်လာမလည်ဘူးလား"

"မူယာကလည်း တစ်မျိုးပါ၊ သူ့မိသားစုနဲ့ သိပ်မခေါ်တာလား၊ ဘာလား မသိပါဘူး ဖျိုရယ်၊ ဟိုကို ကိုနေ့နောက်လိုက်သွားခါနီး မူယာက သူ အပြီးရွှေ့တယ်ဆိုပြီး အိမ်မှ



www.burmeseclassic.com

www.burmeseclassic.com



စောင်းသလိုလိုလည်း သတင်းကြားဖူးတယ်၊ မသိဂီလည်း
သေချာတော့ မသိဘူး”

“အခုကတော့ ဒီကို ပြန်ကိုလာမှ ကောင်းမှာပါနော်”

“ဒါပေါ့၊ ဒါပေမဲ့ မှုယာက ဘယ်လိုဆုံးဖြတ်ဦးမယ် မသိ
ပါဘူး၊ မှုယာက တစ်မျိုးပဲ ပျိုရဲ့၊ မသိဂီတို့နဲ့ ခင်ပါတယ်
ဒါပေမဲ့ သူ့တိုက်ပ်က တစ်မျိုး၊ သူ့စိတ် သူ့သဘောချည်း
ပဲဆိုတာမျိုးပေါ့”

“ဟိုမှာ မမှုယာကော အလုပ်လုပ်သေးလား”

“လုပ်ပုံမရပါဘူး၊ ကိုနေကလည်း လခကောင်းတာတို့
ကိုနေက သိပ်တော်တယ်၊ ကိုနေက အသက်နှစ်ဆယ့်လေး
နှစ်မှာ အမ်ဘီဘီအက်စ် ဘွဲ့ရတယ်၊ အသက်နှစ်ဆယ့်ခုနစ်
မပြည့်ခင်မှာ အင်္ဂလန်က ခွဲစိတ်ကုပါရဂူဘွဲ့ ထပ်ရတယ်
စင်ကာပူက ဖောင့်ထ်အဲလစ်ဇဘက်သ်ဆေးရုံကြီးမှာ အလုပ်
တန်းရတယ်၊ မှုယာနဲ့ လက်ထပ်ပြီး ချက်ချင်း စင်ကာပူ
ကို ထွက်သွားကြတာပဲ”

“ပညာသိပ်တော်တာပေါ့၊ နမြောစရာ ကောင်းလိုက်တာ
နော် မသိဂီ”





“ဟုတ်တယ်၊ ပြီးတော့ ကိုနေက သိပ်သဘောကောင်း၊
သိပ်စိတ်ထားပြည့်ဝတာ၊ မှုယာလို မိန်းကလေးမျိုးနဲ့လည်း
ကိုနေမို့လို့ ဘာပြဿနာ ကတောက်ကဆမှ မရှိတာပေါ့၊
မှုယာက သူ့စိတ်နဲ့ သူ့ကိုယ်၊ သူ ဖြစ်ချင်တာ ဖြစ်ရမှ
လေ”

“မသိဂီတို့ အရွယ်လောက်ပေါ့နော်”

“မတိမ်းမယိမ်းပေါ့၊ ကိုနေနဲ့ ကိုညက ခြောက်နှစ်ကွာ
တယ်၊ ကိုနေနဲ့ မှုယာက လေးနှစ်ကွာတယ်၊ အခု ကိုည
က နှစ်ဆယ့်ရှစ်၊ မှုယာက သုံးဆယ်၊ ကိုနေက သုံးဆယ့်
လေးနှစ်ပေါ့၊ မသိဂီနဲ့ မှုယာ ကွာရင် လပိုင်းပေါ့၊ ဒါပေမဲ့
မှုယာက သေးသေးပုပုလေးနဲ့ဆိုတော့ နုပါတယ်”

“သူ့ခများလည်း ငယ်ငယ်ရွယ်ရွယ်လေးနဲ့ သမီးတစ်ယောက်
နဲ့ မုဆိုးမလေး ဖြစ်ရရှာတယ်နော် မသိဂီ”

“အေးပာယ်၊ ကိုယ်ချင်းစာပါတယ်၊ ကိုယ်လည်း သားသမီး
နဲ့ဆိုတော့ ဘယ်လောက် ခံစားရရှာမလဲ တွေးနိုင်ပါတယ်၊
ကိုနေ့အတွက် ယူကျုံးမရပေမဲ့ သေသွားတဲ့သူကတော့
ဘာမှ မခံစားရတော့ဘူး၊ ပြီးသွားတာပေါ့လေ”



www.burmeseclassic.com

www.burmeseclassic.com



ပျို့သည် အသုဘအိမ်လိုပဲ ဖြစ်နေတဲ့ ထိုအိမ်မှ အတော်မိုးချုပ်မှ ပြန်လာပါသည်။ နောက်တစ်နေ့မှာလည်း နံ နက်စောစောထ, ရေပိုက်အဖွဲ့၊ မီးအဖွဲ့တို့အတွက် အခန်းသော့ ပေးပြီးလျှင် ဖုန်းဆက်ချိန်းဆိုကာ တိုက်ခန်းဆီ ရောက်လာ ကိုစိုးကို အသိသက်သေ အရာထား၍ အိမ်ငှားစာချုပ် ချုပ် သည်။ ငွေအကြေ တစ်နှစ်စာ ချေသည်။

စာချုပ်ပါ ငှားရမ်းမည့် ကာလသက်တမ်းမှာ နှစ် ဖြစ်သော်လည်း အိမ်ငှားခကိုတော့ တစ်နှစ်တစ်ကြိမ်သာ ပေး မည်။ စာချုပ်ငွေချေကိစ္စပြီးလျှင် အောက်ထပ်ခန်း ပြင်ဆင်ရေး ကိုစိုးရော သားထွေးပါ ကြည့်ရှုပြောဆို စီစဉ်ပေးနေကြ၍ ကိ လိုချင်တာကို ပြောရစ်ပြီး ပျို့က ယောက္ခမလောင်းကြီး ဒေါ်ဆ ဆင့်သွယ်ထံ လာခဲ့ရသည်။

နောက်ရက်တွေလည်း ဤသို့ပင်။

မနက်ပိုင်းမှာ အလုပ်သမားတွေအလာ စောင့် အခန်းတွင်း ပြင်ဆင်ခြင်း၊ ဆိုင်းဘုတ်တပ်ဆင်ခြင်းတို့အတွက် ကိုယ်လိုချင်တာ ပြောခဲ့၊ ကြီးကြီးကိုဖြစ်စေ ညွှန်ကြားဖို့ ထား ပြီး ပျို့က နံနက်ပိုင်း တစ်ခေါက်တော့ ဒေါ်ဆင့်ဆင့်သွယ် ရောက်အောင် ပြေးရပါသည်။





ပျို့ ရောက်လာလျှင်လည်း ဒေါ်ဆင့်ဆင့်သွယ်ဟာ ရှိသလို စိတ်ဖြေသိမ့်စရာတစ်မျိုး ရသလို ကျေကျေနပ်နပ် တ်သည်။ ကိုနောင်နေဦးရဲ့ ရက်လည်ဆွမ်းသွပ်ကိုလည်း ဲ့ လုပ်ဖြစ်တာမို့ ပျို့ အပါအဝင် ကျန်တဲ့ဆွေမျိုးတစ်စု ဝိုင်း စီစဉ်ရသည်။

"မမှုယာရဲ့ မိသားစုတွေ မလာဘူးနော် မမနီလာ"

"ဟုတ်တယ်၊ ဟိုတုန်းက သူတို့ရဲ့ အရင်လိပ်စာကိုတော့ တို့တွေ သွားဆက်သွယ်ကြည့်သေးတယ်၊ အဲဒီခြံနဲ့တိုက် မှာ မရှိတော့ဘူး၊ ဟုတ်တော့ ဟုတ်တယ်၊ မှုယာက နိုင်ငံခြားထွက်မသွားခင် အမွေတောင်း၊ အမွေခွဲသွားတုန်းက သူတို့ အဲဒီခြံတွေ တိုက်တွေ ရောင်းတယ် သတင်းကြားဖူးတယ်"

"ဘယ်ကိုပြောင်းလဲ မသိဘူးပေါ့"

"မသိဘူး၊ အန်တီဆင့်လည်း မသိဘူး၊ သူတို့ချင်းလည်း ခမည်းခမက်ချင်း ဆိုပေမဲ့ အဆက်အသွယ် မရှိဘူး"

"ဒါပေမဲ့ သတင်းစာထဲမှာ ကိုနေ့ နာရေးပါတာပဲ၊ တွေ့နိုင်တာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



“တွေ့လား မတွေ့လားလည်း မသိ၊ တွေ့ရင်လည်း သူတို့မှာ ဘယ်လိုအကျိုးအကြောင်းတွေ သဘောထားတွေ ရှိလို့လဲမှ မသိတာ ပျိုရယ်၊ ခြောက်နှစ်ကျော် ခုနစ်နှစ် အဆက်အသွယ် မရှိတာ ကြည့်ပါလား၊ တကယ်ဆို ပြောင်းသွားတဲ့ သူတို့က ဆယ်သွယ်မှ ဒီဘက်က သိရမှာပေါ့၊ အန်တီဆင့်က ဘယ်မှ မပြောင်းမရွှေ့ နေမြဲတိုင်း နေရာမှာ နေနေတာပဲဟာ၊ သူတို့ မဆက်သွယ်တော့ ဘယ်သိတော့မလဲ ...

တစ်ခုတော့ ရှိပါတယ်၊ မူယာ့ အဖေအမေတွေက စိတ်ထား ခပ်မှန်မှန်တွေပါ၊ ဒါပေမဲ့ သူတို့ လက်ထပ်ကြကတည်းက မူယာ့မိဘတွေဘက်က ဒီဘက်ကို ခပ်ရှိန်ရှိန်ပေါ့လေ ...

သူတို့အမြင်မှာ ဒီဘက်က စီးပွားဥစ္စာအရ သူတို့နဲ့ မယှဉ်သာအောင် မြင့်မားတယ်ပေါ့နော်၊ သူတို့က ခြံရယ် တိုက်ရယ် ပိုင်နေတာကလွဲရင် အဖေရဲ့ အရာရှိလခနဲ့ပဲ နေထိုင်သုံးစွဲကြရတာပဲကိုး၊ ကျပ်တည်းခဲ့တယ်ပေါ့၊ အဲဒါတွေကြောင့်ပဲ သူ့သမီးလည်း ဒီမြေပေါ် မရှိတော့တဲ့နောက် သူတို့နဲ့ သူတို့သမီးလည်း သိပ်မကြေလည်ကြတဲ့နောက် သူ့သမီးနဲ့စပ်မှ တော်ရတဲ့ ခမည်းခမက်ကို သိပ်ဝင်ဝင်ထွက်ထွက် လုပ်မနေတော့ဘဲ သူတို့ဟာနဲ့သူတို့ ခပ်လှမ်းလှမ်း ခပ်စိမ်းစိမ်းပဲ နေလိုက်တော့တဲ့ သဘောမျိုးလည်း ဖြစ်နိုင်ပါတယ်”

“ခုလို အရေးကိစ္စကြီးမျိုး ရှိရင်တော့ ဘာပဲဖြစ်ဖြစ် ဆက်သွယ်ရ လာရမှာပေါ့”

“အင်း ... အဲဒါတော့ ဟုတ်တယ်”

“ကိုညကတော့ ဖုန်းဆက်ရင်း ပြောတယ်၊ မမူယာက သိပ်ဆိုးဆိုးဝါးဝါး ထိခိုက်ဒဏ်ရာမရှိပေမဲ့ လန့်ပြီး Shock ရနေတယ် ထင်တယ်တဲ့၊ ဘာမှ စကားမပြော၊ မေးလည်း မဖြေ၊ နှုတ်ပိတ်ပြီး ငေးနေတာပဲတဲ့”

“အင်း ... ဒီအိမ်ကို ဆက်တော့လည်း ပြောပါတယ်၊ အိန်ဂျယ်လ်လည်း ဘာမှ အခြေအနေ မဆိုးပါဘူးတဲ့၊ ပွန်းရုံပဲ့ရုံပဲတဲ့”

“ဟုတ်တယ် မမနီလာ”

“မြန်မြန် ပြန်လာကြရင် ကောင်းမယ်”





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုညက ဟိုမှာ ချက်ချင်းဆောင်ရွက်ရမဲ့ ကိစ္စတွေ၊ ဥပမာ အသက်အာမခံကိစ္စလိုဟာမျိုးတွေပေါ့၊ အဲဒါတွေတော့ တစ်ခါတည်း အပြီးလုပ်ခဲ့မှ ရမယ်တဲ့၊ ထားလို့ရတာ တချို့တလေကိုတော့ နောက်တစ်ခေါက်မှ ပြန်ပြီးစီစဉ်မယ်တဲ့"

ဟိုမှာ ဝိုင်ယာရှော့ခ်မှတစ်ဆင့် ပေါက်ကွဲမှု ဖြစ်ခဲ့တာသည် ကိုနောင်နေဦးကို တစ်ခန်းတည်း မဟုတ်။ ထိုအပေါ့ထပ်မဲန့် အတွဲကြီးမှာ အားခန်းလည်းပဲ ပေါက်ကွဲမီးလောင်မှုထဲ ပါသည်။ လိခိုက်ဒဏ်ရာနှင့် သေဆုံးသူမှာ ဟိုဘက်ခန်းမှ သားအမိနှစ်ယောက်လည်း ပါဝင်ပါသည်။ ဟိုဘက်ခန်းက မိသားစုငါးဦးတွင် သုံးဦး လွတ်မြောက်ကျန်ရစ်သည်။

အသုဘအခမ်းအနားမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေကပါ ကူညီစီစဉ်ပေး၍ ချောမောအဆင်ပြေသည်ဟု ဆိုပါသည်။

ကိုညကလည်း ပျို့ထံ ညတိုင်းလိုပင် ဖုန်းဆက်ပါသည်။ သူ့အမေ အခြေအနေမေး၊ ပျို့ဆိုင် အခြေအနေမေး။ သီညဦးရဲ့ အသံသည် ဟိုမှာ လိုအပ်သမျှ တစ်ယောက်တည်း



ဆုံးဖြတ်စီစဉ် လုပ်ကိုင်နေရ၍ ပင်ပန်းနွမ်းနယ်သော ပါနေတော့သည်။ သူ့အစ်ကို ဆုံးပါးရတဲ့ ပရိဒေဝမီးလည်း ရှိဦးမည်ဖြစ်ရော ဗျိုသည် ချစ်သူကို သနားကြင်နာလှပါသည်။

"ပျို့ဆိုင်သစ်ကော အဆင်ပြေရဲ့လား"

"အားလုံး အဆင်ပြေတယ် ကိုည၊ ပျို့အတွက် ဘာမှ နောက်ဆံမတင်းပါနဲ့၊ ကိုညသာ သူများနိုင်ငံမှာ လူနာကြည့်ရတာတစ်ဖက်၊ ပြေးလွှား ဆောင်ရွက်ရတာတွေ တစ်ဖက်၊ ဗျာများပြီး လူပင်ပန်း စိတ်ပင်ပန်းနဲ့ လဲသွားမှာတောင် စိုးရတယ်၊ ပျို့က အဲဒါ စိတ်ပူနေတာပါ"

"အိန်ဂျယ်လေးက သနားစရာ သိပ်ကောင်းတာပဲ ပျို့ရယ်၊ သူ့အဖေကို သွေးရဲရဲ သံရဲရဲ တွေ့လိုက်ရတာ အိပ်မက်ပြန်ပြန်မက်ပြီး ညဆို လန့်နိုးအော်ငိုတာမျိုး ဖြစ်နေတာ၊ သူ့ဖေဖေလည်း ဆေးရုံတက်နေတယ်လို့လို့ လှည့်ညာပြောထားရတာပေါ့"

"သနားပါတယ်နော် ကိုညရယ်"

"ကို  ‿း ဒီမှာ စိတ်တွေရှုပ်တယ်၊ ပြန်လာလို့ ရတော့မှာပါ၊ အလွန်ဆုံး နောက်ထပ် တစ်ပတ်ပဲ၊ သူတို့သားအမိကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါတည်း ခေါ်လာခဲ့ရမှာမို့ အချိန်တွေ ကြာနေရတာပါ၊ မမှုယာကလည်း နော်မယ်လ်မှ ဟုတ်သေးရဲ့လားတောင် မသိပါဘူး၊ ခုချိန်ထိ စကားကို သေချာမပြောသေးဘူး"

ဟု သက်ပြင်းမော ရှိုက်မိရသည်။





## ၇

ဖိုးသည် ဆိုင်ထဲဝင်လာသော သားထွေးတို့ တစ်အုပ်လိုက်ကြီးကိုကြည့်ကာ ပြုံးချင်ချင် ဖြစ်မိပါသည်။ သူ့ကို ပိုက်ဆံရှင်းနေတဲ့ အမျိုးသမီးကို တွက်ချက်ကာ ငွေပြန်အမ်းအပြီး ဒစ်စ်ကောင့်ကတ်လေးလည်း တုံးထုရှိ ပေးလိုက်ပါသည်။ ငွေပမာဏခုနစ်ထောင်ဖိုးပြည့်တိုင်း အကွက်တစ်ကွက် တုံးထုပေးကာ ထိုကတ်လေးထဲက အကွက်ဆယ်ကွက်စာ ပြည့်သွားလျှင် ဆံပင်လျှော်တာတစ်ခါ၊ မျက်နှာပေါင်းတင်တာတစ်ခါ အခမဲ့ မေတ္တာလက်ဆောင် လုပ်ပေးသွားမှာ ဖြစ်သည်။

"ကျေး [illegible] ပါပဲ အစ်မ၊ လာခဲ့ဦးနော်"

ချိုကလေး ပြုံးကာ နှုတ်ဆက်ပြီးလျှင် ကောင်တာအမြင့်လေးပေါ် မေးထောက်ကာ သားထွေးတို့ဆီ လှမ်းကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



၏။ "ကျွန်တော့်မှာ သူငယ်ချင်းတွေ အများကြီးပဲ၊ မမဖို့ ဖောက်သည်တွေ ခေါ်လာခဲ့မယ် သိလား"ဆိုတဲ့ စကားအတိုင်း အခုခေါ်လာပြီထင်ပါရဲ့။ သူ့အပါအဝင် ယောကျ်ားလေးသုံးယောက်၊ မိန်းကလေး လေးယောက်ပါတဲ့ ခုနစ်ယောက်အုပ်စုကြီးသည် ကျယ်လောင်လောင် ညံစီစီနှင့် ပကျိုပကျို ဘွတ်ထိုးကာ ရယ်ကာမောကာ ဆူညံနေသည်။

"ဟဲ့ ... သားထွေး၊ ဘယ်မှာလဲ နှင့်မမ"

"ဟဲ့ ... ဒီနေ့ နှင် အားလုံး ငွေရှင်းရမှာနော်"

"အာ ... ဘာမှမဆိုင်ဘူး။ ငါ နှင်တို့ကို တစ်ခါမှ အဲသလို ဟစ်ခွန်းမပြောခဲ့ဖူးဘူး"

"ဟယ် ... သူလည်း ခေါ်လာသေးတယ်"

"ဘာလဲ၊ ခေါ်လာတာက အားပေးဖို့ ခေါ်လာတာ၊ ဆိုင်ကို မြင်တယ်မဟုတ်လား၊ ရှယ်ဆိုင်၊ နှင်တို့ ပိုက်ဆံကုန်ရတာချင်းတူတူ လှလှပပ အဆင်ပြေပြေ ဖြစ်အောင် စေတနာနဲ့ ခေါ်လာပေးရင် တော်ပြီပေါ့"

"အမယ်၊ ပြောတတ်တယ်၊ ဟင်း ...၊ သူစေတနာထားတာနဲ့ပဲ ငါတို့က ပိုက်ဆံအလကားထွက်ရဦးမယ်" "





ကောင်မလေးတွေဟာ သားထွေးတို့လိုပင် ငယ်ငယ်ရွယ်ရွယ်လေးတွေနှင့် ဗရုတ်ကျကျ ခပ်ပျော်ပျော် ရုပ်ကလေးတွေ။ သားထွေးကို တမင်တကာ ဝိုင်းပြောနေကြတာလည်း သိသာပါသည်။ မျိုးသည် ခေါင်းတကုတ်ကုတ် ရှိနေတဲ့ သားထွေးကိုကြည့်ရင်း နှုတ်ခမ်းစေ့ ပြုံးနေမိ၏။ သားထွေးဟာ တကယ့် ကလေးလိုပင်။ ခင်မင်ဖို့ကောင်းတဲ့ ကောင်လေး တစ်ယောက် ဖြစ်ပါသည်။

"ငါ ဒီကိုမခေါ်လာလည်းပဲ နှင်တို့ဘာသာ ဆိုင်တကာပတ်ပြီး ပိုက်ဆံဖြုန်းနေတာပဲဟာ၊ တခြားဆိုင်သွားပြီးလှလည်းမလှဘဲနဲ့ ငွေဒလဟောထွက်ရမှာနဲ့စာရင် တကယ်လှပြီး ငွေကုန်ရတော့ အကျိုးရှိတာပေါ့၊ နှင်တို့လို အပတ်စဉ် အလှပြင်ဆိုင် သွားနေတဲ့ဟာတွေကို ငါက ပေးရတဲ့ ပိုက်ဆံနဲ့တန်အောင် လုပ်ပါစေတော့ရယ်လို့"

"အမယ်လေးနော် ... ကိုသားထွေးရေ၊ နှင့်အသိဆိုင်ဆိုတာ ဟုတ်ရဲ့လား၊ နှင့်ဆိုင်များလား"

"အို ... သူ့ဆိုင်တော့ မဖြစ်နိုင်ပါဘူး သဇင်ရယ်၊ ဖြစ်ချင်ဖြစ် ဆိုင်က လူရှာဖို့ ခန့်ထားတဲ့ အလုပ်သမား ... ဟား ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အသံကျယ်တွေနှင့် ရယ်မောနေကြပြီးလျှင် သားထွေးက ဆံပင်ညှပ်နေတဲ့ သူလည်းသိတဲ့ အန်တီဟန်နီ့ကို ...

"အန်တီဟန်နီ ... မမကော"

အန်တီဟန်နီက ပါးချိုင့်ပေါ်အောင် ပြုံးရင်း ...

"ဟိုမယ်လေ ... ကိုသားထွေးရယ်"

အန်တီဟန်နီက ပျိုတို့ဆိုင်ရဲ့ ဆံပင်ညှပ်အကောင်းဆုံး အစ်မကြီးဖြစ်သည်။ အစ်မကြီးခေါ်လို့ ရသေးပေမဲ့ အားလုံးက အန်တီဟန်နီ ခေါ်ကြသည်။ ဆိုင်ဖွင့်ပြီး သုံးရက်အကြာမှာ သားထွေးက သူ့ဆံပင် လာစမ်းညှပ်ကြည့်ရင်း အန်တီဟန်နီ့ လက်ရာလက်သားကို သဘောအကျကြီး ကျသွားရပြီဖြစ်ပါသည်။

"မမ"

သားထွေးက အလယ်ကောင်လေ့ကားကွေ့ ချောင်နားက ကောင်တာမှာ ပျို့ကို မြင်သွားတာမို့ ပြုံးပြုံးရယ်ရယ်နှင့် ကလေးလို ပြေးလာသည်။ ပျိုကလည်း အပြုံးနှင့် ဆီးကြိုကြည့်နေလိုက်ပါသည်။

"ကျွန်တော့် ဘော်ဒါတွေ ခေါ်လာပြီး၊ အဲဒီမယ်မင်းကြီးမ တွေက ဟစ်ပတ်ကို တစ်ခါ အလှပြင်ဆိုင်မှာ တစ်ခု





မဟုတ် တစ်ခု လုပ်နေတာ၊ အနည်းဆုံး ခြေသည်းလက်သည်းတော့ အလှပြင်ကြလိမ့်မယ်၊ ခေါင်းလျှော်လိုက်၊ မျက်နှာပေါင်းတင်လိုက်၊ မျက်နှာသစ်လိုက်၊ ဆံပင်စက်ဆွဲလိုက်၊ ဖယောင်းဆိုလား ဘာဆိုလား ထည့်လိုက်၊ ရှုပ်နေကြတာ"

"မမ လျှော့ပေးရမယ်နော်"

သားထွေး သူငယ်ချင်း မိန်းကလေးများက လှမ်းအော်ပါသည်။

"လျှော့ပေးရမှာပေါ့၊ လျှော့ပေးမှာပေါ့၊ သားထွေး သူငယ်ချင်းတွေပဲဟာ"

သားထွေး မျက်နှာက မော့ကာ ရင်ပါကော့သွားပါသည်။

"ဟဲ ဟဲ ... ဟဲ ဟဲ"

သွားတက်လေးတွေ ပေါ်အောင်လည်း ရယ်မဆုံး ဖြစ်နေသည်။ ကောင်မလေးတွေ နေရာက ထ,လာကာ ကောင် တာကိုလာရင်း ဟိုဟာလုပ်ရင် ဘယ်လောက်လဲ၊ ဒီဟာလုပ်ရင် ဘယ်လောက်လဲ၊ ကြွက်ကြွက်ညံအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှုံးစုံစမ်းကြကာ တစ် ယောက်တစ်မျိုး နှစ်မျိုး၊ လှစေတက်[illegible]
အားပေးကြပါသည်။

ငွေကြေးသုံးစွဲနိုင်တဲ့ မိဘများရဲ့ သားသမီး[illegible]
ဖြစ်ပုံရတဲ့ သားချွေးရဲ့ သူငယ်ချင်းတစ်သိုက် ထိုနေ့က နေ့[illegible]
ဝက်နီးပါး ဆိုင်မှာ အချိန်ကုန်သည်။

"မမ အားလုံး တစ်ယောက် ဘယ်လောက်ကျတာ[illegible]
ပေါင်းပြီး ကတ်ထဲဖြည့်ရင် ရလား"

"ဘယ်လိုလဲ ညီမလေး"

"တချို့က လေးငါးထောင်ဆိုတော့ တင်ကွက်စာမပြည်[illegible]
ဖြစ်နေတာ၊ ဖူးတို့လေးယောက် ဟိုနှစ်ကောင်နဲ့ပါ[illegible]
ခြောက်ယောက်၊ ကျသလောက်ကို ပေါင်းပြီး နှစ်ကွက်[illegible]
သုံးကွက် ရသလောက် ထုလို့ရလား"

"ဪ ... ရတယ်လေ"

"ဟဲ့ ... အဲဒါဆိုရင် ကတ်ပြည့်သွားတော့ ခေါင်းဘစ်[illegible]
လျှော်ခွင့်၊ မျက်နှာတစ်ခါ ပေါင်းတင်ခွင့်ကို ဘယ်သူ[illegible]
ရမှာလဲ"

"တစ်ယောက်လျှော် တစ်ယောက်ပေါင်းပေါ့ဟယ်"



"ကျန်တဲ့လူတွေကကော"

သူတို့အုပ်စု တဟီးဟီး တဟားဟားနှင့် အဝေမ[illegible]
ငြင်းခုန်နေပါသည်။ ကောင်လေးနှစ်ယောက်က ...

"ငါတို့နှစ်ယောက် နင်တို့နဲ့ မပေါင်းဘူး၊ ပြီးရင် လက်
ဆောင်ရတာတွေ နင်တို့ပဲ လုပ်သွားမှာ"

"အောင်မာ ... အခု နင်တို့နှစ်ယောက် လျှော်ညှပ် နှစ်
ထောင့်ငါးရာစီပဲ ကျတဲ့ဟာ၊ နှစ်ယောက်ပေါင်းလို့တောင်
တစ်ကွက်မပြည့်တာ၊ ငါတို့နဲ့ မပူးပေါင်းရင် အလဟဿ
ဖြစ်သွားမှာပေါ့၊ ဖြစ်မဲ့တူတူ ငါတို့ကို ပေါင်းပေးလိုက်
တော့ နင်တို့လည်း ကုသိုလ်ရ၊ ငါတို့လည်း ..."

"သွား ... ဘာကုသိုလ်မှ မရဘူး၊ မဆိုင်ဘူး"

"စိတ်မပုပ်နဲ့လေ၊ ကိုယ်လည်း ဘာမှမရနိုင်ဘဲနဲ့ ငါတို့ကို
ပေးလိုက်ပေါ့"

"နင်တို့က ငါတို့ နှစ်ထောင့်ငါးရာတွေကို ရှင်းမှာမို့လို့
လား"

"အွန် ... ဘာဆိုင်လို့လဲ"

ကတ်ပြားမှာ ရေးသွင်းဖို့ရာ ကိုယ့်ဘက်ကိုယ်ယက်
ငြင်းခုန်နေကြကာ မပြီးနိုင်၍ ပျို့မှာ ရယ်နေရပါသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့လည်း အားလုံး စုပေါင်းကာ ကျသင့်ငွေနှစ်သောင်းနှ ထောင်နီးပါးကို ကတ်တစ်ကတ်ထဲမှာပဲ သုံးကွက်တံဆိပ်တုံးထု လိုက်ကြပါသည်။

"မမ ... ကျွန်တော့်ကို မုန့်ကျွေးနော်"

"ကျွေးမယ်လေ၊ အားလုံး အအေးသောက်မလား၊ ကော် သောက်မလား"

"အာ ... မသောက်ဘူး၊ မတိုက်နဲ့၊ ညနေမှ တက်လာပြီ ကြီးကြီး ဟိုတစ်နေ့ကကျွေးတဲ့ ရှောက်သီးငါးဖယ်သု စားမယ်"

"အောင်မာ ... သားထွေးနော်၊ မမက ဓါတို့ကိုပါ တိုက် မှာဟာကို နင်လူလည်မကျနဲ့"

"အေးလေ ... နင် မသောက်ချင်နေပေါ့"

"ဟုတ်တယ်၊ နင်မသောက်နဲ့၊ ငါတို့ သောက်မယ်"

"ခုနစ်ယောက်တောင် မမ ပိုက်ဆံကုန်တာပေါ့၊ ရတာ ဖြင့် နည်းနည်းရယ်"

"အောင်မယ် ... ကြည့်စမ်း၊ ကိုသားထွေး တစ်ယောက် သိတတ်လိုက်တာ၊ တစ်ဖက်သတ်ကြီးကို ပင်းပြီးသိတတ် ရှာလိုက်တာ"





ခနဲ့တာတွေ ရိတာတွေနှင့် အနောက်အပြောင်ပါ လာတော့မှာ ပျို့က အတပ်သိကာ စကားကို ဝင်ဖြတ်လိုက်ပြီး ...

"ကဲ ... ကဲ ...၊ အားလုံး အအေးသောက်ပါ၊ နောင်လည်း အမြဲလာမဲ့သူတွေကို မမက တိုက်ကို တိုက်ချင်တာ၊ သားထွေးကလည်း ရှောက်သီးငါးဖယ်သုပ် နောက်တော့ သတ်သတ်စားပေါ့၊ ကဲ ... ဘာသောက်မလဲ၊ သားထွေး သွားမှာပေးနော် ... ရော့"

ပျို့က ပိုက်ဆံထောင့်ငါးရာ ထုတ်ပေးလိုက်လျှင် ကလေးတွေနှယ် ဝမ်းသာအားရ တိုင်ပင်ကြပြီး ကြံရည်သောက် မယ်ဟု ဆုံးဖြတ်ချက် ချကြပါသည်။ သားထွေး သွားမှာလာပေး တဲ့ ကြံရည်တွေ ရောက်လာလျှင် အဝင်ပေါက်ဝက ဆိုဖာဆက် တီတွေမှာ ပူးပူးကျပ်ကျပ် တိုးထိုင်အအေးသောက်ရင်း အလှအပ ဆိုင်ရာ နိုင်ငံခြားမဂ္ဂဇင်း ကက်တလောက်တွေကြည့်ကြ၊ ငြင်းခုန် ကြနှင့် အပြန်ကျတော့ သူတို့ ကြံရည်ခွက်တွေ သူတို့ သိမ်းသွား ပေးကြသည်။

ပျို့က သားထွေး ထည့်ဝယ်လာတဲ့ သူ့အတွက် ကြံရည်သောက်ရင်း ကျန်ရစ်ခဲ့ပါသည်။

❥ ○ ❥



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်တက်အပြီး လေယာဉ်ကြီး စင်ကာပူမြေမှ စတင်ထွက်ခွာတော့မှပင် ညီညဦးသည် မောဟိုက်ပင်ပန်းစိတ်နွမ်းသမျှ စုပေါင်းပါဝင်သည့် သက်ပြင်းအကြီးကြီး တစ်လုံးကို အားရပါးရ မှုတ်ထုတ်လိုက်မိပါသည်။

ကိုယ့်ရေ ကိုယ့်မြေ မဟုတ်တဲ့ အရပ်ဒေသတစ်ခုမှာ အစ်ကိုဖြစ်သူကိုတော့ သင်္ဂြိုဟ်ခဲ့ရပေပြီ။ အပြန်ခရီးမှာ သူနှင့်အတူပါလာသည်ကား မရီးတော် မမူယာနှင့် တူမကလေး အိန်ဂျယ်လ်။ အိန်ဂျယ်လ်သည် ညီညဦး ပွေ့ထားတဲ့အတိုင်း သူ့ရင်ခွင်ပေါ် ရင်ချင်းအပ် မှောက်လျက်သား အိပ်မောကျနေသည်။

"ညီည"

"ဗျာ"

မမူယာသည် စကားပြန်ပြောလာတာ မကြာသေး။ ပြန်ပြောလာတာတောင်မှ ဖွယ်ဖွယ်ရာရာတော့ မဟုတ်သေး။ တစ်ခွန်းတလေပင်။





"အိန်ဂျယ်လ် နိုးပြီလား"

"ဟင့်အင်း ... အိပ်နေတယ်"

"ဗိုက်ဆာမလားလို့"

"ကျွန်တော် အိုဗာတင်းနဲ့အဘုတ်ခ်ိနဲ့ ကိုက်ထားတယ်၊ ဆာမယ်တော့ မထင်ပါဘူး၊ ဟိုကိုလည်း ကြာမှာမှမဟုတ်တာ"

"အင်း"

မမူယာက မျက်စိမှေးစင်းလိုက်မှ ညီညဦးက သတိပြီး ...

"မမူယာ ဆာလို့လား"

"ဟင့်အင်း"

"တစ်ခုခု တောင်းလိုက်မယ်လေ၊ နွေးတာ တစ်ခုခု သောက်ချင်လား"

"တော်ပြီ"

မမူယာက မျက်စိကို ပြန်မဖွင့်တော့။ သူလည်း ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်စွာ ဝေဒနာခံစားနေရလိမ့်မည်။ ရီးလုပ်သူကို ညီညဦး သနားတော့ သနားမိပါသည်။ သနားတော့ သနားမိသည်လို့ ဆိုရခြင်းမှာ မမူယာနှင့် သူဟာ ဟိုးအရင်က တစ်ယောက်ကို တစ်ယောက် သိပ်ကြည့်မရကြလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် မမှုယာကို သူ့ချစ်သူပါလို့ ကိုနေ ခေါ်လာမိတ်ဆက်ကတည်းက မေမေရော ညီညီဦးပါ ခင်မင်နှစ်လိုခြင်း တစ်ထိုင်တည်း မဖြစ်ခဲ့ကြ။ မမှုယာ ပုံစံကလည်း မြင်မြင်ချင်း ခင်မင်နှစ်လိုဖွယ်ဖြစ်သည့် ပုံစံ လုံးဝမဟုတ်။

ခပ်ကြောကြော တင်စီးစီး မျက်နှာကြောတင်းတင်း နှင့် ဘယ်သူ့မှ ဂရုမစိုက်လှတဲ့ သဏ္ဍာန်၊ လောကကြီးကို Don't Care ဆိုတဲ့ ဟန်ပန်တွေအပြည့်။ သူ့အဖေ အမေရင်းနှင့်တောင် သိပ်မတည့်လှဘူးဆိုတဲ့ မမှုယာဟာ သူတစ်ပါးနှင့်ဆိုတော့ ပိုဆိုးဖို့ပဲ ရှိသည်။

ရုပ်ဆင်းသွင်ပြင်သဏ္ဍာန်က "ဟော့ရှော့"လို့ ခေါ်ရမည့်ပုံ ဖြစ်သည်။ နကိုရုပ်ကလေးကတော့ လှပါသည်။ ရုပ်သေးသေးမို့ ကိုနေနှင့် တအားကွာပြီး အများကြီး ငယ်တယ်ထင်ရသည်။

ယောက္ခမလောင်းအိမ်ကို မျက်နှာပြ လိုက်လည်တာပင်လျှင် သူ့ဟန်က ထောင့်မကျိုးပေ။ စကားပြောတော့လည်း နဂိုနေပဲလား၊ တမင်ဖမ်းထားတဲ့ ဂိုက်လား မသိဘဲ တိုတိုဆတ်ဆတ် ပြတ်ပြတ်မို့ မယဉ်ကျေးသလို ဖြစ်နေသည်။





မေမေသည် ငယ်ငယ်ကတည်းက ကျန်းမာရေးကောင်း ချူချာတဲ့ နောင်နေဦးကို ညီညီဦးထက် အချစ်ပိုသူဖြစ်သဖြင့် သူ့ သားကြီး စိတ်မချမ်းသာမှာစိုး၍ အတော်ကြီး ဟန်လုပ်ဆက်ဆံရရှာသည်။ မျက်နှာကြောတင်းဘင်းနှင့် ချွေးမလောင်းဟာ ကိုယ့်ထက် သိပ်ကိုအဆင့်မြင့်နေလို့လား ဆိုတော့လည်း မဟုတ်။ အစားအရာရှိ အဖေဖြစ်သူရဲ့ ဝင်ငွေသာရှိတဲ့ မိသားစုမျိုးကပင်။ တစ်ခြံ တိုက်တစ်လုံးတော့ ပိုင်ဆိုင်ကာ အဖေဖြစ်သူရဲ့ ရုံးကပေးတဲ့ကားကို ရံဖန်ရံခါ ဝိုင်းကပ်စီးရတဲ့ အနေအထားမျှပင်။

ပြီးတော့ မမှုယာဟာ ကိုကိုနေ့ကိုလည်း အတော် နိုင်ပါသည်။ ငယ်ငယ်ကတည်းက ရိုးရိုးအေးအေး လိမ်လိမ်မာမာ သူတစ်ဖက်သားကို အင်မတန် သည်းခံလိုက်လျောတတ်တဲ့ ကိုနေဟာ လူချစ်လူခင်လည်း များလှသလို ဆွေမျိုးအပေါ်လည်း ကောင်း၊ သူငယ်ချင်း အပေါ်လည်း ကောင်း၊ အနွံအတာကလည်း ခံတတ်သူ ဖြစ်သေးသည်။ ချစ်သူ့အပေါ်ဆိုတော့ ပြောနေစရာ မလိုတော့ပါ။

မမှုယာ မျက်နှာကို အညိုမခံ။ သွားဖြူဖြူတန်းပေါ် အောင်ပြုံးရယ်ပြီး ချော့မော့ အလိုလိုက်နေတာချည်းသာ။ အင်း … ပြီးတော့ သူ့မှာလည်း သူ့အားနည်းချက်နှင့် သူမို့ကိုး။ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ကိုနေ့ကို အင်မတန် ချစ်တာနှင့်အမျှ ကိုနေ့ဇနီးလောင်းကိုလည် အရေးပေးခဲ့ပါသည်။ မမူယာကို အတွင်းစိတ်က သိပ်သဘော မတွေ့လှတာ ညီညဦး သိပေမဲ့ အပြင်ဆက်ဆံရေးမှာတော့ "သမီး" "သမီး"နှင့် နှုတ်ဖျားက မချပါ။ အမေကြောင့်တော့ သားဖြစ်သူ နှစ်ဖက်ကြား စိတ်မရှုပ် ကြားမညပ်စေရဆို သဘောထားမျိုးကို မေမေ ထားခဲ့သည်။

မမူယာရဲ့ အဖေနှင့် အမေဟာ ရိုးရိုးဖြောင့်ဖြော အေးအေးဆွေပင်။ ဒါကြောင့်လည်း ကိုနေနှင့် မမူယာရဲ့ မင်္ဂလာ ဟာ ဘာအဖုအထစ်မှ မရှိဘဲ ပြီးမြောက်ခဲ့ရပါသည်။ အဲဒီနော ကိုနေ အလုပ်ရတဲ့ စင်ကာပူနိုင်ငံက ဆေးရုံကြီးကို မမူယာ အတူလိုက်ကာ စင်ကာပူမှာ အခြေချမလို စီစဉ်ဆဲတွင် မမူယာ ဖခင်ကြီး Stroke နှင့် ကွယ်လွန်ပါသည်။

ခင်ပွန်းသည်နှင့် မလိုက်ပါခင် မမူယာဟာ သူ့အ ထံ အမွေတောင်းသည်ဟု ကြားရသည်။ သူက ဟိုမှာ အပြီးနေ သလောက် ရည်ရွယ်ရင်း ရှိတာမို့ ဒီက ရစရာရှိတဲ့ အမွေကို သူ့ ဝေစု အပြီးယူသွားလိုတာ ဖြစ်သည်။ ကိုနေ ဒါကို ကန့်ကွက် ဖျောင်းဖျခဲ့သေးတာ ညီညဦး သိသည်။ သို့သော် ပြောရလျှင် မမူယာဟာ ငွေမက်မက် အမျိုးအစားထဲ ပါသည်။





မောင်နှမနှစ်ယောက်ရှိ၍ သူ့ကို တစ်ဝက် အမွေခွဲ ပေးရမည့်သဘော သူ့အခမနှင့် စကားပြောကြတာသာ အဒပါယ် သိရပြီး ထဲထဲဝင်ဝင်တော့ ညီညဦး ပိုမသိပါ။ နောက်ဆုံးတော့ မမူယာ အမေဟာ သမီးနှင့် ကတောက်ကဆတ် အနည်းငယ်ဖြစ် လျက် ခြံနှင့်တိုက်ကို ရောင်းချလိုက်ပြီး အမွေခွဲပေးလိုက်တယ် လို့တော့ သိရပါသည်။

အဲဒီနောက်ပိုင်း ကိုနေရော မမူယာပါ မြန်မာပြည် ပြန်မလာတော့ပါ။ မေမေနှင့် ညီညဦး သုံးကြိမ်လောက်စီ လိုက် လည်ဖူးသည်။ အခုတော့ ... မမူယာ မြန်မာပြည်ကို အပြီးပြန် ခဲ့ရပြီ။ သူ့အိမ်ကို အကြောင်းကြားဖို့အတွက် လိပ်စာအသစ်ကို မေးတော့ ပထမရက်တွေတုန်းက စကားလုံးဝမပြော၍ မေးမရ။ နောက်ပိုင်း စကားပြောလာတော့မှ ...

"မလိုပါဘူး၊ အကြောင်းမကြားနဲ့"

"ဘာယ်ဟုတ်မလဲ မမူယာရဲ့၊ သူတို့လည်း စိတ်ပူမှာပေါ့"

"သတင်းကြားမှ စိတ်ပူမှာ၊ သတင်းမကြားရင် ဘာမှ စိတ်ပူစရာ မရှိဘူး"

"ကျွန်တော်တို့ အကြောင်းမကြားရကောင်းလားလို့လည်း စိတ်ခုနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခုပါစေလေ"

"သူတို့သိမှာပဲ မမှုယာရဲ့၊ ကိုနေ့ နာရေးကသတင်းစာထဲ ပါမှာလေ"

"ဒါကိုတွေ့လို့ အန်တီဆင့်ဆီ လိုက်လာသတင်းမေးရင်သာ ပြောလိုက်တော့"

မမှုယာက မေမေ့ကို အန်တီဆင့်ပဲ ခေါ်သည်။

"ထွက်လာခဲ့ကြတုန်းက နည်းနည်းအဖုအထစ် ရှိတယ်လေ၊ ညီညလည်း သိပါတယ်၊ ခလုတ်ထိမှ အမိတ,တယ် အပြောမခံချင်ပါဘူး၊ သူတို့လာစုံစမ်းရင်သာ ပြောပြလိုက်ပါလို့ ရန်ကုန်အိမ်ကို မှာထားပေါ့၊ တကူးတကတော့ အကြောင်းမကြားတော့ပါဘူး၊ ကိုယ်လည်း မြန်မာပြည်ပြန်တော့မှာပဲဟာ၊ ဟိုရောက်တော့မှပဲ အခြေအနေကြည့်ပြီး အချိန်မရွေး ဆက်သွယ်လို့ ရတာပဲဟာ၊ လောလောဆယ် အရေးတကြီး အကြောင်းကြားချင်တဲ့ဆန္ဒ မရှိပါဘူး"

ဒီတော့ ညီညဦး ဘာပြောစရာရှိဦးမည်နည်း။ မမှုယာသဘောဗီဇကိုက ကိုယ်အောင်မြင်တာ၊ မြင့်မားတာ၊ တိုးတက်တာ၊ ကောင်းစားတာတွေကို လူသိခံလိုသည်။ လူသိအောင် နေမည်။ ကိုယ်အဆင်မပြေတာ၊ ဒုက္ခရောက်တာ၊ လူသနားစရာအဖြစ်မျိုး ကြုံရတာတွေကို ဘယ်တော့မှ လူသိမခံချင်။ မပြောပြချင်။ ဆိုတဲ့အထဲက ဖြစ်ပါသည်။





သူ့ဘက်ကို သူက မပြောဘူးဆိုတော့ ပြီးရောပေါ့။ သူက ကာယကံရှင်ပဲဟာ။ မမှုယာရော အိန်ဂျယ်လ်ပါ ဒဏ်ရာကြီးကြီးမားမား မထိခိုက်ခဲ့ပေမဲ့ နှစ်ယောက်လုံးမှာ Shock ရသလို အကြီးအကျယ် အပြင်းအထန် တုန်လှုပ်ချောက်ချားထိခိုက်မှုတော့ ရှိသည်။ အိန်ဂျယ်လ်လေး ထ,ထ,လန့်နေသလို မမှုယာလည်း စကားတစ်လုံးမှ မပြောဘဲ နှုတ်ပိတ်နေတဲ့အထိ စိတ်ကို ထိခိုက်ဒဏ်ရာရသွားခဲ့တာမို့ သူ့သမီးကိုလည်း သူဂရုမစိုက်နိုင်ပါ။

ဆေးရုံမှာ အမေတစ်ခန်း သမီးတစ်ခန်း။ ညီညဦးသာလျှင် သူတို့သားအမိကြား ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက်။ အိန်ဂျယ်လ်ကို ချီခေါ်လာကာ သူ့အမေကို မြင်အောင် အားရှိအောင် လာ[illegible]ရသည်။ အိန်ဂျယ်လ်ကလည်း သူ့ကိုပဲ ကပ်လိုက်သည်မှာ [illegible]ပါနှင့်တော့။ ကြောက်ကြောက်နှင့် အတင်းကို[illegible]ယ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီး ကိုယ်တိုင်ကလည်း ဒီတူမကလေးကို အလွန်ချစ်ခင် မြတ်နိုးလှတဲ့အတွက် ခုတော့ တအားကို အသနားပိုနေရတော့တာပင်။

ဆုံးသွားတဲ့ ကိုနေ့ မျက်နှာ၊ တူမလေးမျက်နှာတို့က ငဲ့စရာ ထောက်စရာဖြစ်၍ တစ်ခါတစ်ရံ မမှုယာကို စိတ်မရှည်နိုင်လောက်အောင် ဖြစ်တဲ့အခါတွေ အပြောအဆို အမူအရာတွေကို မကြိုက်နိုင်တဲ့ အခါတွေ မြောက်မြားစွာကို သည်းခံကျော်လွှားခဲ့ပါသည်။

မျက်စိသူငယ် အနေအထားမှာရှိတဲ့ သူတို့သားအမိကို ကူညီဖို့ ရောက်လာတဲ့ ညီညီးကို အားကိုးတကြီး ကျေးဇူးတင်ရမည့်အစား၊ သူ့ဗီဇအတိုင်း တိုပြတ်ပြတ်လိုလို ဆတ်တောက်တောက်လိုလို သူကပဲ အပေါ်နေရာကလို မျက်နှာထားကတစ်မျိုးမို့ ညီညီး အောင့်သက်သက် ဖြစ်ရတာတွေ ရှိသည်။

ညီညီး ရောက်လာပြီး ဒေါင်ချာစိုင်းအောင် ဖြေရှင်းဆောင်ရွက်ရတာတွေအတွက် သူက ကျေးဇူးတင်စရာမလိုပဲ ညီညီးကပဲ ခုလို ဆောင်ရွက်ပေးခွင့် ရတာအတွက် ကျေးဇူးပြန်တင်ရမည့် မျက်နှာပေးမျိုး ဒီမရိုးမို့ပဲ ထားတတ်ပါလေရဲ့။





သူ့မျက်နှာထားမျိုးနှင့်က သူနှင့်အတူနေသူ (ဘယ်သူဖြစ်ဖြစ်) စိတ်ကျဉ်းကို ကျဉ်းကျပ်ရမည်မှာ သေချာသည်။ ကိုနေ ဘယ်လိုများ နေခဲ့ပါလိမ့်။ အခုလည်း သူက သူ့အမေအိမ် လုံးဝအကြောင်းမကြားတဲ့အတွက် ဟိုက လာကြိုမှာမဟုတ်။ သိချင်မှ သိမည်။

သတင်းစာထဲမှာ ကိုနေ့ အသုဘ တွေ့ချင်လည်း တွေ့မည်၊ မတွေ့ချင်လည်း မတွေ့ဘူးပေါ့။

မမှုယာဟာ မေမေနှင့် သူရှိတဲ့အိမ်ပေါ် နေနေဖို့ကလွဲပြီး တခြား အဖြေတစ်ခု သူ စဉ်းစားမရသေး။ သူ့အမေအိမ်သူပြန်မနေရင် ဒီယောက္ခမအိမ်ပဲ နေရတော့မှာပဲလေ။ အစ်ကိုရဲ့ ဇနီးနှင့် သမီးကို အပြည့်အဝ ကြင်နာကရုဏာ ဖြစ်ထွန်းရပေမဲ့ မမှုယာ အိမ်ကို ရောက်လာပြီး နေနေမှာကိုတော့ ညီညီး ကြိုတင် စိတ်ရှုပ်ပါသည်။

ဖော်ကလည်း မဖော်ရွေ။ မျက်နှာထားကတင်း။ ဘာမာန်ကြီးမှန်းမသိ ကြီးနေတာက တစ်မျိုး။ အဖွဲ့ကျလို့လည်း ခရ။ ရင်းရင်းနှီးနှီး ရောရောနှောနှော ဟက်ဟက်ပက်ပက်မနေမိပြန်လျှင် သူက အိမ်မှာ မှီခိုရမည့် ဧည့်သည်လိုမို့ သူ့ကိုမဆို



www.burmeseclassic.com

www.burmeseclassic.com



လားဘူးလား ထင်မှာစိုးရသည်။ အဖြစ်ကတော့ ခပ်တည်တည်နေမည့်သူ့ကို ညီညဦးတို့ သားအမိက လိုက်ပြီး ချော့နေရမည့် သဘောမျိုးပဲ ဖြစ်သည်။ ...

"ဦးည"

အိန်ဂျယ်လ် လှုးလွန့်နိုးလာကာ သူ့ကို ခေါ်လိုက်တာမို့ ...

"ဘာလဲ သမီး"

"ရေသောက်မယ်"

မမှုယာက မျက်လုံးဖွင့်ကြည့်ကာ ဒီပိုင်းလေးကြောင် ဆက်ကြည့်နေ၍ ညီညဦးက လေယာဉ်မယ်လေးကို ခေါ်ကာ ရေတစ်ခွက် တောင်းလိုက်ပါသည်။ ရေရောက်လာလျှင် အိန်ဂျယ်လ်က တဂွပ်ဂွပ်သောက်ချပြီး ညီညဦး ရင်ခွင်ပေါ် ခေါင်းပြန်မှေးကာနေသည်။

"မုန့်စားမလား သမီး"

"ဟင့်အင်း ... မစားဘူး"

"ဒါဆိုရင် ဦးညကို ပြော"

"ရှူးပေါက်မယ်"



အိန်ဂျယ်လ် စကားကြောင့် ညီညဦးက မမှုယာကို ငဲ့ကြည့်လိုက်ပါသည်။ မမှုယာက ဒီအတိုင်း ကြည့်ကောင်းကောင်း ကြည့်နေကာ လှုပ်လည်းမလှုပ် ဘာမှလဲမပြော။ မျက်လုံးအကြောင်သား။ စိတ်နှင့် လူနှင့်မှ ကပ်ပါရဲ့လား ထင်ရသည်။ ညီညဦးက သက်ပြင်းတစ်ချက်ရှိုက်ကာ နေရာမှ ထလိုက်ရသည်။ အိန်ဂျယ်လ်ကို ချီလျက်နှင့်ပင် နောက်ဘက် တွိုင်းလက်ခန်းကို လျှောက်ခဲ့ပါသည်။

"သမီး ... တံခါးစေ့ထားနော်၊ ဦးည အပြင်မှာရှိတယ်"

တူ၀ရီးနှစ်ယောက်ကိုမြင်ကာ လေယာဉ်မယ်လေးတစ်ဦးက အကူအညီ လာပေးပါသည်။ အိန်ဂျယ်လ်ကို အထဲဝင်ဖို့ ပို့ပေးပြီး တံခါးကို သူပဲ စေ့ကိုင်ပေးထား၍ ညီညဦးက နေရာဆီ ရပ်နေလိုက်ပါသည်။ မမှုယာရဲ့ နှဝေတိမ်ဖောင် လုပ်နေသော အမှုအယာကြောင့် ကရုဏာတစ်ဝက် စိတ်ပျက်တာတစ်ဝက် ဖြစ်နေမိသည်။

အိန်ဂျယ်လ် ပြန်ထွက်လာကာ သူတို့နှစ်ဦးသား ကိုယ့်နေရာကိုယ် ပြန်လျှောက်လာခိုက် မမှုယာက ထိုင်ရာမှ ရုတ်ခနဲထလိုက်သည်။ ထို့နောက် အိမ်သာဘက် လျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဟော ... ကြည့်လေ။ ခုနကတည်းက သူ့သမီးနဲ့ သူ အတူသွားလိုက်လျှင် ပြီးနေတဲ့ဟာ။ လုပ်ချင်ရင်လည်း ဘာမဆို လုပ်လိုက်မှာပဲ၊ မလုပ်ချင်ရင်လည်း ဘာမဆို မလုပ်ဘူးပဲဆိုတဲ့ ပုံစံမျိုး ဖြစ်သည်။

"ဦးည"

"ဟင် ... သမီး"

"ဖေဖေ ကျန်ခဲ့ပြီပေါ့နော်"

"အဲ ... ဟုတ်တယ် သမီးရဲ့"

"ဆေးရုံတက်နေတုန်းပေါ့နော်"

တောက်လျှောက် ကလေးကို ဒီလိုပဲ ပေးသိထားကြ၍ နောက်အချိန်ယူပြီးမှ အေးအေးဆေးဆေးကျမှ ဖြည်းဖြည်း ပြောပြမည်လို့ ရည်ရွယ်ထားကြတာဖြစ်၍ ...

"ဟုတ်တယ် သမီး"

"နောက်မှ လိုက်လာမှာပေါ့နော်"

"ဟုတ်တယ် သမီး"

"ဖေဖေ တစ်ယောက်တည်း သနားပါတယ်၊ လိုက်လာရဲ့ အိမ်လိပ်စာကို ဖေဖေ သိရဲ့လားဟင်"





"သိပါတယ် သမီးရဲ့"

"အခုသွားနေတာ ဦးည ပြောတဲ့ မြန်မာပြည်ကိုပေါ့နော်"

"ဟုတ်တယ် သမီး"

"သမီးတို့လူမျိုးတွေ ရှိတယ်နော်၊ အမျိုးတွေရောပဲနော်"

"ဟုတ်တယ် သမီး၊ ဘွားဘွားလည်း သမီးတို့ကို စောင့်နေတယ်လေ၊ သမီးကို အရမ်းတွေ့ချင်နေတာ"

"အဲဒီမှာ ပျော်စရာ ကောင်းလားဟင်"

"ပျော်စရာ ကောင်းတာပေါ့ သမီးရဲ့၊ ကစားကွင်းတွေ အမြူစ်မဲန့်ပါ့ခ်တွေလည်း နောက်တော့ ဦးည လိုက်ပို့ပေးမယ်၊ ဘွားဘွားရဲ့ အိမ်ကြီးက အကြီးကြီး၊ ခြံလည်း အကျယ်ကြီးပဲ၊ ပန်းပင်တွေလည်း အများကြီး ရှိတယ်၊ ခွေးက တစ်ကောင်၊ ကြောင်က နှစ်ကောင်ရှိတယ်"

ညီညဦးလည်း ကလေး စိတ်ဝင်စားမည် ထင်ရာတွေ ပေါက်ကရ လျှောက်ပြောနေမိရာ အိန်ဂျယ်လ်က လက်ညှိုးလေးကိုက်ပြီး စိတ်ဝင်တစား နားထောင်နေပါသည်။

ထိုင်ခုံကို ပြန်ရောက်လာတဲ့ မမှူယာကတော့ မေးခွန်းတွေ မေးနေသည့် သူ့သမီးနှင့် ဖြေနေသည့် ညီညဦးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစောင်းမှီကာ လှည့်ကြည့်နေသည်။ ဤသို့နှင့်ပဲ လေယာဉ်က မင်္ဂလာဒုံလေယာဉ်ကွင်းဆီ ဆင်းသက်ဆိုက်ရောက်လာခဲ့သည်။

လေဆိပ်အဆောက်အအုံ အတွင်းမှာ အစစ်ဆေးခံယူပြီး ထွက်လာခဲ့တဲ့ ညီညဦးတို့ သုံးယောက်ကို မေမေ အပါအဝင် အမျိုးအုပ်စု ခပ်တောင့်တောင့်နှင့်အတူ ပျိုကလျာလည်း လာရောက်ကြိုဆိုနေပါသည်။ မေမေ မျက်ရည်စမ်းစမ်းနှင့် ချီးမွှမ်းနှုတ်ဆက် ကြိုဆိုသည်ကို အိန္ဒိယ်လ်လေးက အလိုက်တသင့်ရှိသော်လည်း အလိုက်သင့် မရှိသူမှာ မမူယာ။

"သမီး ... နေကောင်းတယ်နော်"

မေမေ့ အမေးစကားကို ...

"ဟုတ်ကဲ့"

တိုတိုတုတ်တုတ် ခေါင်းညိတ်ရုံထက်မပို။ မမူယာ အမူအရာက စိမ်းသက်သက်။ အစ်မဝမ်းကွဲတို့ အခေါ်တို့ပင် မျက်ရည်စမ်းစမ်း စို့ကြသော်လည်း မမူယာကတော့ မျက်ရည်လည်း မစို့ပါ။ အတော်အသည်းမာတဲ့ စိတ်ခိုင်တဲ့သူလို့ပဲ သတ်မှတ်ရတော့မှာပင်။ ချွေးမကို ဖက်ကာ ယက်ကာ သားဖြစ်သူ





ရွှမ်းပြေသော ငိုချလိုက်ချင်ပုံရတဲ့ မေမေ့မှာ စပ်တင့်ငုံဖြစ်သည်။

သိပ်စိတ်ဆင်းရဲ စိတ်ထိခိုက်နေလို့ စကားမပြောနိုင်တဲ့ ပုံစံလည်း မဟုတ်။ အေးဂက်စက်နှင့်ပင် မမူယာဟာ သူသိတဲ့ မမြင်ဖူးတဲ့ ပျို့ကို အကဲခတ်နေသည်။ အမျိုးထဲကလား၊ ဘူ မမှတ်မိတာလား စဉ်းစားနေပုံရဆဲ၊ ညီညဦးနှင့် ပျိုက တစ်တွဲလို တီးတိုးနှုတ်ဆက်စကား ဆိုနေတာတွေ့တော့ ပျို့ကို သေသေအချာ အကဲခတ်တော့သည်။

"အားလုံး အဆင်ပြေတယ်နော် ကိုည"

"အင်း ... ပြေပါတယ် ပျိုလေးရယ်"

"ကိုညတောင် မျက်နှာတွေ ချောင်သွားသလိုပဲ"

"စိတ်ပင်ပန်းတာပေါ့ ပျိုလေးရယ်၊ မရီးကလည်း ဘာမှ တိုင်ပင်လို့မရ၊ ဆွေးနွေးလို့မရ၊ အေးတိအေးစက် ဆိုတော့ ကိုယ့်ဘာသာ တစ်ယောက်တည်း မေးမြန်းစုံစမ်းပြီး ပြေလည်အောင် အားလုံး ဆောင်ရွက်ရတာပဲ၊ ကိုယ် ဂက်စ်ထရစ်တောင် နည်းနည်းပြန်ဖြစ်ချင်လာတယ်"

"ဆေးသောက်ပြီး နားဦးနော် ကိုည"



www.burmeseclassic.com

www.burmeseclassic.com



“အင်းပါ”

“အိန်ဂျယ်လ်လေးက ချစ်စရာလေး၊ သနားပါတယ်”

ပျိုသည် ကိုညရဲ့ မရီးကိုတော့ မြင်မြင်ချင်း မခင်… လေ။ တစ်ဆိတ် မျက်နှာကြော တင်းလှတယ် ထင်မိသည်။ ပြ… လည်မိုရီ အားကိုးရတော့မည့် ယောက္ခမကိုပင် ခပ်တန်းတန်း… ခပ်စိမ်းစိမ်း သဏ္ဌာန်ရှိတဲ့ မမူယာ ဆိုသူဟာ ပျို့ကို (ယောက်… ဝမ်းကွဲတွေကိုပါ) တစ်ချက်တောင် ပြုံးမပြပါ။ ဘယ်လိုကြီး… လိမ့်ဟု ပျို့စိတ်ထဲ ထင်မိသည်။

ယောက်မဝမ်းကွဲတို့ကတော့ မူယာရဲ့ အချိုးအချိုး… အနေအထိုင်ကို နဂိုကတည်းက အနည်းအကျဉ်း သိပြီးဖြစ်… သူတို့လည်း သူတို့ဟာသူတို့ နေသည်။ အရောလိုက်မဝင်… မမူယာ့အကြောင်း မသိသေးတဲ့ ပျို့မှာသာ ပျို့ကိုမြင်မြင်ချင်း… ဒီအစ်မကြီး နှစ်သက်ပုံ မရဘူးလို့ စိတ်မှာထင်တွေးမိသည်။

ပျိုက စရွှင်ပြုံးပြ မိတ်ဖွဲ့ပါလျက် သူ့ကို ပြုံးပြ… တာ မဟုတ်သလို၊ ခပ်တည်တည် ခပ်အေးအေး မျက်လုံးလွှဲ… လိုက်တဲ့ မူယာရဲ့ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေမိ… သည်။





ခြေသလုံးတစ်ဝက်လောက် ဂျင်းဘောင်းဘီအနက် …ကျပ်ကျပ်နှင့် ကိုယ်ကျပ်တီရှပ်လက်ရှည်ပန်းနု ဝတ်ဆင်ထားတဲ့ …မူယာရဲ့ ဆံပင်တိုဟာ ပခုံးထောက်ရုံ လိမ်ကောက်ခွေနွယ်လှပ …သော်လည်း ပန်းခရမ်းဆန်ဆန် မဟော်ဂနီလား ဘာရောင်ခေါ် …ခဲ့သေတဲ့ ဆေးရောင်မျိုး ဟိုင်းလိုက်ထ်ဖောက်ကာ ဆိုးထားပုံက …ခေတ်ဆန်လှသည်။

အင်း … နောက်တော့မှ တဖြည်းဖြည်းပေါ့လေ၊ …တော့ သူလည်း စိတ်ထိခိုက် ပင်ပန်းလာတာကိုးလို့ ဖြေတွေး …ပြီး ပျိုက လျှို့လျှို့ကလေးပဲ နေလိုက်ပါသည်။

“ကိုည … ပျို အိပ်မလိုက်တော့ဘူး၊ ခရီးလည်း ပန်းလာကြမှာဆိုတော့ သူတို့သားအမိလည်း နားဖို့ကောင်းနေတာ၊ ကိုညလည်း နားလိုက်ဦးနော်၊ ပျို နောက်မှ ဖုန်းဆက်လိုက်မယ်”

“ကောင်းပြီ ပျိုလေး”

ပျိုက ယောက္ခမလောင်း … အမျိုးတစ်သိုက်ကို …ဆက်ရင်း မမူယာကိုပါ ထပ်ပြုံးပြခဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

သူ့မိသားစုထဲ မဆက်သွယ်တဲ့ မမူယာကြောင်
ဒေါ်ဆင့်ဆင့်သွယ်နှင့် ညီညဦးတို့ သားအမိ အံ့လည်းသြ
ရလည်းခက်နေပါသည်။ ကိုယ့်ဘက်ကတော့ မူယာရဲ့မိခင်ဖြစ်
ကို မိခင်ချင်း စာနာကာ ရောက်လာတာ သိချင်မှာပဲ တွေ့ချင်
ပဲဟု လှမ်းဆက်သွယ်စေချင်ပေမဲ့ လှမ်းဆက်သွယ်ခိုင်းလိုက်ပြ
ပါကလည်း သူ့ကို ဒီအိမ်မှာ မထားချင်လို့လား၊ အမေအိမ်ပြ
စေချင်လို့လား စသဖြင့် တစ်မျိုးတစ်မည် အထင်လွဲသွားမှာ
စိုးရိမ်ကာ မပြောရဲကြပြန်ပါ။

ဘာပဲဖြစ်ဖြစ် ခုချိန်ဟာ ခံစားချက်ဝေဒနာ ပြင်းထ
တောက်လောင်ပြီး စိတ်ဓာတ်ကျနေမဲ့ မူယာ့ကို ဝိုင်းဝန်းပေး





အလိုလိုက်ထားသင့်တဲ့ အချိန်ဖြစ်၍ သူ အေးစက်စက် နေထိုင်မှု
ကို လျစ်လျူရှုကာ ကိုယ့်ဘက်ကပဲ လိုက်ခေါ် လိုက်ချော့ လိုက်
ပြောနှင့် သူ့မျက်နှာရိပ် မျက်နှာကဲ ကြည့်၍ ဖေးဖေးမမ လုပ်နေ
ကြပါသည်။

မေမေဟာ သူကိုယ်တိုင်လည်း သားကြီးတစ်ယောက်
ဆုံးရှုံးထားရတာ ဖြစ်ပေမဲ့ ချွေးမ နေရခက်မှာစိုး၍ ကိုယ့်ဝေဒနာ
ကိုယ်မျိုသိပ်ထားပြီး ပူဆွေးချင်တိုင်းပင် မပူဆွေးပြဝံ့ပဲ ရှိသည်။
ကိုယ်က ပူဆွေးပြနေရင် ခုမျာတို့ ပိုအားငယ်စရာ ဖြစ်တော့မှာ
ဆိုလို့ အပူရုပ် ဟန်လုပ်ကာ ဖုံးဖုံးဖိဖိလေး နေပါသည်။

မြေးကလေးရှိ၍လည်း ဖြေသာသည်။ တီတီတာတာ
စကားတတ်လှ စကားကြွယ်လှတဲ့ ချစ်စဖွယ် မြေးမလေးကြောင့်
လည်း အနည်းငယ် ဖြေသိမ့်စရာ ရပါသည်။ မြေးအဘွားနှစ်
ယောက် အဖွဲ့ကျ ရင်းနှီးချစ်ကြည်နေသော်လည်း မမူယာကတော့
တစ်သီးပုဂ္ဂလပင်။

အခန်းထဲအောင်းရင် အောင်းနေ၊ ခြံထဲဆင်းထိုင်ရင်
ထိုင်နေ၊ ဒီဗီဒီအခွေတွေ ကြည့်ရင် ကြည့်နေ။ နှုတ်နည်းနည်းနှင့်
ငြိမ်သက်အေးစက်လှတဲ့ မမူယာ တစ်ယောက်ဟာ အိမ်သား



www.burmeseclassic.com

www.burmeseclassic.com



အားလုံးနှင့် စိမ်းသက်ဝေးကွာနေပါသည်။ တစ်ပတ်ကြာတဲ့အထိ သူ့အမေထံ ဆက်သွယ်တာကိုလည်း မတွေ့ရတဲ့အခါ ဒေါ်ဆင့်ဆင့်သွယ်မှာ သိပ်မအောင့်အည့်နိုင်တော့။

ကိုယ့်ဘက်က သူ နားလည်မှု လွဲမှာစိုး၍ သူ့အိမ်အကြောင်း စကားမစ,သေးပေမဲ့ ခုလောက်ကြီး မဆက်မသွယ် သတင်းပါ အဆက်ဖြတ်ထားပုံက တစ်ဖက်က ခုမှသိလျှင်ပင် သူတို့ကို အသိမပေးရကောင်းလားရယ်လို့ စိတ်ကွက်စရာမျိုး ဖြစ်ဦးမည်ကို လှည့်တွေးရသေးသည်။

"သမီးရဲ့ အမေတောင် အခုသတင်းတွေ သိသေးရဲ့လား မသိဘူး မူယာရဲ့"

ထမင်းပွဲမှာ ဒေါ်ဆင့်ဆင့်သွယ်က စကားစ,သည်။ မူယာက ဘာမှမဖြေ။

ညီညဦးကသာ ...

"မသိသေးဘူး ထင်တယ်၊ ဖြစ်ဖြစ်ချင်း မသိရတာ စိတ်ကောင်းမှာ မဟုတ်ဘူး"

"သိရင်လည်း သိမှာပါ"

မမူယာက မပွင့်တပွင့် ...။





"မသိဘူး ထင်တယ် သမီး၊ သိရင် ဘယ်နေမလဲ၊ ဆက်သွယ်မှာပေါ့၊ ဒီလို အခြေအနေမျိုးကြီးမှာ"

"ကိုနေ့ နာရေး သတင်းစာထဲ ပါတာပဲ မဟုတ်လား"

"ပါပေမဲ့ တွေ့ဦးမှကိုး၊ မတွေ့ကြဘူးများလားလို့ အန်တီ သံသယ ဖြစ်လာတယ်၊ တွေ့ရင် သူတို့မလာပဲ ဘယ်နေပါ့မလဲ၊ ပြေးလာမှာပေါ့ မူယာရယ်"

"မူယာ့ကို စိတ်ဆိုးနေကြလားမှ မသိတာ"

"အို ... ဘယ်လောက် စိတ်ဆိုးဆိုးပါ၊ ကိုယ့်သမီး ခုလို အက်ဆစ်ဒဲန့်ထဲ ဖြစ်ရတယ်၊ ကိုယ့်သမက် ကွယ်လွန်ရတယ် ဆိုတာသိရင် ဘယ်သူက မဆိုင်သလို နေနိုင်မှာတဲ့လဲ၊ မတွေ့လို့ မလာတာပေါ့၊ အန်တီကလည်း ဘယ်ဆက်သွယ်ရမယ် မသိတော့ဘူးဆိုတော့ မဆက်သွယ်နိုင် ...

ခုနေမှများ သိသွားကြရရင် ဘာကြောင့် သူတို့ကို ချက်ချင်း အကြောင်းမကြားသလဲ ဆိုပြီးတော့တောင် စိတ်ခုမလား မသိဘူး သမီး၊ ကိုယ့်သမီးရင်း မြေးရင်းပဲ ဟာ၊ သူကို သိချင်မှာပေါ့"

"မေမေ့ ... သာက ဒီလိုပဲ၊ တစ်ယောက်နဲ့ တစ်ယောက် နှစ်ချိုပြီး စိတ်ကောက်နေတတ်ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မူယာ့ စကားကို ဒေါ်ဆင့်ဆင့်သွယ်က မနှစ်သက်နိုင်ကာ ...

"အို ... ကိုယ်က အိမ်ထောင်ခွဲဖြစ်မှ အမေကို နှစ်ရှည်လများ စိတ်ကောက်ဖို့ ဘယ်သင့်ပါ့မလဲ သမီးရယ်"

"မူယာက ကောက်တာနည်းနည်း၊ သူကကောက်တာများများပါ၊ မေမေက မူယာ အမွေတောင်းတာလည်း စိတ်ဆိုးခဲ့တယ်"

"ဒါတော့ သမီးရယ်၊ သူ သက်ရှိထင်ရှားရှိတုန်း အမွေတောင်းတော့ သူ ခံစားရတာ စိတ်မကောင်းတာ ဖြစ်မှာပါ"

"မူယာက ဟိုကို အပြီးရွှေ့ပြီလို့ ဆုံးဖြတ်တာမို့ အမွေတောင်းတာပါ၊ မူယာ ရသင့်တာကို ကိုယ့်ရွှေ့ရေးကြည့်ပြီး တောင်းရတာပဲလေ၊ ဟိုမှာ တိုက်ခန်းတွေဝယ်ပြီး ငှားစားဖို့ မူယာ ရည်ရွယ်ခဲ့တာ၊ ခုတော့ မြန်မာပြည်ပြန်ရောက်လာရပြီဆိုတော့ မေမေတို့ဆီသွားရင် တော်ကြာမူယာဟာ ရသင့်တာ ရပြီးတဲ့သူဆိုပြီး မကြည်ဖြူတာမျိုး မနေ့စေချင်တာမျိုး ရင်ဆိုင်ရမှာလည်း မခံနိုင်ဘူး၊ ဒါကြောင့်





လည်း မသွားသေးတာ၊ အခြေအနေကြည့်ပြီးမှ မူယာကြည့်လုပ်ပါ့မယ်"

"ဒီအခြေအနေ အဖြစ်မျိုးနဲ့ ရောက်လာမဲ့ သမီးတစ်ယောက်ကို ဘယ်မအေကမှ မကြည်ဖြူတဲ့သဘော မထားနိုင်ပါဘူး သမီးရယ်၊ သမီးဘက်က အမေကို မာနမထားပါနဲ့"

"မူယာ ဆက်သွယ်မှာပါ၊ သွားမှာပါ၊ ခုလောလောဆယ်စိတ်တွေ သိပ်ပင်ပန်းပြီး ရှုပ်ထွေးနေလို့ပါ"

ဒီစကားကိုရတော့ ဘာမှ ဆက်မပြောသာတော့။ သူ စိတ်ချမ်းသာသလိုနေဖို့ ဒီတိုင်း လွှတ်ထားရပါသည်။ မူယာ သွားချင်တာသွားဖို့ သုံးချင်ရာသုံးဖို့ ကားတစ်စီး ဒရိုင်ဘာတစ်ယောက် ရှိသည်။ အစကတည်းက ဒေါ်ဆင့်ဆင့်သွယ် အတွက်ထားသော ကားနှင့် ဒရိုင်ဘာပင်။ မူယာ ကိုယ်တိုင် မောင်းသွားချင်လည်း ရသည်။ သို့ပေမဲ့ မူယာက အတော်နှင့် အိမ်ကနေ အပြင်မထွက်သေးပါ။ အိန်ဂျယ့်လ်ကိုသာ ညီညဦးက ညနေစောင်းတို့မှာ တစ်ခါတစ်ရံ မုန့်ထွက်ဝယ်ကျွေးဖြစ်တာမျိုး ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပို့ကားကလေး ခြံထဲဝင်လာလျှင် ခြံထဲက အမိုးတွန့်ပါသော ဒန်းလှလှကလေးတွင် ထိုင်နေသည့် ညီညဦးနှင့် အိန်ဂျယ့်လ်ကို လှမ်းမြင်ရသည်။ အိန်ဂျယ်လ်က လက်တစ်ဖက်နှင့် ဘူးတစ်ဘူးကို ပိုက်ထားပြီး ဇွန်းတစ်ချောင်းနှင့် ကလော်စားနေပါသည်။ ဆံဖင်ညိုညို ကောက်ကွေ့ကွေ့ကလေးတွေနှင့် မျက်လုံးကြီးတွေ ဝိုင်းစက်နေတဲ့ အိန်ဂျယ်လ်ဟာ အလွန်ချစ်စရာကောင်းလှသည်။

ကိုည ချစ်မယ်ဆိုလည်း ချစ်ချင့်စရာမှာ အိန်ဂျယ်လ်ဟာ ကိုညနဲ့လည်း ခပ်ဆင်ဆင် ရှိခြင်းပင်။ ကိုညနှင့် ကိုကိုနေညီအစ်ကိုဟာလည်း ဓာတ်ပုံထဲမှာ အတော်ဆင်ဆင်ရှိပါသည်။ မျက်မှန်တပ်တဲ့ ကိုကိုနေကြောင့် နည်းနည်း ကွာခြားချင်သလိုရှိတာရယ်၊ ဆံပင်ပုံကြောင့် နည်းနည်းရုပ်လွဲတာရယ်က လွဲရင် အဖေတူ သားနှစ်ယောက်ဖြစ်တဲ့ ကိုညတို့ ညီအစ်ကိုဟာ အတော်ဆင်သည်။





အိန်ဂျယ်လ်ဟာလည်း အဖေတူလို့ပဲ ပြောရမည်။ မမှယာရဲ့ရုပ်က အသားဖြူဖြူနှင့် ဘိုဆန်ဆန်ရုပ်မျိုး ဖြစ်သည်။ အိန်ဂျယ်လ်နှင့် လုံးဝမတူပါ။

ပို့သည် အိန်ဂျယ့်လ်ဖို့ ဝယ်လာတဲ့ ချောကလက်ဆေဖာသံဘူးကို ယူကာ ကားပေါ်မှ ဆင်းလာသည်။ အိမ်ထဲမဝင်ဲ ဒန်းရှိရာသို့ သွားစဉ် ...

"သမီး ... အန်တီပို့လေးကို နှုတ်ဆက်လိုက်"

ညီညဦး သင်ပေးလိုက်၍ အိန်ဂျယ်လ်က ကျယ်လောင်သော အသံနှင့် ...

"အန်တီပို့လေး"

"ဝေး"

အိန်ဂျယ်လ် လှမ်းအော် နှုတ်ဆက်လိုက်တာကို ပို့ကလည်း ချစ်စနိုးနှင့် ခပ်မြူးမြူး ပြန်ထူးလိုက်ပါသည်။ ဒီကြားထဲမှာ ပို့ တစ်ကြိမ်ရောက်သေး၍ အိန်ဂျယ်လ်ဟာ ပို့ပေါင်ပေါ်သာထိုင်ဖူးကာ အတန်အသင့် ရင်းနှီးမှုရှိပါသည်။

"သမီး ဘာတွေစားနေလဲ အိန်ဂျယ်လ်"

"အိုက်စ်ကရင်မ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး … ဘူးလိုက်ကြီး ပိုက်ထားတာ မအေးဘူး လား သမီးရယ်"

"အေးဘူး"

"အတော်ပဲ၊ အန်တီက ချောကလက်ဝေဖာဘူး ဝယ်လာ တယ်၊ အထဲမှာ ဝေဖာချောင်းရှည်ရှည်လေးတွေ ပါတယ်၊ သမီးဒဲ့ ရေခဲမုန့်နဲ့ တို့စားရင် အရမ်းကောင်းတယ်"

"ဟုတ်လား"

အိန်ဂျယ်လ်က သူ့ဦးညကိုပါ အဖြေတောင်းသလို မော့ကြည့်သည်။ ညီညဦးက "သိပ်ကောင်းတာပေါ့" ဆိုတဲ့ပုံမျိုး အားရပါးရ မျက်စိမှိတ်ကာ ခေါင်းညိတ်ပြလိုက်တာမို့ …

"ဦးည ဖောက်ပေးပါ"

"ခုစားတော့မှာလား သမီးရဲ့"

"နှစ်ခုပဲ စားမယ်"

ပျိုသည် သံဘူးကို ကိုညထံပေးပြီး အိန်ဂျယ်လ် အား ဝင်ထိုင်လိုက်၍ အိန်ဂျယ်လ်က သူတို့နှစ်ယောက်ကြားထဲ ရောက်သွားပါသည်။

"ကိုည အပြန်စောသားပဲ"





"တမင်ကို ဒီရက်တွေ စောစောပြန်ပြန်လာတာ ပျို့ ကိုယ် ပြန်မရောက်သေးသရွေ့ အိန်ဂျယ်လ် ခများ ပျင်း ပျင်းနေရတာ၊ ယောင်ချာချာနဲ့၊ အဲဒါကြောင့် စောစောလာ ပြီး သူ့ကို ဝင်ခေါ်၊ ရန်ကင်းစင်တာ စစ်တီးမာ့ထ်မှာ ရေခဲမုန့်ဘူး သွားဝယ်ပေးပြီး ခုနပဲ ပြန်ရောက်တာ"

"မမူယာကကော ဘယ်မှ မထွက်သေးဘူးလား"

"မထွက်ပါဘူး၊ တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲ"

"သူ့အိမ်ရော"

"မသွားသေးပါဘူးကွာ"

"တစ်ယောက်တည်း သွားရမှာများ မျက်နှာပူ အားငယ် နေရတာမျိုး ရှိလားမှ မသိတာ ကိုညရဲ့၊ အဖော်များ လိုချင်နေလား မသိဘူး"

ညီညဦးက ပြုံးရင်း …

"ဘာလဲ … ပျိုလေးက အဖော်လိုက်ပေးမယ်လို့ ကမ်းလှမ်း မလို့လား၊ ဘာသဘောကြောင့်လဲ မသိပါဘူး ပျိုလေးရယ်၊ ပျိုနဲ့ စကားတွေ ဘာတွေ ပြောဆိုစည်းရုံးလို့ ရရင်လည်း တိုက်တွန်းကြည့်ပေါ့၊ ကိုယ်တို့ကျတော့ တစ်ကြိမ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထပ်ပြောဖို့ မကောင်းတော့ဘူး၊ တော်ကြာ ဒီက နေ ပုတ်ထုတ်နေလား ထင်မှာစိုးလို့ ...

တကယ်တမ်းက သူတို့ကို မေမေကလည်း ဒီမှာ ရှိစေချင်တာ၊ သူ့မြေးနဲ့ နေချင်တာပေါ့၊ ဒါပေမဲ့ ဟိုက မသွားတာကြာတော့ မေမေ မကောင်းပဲ ဖြစ်လာမှာ လူကြီးဖြစ်ရက်နဲ့ မတိုက်တွန်းပဲနေရာ ကျမှာ”

ဒန်းလုလုလေးပေါ်မှာ ညီညဦး၊ အိန်ဂျယ်လ်၊ ပို ကလျာ တန်းစီကာ ထိုင်နေကြပုံကို ထမင်းစားခန်းရဲ့ ပြတင်း ပေါက်တစ်ခုဆီမှ မှူယာက ရပ်ကြည့်နေပါသည်။ သူတို့သုံးယောက် ပုံစံက မိသားစုပုံစံလေးမျိုးပင် ပေါက်နေကာ လှပသော ဂျ ရုပ်ရှင်ကားလေးတွေထဲက မိသားစု ဇာတ်ဝင်ခန်းကလေး တစ်ခန်း နှင့် တူနေပါသည်။

ပို့ကလျာတဲ့။

အင်မတန် လှပချစ်စဖွယ်ကောင်းတဲ့ ကောင်မလေး တစ်ယောက် ဖြစ်သည်။ ချောတာလှတာထက် သူ့မျက်နှာပေါ် နှစ်လိုဖွယ်ရာ ဖြစ်နေသည်မှာ အတွင်းစိတ်ရင်းကလေး ဖြူ ကြည်လင်နေသည့် အရိပ်က မျက်နှာပေါ် ပေါ်နေလို့ပင်။ ဟန်





က အလိုလိုနေရင်း တစ်မျိုးကြေကွဲမော့နေပုံမှာ ဘယ်သူ့ကို သိပ်အရေးမထား၊ အထင်မကြီးမြဲ မှူယာပင် မကြည့်ပဲ ဂရု ဘဲ မနေဖြစ်မိအောင်ပင်။

သူ့ကို မြင်လိုက်ရုံနှင့် သူ့ဘဝဟာ စိတ်ချမ်းသာ ကလေး ဖြစ်မှာပဲလို့ အလိုလို အားကျစိတ် ကောက်ကာငင် ပေါက်ရသည်။ ဤသို့ ဖြစ်လိုက်ရတာကိုက မှူယာ့ အတွက် နှာပင်။ မခံချိစရာပင်။ မှူယာဟာ ငယ်ငယ်ကတည်းက ပေးမောရ အားကျရ စိတ်ဝင်စားရအောင် နေတတ်ခဲ့တဲ့

သူများကို အားကျစိတ်ဝင်စားရခြင်း၌ အလေ့အကျင့် သူ မဟုတ်ပါ။ အခုတော့ ဒီ ပို့ကလျာကို သူ အာရုံဝင်စား မ်းနေမိပြီ။ ဒါကိုပဲ စိတ်ထဲ ကသိကအောက် ဖြစ်နေတာ

ဖန်ခွက်သံ ကြားလိုက်၍ မှူယာက ပြတင်းမှကြည့် ရာမှ ကျောဘက် ဖျတ်ခနဲ ကြည့်လိုက်ပါသည်။ ယောက္ခမကြီး ဆင့်ဆင့်သွယ်က ဖန်ခွက်နှစ်လုံး ထုတ်ယူချလိုက်တာဖြစ် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ခရမ်းချဉ်သီးဖျော်ရည်လေး မမှုန် လုပ်ပေးထား
တာရှိတယ်၊ နည်းနည်းသောက်ကြရအောင်၊ ထမင်းစား
သေးဘူးမို့လား"

"ဟုတ်ကဲ့"

"မမှုန်ရဲ့ ခရမ်းချဉ်သီးဖျော်ရည်က ကောင်းတယ် သမီးရဲ့
ခံတွင်းကို ရှင်းသွားတာပဲ၊ **Appatite** ကိုလည်း ဖြစ်စေ
တယ်"

မှုယာက ခြံထဲကို တစ်ချက် ထပ်ကြည့်လိုက်
ရင်း ...

"ပိုကလျာ ဆိုတာ ... ! "

"ဪ ... ပို ရောက်နေသလား"

"ခြံထဲမှာ ရောက်နေတယ်"

"ဆံပင် ဆေးဆိုးဖို့ ချိန်းရဦးမယ်၊ ဆံပင်ဖြူလေးတွေက
ငုတ်စိလေးတွေ ထွက်နေတော့ သိပ်အရုပ်ဆိုးတာပဲ"

ဒေါ်ဆင့်ဆင့်သွယ် စကားကြောင့် မှုယာက တအံ့
တဩ နားမလည်စွာ ...

"သူက ... ! ! "





"ပိုက ဗြူတီဆလွန်း ဖွင့်ထားတယ်လေ သမီးရဲ့၊ အန်တီ့
ကို သူပဲ အမြဲဆံပင်ဆိုးပေး၊ အကောက်သား မပေါ်အောင်
အပွကောက်ပေး အမြဲလုပ်ပေးနေကျပေါ့၊ အိမ်အထိ လာ
လုပ်ပေးတာဆိုတော့ လက်သောင့်သက် အဆင်ပြေနေတာ
ပေါ့ကွယ်၊ သမီးလည်း ဆံပင်တစ်ခုခု ပြင်ချင်တာရှိရင်
ပိုကလျာ့ကို ပြောလေ မှုယာ၊ သူက လက်ရာလည်း
ကောင်းပါတယ်၊ သူ လုပ်ပေးလိမ့်မယ်"

မှုယာက ပိုကလျာဟာ အလှပြင်ဆိုင်လုပ်ငန်း
သုပ်ကိုင်ကြောင်း သိရပြီးလျှင် ဆက်လက် စိတ်မဝင်စားတော့ပဲ ...

"သူက ညီညီရဲ့ ... ! "

"ညီညီရဲ့ ချစ်သူလေ၊ သူတို့ချင်း ချစ်သူတွေဖြစ်ကြတာ
တစ်နှစ်နီးပါး ရှိကြတော့မယ်ပေါ့"

"ဪ"

မှုယာက ခပ်ဟိုးတိုး ရေရွတ်လိုက်ရင်း ...

"ဒါဖြင့် ဘာမှ သိပ်မကြာသေးဘူးပေါ့"

"ခင်မင်ရင်းနှီးတာတော့ နှစ်နှစ်လောက် ရှိမယ်ထင်ပါရဲ့။
ပိုကလျာက အမေမရှိတော့ဘူး၊ အဖေကတော့ အမေရိကား



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိပါတယ်၊ မိသားစု အသစ်နဲ့ပေါ့၊ နှစ်နှစ်တစ်ခါ သုံးနှစ်တစ်ခါတော့ သမီးဆီ အလည်လာကြတယ်လို့ ပြောတယ်၊ သူ့အဖေရဲ့အစ်မ ကြီးတော်ကြီးနဲ့ အတူတူနေတာ၊ သူ့အလုပ်ပြင်ဆိုင်ကလည်း အောင်မြင်တယ် မှူယာရဲ့၊ ဆိုင်နာမည်က Melody of Beauty တဲ့၊ နာမည်ကြီးပဲ၊ နောင်ဆို အမျိုးတော်လာရမယ်ဆိုတော့ သမီးနဲ့လည်း ညီအစ်မပေါ့၊ သူ့ခြံနဲ့တိုက်ကို ငှားထားတယ်၊ သူကတော့ ကမာရွတ်ဘက်မှာ ဆိုင်နဲ့တတွဲထည်း ပြန်ငှားပြီးနေတယ် ...

ပျိုကလျာက စိတ်ရင်းလေးလည်း ကောင်းပါတယ်၊ သမီး သူ့ကို ညီအစ်မလို သူငယ်ချင်းလို တရင်းတနှီးသဘောထားပြီး ပေါင်းလို့ရပါတယ်၊ ဘယ်ကိစ္စမဆို တိုင်ပင်ဖော် တိုင်ပင်ဖက် သဘော၊ အဖော်သဘောမျိုးနဲ့ ပေါင်းသင်းဆက်ဆံလို့ရတယ်”

မှူယာက နှုတ်ခမ်း တစ်ချက်တွန့်ကာ ပြုံးလိုက်မိပါသည်။ သူ့အပြုံးရဲ့ အဓိပ္ပာယ်မှာ ယောက္ခမကြီးဟာ ပျိုကလျာအပေါ် အမြင်ကောင်းနှင့် နှစ်လိုခြင်း အပြည့်ရှိနေတာကို နားလည်လိုက်တဲ့ အပြုံးပင်။





ဤသို့ နားလည်ရခြင်းရဲ့ နောက်ဆက်တွဲမှာတော့ မှူယာ့စိတ်ထဲ ပျိုကလျာ အပေါ် ခင်မင်နှစ်သက်ခြင်း တစ်ထိုင်တည်း ဖြစ်ပေါ်မလာနိုင်ခြင်းပင် ဖြစ်တော့သည်။ ဤသို့ ပျိုကလျာ အကြောင်း သိလိုက်ရတဲ့အတွက် မှူယာ့ စိတ်ထဲ မိမိနှင့်ယှဉ်ကာ မနာလိုခြင်းဆိုတဲ့ ခံစားချက်တစ်မျိုးပင် ကိန်းအောင်းလာရပါသေးသည်။

နောင်နေဦးရဲ့ ချစ်သူအဖြစ် ဤမိသားစုနှင့် စတင်ဆုံတွေ့ရခိုက်မှာ ယောက္ခမကြီးဟာ သူ့ကို အခုလောက် နှစ်လိုသဘောကျခြင်း မဖြစ်ခဲ့တာ မှူယာ ကောင်းကောင်းကြီး နားလည်ခံစားသိခဲ့သည်။

မှူယာဟာ အဲဒီအချိန်က အခု ပျိုကလျာလောက်လည်း ပြည့်စုံအောင်မြင်ခြင်းမျိုး မရှိခဲ့ပါ။

သူမဘဝကို လက်ရှိထက် မြင့်မားဖို့ အမြဲရည်မှန်းချက်ထားခဲ့သော မှူယာရဲ့ ကြိုးပမ်းမှုက ကိုယ့်အားကိုယ်ကိုးကြိုးစားခဲ့ပုံမျိုးတော့ မဟုတ်။ ကြွယ်ဝချမ်းသာပြီး နူးညံ့အေးဆေးတဲ့ နောင်နေဦးကို ချစ်သူတစ်ယောက် တော်စပ်ခွင့်ရဖို့ အားထုတ်ခဲ့ခြင်းပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်နေဦး မိသားစုက သူ့ကို သဘောတူ ကြည်ဖြူပါ့မလား ဆိုတဲ့ သိမ်ငယ်တွေးက သဘောမတူမဖြစ် တူရမည့်သူလို့ အားလုံးသိအောင် မာန်ဖွယ်ကလေး ပြထားဖို့ တွန်းအားပေးခဲ့သည်။ ငါ့ကို နှိမ်မယ်မကြံနဲ့ ဆိုတဲ့ မာန်တင်းခြင်းတစ်မျိုးဖြင့် ဒီအမျိုးထဲ ရင်ကော့ကာ ဝင်လာခဲ့သော မှုယာ့သည် အားလုံးရဲ့ ချစ်ခင်နှစ်သက်မှုကို ပျိုးကလျှာလို မရခဲ့တာ အမှန်ပေ။

ကြွယ်ဝချမ်းသာသော၊ ညာဂုဏ် မြင့်မားသော အသက်မွေးဝမ်းကျောင်း ဖူလုံသော နောင်နေဦးကို သူမဘဝပြည့်စုံသာယာ မြင့်မားမှုအတွက် မျှော်မှန်းလက်ထပ်ခဲ့တဲ့ မှုယာရဲ့ နောက်ခံခုံးရလဒ်တစ်ခုဟာ ကလေးတစ်ယောက်နှင့် မုဆိုးမဘဝ ဖြစ်လာခဲ့တဲ့အခါ မှုယာ့ ရင်ထဲတွင် လောကကြီးကို အရာအားလုံးကို မကျေမနပ် မုန်းတီးခါးသီးခြင်းက ပြည့်သိပ်မွန်းကျပ်အောင် တစစ်စစ် နာကျင်စွာ ဝေဒနာပေးနေပါသည်။

မကျေနပ်ပါ။ လောကကြီးကိုလည်း မကျေနပ်ပါ။ ကိုယ့်ဘဝကိုယ်လည်း မကျေနပ်ပါ။ ပတ်ဝန်းကျင်ကိုလည်း မကျေနပ်ပါ။ မျက်စိရှေ့ မြင်တွေ့နေရသမျှ လူအားလုံး အရာအားလုံးကိုလည်း မကျေနပ်ပါ။





မှုယာဟာ ဖြစ်ချင်တာကို ဖြစ်ရမှ။ ကိုယ်လိုချင်တဲ့ဘဝမျိုးကို ရရမှ။ ဖြစ်အောင် ရအောင်လုပ်ရမှ။ သူများသနားတာခံနေရမည့် ဘဝမျိုးမှာ မနေနိုင်ပါ။ သူများကို အားကျငေးမောနေရသည့် အဖြစ်မျိုးမှာလည်း မပျော်နိုင်ပါ။ သူကသာ သူတစ်ပါးအားကျငေးမောရတဲ့ နေရာမျိုးကို ရောက်ချင်တာ။ ခုတော့ ...။

မှုယာ့ ရင်ထဲတွင် မီးစကြီးတစ်စနှင့် ထိုးထားသလို ပူခြင်းလောင်မြိုက်နေသည်မှာ ခါးသီးစက်ဆုပ်ဖို့ ကောင်းလှပါသည်။

❥ ○ ❥



www.burmeseclassic.com

## ၃

ပျို့ ဆိုင်ခန်းထဲမှာ စည်ကားနေတဲ့ လူပရိသတ်
အကဲခတ်ရင်း ညီညဦးက သဘောတကျ ဝမ်းမြောက်နေပါသည်

"ပျို့ဆိုင် မြေနီကုန်းတုန်းကထက် ပိုပြီး လူများလာတ
နော်"

"ဟုတ်တယ် ကိုညီ၊ ပိုအောင်မြင်လာတယ်"

"ဟိုတစ်ရက်က ကိုယ်လာတော့လည်း ပျို့လေး ကိုယ်တ
ပါဝင်လုပ်နေရတယ်၊ ဒီနေ့လည်း ဒီလိုပဲ၊ လူတော်တော
ကျတာပဲ"

"ဒီမှာ အခန်းကလည်း ပိုကျယ်သွားပြီး မြေညီထပ်လ
ဖြစ်တော့ ပိုအဆင်ပြေလာတယ် ကိုညရဲ့၊ ဟိုမှာတုန်း
ပထမထပ်ဆိုတော့ ပျို့ဆီလာဖို့ သူတို့ လှေကားတ
နေရသေးတယ်၊ အိမ်နဲ့ ဆိုင်ကလည်း သက်သတ်





တော့ ပျို့တို့ ဆိုင်ဖွင့်တာ နောက်ကျပြီး ပိတ်တော့ စော
စောပိတ်ရတယ် ...

အခုကျတော့ အိမ်က အပေါ်ထပ်တင်ပဲဆိုတော့ ဆိုင်စောစောဖွင့်နိုင်တယ်၊ ပိုအဆင်ပြေတယ်၊ ဆိုင်ခန်းက ကျယ်လာတော့ အထဲမှာ သက်သောင့်သက်သာဖြစ်အောင် ပိုဖန်တီးထားနိုင်တယ်"

"ပျို့ကို ကြည့်ရတာ ပျော်နေတာပဲ"

"ပျော်တယ် ကိုညရဲ့၊ လူလည်း နှစ်ယောက်လောက် ထပ်တိုးပြီး ခန့်ထားရတာ"

ပျို့ရှေ့က အိမ်တွင်းပြောတဲ့ အင်တာကွန်းဖုန်းလေး အသံတိုးတိုး မြည်လာတာမို့ ပျို့က ကောက်ကိုင်လိုက်ရင်း ...

"ကြီးကြီးရေ ပြော"

"ပျို့ရေ ... အဲဒီမှာ သားထွေး ရှိနေလား"

"ဟင့်အင်း ... မရှိဘူး ကြီးကြီး၊ သူ မလာပါ[illegible]"

"ခုန အဝတ်လျှော်တဲ့ ကုလားမ, တက်လာတော့ [illegible] ထပ်မှာ သူ့ အဝတ်ဟောင်းတွေ ဝင်ယူတုန်း ပျို့ကို ဆိုင် ကောင်[illegible] အာ ယောကျ်ားလေးတစ်ယောက်နဲ့ အ[illegible] စကားပြောနေတာ တွေ့ခဲ့တယ်ဆိုလို့"

www.burmeseclassic.com



"သြော် ... အဲဒါ ကိုညွှ ရောက်နေတာ ကြီးကြီးရဲ့"

"သြော် ... မောင်ညီညဦးလား"

"ဟုတ်ကဲ့၊ ကြီးကြီး ဘာလုပ်ချင်လို့ သားထွေးကို ရှာနေတာလဲ"

"ဒီကောင်လေးက ညနေလေးနာရီတိတိ လာခဲ့မယ်၊ ကြီးကြီး ခန်းဆီးချုပ်ချင်တဲ့ ပြတင်းပေါက်တွေအားလုံး ဗာက်တိုင်းပေးမယ်၊ ကြီးကြီး အခန်းထဲ ဖေဖေတို့ မေမေတို့ပုံ ချိတ်ချင်နေတာလည်း သံချိတ်ပေးမယ် တပ်ပေးမယ်၊ ပြီးရင် လက်ဖက်နဲ့ ထမင်းစားမယ် ပြောထားလို့လေ၊ ဒီမှာတော့ ဖြင့် လက်ဖက်နဲ့ ထမင်းက အသင့်ဖြစ်နေပြီ၊ သင်းက လေးနာရီခွဲတော့မယ် ပေါ်မလာသေးဘူး"

"သူ့အိမ်မှာရော ကြီးကြီးရဲ့"

"မသင်းကို မေးပြီးပြီ၊ အပြင်သွားတာ ပြန်မလာသေးဘူးတဲ့"

"ဟုတ်တယ်၊ အောက်မှာ ကားရပ်ထားတာလည်း မတွေ့သေးဘူး"

"အေး ... အေး ...၊ ဒါဖြင့်လည်း နည်းနည်းနောက်ကျမယ် ထင်ပါရဲ့"





"သူလာမယ် ပြောထားတော့ လာမှာပါ ကြီးကြီးရဲ့၊ လှည်းတန်းမီးပွိုင့်က ဒီအချိန်ဆိုရင် ကားတွေစ,ကျပ်ပြီမို့ လို့ ကားပိတ်နေလို့ နောက်ကျနေလားမှ မသိပဲ"

"အေး အေး၊ ကောင်လေး ရောက်လာရင်တော့ သတိတစ်ချက် ပေးလိုက်ဦး၊ မတော် မေ့နေရင် မေ့နေမယ်"

"ဟုတ်ကဲ့၊ ဒီကိုလာရင် ဖို့ ပြောလိုက်ပါ့မယ်"

"ဒါပဲ သမီး"

"ဟုတ်ကဲ့"

ဖို့က ဖုန်းကိုချလိုက်သည်။

"ကြီးကြီးက ဘယ်သူ့ကို မျှော်နေလို့လဲ"

"အိမ်ရှင်ရဲ့သားလေး ကိုညှရဲ့၊ ခန်းဆီးတပ်ဖို့ ပြတင်းပေါက်တွေ တိုင်းပေးမယ် ပြောထားလို့တဲ့၊ ကြီးကြီးနဲ့တော့ အဖွဲ့ကို ကျနေတာပဲ၊ ကြီးကြီးက သူစားချင်တာ လုပ်ပေး၊ သူက ကြီးကြီးလိုတာတွေ ကူနဲ့ပေါ့၊ အခု သူ့ကိုမျှော်နေတာ၊ ဒီရောက်နေသလားလို့တဲ့"

"ဒီကိုလည်း သူက လာနေကျလား"

"လာ တယ်၊ သူ့ဘော်ဒါတွေကိုလည်း ခေါ်လာလာပြီး ဒီမှာ ဖောက်သည်ဖြစ်အောင် လုပ်ပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ချာတိတ်လေးလား"

"ချာတိတ်လေးတော့ မဟုတ်ဘူး၊ ပျိုတို့ထက်တော့
နှစ်လောက်ငယ်မှာပေါ့"

ညီညဦးက မျက်ခုံးပင့်သွားရပြီး ...

"ဟင် ... နှစ်နှစ်လောက်ပဲ ငယ်တယ်ဆိုတော့ နှစ်ဆ
လေးနှစ်လောက် ရှိမှာပေါ့၊ အဲဒါ ကောင်လေးမှ မဟု
တော့ပဲနဲ့၊ ကောင်လေးဆိုတော့ ကိုယ့်စိတ်ထဲ ဆယ့်
ဆယ့်ရှစ်လောက်လားလို့"

"ဒါပေမဲ့ ဒီကောင်လေးက ကလေးဆန်တယ် ကိုည

"ဘယ်လောက်ပဲ ကလေးဆန်ဆန်ပေါ့ ပျိုလေးရဲ့၊ ကို
မတိမ်းမယိမ်းပဲရှိတာ"

ပျိုက ညီညဦးရဲ့ သဝန်တိုချင်သလို ဟန်
အပြောကို ပြုံးတုံ့တုံ့နှင့်ပင် ...

"သူတို့သားအမိက သဘောထားကောင်းတယ် ကိုည
အဲဒီ အန်တီလည်းပဲ တော်တော်စကားပြောလို့ အဆင်
တယ်၊ မြေနီကုန်းတုန်းက ပျို ငှားတဲ့ အခန်းအိမ်ရှင်
ဆိုရင် ကတ်သီးကတ်သတ်နဲ့ ပြောရ ဆိုရ မကောင်း
သိလား"





"အိမ်ရှင်အန်တီနဲ့ပဲ ခင်ပါ ပျိုလေးရယ် ... နော်၊ ဟိုကောင်
လေးကိုတော့ ကြီးကြီးနဲ့ပဲ ခင်ဖို့ထားလိုက်"

"အဟင်း ဟင်း ... ကိုညကလည်း ..."

"ဟုတ်တယ်လေ၊ ပျိုက အသက်နှစ်ဆယ့်ခြောက်ရှိပြီပြော
တာ၊ ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ ပျို ပုံစံလေးက နုနုနယ်
နယ်၊ နှစ်ဆယ်ကျော်ရုံလေး ထင်ရတယ်၊ ဟိုတစ်နေ့က
တောင် လေယာဉ်ကွင်းမှာ ညွှေ့သည်လာကြိုပုံရတဲ့ လူတစ်
ယောက်က ပျို့ကို အရမ်းကို စိုက်ကြည့်ပြီး အငမ်းထွေနေ
လိုက်တာ၊ ကိုယ်ကလည်း အိန်ဂျယ့်လ်ကို ချီထားရတာ
တစ်ဖက်နဲ့ ပျို့နားကပ်ပြီး သိပ်မကျော်ပ်တိုင်တက်ပြဖို့ မလွယ်
ဘူး ဖြစ်နေတာ၊ စိတ်ထဲကတော့ ကျိတ်ဒေါကန်နေတာ ...

ခုချိန်ထိ ကိုယ်ရှိနေတာ နံပါတ်တပ်ပြီးသားဖြစ်တာ
မသိတဲ့သူတွေက ပျိုလေးကို လိုက်ကြကြိုက်ကြတာတွေ
ရှိတာ ရှိနေတုန်းပဲဟာ၊ သူများလက် ပါသွားမှာ စိုးရတာ
ပေါ့"

"သူများလက် ပါစရာလား ကိုညရဲ့၊ ဒီတစ်ယောက်လုံး
ရှိရှိရက်နဲ့ ပျိုက သစ္စာမရှိမဲ့ မိန်းမမျိုးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမေမဲ့ ကိုယ့်ချစ်သူက အရမ်းလှတော့ သဝန်တိုတာတော့ တိုတာပဲ၊ စိုးရိမ်ကာတော့ စိုးရိမ်တာပဲ၊ ပျိုလေး အဖေဆီ အကြောင်းကြားထားနော်၊ သီတင်းကျွတ်အပြီးဆိုရင်တော့ လက်ထပ်မယ်"

"အဲဒါ အရင်အစီအစဉ်က ဟုတ်တော့ ဟုတ်ပါရဲ့၊ အခုတော့ ကောင်းပါ့မလားဟင် ကိုည"

"ဘာလို့ မကောင်းရမှာလဲ"

"ကိုကိုနေ ကိစ္စက ရှိခဲ့ဟော့လေ၊ အခု မေ၊ ကိုကိုနေ ဆုံးခဲ့တာ ပြီလေ၊ သီတင်းကျွတ်ဆိုရင် နောက်လေး,ငါး လပဲရှိတာ၊ နည်းနည်းများ နီးသလို ဖြစ်နေမလား၊ ကိုညမေမေ စိတ်ကောင်းပါ့မလား"

"အာ ... ဘာဆိုင်လို့လဲ ပျိုလေးရာ၊ ကိုယ်တို့ နောက်ဆုတ်လိုက်လို့ ပြောင်းလဲသွားနိုင်တာမှ မဟုတ်တာ၊ ကိုနေလည်း ပြန်ရှင်မှာ မဟုတ်။ ပြီးတာက ပြီးခဲ့ပြီပေါ့၊ ကိုယ်လုပ်စရာရှိတာ ကိုယ့်ဘာသာ လုပ်ရမှာပဲပေါ့"

"ပျိုက အဆင်ပြေပါတယ် ကိုညရဲ့"

"ပြီးရောပေါ့"





ပျိုက ညီညဦးကို ကြည့်ကာ ချစ်စဖွယ် ရယ်မောနေပါသည်။

"ပျိုလေး"

"ရှင်"

"ယောက်ျားတွေကို ခေါင်းမလျှော်ပေးနဲ့နော်"

"မလျှော်ပါဘူး ကိုညရဲ့၊ ခေါင်းအလျှော်ဝန်ထမ်းတွေက သတ်သတ်ပါ၊ သူတို့ လူကျပ်နေမှ ညှပ်တဲ့ထဲက တစ်ခါတစ်ရံ ဆင်းလျှော်တာ၊ ပျိုက တစ်ခါတလေ အဖြောင့်ခေါင်း ဝင်ကိုင်ပေးတာမျိုးနဲ့ facial ကိစ္စမျိုးတွေပဲ လုပ်ပေးတာပါ"

"အဲဒီ facial ကော၊ တချို့ယောက်ျားကြီးတွေ မျက်နှာလာ ပေါင်းတင်တာ ကြားဖူးပါတယ်၊ ကကယ်ကွာ၊ ဟားရတယ်၊ အခြောက်ကြီးတွေ ကျနေတာပဲ"

"မျက်နှာအသားအရေ ဂရုစိုက်တာပါ ကိုညရဲ့"

"ပျို လုပ်ပေးရတာလား"

"ယောက်ျားဆိုရင် အန်တီဟန်နီ့ကို လုပ်ခိုင်းပါတယ်၊ အန်တီဟန်နီက အသက်နည်းနည်းကြီးတော့ အဟန့်ရှိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပြီးရော"

"အဟင်း ဟင်း"

ညီညဦးက နာရီတစ်ချက်ကြည့်ပြီး ထိုင်ရာက ထ လိုက်ပါသည်။

"ကဲ ... မိုျလေး၊ ကိုယ်ပြန်မှပဲ၊ ကုမ္ပဏီကို ပြန်ဝင်ဦးမယ်၊ ဒီညတော့ အိမ်ကို စောစောမပြန်ဖြစ်ဘူး၊ မို့ျ နက်ဖြန်မနေ့ နဲ့နော်"

"မမေ့ဘူး ကိုည"

"ဆိုင် ထားခဲ့လို့ ရတယ်နော်"

"ရတယ် ကိုည၊ အန်တီဟန်နီ့ အပ်ခဲ့လည်း ရတယ်၊ ကြီးကြီးလည်း သူပျင်းရင် ဆင်းလာထိုင်ပေးတယ်"

မနက်ဖြန်ကို မမူယာနှင့် အိန်ဂျယ်လ်တို့ သားအမိ ကို ရှခင်းသာကစားကွင်း၊ တိရစ္ဆာန်ဥယျာဉ်တို့ လိုက်ပို့ပေးရမည် မို့ ညီညဦးက မို့ျကိုအဖော်ခေါ်တာပင်။ ခါတိုင်းတော့ အိန်ဂျယ်လ် ဘယ်သွားချင်တယ်၊ ဘာစားချင်တယ် ပူဆာသမျှ ညီညဦးက တတ်နိုင်သလို လိုက်ပို့ပေးနေကျ။ ဒီတစ်ခါကတော့ မမူယာက





သူကလည်း ဘယ်မှ မထွက်ဖြစ်ပဲ ပျင်းနေတဲ့အတွက် သူလည်း လိုက်ချင်သည်ရယ်လို့ လိုလိုလားလား ပူဆာလာတဲ့အတွက် ညီညဦးမှာ အံ့လည်းသြ၊ စိတ်လည်းရှုပ်။

သူ့သဘောသူဆောင် ကိုယ်က စကားမပြောလည်း တစ်မျိုး၊ ပြောလည်းတစ်မျိုး ဆက်ဆံရ မချောမွေ့လှတဲ့ မမူယာ နှင့် အတူသွားလာရမှာကို ညီညဦးက အတော်စိတ်ညစ်မိတာပါ။ သူကလည်း နှုတ်ပိတ်ပိတ် ခပ်တည်တည်။ ကိုယ်ကလည်း ဒီသလိုနေရင် အပျော်ခရီးဟာ ဘာပျော်စရာကောင်းဦးမှာလဲ။

အဲဒီအတွက် ကိုယ်ကချည်း စကားရောဖွဲ့ရော ဟီးဟီး ဟားဟား လိုက်လုပ်နေရမည် ဆိုရင်လည်း စိတ်ပင်ပန်းစရာ။ ဒါကြောင့် ကြားဖဲမှာ ကြားခံ အဆင်ပြေပြေ ဆက်ဆံပေါင်းဂုဒ်း နိုင်စရာအဖြစ် မို့ျကို ခေါ်တာပါ။

တကယ်တော့ ကိုယ်ခေါင်းစားရမည့်အစား မို့ျ ခေါင်းကို အငှားသုံးလိုက်တာပင်။ ဘယ်အနေထားနှင့်မဆို ယိုက် သျှာညီထွေ နေထာတ် ရှိတတ်တဲ့ မို့ျကလည်း အသာတကြည့်ပဲ လိုက်ဖို့ လက်ခံသဘောတူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဆယ်နာရီလောက် လာခေါ်မယ်လေ"

"ကိုညီ လာမခေါ်နဲ့၊ ပျိုပဲ ကားမောင်းလာခဲ့မယ်၊ ပျို့ကား ကို ကိုညီတို့အိမ်မှာ ရပ်ထားခဲ့ပြီး အပြန်မှ ပြန်ယူပြီး မောင်းပြန်မယ်လေ၊ ပျိုက မနက်ရှစ်နာရီလောက်ကို ဘုန်းကြီးဆွမ်းကျွေးတစ်ခု အဲဒီဘက်ပဲ လာစရာရှိသေးလို့ ကိုညီရဲ့၊ အဲဒီကို အရင်ဝင်၊ ပြီးမှ ကိုညီတို့အိမ် လာမယ်လေ"

"အိုကေ ... အဲဒါဆို အဆင်ပြေတယ်နော်"

"ဟုတ်ကဲ့၊ အဆင်ပြေတယ်"

"ကိုယ် သွားပြီ ပျိုလေး"

"ဟုတ်ကဲ့"

ညီညီဦး ဆိုင်ကအပြန်ကို ပျိုကလည်း ကောင်တာမှထ, ဆိုင်ထဲမှ အတူလိုက်ထွက်ပြီး အပြင်က ကားနားအထိ လိုက်ပို့ နှုတ်ဆက်ပြီးမှ ဆိုင်ထဲ ပြန်ဝင်ခဲ့ပါသည်။

●○●





ဖက်ဖူးစိမ်းရောင် အလတ်စတစ်ဂျင်းဝတ်စုံနှင့် ဆံပင်အရောင်နှင့် အသားဖွေးဖွေး မှုယာဟာ မြန်မာမတစ်ယောက်နှင့်တောင် မတူပါ။

အဝတ်လဲပြီး၍ ဧည့်ခန်းထဲ သားအမိနှစ်ယောက် ဆင်းလာကြသည်။ မှုယာ့ လက်ထဲမှာ ဦးထုပ် နေကာမျက်မှန်တို့နှင့် တကယ့်ကို ပျော်ပွဲစားထွက်မည့်ဟန် အပြည့်။

မှုယာက ထမင်းစားခန်းဘက် ဝင်ကာ သူတို့ယူသွားမည့် ဒေါ်မှုန် ပြင်ဆင်ထည့်သိုပေးနေတဲ့ ပလတ်စတစ်ခြင်း လှလှကြီးကို သွားကြည့်ကာ အထဲက စားသောက်ဖွယ်ရာ မုန့်ပဲသွားရေစာတွေ၊ အပူအအေးတွေနှင့် ထိုင်ဖို့အခင်းကအစကို စစ်ဆေးကြည့်ရှုနေဆဲ အိမ်ရှေ့ဘက်ဆီက ကားသံကြားရလိုက်ရလျှင် ဒေါ်မှုန်က အိမ်ရှေ့ကို ထွက်သွားဖို့ ပြင်သည်။

"နေ ... နေ ...၊ ဒေါ်မှုန် ဒီမှာဆက်လုပ်၊ ကျွန်မ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



မှုယာက အိမ်ရှေ့တံခါးဝကို ထွက်လာသည်။ အိမ်ရှေ့မှာ ရပ်လိုက်တဲ့ကားနှင့် ကားပေါ်မှ မြန်မာဆန်ဆန် ကြော့ရှင်းလှပသော ဝတ်စုံကလေးနှင့် ဆင်းလာသော ပျိုကလျာကို မြင်လျှင် စိတ်အနှောင့်အယှက် ဖြစ်သွားပါသည်။

သူများတွေ အပြင်သွားကြတော့မလို့ဟာကို သူက အချိန်ကိုက်ကြီး ရောက်လာနေပြန်ပြီလို့ စိတ်ရှုပ်ရှုပ်နှင့် မျက်နှာ မကြိုက်တဲ့ရုပ် ပေါက်သွားရပါသည်။

ပျိုက တံခါးဝ လာရပ်သော မမှုယာကို ပြုံးပြကာ ရင်းနှီးမိတ်ဖွဲ့တဲ့ အပြုံးနှင့် ...

"မမှုယာ အရမ်းလှနေတာပဲ"

ပြောပြီးလျှင် မမှုယာ ပြန်လည်မပြုံးချိုဘဲ မျက်နှာအိုကာ မသာမယာ ဖြစ်နေတာကို သတိပြုမိလိုက်ပါသည်။ သူ ရောက်လာတာ နှောက်ယှက်နေလို့များ စောင့်နေရလို့ စိတ်မကြည်သာဘူးလားလို့ နာရီကလေးကိုလည်း အသာမြှောက်၍ ကြည့်လိုက်မိပါသည်။

"တို့ ထွက်ကြတော့မလို့"

မှုယာက အေးစက်စက် ပြောလိုက်သည်။





"ဟုတ်လား၊ ပျို နှောက်ယှက်နေပြီလား"

"မဟုတ်ဘူး၊ တို့က ညီညနဲ့ ပစ်ကနစ်သွားကြမှာ၊ အိန်ဂျယ်လ်ရယ် သုံးယောက်၊ ပျိုကလျာက အရေးတကြီး ကိစ္စရှိလား"

ပျိုက အံ့သြသွားပါသည်။ ပျိုပါ ပါမယ်ဆိုတာ မှုယာ မသိဘူးပေါ့။

"တို့က အခုထွက်မှ ဖြစ်မှာ၊ နောက်ကျရင် နေမြင့်လာမှာ စိုးရတယ်၊ ညီညလည်း ပြီးနေပါပြီ"

အပြုံးအရယ်မရှိ ပျိုကလျာကို အကဲခတ်လှတဲ့ မျက်နှာတွေဟာ ပျိုကလျာ ဘာကိစ္စရှိသလဲ။ ထိုကိစ္စဟာ အရေးကြီးသလား၊ ကိုယ့်အစီအစဉ်ကိုတော့ အပျက်မခံနိုင်ဘူးဆိုသည့် အဓိပ္ပာယ်တွေ စိမ့်ဝင်နေပါသည်။

"ပျိုက ... ဟို ... ပျိုက မမှုယာတို့နဲ့ လိုက်မှာပဲလေ"

"ဟင်"

မှုယာသည် အံ့အားလည်းသင့်ကာ မျက်နှာလည်း ရှက်ခနဲနေအောင်ပင် ပျက်သွားပါသည်။ အလောတကြီးပင် ...

"ဘယ်ကိုလိုက်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုညက ပြောတော့ ရှခင်းသာရော ဓာတ်ရွာန်ရုံဈေး ဘယ်ကိုရယ် မဟုတ်ဘူးလေ၊ ဒီနေ့ သွားဖြစ်တဲ့ နေရာ ပဲ ပျိုကြ လိုက်မှာပေါ့"

မှုယာသည် အတော်မကျေမနပ် ဖြစ်သွားပါသည်။ ကိုယ်ကိုယ်တိုင်ကိုက ညီညဦးရယ် ကိုယ်တို့သားအမိရယ်ပဲ သွား ချင်တာမို့ ဒီလိုစီစဉ်ထားတာ။ ကိုယ့်သုံးယောက်ပဲ တရင်းတနှီး ကို ထွက်လည်ချင်တာ။ ညီညဦး ရှည်းစားမ,ကို ခေါ်ဖို့ရယ်လို့ လုံးဝကို စိတ်ကူးမရှိပါဘူး။

"အံ့သြစရာပဲ၊ တို့စီစဉ်တုန်းက ပျိုကလျာ မပါဝါဘူး"

"ရှင်"

"တို့ရယ် ညီညရယ် သမီးရယ် သုံးယောက်ပဲသွားမယ်လို့ တို့က စီစဉ်တာ"

ဒီအစီအစဉ်ဟာ သူ လုပ်တာမို့ ပျိုကလျာကို လုံး စာရင်းထဲ မထည့်ထားဘူး ဆိုတာကို ရှင်းရှင်းပင် ပြောလိုက်ပါ သည်။ ပျိုသည် ပွင့်ပွင့်လင်းလင်းကြီး ပြောထွက်လွန်းလှသော မှုယာကို ယှဉ်ပြိုင်စကားတုံ့ပြန်ဖို့ပင် ကြောက်သွားသလိုလို ရှိမိသည်။





ပျိုကတော့ သူ့လောက်ကြီး အားမနာ လျှာမကျိုး ဘယ်သူ့အပေါ်မှ ပြောမထွက်ဖူး မထွက်ရက်သူမျိုးပါ။ ကိုယ့်စိတ်ထဲကသိကအောက် ဖြစ်ရရင်တောင် တော်ရုံတန်ရုံ အောင့်အည်း မျိုသိပ်လိုက်ပါမည်။

လူတစ်ဖက်သားကို မျက်နှာကြည့်ပြီး ဒီလောက်ကြီး ပြောမထွက်နိုင်ပါ။

"အခု ဘာဖြစ်လို့ မင်းက လိုက်မှာလဲ"

မျက်မှောင်ကုတ်၍ မေးလိုက်သော မှုယာ့ စကားကို ဘာပြန်ဖြေရမည်မသိပဲ ပျို ကြောင်ငေးနေမိစဉ် မှုယာရဲ့ အနောက်ဘက်ကို ညီညဦး ရောက်လာပါသည်။

"ဟော ... ပျိုလေး ရောက်နေပြီ၊ ဝင်လေ ... တံခါးပေါက်ဝကြီးမှာ မတ်တတ်ကြီး ဘာလုပ်နေတာလဲ"

ပျိုသည် မျက်နှာလေး ပျက်ပျက်နှင့် ဘာပြန်ပြောရမည် မသိပါ။ ပျို အားနာတတ်ပုံမှာတော့ မမှုယာက ဘာဖြစ်လို့ လိုက်မှာလဲလို့ မေးတယ်ဆိုတာကိုပင် မမှုယာရှေ့၌ ပြောမထွက်ဘဲ ဖြစ်နေပါသည်။ သို့သော် မမှုယာကတော့ အံ့သြစရာပင်။ ညီညဦးဘက်ကို လှည့်ကြည့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူက မူယာတို့သွားမဲ့ အစီအစဉ်ထဲမှာ ဘယ်လိုလုပ်ပြီး ပါလာတာလဲ ညီညာ၊ မူယာ စီစဉ်တုန်းက သူ့ကို ထည့် မစီစဉ်ထားပါဘူး၊ မူယာတို့ သားအမိနဲ့ ညီညပဲ သွားဖို့ စီစဉ်တာပါ"

ညီညဦးပင် တအံ့တသြ ကြောင်ငေးသွားရပြီးမှ —

"ဩော် … ပျို့ကို ကျွန်တော် ခေါ်လိုက်တာလေ၊ မိန်းက လေးတစ်ယောက်ပါတော့ မမူယာလည်း အဖော်ရတာပေါ့၊ သုံးယောက်သွားမှာနဲ့ လေးယောက်သွားမှာလည်း ဘာမှ မထူးဘူး မဟုတ်လား၊ ကားမဆန့်တာလည်း မဟုတ်"

"နေဦး …၊ အမိက,က တို့အဖော်ရဖို့လား၊ ဒါဆိုရင်တော့ တို့က အဖော်မလိုပါဘူး ညီညာ၊ အဖော်ခေါ်ဖို့ ဆန္ဒမရှိပါဘူး"

ညီညဦးမှာ စိတ်ညစ် စိတ်ရှုပ်သွားသလို မျက်နှာ ပင် ညိုမှောင်လာပါသည်။ ဤမျှလောက် မျက်နှာပြောင်တင်းတင်း ပြောထွက်နိုင်တဲ့ မမူယာကိုလည်း အတော်အံ့သြနေပုံ ရပါသည်။

"ဒါပေမဲ့ အဲသလို မဟုတ်ဘူး၊ ညီညက ခုလိုလျှောက်လည် တာကို ပျို့ကလျာနဲ့ သွားချင်တယ်၊ ဒါကြောင့် ခေါ်တာဆို ရင်လည်း ရတယ်လေ၊ တို့ မလိုက်တော့ပါဘူး"





"ဟာ … မမူယာကလည်း မဟုတ်တာပဲ"

ညီညဦးက စိတ်ရှုပ်ရှုပ် ရေရွတ်လိုက်ကာ ဧည့်ခန်း ဘက် ပြန်လှည့်လျှောက်သွားပါသည်။ မမူယာကလည်း အိမ်ပေါက် ဝမှ လှည့်ဝင်သွားကာ ဧည့်ခန်းဆိုဖာဆက်တီတစ်ခုမှာ ဝင်ထိုင် လိုက်သည်။ ပျို့သည်သာ ရှေ့ဆက်ပဲ ဝင်ရမလို အိမ်ပေါက်ဝမှာပဲ ရပ်နေရမလိုလို အတော်စိတ်ညစ်ကာ ဘာလုပ်ရမယ် မသိ။

ဘယ်လိုအမျိုးသမီးပါလိမ့်။ ခုမှ တွေ့ကြတာ နှစ် ခါ သုံးခါရှိတဲ့ ပျို့ကလျာကို မနှစ်သက်လို့ သဘောမကျလို့ မခင် ခင်ချင်လို့လား။ မကျေနပ်တာ တစ်ခုခုရှိလို့ပဲ တမင်ချဲတာလား။ ဒါမှမဟုတ် ဘယ်သူ့ကိုမဆို ဒီလိုပဲ ရန်လိုဟဟ်တာလား။ ဘာ ကိုမှ ကောက်ချက်ချမရပဲ စိတ်အနှောင့်အယှက်သာ အကြီးအကျယ် ဖြစ်နေရပါသည်။

စကားတချို့ကို ကြားသိလိုက်ရပုံနှင့် ဒေါ်ခင့်ဆင့် သွယ်ကလည်း အကဲခတ်ရင်း ဧည့်ခန်းထဲ ရောက်လာသည်။

"မမူယာကလည်း မဟုတ်သေးပါဘူး၊ မမူယာလည် စိတ်အေးအေးအလဲလေး ဖြစ်အောင် ပေါ့ပေါ့ပါးပါး လွတ် လွတ်လပ်လပ် အပြင်ထွက် လျှောက်လည်ကြဖို့ပဲပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မမှုယာတို့ သားအမိအပြင် ကျွန်တော့်ဘက်ကလည်း ပျို့ကို ခေါ်လိုက်တယ်၊ ဒါဘာဖြစ်လို့လဲ၊ မမှုယာ အတွက်လည်း အဖော်ရတယ်၊ ဒါပေမဲ့ အဲလိုအဖော်ရဖို့ သက်သက်တစ်ခုတည်းအတွက် ခေါ်တာလား ဆိုရင်တော့လည်း ဒီလိုတော့လည်း မဟုတ်ဘူးပေါ့ ...

ကျွန်တော် တစ်ယောက် ထပ်ခေါ်လိုက်မိတာ ဘာဖြစ်သွားလို့လဲ၊ မမှုယာ ပြောပုံက ကျွန်တော် တစ်ယောက် ခေါ်တာကို မကျေနပ်ဘူးဆိုတဲ့သဘော သက်ရောက်နေတာပေါ့၊ ပြီးတော့ ပျိုလေးက သူစိမ်းကြီးလည်း မဟုတ်ဘူး ပတ်သက်မှုကို မမှုယာလည်း သိတာပဲလေ၊ မမှုယာက ဘာကို ဘာဖြစ်တာလဲ"

ပျိုသည် မမှုယာကို လှမ်းစိုက်ကြည့်နေမိသည်။ မမှုယာက ပျို့ဘက် ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ရင်း ...

"ဘာမှဖြစ်တာတော့ မဟုတ်ပါဘူး၊ ပျိုကလျာနဲ့ပဲ သွားချင်ရင်လည်း သွားလိုက်ပါလို့ ပြောတာပါ"

"အစကတည်းက မမှုယာနဲ့ အိန်ဂျယ်လ်နဲ့လည်း အတူသွားဖို့ စီစဉ်ပြီးသားပဲ"





"အင်းလေ ... တို့ပြောတာ ရှင်းရှင်းလေး၊ အဲလို တို့သုံးယောက်သွားဖို့ စီစဉ်ပြီးသား ဆိုရင်လည်း ညီညီ သူ့ကို ထပ်ခေါ်နေဖို့ မလိုပါဘူး၊ မဟုတ်ဘူးလား၊ သူနဲ့ပဲ သွားချင်ရင်လည်း သူနဲ့ပဲ သွားလိုက်၊ ရှင်းရှင်းပဲလေ"

မမှုယာသည် သူ့ကို ဝိုင်းကြည့် အကဲခတ်နေကြတဲ့ မျက်လုံးတွေကို တစ်ချက်မှ ဂရုမစိုက်ပါ။ ခပ်အေးအေးပင်။ အင်မတန် သွေးအေးတဲ့ရုပ်။ သူ့မျက်နှာပေါ်မှာ ဒေါသတွေ ဘာတွေ ရှိနေတာမျိုးလည်း မဟုတ်။

မျက်နှာပြင်မှာ ဘာခံစားချက်မှ အရိပ်အယောင်မပေါ်ဘဲ ငြိမ်သက်လှသည်။

ညီညီဦးက မျက်မှောင်ကို ကုတ်၍ ...

"လေးယောက် ဖြစ်သွားတော့ရော မမှုယာဘက်က မသွားချင်ရတော့လောက်အောင် ဘာအကျိုးဆုတ်ယုတ်လို့လဲ"

"မဆုတ်ယုတ်ပါဘူး၊ မသွားချင်တာ သက်သက်ပါ"

"ကျွတ် ... မမှုယာက သက်သက် ဦးနှောက်ခြောက်အောင် လုပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီညဦး ပုံသဏ္ဍာန်မှာ စိတ်တိုတာကို မျိုချပြီး ပြုံးသနားမကြီးကျယ်အောင် မနည်း ဣန္ဒြေဆည့်နေရတာ သိသာလှသည်။ ခပ်ပေါ့ပေါ့လို ပြုံးတုံ့တုံ့ လုပ်ထားပြီး ထိုအပြုံးမှာ အတုဖြစ်၍ သွားဖြီးနေတာနှင့်ပဲ တူနေပါသည်။

"ညီညက ခက်နေတာပါ၊ တို့က တို့သုံးယောက်ပဲ သွားချင်တယ်၊ တို့သုံးယောက်ပဲ လျှောက်လည်ချင်တယ်၊ ဒါကြောင့် စီစဉ်တယ်၊ ညီညကို လိုက်ပို့ပေးဖို့ ပူဆာတယ်ပေါ့၊ အခု တို့သုံးယောက်တည်း မဟုတ်တော့ပဲ တခြားလူပိုပါလာတယ်၊ လူပိုပါရင်တော့ တို့ကမသွားချင်တော့ဘူး။ အဲဒါပါပဲ၊ ဘာကြောင့်မှလဲ မဟုတ်ပါဘူး၊ တို့က သုံးယောက်တည်းသွားဖို့ စိတ်ကူးထားတာမို့ပါပဲ"

ပျိုသည် မမူယာကို ခပ်ကြောက်ကြောက် ခံစားချက်နှင့် ပေးကြည့်နေမိရာမှ ညီညဦး တစ်စုံတစ်ရာပြောဖို့ ထပ်ပြင်လိုက်တာတွေ့လျှင် ...

"ကိုည"

ကြားဖြတ်ကာ ခေါ်လိုက်မိပြီး ...





"ပျိုမလိုက်တော့ဘူးလေ၊ အရင် စီစဉ်ထားသလိုပဲ သွားလိုက်ပါတော့"

ပျို အဲသလို ဝင်ပြောလိုက်တဲ့အတွက် လုံးဝမကြိုက်တဲ့ အမူအရာမျိုး ညီညဦး မျက်နှာမှာ ပေါ်လာပါသည်။ မမူယာကတော့ ပျို့ဘက် လည်ပင်းလိမ်ကာ ခပ်အေးအေးပဲ လှမ်းကြည့်နေသည်။

"ဟုတ်တယ်လေ၊ မမူယာ နဂိုစီစဉ်သလိုသာ သွားလိုက်ပါတော့၊ မမူယာကလည်း သုံးယောက်ပဲ သွားချင်လို့ စီစဉ်တာမျိုး ဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် မမူယာ စိတ်ထဲမှာ ပျိုနဲ့က သိပ်မရင်းနှီး မကျွမ်းဝင်သေးတော့လေ၊ အပျော်လျှောက်လည်တာမျိုးမှာ ရင်းနှီးတဲ့သူနဲ့ပဲ သွားချင်တာမျိုး ရှိမှာပေါ့"

ပျိုက ဒီလိုဝင်ပြောလိုက်မှတော့ ညီညဦး ငူငူဝါးဝါး ... ပြန်ကန့်ကွက် ဆန့်ကျင်နေဖို့ ဘယ်ကောင်းတော့မလဲ။ ညီညဦးမှာ ပြေရာပြေကြောင်း ဝင်ပြောတဲ့ ပျို့ရဲ့ အရှုံးပေးစကား ... သဘောမကျ အောင့်သက်သက်နှင့်ပဲ ဘာမှမပြောနိုင် ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးက ဤသို့ပြောပေမဲ့ မမှုယာထံမှ အလားတူ မျိုးနဲ့ပဲ သွားလိုက်ပါ ဆိုတာမျိုး ထွက်မလာပါ။ မျိုး့စကားကို လက်ခံပုံနှင့်သာ ခပ်အေးအေး ငြိမ်နေသည်။ မျိုးသည် ဘယ်လိုပင် ပြေပြစ်အောင် ပြောလိုက်ရပေမဲ့ ကိုယ့်ကို မလိုက်စေချင်ဘူးဟု ပေါ်တင်ကြီးပြောတာ ခံရတဲ့အတွက်ကော့ဖြင့် စိတ်မကောင်း ဖြစ်မိတာ အမှန်ပင်။

သူ့ကို မမှုယာ မလိုလားဘူး ဆိုတာကိုလည်း ငြိမ်သက်အေးစက်တဲ့ မမှုယာ မျက်ဝန်းကို မိန်းမချင်း အကဲခတ်၍ ရိပ်မိပါသည်။

သူ မလိုလားအောင် ကိုယ့်ဘက်က ဘာများ အမှားအယွင်း ရှိမိပါလိမ့်။ ကိုယ်က မလုပ်မိဘူး ထင်သော်လည်း သူ့ဟာနှင့်သူ ကျိတ်ခံစားကာ မကျေနပ်သွားခဲ့တဲ့ စကားမျိုးများ မတော်တဆ ပြောခဲ့မိသလား စဉ်းစားမိသည်။

ပြောမိရအောင်ကလည်း သူနှင့် မျိုး စကားသုံးလေးခွန်းပဲ ပြောဖူးပါသေးသည်။ ဒါဟာဟိုးတစ်ခေါက် အိမ်လာတုန်းက မျိုးက စတင်ပြီး ရာကြဲပြောဆိုလို့ ပြောဖြစ်တာမျိုးပင်။ သူ့ဘက်ကတော့ မျိုး မေးတာကို ပြန်ဖြေတာကလွဲပြီး ဘာမှမပြောပါ။





မျိုး့ကို သူ မနှစ်သက်ဘူး။ ဘာကြောင့်လဲ။ မျိုးသည် ထိုပင် တံခါးဝပေါင်ကို မှီရပ်နေရာမှ အထဲကို လှမ်းဝင်လာခဲ့သည်။ ခုပဲ တန်းပြန်သွားရင် စိတ်ခုသွားတယ်လို့ ထင်ကြမှာစိုး၍ မျိုးက ဒေါ်ဆင့်ဆင့်သွယ်နှင့်တော့ စကားစမြည် ဆက်ပြောလိုက်ချင်သည်လို့ ရည်ရွယ်ဝင်ထိုင်လိုက်ပါသည်။

ညီညဦးသည် သူ စီစဉ်လိုက်တာကို အေးအေးကသား ပုတ်ချကန့်ကွက်ကာ မျိုး့ကိုပါ အားမနာတမ်း ဖယ်ရှားခဲ့ကာ ချန်ရစ်ဖို့ ရဲရဲတင်းတင်း ရှိလှလွန်းတဲ့ မမှုယာကို တော်ချဉ်ကာ ဒီပွဲကို ကိုယ်က ဖျက်ပစ်လိုက်ဖို့ ကျပြန်တော့လည်း မသင့်တော်၍ အတော်စိတ်တိုနေကာ နေရာမှ ခါးထောက်လျက်သားက မလှုပ်မိသေး။

"ညီည ... သွားဖြစ်သေးလား"

မျိုးသည် သူ့ချစ်သူ အတော်စိတ်တိုနေတာကို ရိပ်မိ၍ ပြေရာပြေကြောင်းနှင့်ပင် ...

"သွားလိုက်တော့လေ ကိုည၊ နေမြင့်လာရင် ပူနေမယ်"

ဒေါ်ဆင့်ဆင့်သွယ်ကလည်း အခြေအနေကို မြန်မြန်ချင်ဇောနှင့် ...

"ဟုတ်တယ်၊ ကဲ ... ကဲ ... သွားကြ ... သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



မှုယာက ထိုင်ရာမှ ထလိုက်ကာ ဒေါ်ဆင့်ဆင့်သွယ်ကိုလည်း နှုတ်မဆက်။ ပျို့ကိုလည်း နှုတ်မဆက်။ သူ့သမီးလည်း တွဲမခေါ်၊ စားဖွယ်ရာတွေပါတဲ့ ခြင်းကိုလည်း မသယ်၊ ရှေ့ဆုံးမှ ကော့ကော့ကော့ကော့ ဆင်းသွားပါသည်။

ညီညဦးသည် အိန်ဂျယ့်လ်လက်ကို ဆွဲကာ လေးခပ်ဆတ်ဆတ်နှင့် ...

"ကဲ ... ဒေါ်မှုန်၊ ခြင်း ကားပေါ်တင်လိုက်"

မဒီမဆိုင်တဲ့သူ့အပေါ်ပင် မာကျောလိုက်မိပါသည်။ ခြင်းတောင်ယူသွားဖော်မရ။ ညီညဦးကပဲ ခြင်းကြီးဆွဲကာ တကုန်းကုပ် သူ့နောက်က လိုက်ရမလို။ အတော်ဒေါ်ကန်ခံပြင်းနေတာ ညှဉ့်ခန်းက သူ့အမေနှင့် ပျို့ကို လှည့်မကြည့်ဘဲ ခြိုင့်၍ ...

"ကဲ ... သွားပြီ"

ညီညဦးရဲ့ ကားတံခါးပိတ်သံဟာလည်း ပုံမှန်ထက် ကျယ်လောင်နေပါသည်။ ကားထွက်သွားသံကြားမှ ဒေါ်ဆင့်ဆင့်သွယ်က သက်ပြင်းတစ်ချက် ချရင်း ...

"မှုယာက တစ်မျိုးပဲကွယ်။ မဟုတ်သေးဘူး၊ အရင်ကတည်းကတော့ သူက အချိုးမပြေလှပါဘူး၊ ဒါပေမဲ့ အခု





တော့ ပိုပြီးအချိုးမပြေ ဖြစ်လာသလိုပဲ၊ အခု ဒီကိုပြန်လာမှ ဘာဖြစ်နေမှန်းကို မသိဘူး"

"သူ စိတ်ထိခိုက် စိတ်မာတ်ကျတဲ့ဒဏ်နဲ့ လူတွေကိုပါ စိတ်မရှည် အမြင်မကြည် ဖြစ်နေတာနဲ့ တူပါတယ် အန်တီ"

"သူ စိတ်မကြည်တိုင်း ဘေးပတ်ဝန်းကျင်ကို မပြေမလည် လုပ်စရာလားကွယ်၊ စိတ်ထိခိုက်ကြတာတော့ သူတင်ဘယ်ကမလဲ၊ အန်တီလည်း ဘယ်လောက် စိတ်ထိခိုက်ထားလဲ၊ ဒါတွေက ကုသိုလ်ကံအကြောင်း ဖန်လာတာပဲလေ၊ ဘယ်သူ့အပြစ်မှမှ မဟုတ်တာ ...

သူက သူ မုဆိုးမဖြစ်ရတာ အားလုံးမှာပဲ တာဝန်ရှိသလိုလို သူ့မျက်နှာပဲကြည့်ပြီး ဖေးမအလိုက်သိ ကြည့်ကျက်နေကြရတော့မလို လုပ်နေတာ၊ လင်သေတာ မကြာသေးတဲ့ မုဆိုးမလေးပါလေ၊ ငါ့ချွေးမလေးပါလေ၊ ငါ့မြေးရဲ့ မအေပါလေဆိုပြီး ဘာတစ်ခွန်းမှ အပြစ်တင်စကား ပြောမထွက်တော့ သူက သာမန်အချိုးမပြေရာကနေ မျက်နှာတောင်မထောက် ဖြစ်လာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သမီးဟာ ကိုညရဲ့ဇနီးလောင်းပဲလေ၊ ဒါလည်း သူ သိသွားပဲ၊ နေရာပေးရမယ်၊ ဒါ သူနားလည်ရမှာပေါ့ သမီးပါလာမှာကို သူ မကြိုက်ဘူးပဲ ထားဦး၊ ဘာမှမပြော မျိုသိပ်ပြီးပဲ နေလိုက်ရမှာလေ၊ မချစ်ရင်တောင် အောင့်အေ နမ်းရမယ်၊ ဒီလောက် အားမနာစတမ်း ပြောထွက်တာ အံ့ဩလို့တောင် မဆုံးဘူး၊ ပျို့ကိုလည်း အားတွေနာ လိုက်တာ”

“ပျို့ကိုတော့ အားနာစရာ မရှိပါဘူး အန်တီ၊ သူ့ဘာ အဖြစ်ကို သူ မကျေမချမ်း နာကြည်းနေတယ်လို့ပဲ ရို ယူဆပါတယ်”

“သူများက လုပ်တာမှ မဟုတ်တာပဲ၊ ကံအကြောင်းတရား ကြောင့် ဖြစ်ရတာပဲ”

“သူ ပျို့ကိုများ မကျေနပ်တာ ရှိမလားလို့”

“ပျို့က ဘာလုပ်လို့လဲ”

“ပျို့ကတော့ ဘာမှမလုပ်ဘူးပေါ့ အန်တီ၊ ဒါပေမဲ့ သူ့ဟာ နဲ့သူ တစ်စုံတစ်ခုကို စိတ်ကွက်သွား ခုသွားတာများ ရှိမ လားလို့”





“မရှိနိုင်ပါဘူး၊ သမီးနဲ့ရော ဘယ်လောက်များ ရင်းရင်း နှီးနှီး တွေ့ရသေးလို့လဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ စိတ် များ ကယောက်ကယက် ဖြစ်သွားသလားတောင် တွေးနေ မိတယ်၊ ပုံစံကြီးက ဘယ်လိုကြီးမှန်း မသိတော့လေ”

“အရင်က ဒီလောက် မဟုတ်ဘူးပေါ့နော်”

“မဟုတ်ပါဘူး၊ ခုဟာက တစ်နေ့ တစ်နေ့ ကလေးတာဝန် လည်း သူမယူ၊ အင်း ... သားကတော့ စိတ်အတော်တို သွားမှာ၊ ဒီလမ်းခရီးကလည်း ဘယ့်နှယ်လုပ် ပျော်စရာ သွားကောင်းနိုင်တော့မလဲ၊ သူ ဘာကြောင့် ဒီလိုလုပ်ရပါ လိမ့်ကွယ်၊ အသိဉာဏ် အဆင်ခြင်ဉာဏ် နည်းလိုက်တာ”

“ကဲပါ အန်တီရယ်၊ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့၊ ပျို့လည်း မမူယာကို အံ့ဩမိတာကလွဲရင် စိတ်မကွက် ဖွေမယူပါဘူး၊ မေ့လိုက်ပါတော့၊ ပြီးပါစေတော့”

“အင်းပေါ့လေ၊ သမီး ဒီနေ့ဆိုင်ပိတ်လိုက်တာလား”

“မပိတ်ပါဘူး အန်တီ၊ ပျို့ အပြင်ထွက်မယ်ဆိုပေမဲ့ ဆိုင် ကို ဖွင့်ရက်ထားခဲ့လို့ ရပါတယ်၊ စိတ်ချရတဲ့သူတွေ ရှိပါ တယ်၊ ခုလည်း ဆိုင်ဖွင့်ပါတယ်၊ ပျို့လည်း ပြန်လိုက်တော့ မယ် အန်တီ”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး"

ပျိုသည် အပြန်လမ်းတစ်လျှောက်လုံး ကားမောင်း ရင်း စိတ်တွေထွေလွင့်နေသည်။ မမူယာရဲ့ အေးစက်တဲ့ မျက်ဝန်း ကြည့်ကို ပြန်မြင်ယောင်ကာ ကျောပင်စိမ့်လာသလို ခံစားရ သည်။ အောင့်အည်းပြီးတောင် သည်းမခံနိုင်လောက်အောင် မျိုး ကို ပြင်းပြင်းထန်ထန် မလိုက်ပါစေချင်တာ။

"တို့ရယ် ညီညရယ် သမီးရယ် သုံးယောက်ပဲ ... "

"တို့သုံးယောက်ပဲ သွားချင်တယ်၊ တို့သုံးယောက်ပဲ လျှော လည်ချင်တယ်"

မမူယာရဲ့ အေးစက်ပြတ်သားတဲ့ စကားသံတွေ ပျို့နားထဲ ပဲ့တင်ရိုက်ခတ်ကာ ဆူညံနေသည်။

◆ ○ ◆





## ၆

ပျိုသည် ဆိုင်ရဲ့မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာ သော မမူယာကို အံ့အားတသင့် လှမ်းကြည့်နေမိပါသည်။ ပျို ထိုင်နေတဲ့ ကောင်တာက လေကားအိမ်ဖောက်ထားတဲ့ ထောင့် ချိုး အထဲကိုဟိုက်ကာ ချောင်ကလေးလို ဖြစ်နေ၍ ပျို့ကို ရှာ ရုတ်တရက် တွေ့ပုံမရပါ။

"အစ်မ ... ထိုင်ပါ၊ ဘာလုပ်ချင်ပါလဲ မမ"

ဆိုင်က ကောင်မလေးတစ်ယောက်က ပျူပျူငှာငှာ ကြိုလှမ်းမေးလျှင် ...

"ပျိုကလျာ ရှိလား"

"ဟုတ်ကဲ့၊ မမပျို ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်ရှေ့ရောက်မှ အောက်ဆုံးထပ်အခန်းက အပြ
ပေါ် ရောင်စုံစာလုံးများနှင့် Melody of Beauty ဆိုတဲ့ ဆိုင်
ဘုတ်ကြီးကို တွေ့မြင်လိုက်ရတာပါ။ ဒီနာမည်ဟာ ပျိုကလျာ
ဆိုင်နာမည်လို့ ဒေါ်ဆင့်ဆင့်သွယ် ထံမှ မှုယာ သိဖူးကာ မှတ်
နေခဲ့သည်။

"အခု ရှိလား"

"ဟုတ်ကဲ့"

ပျို့က ကောင်တာနောက်မှ ဆံလည်ဆိုဖာခုံအပြ
...ထက်မှ ဆင်းကာ ရှေ့ကို ထွက်လာခဲ့ပါသည်။ သူက ပျို့
ဘယ်လောက်ပဲ မနှစ်သက်သက် ဘယ်လောက်ပဲ ပြောထွက်
ဖို့ဘက်ကတော့ သူ့ကို ပြဿနာလုပ်ဖို့ စိတ်ကူးမျိုး မရှိခဲ့ဖူးသည်
ဖြစ်ရာ ...

"မမှုယာပါလား"

အပြုံးချိုချိုနှင့် ဟန်မပျက် နှုတ်ဆက်လိုက်ပါသည်
မှုယာက ပျို့ကို မပြုံးတပြုံး စိုက်ကြည့်နေရင်း ...

"ပျိုကလျာ ရှိနေတာ အတော်ပဲ"

"ဟုတ်ကဲ့၊ ကိစ္စရှိလို့လား မမှုယာ"





"အလှအပပြုပြင်ဆိုင်ထဲ ဝင်လာတော့ အလှအပကိစ္စပဲ
ပေါ့"

"မမှုယာ ဘာလုပ်ချင်လဲဟင်"

"တို့ဆံပင် အရောင်မလှတော့ဘူး၊ ထပ်ဆိုးချင်တယ်၊
မဟော်ဂနီနဲ့ ခရမ်းရောင်နဲ့ စပ်ပြီးဆိုးချင်တယ်"

"ဟုတ်ကဲ့၊ ရပါတယ်၊ မမှုယာ ဘာဆေးသုံးမလဲ"

"ရှိတဲ့ဆေးထဲက ကောင်းတာသုံးပေးပေါ့၊ လော်ရဲလ်တော့
သုံးဖူးတယ်"

"ဟုတ်ကဲ့"

"ပျိုကလျာ ကိုယ်တိုင် လုပ်ပေးမှာလား"

"ဟုတ်ကဲ့၊ ပျို့ ဆိုးပေးပါ့မယ်၊ မမှုယာ ဟိုဘက်မှာ
ခေါင်းအရင် သွားလျှော်လိုက်ပါ"

မှုယာက ဆိုဖ်ခန်းကို စွေ့ခဲကြည့်ရင်း ခေါင်းလျှော်
...တင်တွေဆီ ရောက်သွားပါသည်။ ခေါင်းလျှော်တဲ့အထိတော့
...ကိုယ်တိုင် လုပ်ပေးဖို့ မလိုလောက်။ ပျို့က ဆေးထည့်ဖို့ခွက်
...င် ကာလာနှစ်ရောင်ကို ရောစပ်နေရင်း မမှုယာ ခေါင်းလျှော်တဲ့
...င်အနားရပ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း လာတာလား -မမှုယာ"

"ဟုတ်တယ်"

"ကားမောင်းလာတာပေါ့"

"အင်း"

"ပျို့ဆိုင်ကို သိလို့လား"

"ပျိုကလျာဆိုင်ကို လာတာတော့ မဟုတ်ဘူး၊ ဒီရှေ့ရောက်တဲ့အချိန်မှာ ဆိုင်းဘုတ်တွေ့လို့ အန်တီဆင့် ပြောဖူးတာနဲ့ ပျိုကလျာဆိုင်မှန်း သိတာ"

"ဪ ... ဒါဖြင့် တမင်ဆံပင်ဆိုးဖို့လာတာ မဟုတ်ဘူးပေါ့"

"ဟင့်အင်း"

"တစ်ခါတည်း မျက်နှာဆေးတာ၊ ပေါင်းတင်တာ လုပ်ဦးမလား မမှုယာ"

"ဟင့်အင်း၊ မျက်ခုံးမွေးဆွဲခဲတာတို့ နှုတ်ခမ်းနီတို့ မပါဘူး၊ မျက်နှာသစ်လိုက်ရင် တို့က မျက်ခုံးကို သေးသေးရိတ်ထားတော့ မျက်နှာက ပြောင်ပြောင်ကြီး ထွက်လာပြီး ဘယ်လိုနေမှန်းကို မသိဘူး"





"ဆိုင်မှာ ရှိပါတယ် မမှုယာရဲ့၊ မျက်ခုံးပြန်ဆွဲ နှုတ်ခမ်းနီ ပြန်ဆိုးလို့ ရပါတယ်"

"နေပစေတော့"

မမှုယာ ခေါင်းလျှော်ပြီးတဲ့အခါ ပျို ကိုယ်တိုင်ဆံပင်ဆေးဆိုးပေးပါသည်။ မှန်ထဲက မမှုယာရဲ့ မျက်လုံးများသည် ပျို့ကို စူးစူးစိုက်စိုက်ပင် အကဲခတ်ကာ နေသည်။ ပါးလျလျနှုတ်ခမ်းတွေကို တင်းတင်းစေ့ကာ မမိုတ်မသုန်ကြီး စိုက်ကြည့်နေတာကို အလိုလို သိနေသော ပျိုသည် မျက်လုံးချင်း ပြန်ဆိုင်မှာကို ရှိန်ကာ မှန်ထဲလှမ်းမကြည့်မိအောင် နေနေရပါသည်။

သူ့မှာ အရှိန်အဝါတစ်ခု ရှိသည်လို့ ဝန်ခံရမည်။ လွှမ်းမိုးနိုင်မည့် ပါဝါတစ်မျိုး ဟိုးအတွင်းထဲမှာ ကိန်းအောင်းနေတယ်လို့ ထင်ရသည်။ သူ နေချင်သလိုနေ လုပ်ချင်သလိုလုပ် ပြောချင်သလိုပြောတဲ့အတိုင်း တန်းတူတုံ့ပြန်ဝံ့ဖို့ မလွယ်။

"အပေါ်ထပ်မှာ နေတယ် ဟုတ်လား"

"ဟုတ်ကဲ့ မမှုယာ"

ကိုညတို့ သားအမိထံမှ သိထားသည် ထင်သည်။

"ဒီမှာ မကြာသေးဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပို့ဆိုင်က အစက မြေနီကုန်းမှာ၊ ဒီကိုပြောင်းလာတာ မမူယာတို့ ပြန်မလာခင်လေးကမှပါ"

"ငှား၊ ဘယ်လောက်ပေးရလဲ"

"…… သိန်းပါ"

"မနည်းဘူးပဲ၊ ပိုကလျာရဲ့ ဝင်ငွေက ဒီအခန်းငှားခကြေတဲ့အပြင် မြတ်စွန်းသေးတယ်ပေါ"

"ဟုတ်ကဲ့ … ကာမိပါတယ်"

"ဘယ်ဆိုးလို့လဲ"

မမူယာရဲ့ ဟန်ပန်က ပို့ရဲ့လုပ်ငန်းကို ဒီလောက်ကြီးအထိ ဝင်ငွေရှိမယ် ထင်မထားပုံပင်။ အံ့အားသင့်ပုံလည်းရသည်။ သူ ဘယ်လိုပဲထင်ထင် ပိုကျ ဘယ်လိုမှ မနေပါ။ ပို့ရဲ့ နဂိုနေဟန်ပန် ခပ်ပြုံးပြုံးကလေးနှင့်ပင် မှန်ထဲမှ မမူယာရဲ့ မျက်ဝန်းတွေကို ရှောင်ရှားလွှဲဖယ်ကာ လုပ်စရာရှိတာကို ဂရုတစိုက်လုပ်နေပါသည်။

မူယာသည် အတန်ကြာ တိတ်ဆိတ်ကာ လှုပ်ရှားပုံကလေးတွေကအစ သွယ်နွဲ့နှောင်းအချိုးကျ လှပလှတဲ့ ပိုကလျာကို မှန်မှ ငေးစိုက်ကြည့်ရင်း ခေါင်းထဲမှာ အတွေးတွေများစွာ





ပြေးလွှားနေသည်။ ဟိုတစ်နေ့က လိုက်ပါဖို့ အိမ်အထိရောက်လာပြီးမှ မူယာ့ရဲ့ ကန့်လန့်တိုက်မှုကြောင့် ချန်ရစ်နေခဲ့ရတာအတွက် အဖုအထစ် အခုအခံဖြစ်တဲ့ မျက်နှာရိပ် မျက်နှာကဲလည်း မတွေ့ရ။

မူယာက မခံချိမခံသာ ဖြစ်စေလိုတာ၊ တစ်ခုခု ခံစားထိခိုက်စေချင်တာ။ ပိုကလျာနှင့် မူယာဟာ တစ်နေ့နေ့မှာ ပြဿနာတစ်ရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းကြရမည့် သူတွေလို့ မူယာက သဘောထားပါသည်။ ခေါင်းထဲမှာ ဟိုးရှေ့အချိန်တွေအများကြီးကို မူယာ ကြိုမျှော်တွက်ချက်ထားခဲ့ပြီးပြီ။

မူယာသည် သူ့ဘဝကိုသူ ဒီလိုအချိန်ကောင်း အရွယ်ကောင်းမျိုးမှာ မုဆိုးမတစ်ယောက်ဘဝ ရောက်ရလိမ့်မည်လို့ ဘယ်တုန်းကမှ အိပ်မက်ပင် မမက်မိဖူးပေ။ ခုတော့ ဖြတ်ရိုက်ချတာကို ခံလိုက်ရသလို သူ့ဘဝဟာ ဖောက်ထိုးမိုးမျှော် ပြုတ်ကျလိုက်ရသလိုပင်။

ကိုနေ့ နောက်ကို လိုက်ပါမသွားခင် မေမေနှင့် အတိုက်အခံ ပြောဆိုကာ ခွဲခြမ်းစိတ်ယူလာခဲ့သော အမွေအနှစ်ငွေကြေးသည် ဟိုမှာ အိမ်ခန်းသင့်သင့် တစ်ခန်းစာ ဝယ်မရောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ မူယာ့ ရည်ရွယ်ချက်က စင်ကာပူမှာ အမွေရတဲ့ငွေနှင့် သားသားနားနား အိမ်ခန်းကျယ်တစ်ခန်း ဝယ်မည်။ ငှားစားမည်။ အဲဒီက မူယာ့ ကိုယ်ပိုင်ဝင်ငွေရမည်။ ကိုနေ့လခမျှလောက်နှင့် စစ်စစ်စီစီ သုံးစွဲဖို့ မလိုတော့။ ဒါကို သူ့စီးပွားရေးအဖြစ် ရည်ရွယ်ထားခဲ့သည်။

အချို့တလေသော တိုက်ခန်းကျဉ်းကလေးတွေမျိုးတော့ ဝယ်ယူနိုင်ပါသည်။ ဒါပေမဲ့ ဒီအခန်းကျဉ်းမျိုးကို ငှားရမ်းနေမည့်သူမျိုးဟာလည်း အနိမ့်စားလူတန်းစား ဖြစ်မည်။ အရာရာကို ကြီးကြီးကျယ်ကျယ် မြင့်မြင့်မားမား မျှော်မှန်းတတ်တဲ့ မူယာ့ မျှော်မှန်းချက်က အဲဒီလောက်မဟုတ်။

ကိုယ်နိုင်ငံ မဟုတ်သော်လည်း အထက်တန်းလွှာ လူတန်းစားထဲမှာမှ ကျင်လည်ဝင်ဆန့်လိုသော မူယာ ဖြစ်ပါသည်။ ကိုနေ့ လခဟာ ကောင်းပါသည်။ သို့သော် ကောင်းကောင်းသုံးချင်တဲ့ မူယာ့ အတွက် မခြိုးခြံချင်တဲ့ မူယာ့ အတွက်တော့ လောက်ငရုံပဲဖြစ်သည်။

အမွေအနှစ်ကို ဖလှယ်ထားတဲ့ ငွေပမာဏတစ်ခုကို မူယာက ကားကောင်းတစ်စီး ဝယ်ထားသည်။ ယောကျ်ားကို





ဆေးရုံကြိုပို့လုပ်သည်။ ပိုငွေကို ဘဏ်မှာ ဒီအတိုင်း ထားထားသည်။ ထိုငွေသည် တိုးလာတယ် မရှိဘဲ မူယာ့ အသုံးအဖြုန်းကြောင့် သမီးတစ်သက်အတွင်း တတိတိပွန်းခဲ့သည်။

အဝတ်အစားကအစ ရယ်ဒီမိတ်တွေ မဝတ်လိုပဲ Designer Clothes လို့ခေါ်တဲ့ အော်ဒါချုပ်မျိုးမှ မူယာက ဝတ်ဆင်သည်။ ဖိနပ်ကိုတောင် ရိုးရိုးဖိနပ်ဆိုင်မှ မဝယ်ပဲ ဒီဇိုင်နာဆိုင်မှ ဝယ်ပါသည်။

အဲဒါအပြင် သမီးကို ကျောင်းဝင်ခ၊ ကျောင်းလခ၊ ကျောင်းစရိတ်များတဲ့ နိုင်ငံခြားသားတွေအတွက် ကျောင်းမျိုးမှာ အပ်လိုက်တဲ့အတွက် မူယာ ငွေများပွန်းတီးခဲ့ပါသည်။

ဘဝအခြေအနေဟာ ဒီတိုင်း ဒီတိုင်း ဆိုရင်ဖြင့် ညာတော်တဲ့ ခင်ပွန်းသည့် နောင်နေဦးဟာ ဒီထက်ဒီ နေရာကောင်းသော ဆရာဝန်ကြီးတစ်ယောက်ဖြစ်လာပြီး ဝင်ငွေလည်း ဒီ့ထက်အများကြီး တိုးလာဖို့ ရှိပေမဲ့ ခုတော့ ခင်ပွန်းသည်က မမျှော်လင့်ပဲကွယ်လွန်ခဲ့ရပြီ။ မူယာတို့နေတဲ့ အပါ့ထ်မန့်ထ်ရဲ့ ပိုင်ရှင်သူဌေးဒေါ်ငွေအရိုက်ခံရသော်လည်း မူယာတို့ ရရှိတဲ့ လျော်ကြေးငွေက နည်းပါးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသားမဟုတ်တာ တစ်ကြောင်း၊ ပြီးတော့ အချိန်ရှည်ဆွဲကာ အမှုရင်ဆိုင်နေဖို့ ကိုယ့်ဘက်က အခြေအနေမပေးတာ တစ်ကြောင်းကြောင့် အချိန်တိုအတွင်း ညှိလို့ရတဲ့ နစ်နာကြေးနဲ့ပဲ ကျေနပ်ခဲ့ရပါသည်။ ခုလောလောဆယ် မူယာ ပိုင်ဆိုင်မှုကို တွက်ချက်လျှင် မြန်မာပြည်မှာ ဟန်ဟန်ပန်ပန် နေထိုင်နိုင်တဲ့ အဆင့်တစ်ခု၌ ရှိသော်လည်း ဒါဟာ ဘယ်လောက်ကြာကြာခံမှာလဲ။

လောလောဆယ်ပင် မူယာ့မှာ အိမ်ပိုင်မရှိ။ မိဘအမွေလည်း မူယာ ခွဲဝေယူပြီးပြီ ဖြစ်နေသည်။ ဒီအဖြစ်အပျက် အနေအထားဟာ မူယာ ကျေနပ်နိုင်တဲ့ အခြေအနေမျိုး မဟုတ်။ သူ ဒီလောက်နှင့် ရပ်တန့်နေနိုင်သူ မဟုတ်။ နီးစပ်ရာပတ်ဝန်းကျင်နှင့် ယှဉ်လျှင် ကိုယ်ဟာ နာတစ်ဖျားသာနေမှ မူယာ ကျေနပ်တာ။ ခုကိုပဲ ဒီ ပျိုကလျာ ဆိုတဲ့ မိန်းကလေးနှင့် ယှဉ်ကြည့်လိုက်ပါဦး။ အဘက်ဘက်က ယှဉ်လိုက်ပါဦး။

ပျိုကလျာဟာ နိုင်ငံခြားမှာ ကြီးပွားနေတဲ့ ဖခင်ထံမှ ခြံတစ်ခြံ တိုက်တစ်လုံး အမွေရထားတဲ့သူဟု သူသိထားပြီးပြီ။ သူ့ခြံတိုက် တည်နေရာအရ သိန်းလေးငါးထောင် အနည်းဆုံးပိုင်ဆိုင်သူ ဖြစ်နေပြီ။ ဒါကို ငှားရမ်းထားလိုက်တော့ ဝင်ငွေတစ်မျိုး ရနေတဲ့အပြင် သူ တတ်ကျွမ်းတဲ့ အသက်မွေးဝမ်းကြောင်း သုဝင်နဲ့အရ သူ့ရဲ့လစဉ်ဝင်ငွေဟာ အံ့မခန်း မြင့်မားလှသည်။

ချောချောလှလှ အဆင့်မြင့်မြင့် လူကုံထံအသိုင်းအဝိုင်းမှာ ဝင်ဆန့်ဆန့်။ နိုင်ငံရပ်ခြားက ရရှိခဲ့တဲ့ အလှအပဆိုင်ရာ ဘွဲ့တွေ ဒီပလိုမာတွေနှင့် သူ့ပညာ သူ့ဂုဏ်ဒြပ်ဟာ သူများရဲ့ အထက်စီးမှာ ရှိနေသည်။ ဒါ့အပြင် မြန်မာပြည်မှာတော့ အခွင့်ကြီးတစ်ခုလို့ ဆိုနိုင်တဲ့ လုပ်ငန်းကြီးကြီးတစ်ခုရဲ့ ပိုင်ရှင်သူဌေးကလေးနှင့်လည်း လက်ထပ်ဖို့ ရေ့အလားအလာနှင့်။

ပျိုကလျာကို နှိမ့်ပါးကျဆင်းစေလိုတဲ့ စိတ်ပုပ်မျိုး ထိမဟုတ်သော်လည်း သူ့လိုတန်းဘူယှဉ်ကာ မြင့်မားနိုင်ချင်တဲ့ လိုဆန္ဒနှင့် မနာလိုခြင်းမျိုးကတော့ မူယာ့တွင် ဖြစ်နေမိပါသည်။ သူ့ကို စုတ်ပြတ်စေချင်တာတော့ မဟုတ်။ ကိုယ်က သူ့ထ...သာ ချင်တာ။

ဒီကိုရောက်သည်နှင့် ကိုယ်နှင့် နှိုင်းယှဉ်ကြည့်ဖို့ စက်ဝိုင်းထဲမှာ ပျိုကလျာသာ တန်းခနဲ ဝင်လာခဲ့ရတာကတော့ ဆယ်တွတန်းတူဖြစ်သည့် ညီညွှဦးရဲ့ အစ်မ ညီမဝမ်းကွဲတွေ ဘာ







www.burmeseclassic.com

www.burmeseclassic.com



တွေဟာ မူယာ့ မျက်စိထဲ အားကျလောက်စဖွယ် တန်းမဝင်လာခဲ့လို့ပါပဲ။ တချို့က ဝမ်းကွဲညီမပျိုတွေ။ ကျောင်းနေတဲ့သူ တုန်း။ ကျောင်းပြီးတဲ့သူသည်လည်း တစ်ယောက်မှ လုပ်ငန်းပိုင်ရှင်အဆင့်ထိ မမြင့်။

ဝမ်းကွဲအစ်မ အိမ်ထောင်သည်တွေကျတော့ သူ ယောက်ျားအသီးသီးရဲ့ သာမန်အိမ်ထောင်ရှင်မတွေသာ ဖြစ် သည်။ ရုပ်ရည်အရလည်းကောင်း၊ ဝင်ဆန့်တွင်ကျယ်မှုအရလည်း ကောင်း၊ အောင်မြင်လူသိများမှုအရလည်းကောင်း ပျိုကလျာကဲ့သို့ မနာလို အားကျချင်စဖွယ်လောက်အထိ တစ်ယောက်မှမရှိ။

ဒီတော့ မူယာ့ အတွက် ပြိုင်ယှဉ်ကြည့်စရာ ပစ်မှတ် ဟာ ပျိုကလျာ ဖြစ်လာရတော့ပေါ့။ ကျောင်းသူဘဝတုန်းက အသိုင်းအဝန်းကြားမှာ တခြားဟာတွေ ကိုယ်က မသာတော့ လှပကြော့ရှင်းမှု အလှနှင့် ပတ်သက်၍ နာမည်ကျော်ကြားမှု တော့ သူငယ်ချင်း မိန်းကလေး အားလုံးထက် သာခဲ့သည်။

အခုတော့ အသက်လည်း ရလာခဲ့ပြီ။ အသက် ဆယ်စွယ်ကို မူယာ ရောက်ခဲ့ပြီ။ ပျိုကလျာက ညီညဦးထက် နှစ်ငယ်သည်လို့ သိရတော့ အခု နှစ်ဆယ့်ခြောက်ပေါ့။ နှစ်ဆယ့်





ခြောက်သာအိုသည်။ သူ့ပုံစံလေးက နှစ်ဆယ့်နှစ်,သုံးလောက် ခင်ရသည်။ ဣန္ဒြေလေးနှင့် ကျက်သရေလေးကြောင့်သာ မှန်းဆ က်မှာ။ မူယာ့ထက် လေးနှစ်သာ ငယ်သော်လည်း အများကြီး ကြော့ရှင်းနေသည်။

ကိုယ်ကတော့ ကလေးတစ်ယောက်လည်း မွေးဖွား ပြီလေ။ ဒါတောင်မှ ဝ,လာတတ်တဲ့အမျိုး မဟုတ်သေးလို့။ တော့ ကိုယ့်အရုပ်အမောင်းလေးက ပုသေးသေးမို့။ ဘယ်လိုပဲ ဖြစ် အလှအပအရာ၌လည်း ဖျတ်ခနဲ ကြည့်လျှင်ပင် ပျိုကလျာ မူယာက မယှဉ်နိုင် မသာနိုင်ပြန်ပါ။ ထိုသို့ အောင့်သက်သက် က်ခဲ့လိုက်ရလေ မခံချိမခံသာစိတ်နှင့် ပျိုကလျာကို ပိုပြီးမနာ ချင်လေ။

တကယ်တော့ ခုမှတွေ့ကြတာ ဘာမှမကြာသေးတဲ့ ရင်) လင်ညီအစ်မလောင်းလျာပေါ့။ ဒါကို မူယာက အပြိုင် ဆိုင်စိတ်နှင့် မနာလို မစ္ဆရိယဖြစ်နေတယ်ဆိုရင် စောလွန်းရာတော့ သည်။ ဒါပေမဲ့ ဘာမှမတတ်နိုင်။ ကိုယ့်စိတ်ထဲကကို ဖြစ်လာ ။ သူများကိုသာ ဖွင့်မပြောဘဲ ဖုံးကွယ်ထားလို့ရမည်။ ကိုယ့်ဟာ ယ် ဖြစ်နေတာကို ကိုယ့်ဟာကိုယ်တော့ ညာလို့မရဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ညီညနဲ့ ဘယ်လိုတွေ့ကြတာလဲ"

"ရှင် ... မမှုယာ"

မှုယာ လွှတ်ခနဲ မေးလိုက်မိကာ ပျိုကလျာလည်း ရုတ်တရက် နားရှင်းလိုက်ဟန် မတူ။ မှုယာက အရောဝင်သည် ပြုံးရင်း ...

"ဩော် ... ညီညနဲ့ ဘယ်လိုတွေ့ခဲ့ကြတာလဲလို့ စပ်စု ကြည့်တာလေ"

ပျိုသည် မျက်နှာကလေး အနည်းငယ် နီမြန်းသွား ရယောင် ရှိသည်။ မရင်းနှီးလှသေးတဲ့ သူတစ်ယောက်က မေးတာ မို့ အနည်းငယ်တော့ ဖြေဖို့ရှက်မိသည်။ သို့သော် မမှုယာ ဆိုသူ ဟာ မဖြေဘဲနေလို့ ရမဲ့သူတော့ မဟုတ်လို့ စိတ်ထဲက အလိုလို သိနေသည်။ သူ့လွှမ်းမိုးနိုင်မှုပါဝါက ရှိန်လန့်စရာပင်။ ဖြေရတဲ့ အထိ မေးမှာပဲ ဆိုတာကို ပျို သိနေသလိုပါပင်။

"ဘာဖြစ်လို့လဲ၊ မပြောနိုင်တဲ့ လျှို့ဝှက်ချက်မျိုး ရှိလို့လား"

ယော ... တစ်မျိုးတွက်ပြန်ပြီ။ သူပြောမှပဲ ကိုယ် တို့ဆုံတွေ့ခဲ့ကြမှုဟာပဲ မှုမမှန်သလိုလို မသမာသလိုလို ဖြစ်ရှေး မည်။





"မဟုတ်ပါဘူး၊ လျှို့ဝှက်စရာလည်း မရှိပါဘူး၊ ပွဲတစ်ခုမှာ ရိုးရိုးကလေးပဲ တွေ့ကြတာပါ"

"ဘာပွဲလဲ"

ဘုရားရေ ... ခက်နေပါပေါ့လား။

"မင်္ဂလာဆောင်တစ်ခုပါ"

"ဘယ်သူ့မင်္ဂလာဆောင်လဲ၊ ကဲပါ ... ရေရေရာရာလေး ပြောပြစမ်းပါ၊ ဘာဖြစ်တာလိုက်လို့၊ စိတ်ဝင်စားလို့ မေး တာပါ၊ စိတ်မဝင်စားရင် မမေးပါဘူး"

သူကပဲ စိတ်မရှည်သယောင်။ ကိုယ့်ကို စိတ်ဝင်စား ဘာကိုပဲ ကိုယ်က ဝမ်းသာအားရ ကျေးဇူးတင်ရဦးတော့မလို မြင်နေပြန်ပြီ။

"သတို့သားက ကိုညှ သူငယ်ချင်း၊ ပျိုက သတို့သမီး သူငယ်ချင်းပါ"

"ဘယ်လိုလဲ၊ အရန်တွေ လုပ်ကြတာလား"

"ဟင့်အင်း၊ မလုပ်ပါဘူး၊ ဒီလိုပဲ ရိုးရိုးဆုံကြတာပါ၊ ညဘက် ရင်းနှီးတဲ့ သူငယ်ချင်းတွေကိုပဲ ထပ်ကျွေးတဲ့ ဒင်နာပွဲမှာ ရင်းနှီးသွားကြတာပါ"

"မြင်မြင်ချင်း ချစ်သွားကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



ပျိုသည် မှန်ထဲကို အံ့အားတသင့် ကြည့်လိုက်သည်။ ဘာထွေ ဒီလောက် နှိုက်နှိုက်ချွတ်ချွတ် လာမေးနေပါလိမ့်။ ခင်မင်ရင်းနှီးလှတဲ့ မျက်နှာထားရဲ့ ဖော်ရွေနွေးထွေးမှုမျိုး သူ့မှာ ရှိရင်ဖြင့် ခင်လို့မေးတာဟု သတ်မှတ်ရဦးမည်။ ခုတော့ မှန်ထဲက သူ့မမျက်နှာဟာ ဒီလိုကြီးသေွသာ မေးနေသည်။ ခပ်တည်တည် ကြီး။ အမှုတစ်ခုဖြစ်နေလို့ ရဲက လာစစ်နေပုံနှင့်တောင် တူနေသည်။

ပျိုသည် စိတ်အနှောင့်အယှက် ဖြစ်လာသော်လည်း သည်းခံကာ ...

"အဲသလောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုညကတော့ ပျို့ကို မြင်မြင်ချင်း စိတ်ဝင်စားသွားတာလို့ ပြောဖူးတယ်"

"နောက်တော့ ဘယ်လိုထပ်တွေ့ကြလဲ"

ပျိုက စိတ်ကလေးတင်းကာ ...

"ဒီလိုပါပဲ မမှုယာရယ်၊ တခြားချစ်သူတွေ ဖြစ်ရိုးဖြစ်စဉ် အတိုင်းပဲပေါ့၊ ထူးခြား ဆန်းပြားတာတွေ မပါပါဘူး။ ယောကျ်ားလေး တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ချစ်သူတွေ ဖြစ်သွားနေကျ ရိုးရိုးစင်းစင်း နည်းလမ်းမျိုး တွေနဲ့ပဲပေါ့၊ ကိုယ့်အတွက်ကလွဲရင် ဆားလူသူစိမ်းအတွက် ဘာမှ စိတ်ဝင်စားစရာ မကောင်းပါဘူး"



ပျို့အသံလေးက မချိုသာလှတော့သော်လည်း ပျော့ ောင်းမှုတော့ ကျန်ပါသေးသည်။ ယောကျ်ာမလောင်းဖြစ်တဲ့ ခေါ်ဆင့် ဆင့်သွယ်ပင် ဒါတွေမျိုး တစ်ခါမှ မမေးဖူးပါ။ မသီဂီတို့ နီလာတို့ကတော့ ပျို့ကို စ,မြင်ဖူးကြစဉ်က ရယ်မောရင်းနီးနွေး သွားကြရင်း ဘယ်လိုဆုံစည်းကြသလဲ နောက်ပြောင်မေးမြန်းကြ ပါသည်။ ဒါတောင် ညီညဦးကို ဦးတည်၍ မေးတာပင်။

မေးခဲ့တဲ့ မေးခွန်းတွေက မတိမ်းယိမ်းပေမဲ့ မေးသူ ရုပ်အခံ စိတ်အခံချင်းက မတူတဲ့အခါ အရင်လို ရှက်ရယ် ယ်မနေနိုင်ဘဲ ပျို့စိတ်ထဲ တစ်မျိုးကြီး နေရကျဉ်းကျပ်ကာ စ်မြို့သလို ဖြစ်ရသည်။

"တက္ကသိုလ်တုန်းက ညီညမှာ ရည်းစားရှိခဲ့တာ သိလား"

"ရှင်"

ပျိုသည် ဆေးဆိုးလို့ ပြီးပြီမို့ မမှုယာ ဆံပင်များ ြားမှ နှုတ်သိမ်းလိုက်သော ဆေးဆိုးတဲ့ ဘရပ်ရှ်ဘီးကလေး တ်ကျသွားတဲ့အထိ အံ့ဩတုန်လှုပ်သွားပါသည်။ ဒီတစ်ကြိမ် ာ့ မှန်ထဲက မမှုယာသည် ပြုံးစနဲ့နဲ့။ ပျို့စိတ်ထဲ အတော် သိကအောက် ဖြစ်မိကာ ဘာမှ စကားမပြန်နိုင်ပါ။

www.burmeseclassic.com



သူ့ထက် ဆယ်ဆရင်းနှီးနှင့်တဲ့ မသီဂီ့တို့ မနီလာ
တို့ တစ်ခါမှ ဒါမျိုးမပြောစဖူး။ ပြောစရာ စကားလည်း မဟုတ်
ပါ။ ကိုညမှာ တက္ကသိုလ်တုန်းက ရည်းစားရှိခဲ့တာကို ပျိုသိ
သည်။ ပျို့ကို ချစ်ရေးဆိုပြီးမှ ပျိုက အရင်က ရည်းစားထား
သလား ဘာလား မေးရင်း ကိုညကလည်း ရယ်မောကာ
ယောက်ထားခဲ့ဖူးကြောင်း၊ သူ့သူငယ်ချင်း ကျော်နေမျိုး ဆိုသူ
မျက်နှာကြော မတည့်ကြလို့ ရန်ဖြစ်ရင်းက သူ့မှာလည်း ရည်းစား
နှင့် သူငယ်ချင်းကြား စိတ်ရှုပ်ရကာ သူငယ်ချင်းကို မဖြတ်နိုင်
ရည်းစားက သူ့ကိုဖြတ်သွားကြောင်း ရယ်ကာမောကာ ပြောပြ
ပါသည်။

ပျိုကတော့င် အဲဒီတုန်းက ဘယ်လိုမှ မနာလိုသ
တို့ မခံစားရပဲ ရောနှောရယ်မောခဲ့ရဖူးပါသေးသည်။ ခုတော့
မေးပုံကြီးကျမှပဲ စိတ်ကသိကအောက် ဖြစ်ရတော့တာ။ သိ
တာ မှန်သော်လည်း "သိပါတယ်"လို့ ဖြေရမှာကိုပင် စိတ်
အောက်တောက်တောက်ကြီး ခံစားရတော့မည့် မျက်နှာထား
နှင့် သူကမေးတာ။

"ဆောရီး"





ဘာရုပ်ရှိဘီးကို ကုန်းကောက်ပြီး ပြန်အမတ် သူက
ဆောရီး"လိုက်ပြန်ပြီ။ ပျိုသည် ဘာမှပြောမနေချင်တော့။ သူက
ဆောရီးဆိုတော့ ပျိုက သိပ်ထိခိုက်သွားရပြီဆိုတဲ့ သဘောပေါ့။
ား က မိန်းကလေးကိုသာ ...

"ခေါင်းအုပ်ပေးလိုက်ပါ သမီး"

မိန်းကလေးက ခေါင်းကို အုပ်ပေးပြီးသော် ထုံးစံ
အတိုင်း မှယာ လက်ထဲ နိုင်ငံခြားမဂ္ဂဇင်းတစ်အုပ် ထည့်ပေးလိုက်
ပါသည်။ စောင့်ရတုန်း အဖျင်းပြေကြည့်ဖို့ ဖတ်ဖို့ပေါ့။ ပျိုကလည်း
က်အိတ်ချွတ်၊ လက်ဆေးနှင့် ရာကြုံအလုပ်များနေလိုက်ပါသည်။

ရှုံးများနေလား မသိပါဘူးလို့ပင် ပျို့စိတ်မှာ ထင်မိ
ည်။ သူမဟာ ဘယ်လိုမိန်းမစားပါလိမ့်။ ပျို့ကိုကြည့်သော
က်ဝန်းများတွင် ပျို့အပေါ် မလိုလားမှုဘွေ အတိုင်းသားပေါ်
င်နေတယ်လို့ ပျို ထင်သည်။ သက်သေပြနိုင်တာမျိုးတော့
ဟုတ်။ ဒါပေမဲ့ စိတ်က အလိုလို သေချာနေတာ။ ပျိုသည် ဖြစ်
ောင့်ဖြစ်ခဲ မျက်နှာကလေးပင် မှုန်ကုပ်ကုပ် ဖြစ်နေမိသည်။

❥○❥



www.burmeseclassic.com

www.burmeseclassic.com



## ၇

"သမီးရေ ... အားနာလိုက်တာကွယ်၊ အန်တီ အောက်ဆင်း
လာလို့လည်း ဖြစ်ပါတယ်"

ပျို့ လှမ်းအော်လိုက်သည်နှင့် တံခါးဖွင့်ပေးလိုက်
သော ဒေါ်သင်းသင်းနွယ်က ပြောလေလျှင် ...

"အားမနာပါနဲ့ အန်တီရဲ့၊ ပျို့အတွက် အပန်းမကြီးပါဘူး"

ပျို့လက်ထဲတွင် လိုအပ်သော ပစ္စည်းများ ထည့်ထား
သည့် သေတ္တာငယ်ကလေးကို ကိုင်ထားပါသည်။ ဒီနေ့ ညနေပိုင်း
ဒေါ်သင်းသင်းနွယ်ရဲ့ မိတ်ဆွေသမီး မင်္ဂလာဆောင်ကို သွားရမည်
မို့ ဒေါ်သင်းသင်းနွယ်က ပျို့ထံမှာ ဆံထုံး ထုံးလိုသည်ဟု ပျို့ဆီ
ဖုန်းဆက်ထားတာပါ။ ပျို့က အောက်ကဆိုင်ကို ဆင်းမလာ





တော့ပဲ အပေါ်ထပ် သူ့အခန်းသို့ တက်လာပြီး ဆံထုံး ထုံးပေး
မှာဖြစ်သည်။

ကျသင့်ခ မယူပဲ မေတ္တာနှင့် လုပ်ပေးဖို့ ပျို့က ရည်
ရွယ်ပြီးဖြစ်သည်။ ဒေါ်သင်းသင်းနွယ်ကတော့ သူ့အခန်းထိ
အိမ်တိုင်ရာရောက် လာပြင်ဆင်ပေးတာကို အားနာနေပါသည်။

"ပျို့က ခုနောက်ပိုင်းသာ ငြင်းမရတဲ့ အားနာသူတွေကလွဲ
ရင် ဆံထုံး မိတ်ကပ်တွေ လိုက်မပြင်တော့တာ၊ ဟိုးအရင်
ဆိုင်ဖွင့်စ,ကတော့ မိတ်ယူနေရတုန်းဆိုတော့ မိတ်ကပ်နဲ့
ဆံထုံးပါ တွင်တွင်ကျယ်ကျယ် ပြင်ပေးသေးတာ၊ အဲဒီတုန်း
က ဆိုင်မှာပြင်တာလည်း ရှိသလို၊ ခုလို အိမ်လိုက်ပြင်ပေး
ရတာလည်း ရှိတယ် အန်တီရဲ့၊ ဟိုတယ်ကို လိုက်ရတာ
လည်းရှိတယ်၊ ပျို့ လုပ်နေကျပါ"

"ခု ဘာလို့ မပြင်တော့လဲ သမီး"

"ခု ဒီဘက်ပိုင်းခေတ်က ညှပ်ကောက်ဖြောင့်တွေရယ်၊
စကင်းကဲ (Skin Care)တွေရယ်၊ နောက် ခြေသည်းလက်
သည်းပြင်တာ၊ မျက်နှာပေါင်းတာ၊ ဆံပင်ပေါင်းတာ၊
မျက်နှာချေသွင်း ဖယောင်းသွင်းတာမျိုးတွေ ပိုပြီးခေတ်စား



www.burmeseclassic.com

www.burmeseclassic.com



လာတာလေ၊ အဲဒါကြောင့် ပို့ဆိုင်ကို အဲဒီဘက်လိုင်းကို ပို့နှယ်ထားလိုက်တာ"

"မမ ပီဇာစားမလား"

သားထွေးက ဘူးတစ်ခုကိုင်ကာ အနောက်ဘက်ထဲမှ ထွက်လာသည်။

"မစားတော့ဘူး သားထွေး"

"ဟိုဘက်မှာ အသစ်လာဖွင့်တဲ့ဆိုင်က စမ်းဝယ်စားတာ၊ ဟဲမ်ပီဇာ ကောင်းတယ် မမရဲ့၊ မြည်းကြည့်ပါလား"

"မမ ဗိုက်ပြည့်နေလို့ပါ၊ မမြည်းတော့ဘူး သားထွေးရယ်၊ ကြည့်ဂမ်း … ဒီအကြီးကြီး သုံးခုကို သားထွေး တစ်ယောက်တည်း စားမှာလား"

"အင်းပေါ့"

"အားပြတ်မှာ စိုးရိမ်နေလို့ စိုးရတယ်နော်"

သားထွေးက ပို့ နောက်ပြောင်စကားကို တခိခိ ရယ်နေပါသည်။ ပို့ လာမည်ဆို၍ မုန့်တင်ခုံက လေးပေလောက်ရှည်တဲ့ မှန်ချပ်ရှည်ကို ဖြုတ်လာကာ အိမ်ရှေ့ဧည့်ခန်းမှာ ဆိုက်ဒ်တေဘယ်လ်လေးပေါ် တင်၍ထောင်ထားသည်။





"အပေါ်ထပ် အိပ်ခန်းထဲကျတော့ သဒီးကို ခေါ်ရမှာ အားနာလို့ အန်တီ ဒီမှန်ကို ဒီမှာ ချထားတယ်"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ် အန်တီ၊ ဒီမှာဆိုတော့ အလင်းရောင်လည်း ကောင်းတာပေါ့"

"ဘာလိုသေးလဲ ပို့ရေ"

"အန်တီထိုင်ဖို့ မတ်မတ်ခုံတစ်ခုံရယ်၊ ပို့ဘူးကို ဖွင့်တင်ထားဖို့ တင်စရာတစ်ခုရယ်၊ ဒီနားက အဆင်ပြေပါတယ်၊ ပလပ်ပေါက်နဲ့ နီးတယ်"

သားထွေးက သူ့လက်ထဲက မုန့်ဘူးကိုချကာ ပို့ လိုအပ်တာတွေကို တစ်ခုပြီးတစ်ခု သယ်ယူလာပေးပါသည်။

"ဒီစားပွဲပုပေါ် မမ ဘူးကို တင်ထားတော့ ကလစ်နှိုက် ဘီးနှိုက်ရင် မမ ကုန်းကုန်းပြီး ယူနေရမှာ၊ ခုံမြင့်မြင့်ကလည်း မရှိဘူး၊ ကျွန်တော် တစ်ခုပြီးတစ်ခု ဘေးကယူပေးမယ်၊ မမက ပါးစပ်က အော်လိုက်၊ ကလစ် … ဆံညှပ် … ဘီး … ဘာ … ညာ …"

သားထွေး အော်ပြပုံကြောင့် ပို့မှာ ရယ်ရသည်။

"မမ ဒီ ခေါင်းလျှော်ထားသေးလား"

"ပို့က မလျှော်နဲ့ဆိုလို့ မလျှော်ထားဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီ၊ ဆံထုံး ထုံးတော့ ချေးလေးနည်းနည်း ရှိမှ ပိုကောင်းတာ၊ အဟင်းဟင်း၊ ဆံပင်က လျှော်ပြီးစ ဖွာနေရင် ဆံထုံးမလှဘူး၊ အန်တီရယ် မိတ်ကပ်ပါ လိမ်းလိုက်ပါ၊ ပျို့ လိမ်းပေးချင်လို့ပါ"

"အို ... မိတ်ကပ်တော့ အန်တီ နေတတ်မှာ မဟုတ်ပါဘူး သမီးရယ်၊ ပေါ်ပေါ်လွင်လွင်ကြီးနဲ့ သိပ်ပြင်ဆင်ထားသလို ဖြစ်နေမှာပေါ့"

"လူကြီးမိတ်ကပ်ပေါ့ အန်တီရဲ့၊ ဘာမှ သိပ်မသိသာအောင် မပေါ်အောင်ပေါ့၊ ရဲရဲကြီးပြင်မှာမှ မဟုတ်တာ၊ လိမ်းခ ထားသလို လိမ်းမှာပါ"

'ဖြစ်ပါ့မလား သမီးရယ်"

"ဖြစ်ပါတယ် အန်တီရဲ့၊ ဆံထုံးက ပွဲထိုင်ထုံးဖြစ်ပြီး မျက်နှာက ဘာမှမရှိရင်လဲ မလိုက်ပြန်ဘူး၊ မျက်နှာကြောင့် ဆံထုံးပါ ပိုတက်လာမှာ၊ ဆံထုံးကြောင့်လည်း မျက်နှာက ပိုတက်လာမှာ"

ဒေါ်သင်းသင်းနွယ်မှာ ရှက်ကလည်း ရှက်တက် တက် ဘာလုပ်ရမလဲ မသိဘဲ တဟင်းဟင်းနှင့် သဘောတကျ ရယ်နေပါတော့သည်။





"ကဲပါ ... ပျို့လိမ်းလိုက်မယ်၊ အန်တီမကြိုက်ရင် အားလုံး ကုန်အောင် မိတ်ကပ်ဖျက်တဲ့ ကရင်မ်နဲ့ ပြန်ဖျက်ပေးမယ်၊ နော် ... အန်တီ"

ဒေါ်သင်းသင်းနွယ်သည် သဘောကောင်းကောင်း ခုံကြီးနှင့် ချစ်စရာ ကောင်းအောင်ကို အားရပါးရ ရယ်မောနေပါ သည်။ သားထွေးကလည်း ပြုံးစိစိ ဖြစ်လာကာ အနားမှာရပ်လျက် သား။ ပျို့လည်း အရယ်ကူးစက်ကာ ပခုံးလေး လှုပ်လာပါသည်။

"လုပ် ... လုပ်၊ လုပ်လိုက် မမ၊ မေမေ့ကို အဲသလိုမမြင် ဖူးဘူး၊ ကြည့်ရအောင်"

ပျို့သည် ဆံပင်တွေကို အရင် စပရေးဆွတ်ဖျန်းကာ ပင်တွေနှင့် လိပ်ထင်ထားလိုက်ပြီး မျက်နှာကို စတင်ပြုပြင်ပါ သည်။ မျက်နှာချင်းဆိုင် ခုံတစ်လုံး ချထိုင်ကာ အသေးစိတ် နှစ်စိတ် စိတ်ရှည်လက်ရှည် ပြင်ဆင်လိမ်းခြယ်ပေးနေတဲ့ ပျို့ကို သားထွေးက သဘောတကျ စိုက်ကြည့်နေမိသည်။ ကြည့်ရင်း သည်း သူ့စိတ်ထဲ အစ်မ,တစ်ယောက်လိုပဲလား၊ ဘယ်လိုလား ခွဲမရနိုင်စွာ ပျို့ကို ချစ်စနိုး ရှိလာမိပါသည်။ ဟုတ်တယ်လေ၊ သူမှာ အစ်မတစ်ယောက် ရှိပါရဲ့။ ချစ်စရာမှ မကောင်းဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ် ... ဘာရုပ်ရှိလေ ... ဘာရုပ်ရှိ"

ပျိုတောင်းတဲ့ တစ်ခုပြီးတစ်ခုကို လှမ်းပေးနေရာမှ ရပ်ငေးနေမိ၍ ပျိုက နှစ်ခါဆင့်ပြောလိုက်မှပင် သားထွေးက ယောင်ကန်းကန်းနှင့် တွေ့ရာတစ်ခု ကောက်ထည့်ပေးလိုက်သည်။

"ဩော် ... ဘာရုပ်ရှိပါဆို ကိုသားထွေးရဲ့၊ ဒါ မျက်ခုံးဆွဲခဲတံကြီး၊ မဆွဲရသေးပါဘူး၊ ပျင်းပြီး ငိုက်နေပြီလား"

"ဟင့်အင်း မငိုက်ပါဘူး၊ စဉ်းစားနေတာ"

ဒေါ်သင်းသင်းနွယ်က မျက်စိမှိတ်ကာ ငြိမ်ခံနေရင်းမှ ...

"ဘာတွေ စဉ်းစားနေလဲ သားရဲ့"

"ဟိုဟာလေ မေမေ၊ မမပျိုလို သမီးမျိုးလေးတစ်ယောက် မလိုချင်ဘူးလား"

ပျို့မျက်နှာ နီမြန်းမြန်း ဖြစ်သွားရကာ ဒေါ်သင်းသင်းနွယ်ကတော့ ဖျတ်ခနဲ မျက်စိဖွင့်လျက် ပျို့ကိုကြည့်ကာ အားနာပါးနာ ...

"ဟဲ့ ကောင်လေးရဲ့၊ ဘယ်စကား ဘယ်ရောက်မှန်းမသိ ဘာတွေ ပြောနေတာလဲ ငါ့သားရဲ့"





"ဘာဖြစ်လို့လဲ မေမေရဲ့၊ မမကို သမီးမတော်ချင်ဘူးလား လို့ မေးတာ"

"ဟဲ့ ... ဩော်၊ အဲသလို မမေးရဘူးလေ သားရဲ့"

"ဘာဖြစ်လို့ မမေးရမှာလဲ၊ သားက မမကို အစ်မတော်ရရင် ကောင်းမှာလို့ တွေးနေတာ၊ မေမေ့သမီး မမကြီးကတော့ ဖွတ်ပါပဲဗျာ၊ မေမေ သူနဲ့ဆိုရင် အခုလို ရယ်ရပျော်ရလို့လား ... ဟွန်း"

သားထွေးရဲ့ ကလေးတစ်ယောက်လို ပြောပုံကို ပျိုက အံ့အားတသင့် ကရုဏာနှင့် လှည့်ကြည့်မိရင်း ...

"ဒီလိုတော့ ဘယ်ဟုတ်မလဲ သားထွေးရဲ့၊ နို့စို့မှုဝ ဆက်ဆံနေရတဲ့သူနဲ့ တစ်ခါတစ်ရံ ဆက်ဆံရတဲ့ သူစိမ်း ဘယ်တူမလဲ၊ ပြီးတော့ အရင်းအချာ သွေးရင်းသားရင်းချင်း ဆက်ဆံတာနဲ့ သူစိမ်းနဲ့ ဆက်ဆံတာလည်း ဘယ်တူမလဲ၊ သူစိမ်းနဲ့ ရယ်မောပျော်ရွှင်ရတယ်ဆိုတာ တစ်ခါတစ်ရံလေး ပေါ့ပေါ့ပါးပါး အပေါ်ယံ ဆက်ဆံရလို့ပါ သားထွေးရဲ့"

"မဟုတ်ပါဘူး၊ ကျွန်တော့်မကြီးက မျက်နှာထားကို တင်းပြီးပုပ်နေတာ၊ မမလို မျက်နှာပျော့ပျော့ပျောင်းပျောင်း ကြည်ကြည်သာသာကို မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ သားရယ်၊ မင်းနဲ့ မင်းအစ်မလည်း ဒါကြောင့် မတည့်တာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အကောင်းမှ မပြောကြပဲကိုးကွယ့်"

"မမေနဲ့ရော မကြီးက တည့်လို့လား"

ဒေါ်သင်းသင်းနွယ်က ပြန်မဖြေဘဲ သက်ပြင်းသာ ချလိုက်ပါသည်။

"နိုင်ငံခြားမှာ နှစ်ရှည်လများ နေခဲ့ပြီး ခုမှ ပြန်လာတယ်၊ ပြန်တွေ့ရတယ်ရယ်လို့ လွမ်းလွမ်းဆွတ်ဆွတ် ချစ်ချစ်ကြည်ကြည်ရော ရှိလို့လား မမေရ၊ ရုတ်တရက် ဘွားခနဲ ရောက်လာပြီး သူကပဲ ခပ်တင်းတင်းက လုပ်နေသေးတယ်၊ ဒီက ပြေးဖက်ချင်သလိုလို ဖြစ်တာတောင် ရှက်ပြီးအောင့်ထားလိုက်ရတာ မဟုတ်လား"

"အဟင်းဟင်း၊ သားထွေးရယ်၊ အစ်မကို စိတ်တွေကောက်နေလိုက်တာ ... ဟုတ်လား၊ ကလေးလေး ကျနေတာပဲ"

ပျိုက ရယ်ရင်း မောရင်း ပြောမိပါသည်။ သားထွေးပြောနေတဲ့ ပုံစံက တကယ့်ကို ခံစားချက်ပါပါနှင့်မို့ တမင်ဖော်ဆေးတာလည်းပါသည်။





"အန်တီ့သမီးက ဟုတ်တော့လည်း ဟုတ်ပါတယ် ပျိုရယ်၊ အငယ်ဖြစ်တဲ့ သားထွေးက လိမ္မာတယ်၊ အမေကို ဘယ်တော့မှ စိတ်ညစ်စိတ်ဆင်းရဲအောင် မလုပ်ဘူး၊ သမီးအကြီးတစ်ယောက် မွေးထားတာ ဟိုးငယ်ငယ်ကတည်းက ကလန်ကဆန်နဲ့၊ အဖေကို ကလန်လိုက်၊ အမေကို ကလန်လိုက်၊ ဒီမောင်ကလေးဆိုလည်း သူ့ထက် ခြောက်နှစ်ကျော် ငယ်တာ၊ ညှာတာတယ် မရှိပါဘူးကွယ် ...

မတွေ့တာလည်း ကြာပါပြီ၊ သူနဲ့ တွေ့ရရင်လည်း စိတ်ချမ်းသာရတယ်၊ ပျော်ရတယ် မရှိပါဘူး သမီးရယ်၊ တစ်ခုမဟုတ်တစ်ခု အနှောင့်အယှက်ဖြစ်ရ၊ စိတ်ဆင်းရဲရတာပဲ၊ တစ်နေ့ကပဲ အိမ်လာသွားလို့ သားထွေးတစ်ယောက် ပူပူနွေးနွေး စိတ်တိုနေတာ"

ဒေါ်သင်းသင်းနွယ်က ရှည်ရှည်လျားလျားပဲ ပြော နေပါသည်။ သူတို့ စကားတွေကို စိတ်ဝင်စားသော်လည်း ာင်းတတ်၍ ပျိုက မေးခွန်းထုတ်ပြီး စပ်စုဘာမျိုးတော့ ပ်ပါ။ သူတို့ ပြောတာကိုသာ နားထောင်နေလိုက်သည်။

"မမေလည်း ပူပူနွေးနွေးစိတ်ဆင်းရဲနေတာပဲ မဟုတ်လား"



BURMESE CLASSIC .com

www.burmeseclassic.com



"စိတ်ဆင်းရဲရတာပေါ့ကွယ်၊ ကိုယ့်သားသမီးဆိုကမကောင်းတဲ့ သတင်း ဘယ်ကြားချင်ပါ့မလဲ၊ ကြားရတော့ သူ့အတွက်လည်း စိတ်မကောင်း၊ ကိုယ်လည်း စိတ်ညစ်ပေါ့"

"အဲဒါကိုပြောတာပေါ့ သားတို့ရဲ့အစ်မက မမပျိုလို အမျိုး ဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့၊ မျက်နှာကြည်ကြည်လင်လင်လေးနဲ့ သဘောကောင်းတာ မျက်နှာပေါ်နေတယ်၊ အခုကြည့် ... မေမေ့ကို ယုယုယယ တစ်ကိုက် လုပ်ပေးနေတဲ့ မြင်ကွင်းမျိုး မေမေနဲ့ မကြီး တစ်ခါမှကို မတွေ့ဖူးဘူး၊ ဘယ်သူ့ကိုမှလဲ သူက ဂရုမစိုက်ပါဘူးလေ"

ကိုယ် အလုပြင်ပေးနေတဲ့ အမျိုးသမီးကြီး မျက်နှာ အိုမင်းညှိုးနွမ်းသွား၍ ပျို စိတ်မကောင်းပါပေ။ ဝင်အားပေးနှစ်သိမ့်ရအောင်ကလည်း သူတို့အကြောင်းတွေကိုယ် ဘာမှမသိ။ သူတို့နှင့် ခင်မင်တာမှ သုံးလနီးပါး ရှိသေးသည်။

ဒီကြားထဲမှာ အိမ်ရှင် အိမ်ငှားဆိုတဲ့ ပတ်သက်မှုထက်တော့ ပို၍ အိမ်နီးချင်းမိတ်ဆွေကောင်းများ အဖြစ်တော့ ဆက်ဆံကြပါသည်။ မုန့်နှင့် စားစရာ သောက်စရာတွေ လုပ်ရကိုင်ရ





သီးသီး စိတ်ဝင်စားကြသော ကြီးကြီးနှင့် ဒေါ်သင်းသင်းနွယ်တို့သည် တစ်ယောက်အိမ်မှာ တစ်ခုခု လုပ်လျှင် နောက်တစ်ယောက်အိမ်ကို ပူပူနွေးနွေး ဦးဦးဖျားဖျား ပို့ကြသည်။

ရွယ်တူတန်းတူတွေဖြစ်ကြ၍ တစ်ယောက်နေထိုင်ကောင်းသလား တစ်ယောက် ဂရုတစိုက် မေးမြန်းစောင့်ရှောက်ကြသည်။ ထို့တက်ကလွဲလျှင်တော့ သူ့နောက်ကြောင်းလည်း ကိုယ်မသိ၊ ကိုယ့်နောက်ကြောင်းလည်း သူတို့ မသိပါပေ။

"မမ စဉ်းစားကြည့်ပေါ့၊ သူ နိုင်ငံခြားက ပြန်လာတယ်၊ ပြန်လာလာချင်းကို ကျွန်တော်တို့ မသိရဘူး၊ ကျွန်တော်က ထားပါတော့၊ ထည့်မတွက်ပါနဲ့။ မေမေ မသိရဘူးဗျာ၊ အဲဒါ သဘာဝကျလား"

အင်းပေါ့ ... ဘယ်သဘာဝကျမလဲလို့ ပျို့စိတ်ထဲ ထောက်ခံမိကာ နှုတ်ကတော့ မထုတ်ဖော်ပါ။

"သူ့ယောက္ခမကလည်း ဘယ်လိုလဲ မေမေရာ၊ သူ လူကြီးပဲ၊ မကြီးက လမ်းမကျရင်တောင် သူကတော့ အကြောင်းကြားပေးရမှာပေါ့၊ ဒီလောက် အကြီးအကျယ် ကိစ္စကြီးကို ဘာတွေမှန်းကို မသိဘူး၊ မကြီးကကော သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောင ဘတွေ ဟုတ်ကောဟုတ်ရဲ့လား၊ ယောက်ျားနဲ့ ကွဲ
ကွဲလာတာလား၊ သေတာ ဟုတ်ရဲ့လား”

သားအေးရဲ့ မကျေနပ်တာတွေ၊ မအောင့်အည်းနိုင်
အောင် ဖွင့်ချနေတဲ့ စကားကို သူ့အမေက ဖြတ်၍ ...

“ဩော် ... အဲဒါတော့ ဟုတ်ပါတယ်”

“မေမေ ဘယ်လို သေချာလဲ၊ မကြီးက တစ်ခါတ
ညာချင်ညာပြောတတ်တာ”

“ဒါကိုတော့ ဘယ်လိုညာမလဲ၊ ငါ သူ့ယောက္ခမကို ဖုန်း
ဆက်မေးလိုက်ရင် ရတာပဲ၊ ပေါမဲ့ဟာ သိမဲ့ဟာကို ညာ
လို့ ဘယ်ရမလဲ သားရဲ့၊ သူ့ယောက္ခမက ကြားကနေ
မပြောဘူး၊ အကြောင်းမကြားဘူးဆိုတာကလည်း မေမေတို့
ဘယ်နေတယ် မသိတာဖြစ်မှာပါ”

“မသိစရာလား မေမေရ၊ မကြီးဆီက သိမှာပေါ့”

“မင်းအစ်မက အိမ်ကို လာဖို့တောင် ပြန်ရောက်ပြီး ဘယ်
လောက်ကြာမှ ရောက်လာသလဲ၊ သူ့ကိုက ငါတို့ လိပ်စာ
ကို သူ့ယောက္ခကို ပြောမပြရင် သူ့ယောက္ခ ဘယ်သိပါ့မလဲ
သားရယ်”





“ဒီလောက်ကိစ္စ အကြီးကြီးကိုလေ၊ မေမေ့သမက်တစ်
ယောက်သေတဲ့ ကိစ္စလေ၊ ဒါကို မသိလိုက်ရဘူးဆိုတာ
အဲဒီဘက်က တော်တော်ဝတ္တရား ပျက်ကွက်တာ၊ မေမေ
ပြောသလို မကြီးပဲ ဖြစ်ဖြစ်ပေါ့၊ မကြီးတစ်ယောက်လည်း
ဘယ်လို စိတ်ကူးစိတ်သန်းနဲ့လဲ မသိပါဘူး၊ ထင်ရာမြင်ရာ
လုပ်နေတာပဲ”

“သူ့စိတ်ထဲမှာ ဟိုခြံကိုရောင်း၊ အမွေခွဲပြီး မေမေတို့
ပြန်ဝယ်လိုက်တဲ့ နေရာလေးဟာ ခြံကျယ်မဟုတ်၊ သစ်သား
နှစ်ထပ်အိမ်ဟောင်းဟောင်းကြီး ဆိုတာလောက် သိတာကိုး၊
မေမေတို့ ဒီလို အိမ်မျိုးကို ရောက်သွားတယ်ဆိုတာ သူ့
ယောက္ခမကို အသိပေးရမှာ ရှက်တယ်ဖြစ်မှာပေါ့ ငါ့သား
ရယ်၊ မင်းအစ်မ ဂုဏ်မက်တာလည်း မင်း သိသားနဲ့ ...

ဒီခြောက်နှစ် ခုနစ်နှစ်အတွင်း မေမေတို့က ကန်
ထရိုက်နဲ့ ခုလို တိုက်ကောင်းကောင်းကြီး ပေါင်းဆောက်
လိုက်ပြီး သားသားနားနား ထိုးထိုးထောင်ထောင် ဖြစ်လာ
တာ သူ မသိဘူးလေကွယ်၊ ဟိုတစ်နေ့က လာမှ တိုက်
ကြီးက ကောင်းလိုက်တာလို့ အံ့သြနေတာ မြင်ကာယ်မို့လား”



www.burmeseclassic.com

www.burmeseclassic.com



"မြင်ပါတယ် မေမေရာ၊ ခမေမေ တစ်ခြမ်းကြီးများတောင် ခြောက်ခန်းရတာကိုလည်း အံ့အားသင့်ပြီး သူ့ပါ ဝင်မျှ စောင်းထိုးချင်နေတာလည်း ရိပ်မိတယ်"

"အင်းလေ ... ဒါပေမဲ့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါ ငါ့သားလေး အတွက်ပဲ၊ သူ့အတွက်က ပြီးပြီလေ၊ အများကြီး ပေးလိုက် ပြီးပြီပဲ၊ မေမေက အိုမင်းဦးမယ်၊ နာမကျန်းဖြစ်ဦးမယ် အဲဒီကျ ငါ့သားလေးပဲ ငါ့ကို ပြုစုကုသပေးဦးမှာလေ ဒါလေးတွေ အိုစရိတ် နာစရိတ် လုပ်ရဦးမှာ၊ သူ့ မျှ စောင်းထိုးလို့မရပါဘူး"

"သားက ဒါတွေ မမက်ဘူး၊ စိတ်လည်း မဝင်စားဘူး မကြီးအစားတောင် စိတ်ပျက်လွန်းလို့၊ သူ လာတောင်းရင် မေမေ ပေးသာပေးလိုက်စမ်းပါ နားအေးအောင်"

"မပေးနိုင်ပါဘူး ငါ့သားရယ်၊ မေမေလည်း အိုရ နာရဦး မယ်၊ ငါ့သားလေးသည်း မိန်းမတို့ ဘာတို့ တောင်းပေး ရဦးမယ်"

သားအမိနှစ်ယောက်ဟာ အနီးမှာ ပျို့ ရှိနေတာကိုင် မေ့လျော့နေကြသလို စိတ်လိုက်မာန်ပါ ဆွေးနွေးနေကြပါသည်။





ဒေါ်မာန်ပါပါနှင့် ပြောနေသော သားထွေးသည် သူ့အမေက မိန်းမတောင်းပေးရဦးမှာဟု ဆိုလိုက်တဲ့အခါ ချက်ချင်း ပြုံးစိစိ ဖြစ်သွားသည်မှာ ကလေးတစ်ယောက်နှယ်တည်း။

မျက်နှာလိမ်းခြယ်တဲ့ကိစ္စ ပြီးပြီမို့ ပျို့က ခေါင်းက ဆံလိပ်တွေ ဖြုတ်ကာ ဆံထုံး စထုံးဖို့ ပြင်လေပြီ။

"သမီး လိမ်းတာကောင်းလိုက်တာကွယ်၊ မိတ်ကပ်မျက် နှာကြီး ဖြစ်မနေဘူးနော်"

"လူကြီးမိတ်ကပ်လေ အန်တီရယ်၊ မျက်မှုံးလည်း ရေးရေးပဲ ဆွဲတယ်၊ နှုတ်ခမ်းနီကိုတောင် အရောင်ပြောင်တာ ရွဲတာ မဆိုးဘူး၊ အရောင်ငြိမ်ငြိမ် ခြောက်ခြောက်ကလေးပဲ၊ ဒီတော့ နယ်ချဲ့ရယ်လို့ထက် နည်းနည်းပဲ အရောင်တက် နေရုံပေါ့"

ဒေါ်သင်းသင်းနွယ်က ခေါင်းတညိတ်ညိတ်နှင့် ...

"ဟိုတစ်နေ့က အန်တီ့သမီး လာတော့ အောက်က ပျို့ရဲ့ ဆိုင်ကိုတောင် စူးစမ်းစပ်စုနေသေးတယ်၊ သူလည်း အလှ အပ သိပ်ဝါသနာပါတာ၊ ရောက်ရင် ရောက်ချလာမှာ၊ ဒီသမီးတစ်ယောက်ကတော့ သူ့စိတ်သူ့ကိုယ်၊ ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကန့်လန့်လို ဖြစ်နေတော့ သူလာလို့များ စိတ်အနှောင့်အယှက် ဖြစ်စရာတစ်ခုခု ကြုံခဲ့ရင် ကြိုတောင်းပန်ထားမှာပဲ ပျိုရေ ...

သားထွေး ဒေါသဖြစ်လည်း ဖြစ်ချင်စရာပါ။ နိုင်ငံခြား မထွက်ခင် အမွေအတင်းတောင်းပြီး မအေနဲ့ မောင်နဲ့ကို ခြံနဲ့ တိုက်ကနေ သစ်သားအိမ်အိုကြီးနဲ့ နေရငဲ့ အခြေအနေနဲ့ ထားရစ်ခဲ့တာပေါ့၊ ထွက်သွားလိုက်တာ စာမရေး ဖုန်းမဆက်၊ အစောပိုင်း မောင်လုပ်သူက စာရေးပါတယ်၊ သူက မပြန်တော့ သားထွေးလည်း ဒေါကန်ပြီး နောက် စာမရေးဘူးပေါ့ကွယ် ...

အဆက်အသွယ်ကို ပြတ်နေလိုက်တာ ဘာမှ မသိရ မကြားရ၊ သားထွေး သူငယ်ချင်းတစ်ယောက် စင်ကာပူကို ကျောင်းသွားတက်မှ လမ်းမှာ တွေ့ကြုံဆုံကြတာနဲ့ သမီးလေးတစ်ယောက် မွေးထားကြောင်း သိရတယ်၊ ကိုယ့်မြေးလည်း တစ်ခါမှကို မမြင်ဖူးပါဘူး ...

ဟိုးတလောက သူ့ယောက်ျား စင်ကာပူမှာ ဆုံးသွားတဲ့ ပေါက်ကွဲတာဆိုလား၊ သူတို့သားအမိ မြန်မာပြည် ပြန်လာ





ကြတယ်၊ ဒီလောက်သေရေးရှင်ရေး သည်းထိတ်ရင်ဖိုကို မအေကို တစ်ချက်အကြောင်းကြားဖို့စိတ်ကူးမရှိဘူး၊ မအေ တစ်ချက်မတ,ဘူးပေါ့ကွယ်၊ ထားပါတော့၊ ပြန်ရောက်လာတော့လည်း ဒီရေ ဒီမြေ ရောက်မှ ဒီအမေနဲ့ ဒီမောင်အရင်းကို ပြေးလာတွေ့ပါလား၊ အန်တီတို့က သူ ရောက်နေတာတောင်မှ မသိတဲ့ဟာ၊ သူ လာမှ တွေ့ရ သိရမှာ ...

အေးအေးဆေးဆေးနေနေပြီး ပြန်ရောက်လို့ တစ်လကျော်ကြာ ဟိုတစ်နေ့ကမှ ရောက်လာတယ်၊ သူ သိတဲ့ သစ်သားနှစ်ထပ်အိမ်ကြီးက ကန်ထရိုက်တိုက် အကောင်းစားကြီး ဖြစ်နေတော့ အံ့အားသင့်နေတယ်၊ ပြန်သိသာလာတယ်၊ အရင်အချိုးက မပြောင်းဘူး၊ မာရေကျောရေနဲ့၊ ဒုက္ခရောက်လာတဲ့သူလို သနားစရာလည်း မဖြစ်ဘူး၊ မအေဆီ လာတာ ဒီဘွားအေကြီးဟာ ကိုယ့်သမီးကမွေးတဲ့ မြေးကို တွေ့ချင်မှာပဲဆိုတာ မသိဘူးလား၊ သူ့သမီး ခေါ်လာဖော်ရဘူး ...

သူ ထောက်ပံ့ကူညီရမယ်ထင်လို့များ မလာသေးလား မသိပါဘူး သမီးရယ်၊ အန်တီ အခန်းတွေ ငှားစား



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးချစားနဲ့ ချောင်ချောင်လည်လည် အဆင်ပြေပြေ ရှိတာတွေ့တော့လည်း သိပ်မကျေနပ်ပြန်ဘူး ထင်ပါရဲ့။ သူ့ အရနည်းပြီထင်တဲ့ စကားမျိုးပြောတယ်၊ ဟိုခေတ်နဲ့ ဒီခေတ် ဘယ်တူပါ့မလဲကွယ်၊ ခြောက်နှစ် ခုနစ်နှစ်ကွာ ပြီဟာ၊ ခြံရောင်းပြီး သူ့ပေးလိုက်တဲ့ ငွေတစ်ဝက်က သူ့ဆီတော့ ဒီတိုင်းပုံထားပြီး မတိုးပွားဘူး ထင်ပါရဲ့ ...

အန်တီတို့ကတော့ ကံလည်းကောင်းချင်လို့ ကန် ထရိုက်ကောင်းကောင်းနဲ့ ဆုံရကြိုရတာလေ၊ သစ်သားအိမ် အိုကြီးမှာ သားအမိနှစ်ယောက် နေရင်း ငွေတိုးလေး ချေး စားနေရတဲ့ အချိန်တုန်းကတော့ သူ မတွေ့ဘူးလေ၊ ခုမှ တွေ့တော့ ဟိုတုန်းက ခြံရောင်းရငွေတစ်ဝက် သူ့ပေးခဲ့ တာဟာ အန်တီကပဲ လိမ်ညာပြီး လျှော့ပေးခဲ့တာလိုလို၊ ပြောရတာ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းရတာဖြစ်တော့ ရှက်စရာကောင်းပါတယ် ပျိုရယ်"

ပျိုသည် စကားတွေကို နားထောင်နေရင်း ပြင်သစ် ဆံထုံးလေးကို သပ်ရပ်ကြော့မော့စွာ ကျွမ်းကျွမ်းကျင်ကျင်လေး ထုံးပေးမပျက်ဘဲ စိတ်ထဲ၌ အဖြေတစ်ခုကို တွေ့လာကာ ...





"အန်တီ့ သမီးကြီးဆိုတာ မမှုယာလားဟင်"

"ဟင် ... ပျိုနဲ့ သိသလား"

"ဟုတ်ကဲ့"

"ဟင် ... ဘယ်လိုတုန်း ပြောပါဦး၊ အစကတည်းက သိဘာလား"

ပျိုက ကိုညကို ရင်းနှီးတဲ့ မိတ်ဆွေတစ်တောက်လို ပဲ သုံးနှုန်းကာ အဖြစ်အပျက်ကို အတိုချုံး ပြောပြလိုက်ပါသည်။

"ဒါဖြင့် အန်တီတို့ဆီလာတဲ့နေ့ ထင်ပါရဲ့၊ ပျို့ဆီလည်း ဝင်လာပါသေးတယ်၊ ပျို့ဆိုင်နာမည် သူသိတော့ တွေ့ပြီး ဝင်လာတာလို့ပဲ ပြောတယ်၊ အပေါ်မှာနေတဲ့ ဒီအခန်းတွေ ပိုင်ရှင်ဟာ သူ့အမေလို့လည်း ပြောမသွားဘူး"

"တကယ်ဆို ဒီလောက်စကားစပ်နေတာ တိုက်ဆိုင်နေတာ ပဲ၊ မမ ငှားထားတဲ့ အခန်းရဲ့ ပိုင်ရှင်က သူ့အမေဆိုတာ ပြောလို့ရတာပဲ"

"မပြောဘာ သားထွေးရဲ့"

"အဲဒီ မကြီးက တစ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမူယာ အမျိုးသား ကိုနောင်နေဦးက ဆုံးသွားတယ်၊ မမူယာတို့ သားအမိကတော့ ဒဏ်ရာအနည်းအကျဉ်းလောက်ပဲဆိုတော့ ဆေးရုံမှာ ခဏပါပဲ၊ ကိုနေ့အတွက် လျှော်ကြေးလေး ဘာလေးလည်း ရခဲ့တယ် ပြောတယ်၊ ပြန်ရောက်လာတော့ မမူယာ ယောက်ခမ အန်တီဆင့်ရော၊ သူ့မတ် ကိုညရော မမူယာကို မိသားစုကို အကြောင်းကြားဖို့ သွားတွေ့ဖို့ တဖွဖွ တိုက်တွန်းနေတာပါ၊ အန်တီဆင့်တို့ ကိုညတို့ကို မမူယာက ဒီလိပ်စာ လုံးဝ ပြောမပြတော့ သူတို့လည်း ကြားထဲက ဆက်သွယ်ပေးလို့ မရဘူးပေါ့၊ သူတို့လည်း ကြားက မျက်နှာပူ အားတွေနာနေတာပါ ...

ကိုနေလည်း အန်တီသမက်ပဲလေ၊ သူ့ရက်လည် ဆွမ်းကျွေးကတည်းက နေရာမသိလို့ မဖိတ်နိုင်တာကို စိတ်မကောင်းဖြစ်နေတာပါ အန်တီ"

ဒေါ်သင်းသင်းနွယ်သည် ခေါင်းကို လေးလေးကြီး ယမ်းကာ မျက်လုံးအိမ်ထောင့်၌ ခိုလာတဲ့ မျက်ရည်စ,လေးကို တစ်ရှုးလေးနှင့် တို့ရှုရာသည်။





"အန်တီတို့လည်း သတင်းစာ ယူနေကျကောင်လေးက မပို့ဖြစ်တော့ဘဲ ရပ်သွားတာနဲ့ နောက်တစ်ယောက်ပြောင်းပြီး မယူဖြစ်တော့တာ ခြောက်လလောက် ရှိသွားပြီ၊ မောင်နောင်နေဦး နာရေးကို လုံးဝ မတွေ့မိပါဘူးကွယ်၊ အန်တီတို့လည်း ဒီနေရာ ပြောင်းလာပြီးမှ ယောက်ျားက ဆုံး၊ သမီးက အမွေခွဲနဲ့မို့ စိတ်မချမ်းမသာ ရှိတာနဲ့ အပေါင်းအသင်း မိတ်ဆွေတွေလည်း အဆက်ပြတ်တဲ့ဟာ ပြတ်၊ ဒီရောက်တော့လည်း ကိုယ့်ဟာကိုယ် အားငယ်ငယ်နဲ့ သားအမိနှစ်ယောက် အထီးကျန်ကျန် ဖြစ်နေတာ ...

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဒီအိမ်ကန်ထရိုက်တို ဆောက်ဖြစ်မယ်ဖြစ်တော့ အန်တီတို့ စမ်းချောင်းဘက်ကို အိမ်သွားငှားပြီး တစ်ခါရွှေ့နေရသေးတယ်လေ၊ ဟိုပြောင်း ဒီပြောင်းနဲ့ဆိုတော့ တော်ရုံအပေါင်းအသင်းတွေလည်း အန်တီတို့ ဘယ်ရှိတယ် မသိကြဘဲ ဝေးကုန်တယ်၊ ဒီရပ်ကွက်ပတ်ဝန်းကျင်မှာလည်း အန်တီ့ကို မောင်နောင်နေဦး ယောက္ခမလို့ သိသူမှ မရှိဘဲ၊ ဘယ်သူမှ တကူးတက အကြောင်းကြားမဲ့သူ မရှိဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ အကြောင်းမကြားနိုင်တာကို ပြောနေဖို့ မလိုဘူး မေမေရ၊ ကာယကံရှင် မကြီးက အကြောင်းကြားရမှာလေ"

"အင်း ... မင်းအစ်မက ဘယ်လိုမှန်းကို မပြောတတ်ပါဘူးကွယ်၊ ကိုယ့်သမီးပေမဲ့ ကိုယ် ရှင်းရှင်းဝန်ခံရရင် သူ့စိတ်ထဲ အန်တီတို့ကို သူ ကူညီရ ထောက်ပံ့ရမဲ့ အနေအထားထင်လို့ မဆက်သွယ်တာ သေချာပါတယ်၊ ခုလို မောင်နှောင်နေဦး ကိစ္စ ပေါ်မလာရင်လည်း သူဟာ နိုင်ငံခြားမှာပဲ အပြီးနေလိုက်ပြီး ဒီကို ပြန်ကို မလာတော့မှာ သေချာတယ်၊ မသွားခင်ကတည်းက ဒီလိုပဲ ကြုံးဝါးသွားတာပါ ..."

အခုတော့ သူ့ပုံစံက သူ့ဘဝသူ့အဖြစ်ကို မကျေနပ်နေတဲ့ပုံမျိုး ဖြစ်နေတာ၊ အန်တီ့မှာသာ မြေးမလေးကို တွေ့ချင်လို့ တမေးမေး၊ သူကတော့ ကလေးလည်း စကားထဲ သိပ်အရေးထားပြီး မပြောပါဘူး၊ မှုယာဟာ မွေးကတည်းကိုက ဖိဇက မိသားစုနဲ့ သီးသီးခြားခြား ကွဲကွဲပြားပြား ဆိုးလာတာ ပျိုရဲ့၊ အန်တီနဲ့ သူ့အဖေက





သားဦးသမီးလေးလေ ဆိုပြီး ကိုယ် အငေက်ခံပြီး သူ့ကို ပံ့ပိုးဖြည့်ဆည်းခဲ့ရတာ၊ သားတွေလည်း သူ့အစ်မနဲ့ ယှဉ်ရင် အနစ်နာခံခဲ့ရပါတယ်၊ ဒါပေမဲ့ သူက ကိုယ့်မိသားစုကို ငဲ့ကြည့်ဖို့ နည်းနည်းမှ အသိစိတ်မရှိခဲ့ဘူး"

ပျိုသည် သက်ပြင်းကြီးသာ ခပ်လေးလေး ချရသည်။

"သူ သူ့ယောက်ျားမနဲ့ရော အဆင်ပြေရဲ့လားကွယ်၊ သူ့ပုံစံကြောင့် မေးရတာပါ"

"အန်တီဆင့်က သဘောထားကြီးပါတယ် အန်ထီ၊ မှုယာကိုလည်း လောလောလတ်လတ် မုဆိုးမလေး ဖြစ်ထားရှာတဲ့ ချွေးမဆိုပြီး အရိပ်တကြည့်ကြည့်ပါပဲ၊ လိုက်လျောဆက်ဆံပါတယ်"

"အင်း ... သူ့စိမ်းတွေ ကြားမှာ ဘယ်လိုများ အချိုးမပြေလုပ်နေဦးမလဲ မသိဘူး၊ အမေအပေါ်တောင် နားလည်မှုမရှိတာ ယောက်ျားအပေါ်ဆိုရင် ပိုတောင်ဆိုးမှာပဲ၊ သူတစ်ပါးနဲ့ လိုက်လျောညီထွေ ကိုယ့်ဘက်က လျှော့တန်တာလျှော့ပေါင်းတယ်ဆိုတာမျိုး သူ့ရာဇဝင်မှာ မရှိဘူး၊ ရင်လေးမိပါရဲ့ ပျိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရယ် ... သူ့ဟာနဲ့သူတော့လည်း အဆင်ပြေသွား ဖြစ်သွားပါလိမ့်မယ်၊ ကဲ ... အန်တီ့ဆံထုံးလည်း ပြီးပြီ၊ အန်တီ ကြိုက်ရဲ့လား ကြည့်ပါဦး"

"သိပ်ကောင်းတာပဲ သမီးရယ်၊ တကယ်ပဲ"

"မေမေ ရုပ်တောင်ပြောင်းသွားပြီ ... ဟား ဟား၊ မမက တော်တယ်ဗျာ"

ပျိုသည် သားထွေးကိုလည်း ပြုံးပြီး ကြည့်လိုက်မိသည်။ သူတို့ သားအမိကို စိတ်ထဲမှာ ပိုပြီး ရင်းနှီးကျွမ်းဝင်သွားသလိုပင်။ ဆွေမျိုးရင်းချာတွေအလား စိတ်မှာ ဖြစ်မိပါသည်။ မမှုယာကိုတော့ အစကတည်းက အံ့အားတသင့် မနှစ်မြို့ ရှိရခြင်းမှာ ရင်မောစိတ်ပျက်ခြင်း ထပ်တိုးလျက် ခပ်လန့်လန့်ကြီး ဖြစ်နေမိတော့သည်။



## ၉

ညဘက်မှာ မိငွေ မီးပူတိုက်ပြီးလျှင် မီးပူတိုက်သည့်စားပွဲပေါ်မှာပင် သူ့အဝတ် ကိုယ့်အဝတ် တစ်ပုံစီခွဲ၍ ပုံထားပေးတတ်ပါသည်။ နောက်တစ်နေ့ကျမှ ဒေါ်မှုန်အားရင် ဒေါ်မှုန်၊ မိငွေအားရင် မိငွေ အခန်းကိုယ်စီကို အဝတ်တွေ လိုက်ထည့်ပေးတတ်ပါသည်။ ဒါတောင် ဗီရိုထဲ ထည့်ပေးရတာမဟုတ်ပါ။ အဝတ်စင်ရဲ့ ခါးလည်တန်းကလေးတွေပေါ် အပုံလိုက် တင်ပေးသွားတတ်တာမျိုးပင်။

ညီညဦးသည် သူ့အဝတ်ထပ်ကို ကိုင်၍ ဟစိစိ အခန်းတံခါးကို တွန်းဖွင့်ဝင်လာသော မမှုယာကို စိတ်တိုမိသည်။ နေ့ကလည်းတစ်ခါ။ မနေ့ကတော့ 'ရတယ် မမှုယာ၊ မိငွေတို့ သိမ်းပေးလိမ့်မယ်'လို့ပဲ ကောင်းကောင်းပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြော် ... တို့ အဝတ်တွေလည်း သိမ်းရင်းနဲ့ပါ"

သူကလည်း ပြေပြစ်တဲ့ ဆင်ခြေနှင့်။ ဗီရိုကို ဖွင့်မလို့လုပ်နေ၍ ...

"ရပြီ၊ အဲဒီမှာပဲ တင်ထား မမူယာ" ... ဟု ပြောရသည်။

မနေ့က အဲသလို ဝင်လာတာမို့ ဒီနေ့တော့ အခန်းတံခါးကို ပိတ်ထားမည်လို့ ကြံပါသော်လည်း ဘယ်တော့မှ အခန်းကို လော့ခ်ချလေ့ မရှိတဲ့ ညီညဦးက မေ့လျော့နေခဲ့မိသည်။ အိမ်မှာ လူသူစိမ်းလည်းမရှိ၊ အလုပ်သမားတွေလည်း စိတ်ချရ၊ မေမေပင်လျှင် သူ့အခန်းတံခါးကို ပိတ်လေ့မရှိ။ လိုအပ်မှ လ... စရာရှိမှ သော့နိပ်ပိတ်သည်။ စေ့ပိတ်ထားတာပင် ရှားပါသည်။

ညီညဦး မှန်ရှေ့မှာ မုတ်ဆိတ်ရိတ်နေရင်းမှ ...

"အာ ... မမူယာ ... ယူလာပြန်ပြီ၊ ကျွန်တော့်အဝတ်တွေ ယူယူမလာပါနဲ့၊ သူ့ဟာသူ ထားလိုက်ပါဆိုတာ"

"တို့ ယူလာသိမ်းပေးလည်း ဘာဖြစ်သေးလဲ"

ဒီနေ့တော့ မတားမိခင် ဗီရိုတံခါးကို ဝုန်း... ဆွဲဖွင့်လိုက်ပါသည်။





"အာ ... ဗီရိုထဲ မထည့်နဲ့၊ ကျွန်တော်က ကျွန်တော့်ဗီရိုထဲ သူများခြေရာလက်ရာ မကြိုက်ဘူး၊ ကိုယ့်အမှတ်အသားနဲ့ ကိုယ် ထားတာ၊ မမူယာ ဟိုပေါ်ထားခဲ့"

"ရပါတယ်ကွာ"

မူယာက ပုဆိုးကော်၊ စပို့ရှပ်ထပ် ရွေးချယ်ပုံထပ်နေ...ဘာ ဘာမှ အရေးမကြီးသလိုဆိုသည်။ မလုပ်ပါနဲ့ဆိုတာကို သူ့...သဘောနဲ့ လုပ်ဖြစ်အောင် လုပ်နေတော့တာပင်။ ညီညဦး...ည် သူ့ရှေ့က မှန်ချပ်ထဲမှ တစ်ဆင့် မမူယာကို မျက်မှောင်...တ်ကာ လှမ်းကြည့်လိုက်မိသည်။ မိန်းမဆန်ဆန် မျက်ခောင်း...ကြီးတောင် ထိုးလိုက်ချင်စိတ်ပေါက်လာသည်။ ဘယ်လို ဇွတ်တ...တ်မ,ကြီးမှန်း မသိပါဘူး။

"ညီညဦ ဒီရှပ်လက်ရှည် ဒေါနုစိမ်းလေး ဒီနေ့ ဝတ်လိုက်ပါလား"

ဗီရိုထဲက ချိတ်နှင့် ချိတ်ဆွဲထားသည့် အဝတ်တွေ...က ဆွဲထုတ်ယူလိုက်ကာ ညီညဦးကို လှမ်းပြရင်း ခုတင်ပေါ်သို့...တ်,ချိတ်လျက်သား အကျီကို လာတင်သည်။

"ကဲ ... မမူယာ ကျွန်တော် တံခါးပိတ်မလို့ တွက်ဦး"

"ဘာလုပ်ဖို့ တံခါးပိတ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ကျွန်တော့်အခန်းထဲဟိုလူဝင် ဒီလူဝင် မကြိုက် ဘူးဗျ၊ ကိုယ့်ဟာတွေ ခြေရာလက်ရာပျက်တယ်"

"ခြေရာလက်ရာ ပျက်ရအောင် တို့က ဘာတွေ လျှောက်ကိုင် နေလို့လဲ ... ဟင်း ဟင်း ဟင်း၊ ပုဆိုး ဝတ်မလာ ဘောင်းဘီဝတ်မလား"

"မမှုယာ ခင်ဗျား ဘာဖြစ်လို့ လူတစ်ဖက်သားကို စိတ်ရှုပ် အောင် လုပ်ချင်ရတာလဲ"

"ညီညက ဘာတွေ စိတ်ရှုပ်နေလဲ"

"ကျွန်တော့်အခန်းထဲ ဝင်တာ ထွက်တာ၊ အကျီတွေ ယူလာတာ၊ ဟိုဟာကိုင် ဒီဟာကြည့်၊ ထုတ်ပေးဖြူ ဒါတွေ လုပ်တာ ကျွန်တော်မှ မကြိုက်တာ၊ မကြိုက်တာ သိရင် အားနာပြီး မလုပ်ဘဲ ရှောင်သင့်တာပေါ့၊ ကဲဗျာ ထွက်ပါဗျာ၊ တံခါးပိတ်လိုက်တော့မယ်"

ညီညဦးသည် မမှုယာဘက် တည့်တည့်လှည့် ရင်ဆိုင်လိုက်သည်။ မဟုတ်တော့ဘူး။ ဒီမိန်းမတော့ မဟုတ်သေး ဘူး။ ညီညဦးဟာ အထုံအအ မဟုတ်။ အခြေအနေတွေ ဘယ် ဦးတည်ရည်ရွယ်နေသလဲ ဆိုတာ စိတ်ပျက်လက်ပျက် ရိပ်မိ





သည်။ စိတ်ပျက်ဖို့ကောင်းလိုက်တာကွာ။ ဘာဖြစ်လို့ အဲဒီလို နေရတာလဲ။ သေားလူတွေ မမှုယာရဲ့ အပြုအမူ အမူအရာတွေကို မိရင် ရှက်ဖို့ကောင်းလိုက်တာ။

"လုပ်ပေးချင်လို့ လုပ်ပေးတာပဲ ဘာဖြစ်လဲ၊ သိပ်အသည်း မပိုစမ်းပါနဲ့ ညီညရယ်၊ သူစိမ်းကြီးတွေမို့လို့လား"

"ကဲ ... မမှုယာ ... ကျွန်တော် ရှင်းရှင်းပဲ ပြောမယ်၊ မမှုရာက ရင်းနှီးခင်မင်မှုနဲ့ လုပ်ပေးဦး၊ သူများတွေ အမြင် မတင့်တယ်ဘူး၊ လူပြောခံရမယ်၊ မမှုယာလည်း နစ်နာမယ်၊ အထင်သွဲခံရင် ရှက်ဖို့လည်းကောင်းတယ်၊ ကျွန်တော့်အခန်းဆိုတာ မမှုယာ ဝင်သင့်တဲ့အခန်း မဟုတ်ဘူး"

"တို့ အဲဒါ သဘောမပေါက်ဘူး"

"ဟွှတ် ..."

ထိုစဉ်တုန်းမှာ အိန်ဂျယ်လ်လေးက ညီညရဲ့ အခန်း တဘုတ်ဘုတ် ပြေးဝင်လာပါသည်။ သူ့အမေနား ကပ်ရပ် သူ့အမေကို တစ်လှည့် ညီညထံတစ်လှည့် မော့ကြည့်နေပြီးမှ စပ်နှင့် ညီညဘက်လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ"

"ဟင် ..."

ညီညသည် ခေါင်းတစ်ခုလုံး ပူပြီး ကြီးထွား... သလို မျက်စိတွေတောင် ပြာသွားသလို ခံစားလိုက်ရပြီး ... ပြင်လည်း နီရဲသွားရပါသည်။

"အိန်ဂျယ်လ်၊ ဘယ်လိုတွေ လျှောက်ခေါ်နေတာလဲ ... ဒက်ဒီလဲ"

ခပ်ဆောင့်ဆောင့် မာန်လိုက်မိ၍ အိန်ဂျယ့်လ် ... နှာက ငယ်သွားသည်။

"ကလေးပဲ ညီည၊ ထင်ရာမြင်ရာ ပြောတာ ဘာဖြစ်... ဒီလောက် နာစရာမရှိပါဘူး"

"ဘာလို့ မရှိရမှာလဲ၊ သူများကြားရင် ဘာပြောမလဲ ... ကလေးက သူ့ဟာသူ တတ်တာလည်း မဖြစ်နိုင်ပါ... တောက်လျှောက် ဦးဦးညပဲ ခေါ်လာတာ၊ ဒီအခေါ်အဝေါ်... သူ့ပါးစပ်ထဲ ဘယ်လိုလုပ် ရောက်ရတာလဲ၊ ဟင်း ... အိန်ဂျယ်လ်"

ညီညဦးက မျက်နှာထန်ထန်နှင့် အိန်ဂျယ်လ့်အာ... ခပ်မာန်မာန် လှည့်၍ ကြိမ်းလိုက်ပြန်၍ ...





"ဒီအခေါ်အဝေါက တို့ပဲ သင်ပေးလိုက်တာ"

"ဟာ ... ခင်ဗျား ... မမှူယာ ... ကျွတ်"

မှူယာက ဘာမှ အရေးမကြီးသလို ခပ်အေးအေး။

"ကလေးက ဒက်ဒီ ခေါ်စရာမရှိ၊ အားငယ်နေတာ၊ ခေါ်ချင်နေတာ၊ အဲဒါကြောင့် မင်း ဦးဦးညကို ခေါ်လို့ သင်ပေးလိုက်တာ"

"မမှူယာ ရူးနေလား၊ ဒုက္ခပဲ၊ ခုတလောကို ဘယ်လို ဖြစ်နေလဲ မသိဘူး၊ လူကြား ကောင်းတာတွေ ကလေးကို လျှောက်သင်မနေပါနဲ့၊ ကဲ ... ကဲ ... ထွက် ထွက်၊ သား အမိနှစ်ယောက်လုံး ထွက်တော့၊ အလုပ်သွားရဦးမယ်၊ အိန်ဂျယ်လ် အခန်းထဲက သွားတော့၊ ဦးဦး မအားဘူး၊ အလုပ်များနေတယ်"

အိန်ဂျယ်လ်က ညီညဦးကို မျက်လုံးပြူးလေးနှင့် လန့်သလို ကြည့်ကာ အခန်းထဲမှ နောက်ဆုတ် နောက်ဆုတ် ထွက်သွားပါသည်။

"ကဲ ... မမှူယာလည်း ထွက်"

သူ့မျက်နှာ တကယ်အတည် မနှစ်သက်လွန်းပုံ ဖြစ် လာတော့ မမှူယာက သူ့ရဲ့ အေးစက်စက်အကြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ညီညဦးထံ ခပ်စူးစူး လှမ်းကြည့်ရင်း လက်ထဲ ကိုင်နေတဲ့ ဒေါ်နစိမ်းရောင်ရှပ်ကိုလည်း မွေ့ရာပေါ် လွှတ်ချလိုက်ပါသည်။

"တို့ကိုပါ အိန်ဂျယ့်လ်ကို နှင်ထုတ်သလိုမျိုး နှင်ထုတ်တာကတော့ ညီညီ ရိုင်းရာကျလိမ့်မယ် ထင်တယ်၊ တို့က ညီညထက် နှစ်နှစ်ကြီးပါတယ်"

"ဆောရီး၊ ကျွန်တော်လည်း အခန်းထဲ သူများရှိတာ မနေတတ်လို့ စိတ်ကျဉ်းကျပ်လို့ စိတ်တိုသွားတာပါ၊ ပြီးတော့ မမှူယာကလည်း ကလေးကို ဘာတွေ လျှောက်သင်ပေးထားမှန်းမှ မသိတာ၊ ရောပြီး ပြောမိတာ"

"အိန်ဂျယ့်လ်ကို ဒက်ဒီလို့ သင်ပေးတော့ကော ဘာဖြစ်သေးလဲ၊ တကယ်တော့ အိန်ဂျယ်လ်က ဘယ်သူ့သွေးလည်း ညီည"

သူ့ခန္ဓာကိုယ် ဝှန်းခနဲ ပေါက်ကွဲလွင့်စင်သွားသလိုတုန်ခါအခြေပျက်ကျန်ခဲ့ခိုက် မမှူယာက ခပ်အေးအေးပဲ လှည့်ထွက်သွားသည်။

✦ ○ ✦





တစ်အိမ်တည်းနေရင်း သားအမိနှစ်ယောက်တည်း စကားအေးအေးဆေးဆေး ပြောဖို့ကို ညီညဦးမှာ အတော်ရှောင်းယူနေခဲ့ရပါသည်။ ကိုယ်ကလည်း အလုပ်အများသား။ နေ့လယ်နေ့ခင်း တစ်နေကုန် အိမ်မှာရှိတဲ့သူ မဟုတ်။ မနက် အိမ်က မထွက်ခင်ဆိုရင်လည်း အိပ်ရာထ နောက်ကျတတ်တဲ့ ညီညဦးမှာ ကမန်းကတန်း ရေမိုးချိုး စားသောက်ပြီး ခပ်ဒေလာလော ထွက်သွားရသည်ချည်း။

ညနေဘက်ကျ ရောက်ချိန် မမှန်။ မမှူယာတို့ သားအမိ ရောက်ကာစ,ကတော့ အားငယ်နေမည့် အိန်ဂျယ်လ်လေးအတွက် ညီညဦးက တကူးတက စောစောပြန်လာခဲ့ပေးသည်။ အဲဒီရက်တွေက မမှူယာကလည်း စိတ်နှင့် လူနှင့် ကပ်ပုံမရဘဲ ကိုယ့်သမီးကိုယ်လည်း တယုတယ အချိန်ပေး ဂရုစိုက်နေခြင်းမျိုး မရှိလေ။ အဘွားဖြစ်သူနှင့် ညီညဦးပဲ အိန်ဂျယ့်လ်ကို ဆေးမဂရုစိုက်ရသည်။ အဖော် လုပ်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဂျယ်လ်ကလည်း အိမ်မှာနေရင်း သူ့ကို ပုံပြော သူနှင့် ကာတွန်းကား အတူကြည့်တာလောက်သာ လုပ်ပေးနိုင်သည့် အဘွားထက်စာလျှင် ညီညဦးကိုတော့ အပြင်ခေါ် လည်ပတ်ပေးတာ၊ မုန့်လိုက်ကျွေးတာ၊ အရုပ် လိုက်ဝယ်ပေးတာတို့တွေကြောင့် ပိုပြီး တကပ်ကပ် ရှိသူပါ။

ခုနောက်ပိုင်းတော့ မမှုယာလည်း ကားတစ်စီးနှင့် ဟိုဟိုဒီဒီ ထွက်နေပြီ။ သမီးကို တစ်ခါတစ်ရံ ဟိုဒီ ခေါ်သွားတတ်ပြီ။ ညီညဦးကလည်း အလုပ်များနေတာနှင့် တမင်တကာ စောပြန်တာမျိုး မလုပ်ဖြစ်တော့။ ညနေ အိမ်ပြန်နောက်ကျသည်။ ညအိပ်ရာမဝင်ခင် အချိန်အတွင်း မမှုယာက ညီညဦးနှင့် တကပ်ကပ် လုပ်တတ်ကာ စကားရော ဖွဲ့ရော အရောဝင်နေတတ်သည်။

မေမေနှင့် ညီညဦး နီးကပ်လျှင် သူလည်း အနားလာလိုက်၍ ညီညဦးမှာ မေမေ့ကို စကား လွတ်လွတ်လပ်လပ် ပြောလို့တောင် မရဘဲ ဖြစ်နေတာပါ။ တဖြည်းဖြည်းနဲ့ မေမေ့ကို မပြောမဖြစ် တစ်ခုခုပြောရတော့မည်ဆိုတာ ညီညဦး ဆုံးဖြတ်ထားပြီးပြီ။ သူ့အလစ်စောင့်နေလို့တော့ ဖြစ်တော့ပြီ။





ထို့ကြောင့် တစ်ရက်မှာတော့ ညီညဦးဟာ နေ့လယ်ကြီး တကူးတက အိမ်ပြန်ချလာပါသည်။ နေ့လယ်တွေကျ မမှုယာ အိမ်မကပ်ဘဲ ထွက်လည် ဝယ်ခြမ်းနေတတ်၍ တမင်တကာ နေ့လယ်တစ်ခေါက် ပြန်ရတာပင်။ ညီညဦး ပြန်လာတာမြင်လျှင် မေမေ့မှာ အံ့ဩနေပါသေးသည်။

"သား ဘာဖြစ်လို့လဲ၊ ဘာကိစ္စ ကူးလို့လဲ"

ညီညဦးရဲ့ တစ်မျိုးကြီးသော မျက်နှာကို မြင်ကာလည်း ပူပူပင်ပင်မေးပါသည်။

"ဘာမှ မဖြစ်ဘူး မေမေ၊ မေမေနဲ့ အေးအေးဆေးဆေး စကားပြောချင်တာ ပြောခွင့်ကိုမရလို့ တမင် နေ့လယ်ပြန်လာတာ၊ ခုစာလော နေ့လယ်ဆို မမှုယာ အပြင်ထွက်နေတာသိထားလို့ ကျွန်တော်တို့မှာ သားအမိ လွတ်လွတ်လပ်လပ် စကားပြောဖို့အရေး သူ့အလစ် ခိုးချောင်းနေရသလို ဖြစ်နေပြီ"

ဒေါ်ဆင့်ဆင့်သွယ်မှာ သက်ပြင်းချလျက် ...

"အေး ... မေမေလည်း သားနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာပဲ၊ ပြောမယ်ကြံရင် သားအနားမှာ



www.burmeseclassic.com

www.burmeseclassic.com



သူက ရှိနေ၊ တစ်ယောက်တည်း ခေါ်ပြီး အခန်းတံခါးပိတ် ပြောဖို့ကလည်း မကောင်းတတ်တော့"

သားအမိနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် နားလည်စွာ ကြည့်မိလျက် ညီညီဦးက စ,ကာ ...

"ကဲ ... မေမေ အရင်ပြော"

ညီညီဦး ရောက်အလာ မေမေက လှေကားမှ ဆင်းလာရင်း လှေကားတစ်ဝက်မှာ ဆုံကြတာမို့ ညီညီဦးက မေမေ့ပခုံးကို ဖက်ကာ အပေါ်ထပ်ဆီ ဖြည်းဖြည်းပြန်တက်လာကြပါသည်။ မေမေ့ အိပ်ခန်းထဲပဲ မတိုင်ပင်ဘဲ အတူလှမ်းဝင်လာမိကြရင်း ...

"ပြောရရင် သားရယ်၊ အရင်းမရှိ အဖျားမရှိပဲပြောပြော၊ မေမေ့ မျက်စိထဲ ခုတလော သားနဲ့ မှုယာ့ကို ကြည့်ရတာ တစ်မျိုးကြီးပဲ ဖြစ်နေတယ်၊ ဘာကို သဘောမကျမှန်းမသိ သဘောမကျစရာကြီး ဖြစ်နေတယ်"

"မေမေပြောတာ သဘောပေါက်ပြီ"

"သားကိုလည်း ပြစ်တင်ပြောဆိုချင်တာ မဟုတ်ဘူး၊ မြင်သလောက်က မှုယာက တကပ်ကပ် လုပ်နေသလိုပဲ၊ သူ





ရောက်စကတော့ သူ့ဟာသူ အခန်းထဲ အောင်းနေတာ၊ တသီးတခြား နေနေတာပဲ တွေ့ရတယ် မဟုတ်လား၊ နောက်ပိုင်းမှ သူလည်း စကားလေးဘာလေးပြော အရောတဝင် ဖြစ်လာဟာကို မေမေ့ဈာက် တစ်မျိုးကြီး မြင်မိတာလည်း ဖြစ်ကောင်းဖြစ်မယ်"

"မေမေ တစ်မျိုးမြင်နေတာကို မဟုတ်ဘူး၊ ကျွန်တော် ပြောမှာလည်း ဒီအကြောင်းပဲ မေမေ"

"သား ဘာပြောချင်တာလဲ"

ဒေါ်ဆင့်ဆင့်သွယ်က အလန့်တကြားပင် ဖြစ်သွားပါသည်။

"မမှုယာ ခုတလော ကျွန်တော့်ကို အရောဝင်လွန်းအားကြီးတာလေ၊ အခန်းထဲ ဝင်ဝင်လာတာလည်း ကျွန်တော် မကြိုက်ဘူး၊ ဒါကြောင့် တစ်ပတ်လောက် ရှိပြီ၊ အခန်းထဲမှာ ကျွန်တော်ရှိရင် တံခါးကိုပိတ်ပြီး သော့ချထားပစ်လိုက်တယ်"

"အင်း ... သားအခန်းကို သော့ချချထားတာ သိပါတယ်၊ မေမေလည်း သားကို စကားပြောချင်စိတ်နဲ့ အခန်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



ကို လာလာဖွင့်ကြည့်တာ နှစ်ခါရှိပြီ။ သော့ချထားလို့ ဆက်မခေါ်ဘဲ အနှောင့်အယှက် မပေးချင်တာနဲ့ ပြန်လှည့်သွားတာ၊ အဲဒါ သူ ဘယ်လို ဖြစ်နေတာလဲ"

"မေမေ မြင်မှာပေါ့၊ ထမင်းဝိုင်းမှာလည်း ကျွန်တော့်ကို လိုတာထက်ပိုပြီး ဂရုစိုက်ပြနေတယ်"

"အင်း ... မေမေတင်မကပါဘူး၊ မမှုန်တို့တောင် မြင်နေတာပဲ၊ မိငွေနဲ့ မမှုန်နဲ့ တစ်ယောက်ကို တစ်ယောက်လှမ်းကြည့်လိုက်ကြတာမျိုးတောင် ရှိတယ်၊ သူတို့ ရိပ်မိနေလို့ပေါ့"

ညီညီဦး မျက်နှာက နီမြန်းနေသည်။

"ရှက်စရာကောင်းတာပေါ့ မေမေ၊ဟိုတစ်နေ့က မေဒွေးသူငယ်ချင်း အန်တီနွဲ့ လာလည်တော့လည်း ကျွန်တော်က အန်တီနွဲ့ အမျိုးသားနဲ့ အလုပ်ကိစ္စ စကားပြောချင် မေးချင်တာလေးရှိလို့ အန်တီနွဲ့ကို ခဏထိုင်စကားပြောနေတုန်း သူက ကျွန်တော့်အား ကပ်ရက် ဆက်ဝင်ကို လာထိုင်တယ်"

"အင်း ..."

ဒေါ်ဆင့်ဆင့်သွယ်က သက်ပြင်းကြီးချလိုက်သည်။





"ဝင်ထိုင်တဲ့အခြင် ကိုယ်ကို ဒီဘက် ယိုင်ထားသေးတယ်၊ မမှုယာ ဒီလိုလာထိုင်မှ ကျွန်တော်က ဝုန်းခနဲ ထ,သွားရင်လည်း မကောင်းတတ်၊ စကားကလည်း မပြတ်သေး၊ ဆက်ထိုင်နေလိုက်ရပြန်တော့လည်း ကျွန်တော်တို့နှစ်ယောက် ထိုင်နေပုံက ရိုးရိုးကပ်ထိုင်နေတာထက်တောင် ဆိုးတယ်၊ သူက ဒီဘက်ကို ယိုင်၊ ကြားထဲက လက်တင်ပေါ် လက်ထောက်ပြီး ကျွန်တော် စကားပြောရင်တောင် ကျွန်တော့် မျက်နှာကို ငေးစိုက်ကြည့်နေတာ မျက်တောင်မခတ်တဲ့ပုံနဲ့"

"အင်း ... မေမေ မြင်ပါတယ် သားရယ်"

"ပိုဆိုးလာတာက ရုံးကို နှစ်ကြိမ် ရှိပြီ၊ လိုက်လာတယ်"

"ဟင် ... ဘာလာလုပ်တာလဲ"

"ဘာလုပ်စရာရှိလို့လဲ၊ မြို့ထဲလာရင်း ဝင်လာတာဆိုပြီး ရုံးခန်းထဲ ဝင်ထိုင်ပြီး ဟိုစကားပြော၊ ဒီစကားပြောပေါ့၊ ကျွန်တော့် ရုံးခန်းကလည်း တံခါးပိတ်ထားတာ၊ အပြင်ကနေ အထဲကို မမြင်နိုင်ဘူး၊ ကျွန်တော် အလုပ်ရှုပ်နေတယ်၊ ညှော်မခံအားဘူး ပြန်ပါလို့ ပြောင်ပြောင်ပြောလွှတ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ကော"

"စိတ်ဆိုးတဲ့စိတ်ကောက်တဲ့ ပုံမျိုးနဲ့ ဆောင့်အောင့်အောင့် ထွက်သွားတာပေါ့"

"အင်း ... တယ်ခက်ပါလားကွယ်၊ ဒီမိန်းကလေး ဘယ်လို များဖြစ်နေပါလိမ့်၊ အင်း ... ငါ့သားကြီး ... ငါ့သားကြီး အသေစောလေခြင်း"

မေမေသည် သူ့သားကြီးကို ရုတ်တရက် သတိရ လွမ်းဆွတ်ကာ ငိုချလိုက်ပါသည်။ ညီညဦးလည်း ခေါင်းတွေ ရှုပ်လာပြီး မေမေ့ကိုလည်း မချော့မော့နိုင်။

"အဲဒါအပြင် သူက အခု အိန်ဂျယ့်လ်ကို သင်ထားတယ်၊ ကျွန်တော့်ကို ဒက်ဒီလို့ ခေါ်ဖို့"

"ဘုရား ... ဘုရား ... ဒီမိန်းကလေး တယ်ထင်ရာလုပ် ပါလား၊ သူ သင်ထားတာကော ဟုတ်ပါ့မလား သားရယ်"

"ဩော် ... သူကိုယ်တိုင် ဖွင့်ပြောတာပါ မေမေရယ်၊ သူ သင်ထားတာတဲ့၊ အိန်ဂျယ်လ်က အားငယ်နေတယ်၊ အထီး ကျန်နေတယ်၊ ဒက်ဒီ ခေါ်စရာမရှိ ဖြစ်နေတယ်တဲ့၊ ဒါကြောင့် ကျွန်တော်က မသင်ပါနဲ့၊ ဘယ်သင့်တော်မလဲ လို့ ပြောတော့ သူ ဘာပြောတယ် ထင်သလဲ မေမေ"





"ဘာတဲ့လဲ"

"အိန်ဂျယ်လ်က ဘယ်သူ့သွေးလဲ ... တဲ့"

ဒေါ်ဆင့်ဆင့်သွယ်သည် ဘုရား ... ဘုရားမင် တာ,နိုင်တော့ဘဲ ငြိမ်ငြိမ်သက်သက်ကြီး ကြက်သေသေနေပါသည်။ ျက်လုံးကျယ်များနှင့် ညီညဦးကို စိုက်ကြည့်ကာ ဘျဉ်းထဲကျပ် ဲကျသော စိတ်ပျက်လက်ပျက် ခေါင်းပူလှတဲ့ မျက်နှာပျက်ပျက် နှင့်သာ ငိုင်စိုက်နေပါသည်။

"မေမေ"

"....."

"မေမေ ဒါဟာ မကြာခင် ကြီးမားတဲ့ ပြဿနာ ဖြစ်လာ လိမ့်မယ်၊ သူ့ကို မညှာမတာစတမ်း ရုက်ရုက်နဲ့ ပြောရရင် မမှုယာ ကျွန်တော့်ကို စိတ်ကူးချိန်ရွယ်နေပြီ၊ ဒီအဖြစ်ကို ကျွန်တော်တို့ ကိစ္စဖြတ်ပစ်ရမယ်"

ညီညဦးသည် စာရေးစားပွဲခွန်းမှာ မေးထိုင်နေရာမှ ခန်းထဲမှာ လမ်းထဲလျှောက်နေမိသည်။ ဟိုဘက်လျှောက်လိုက်၊ ဘက်လျှောက်လိုက်၊ ဂနာမငြိမ် ဖြစ်နေပါသည်။

"သား ... ဘယ်လိုကိစ္စ ဖြတ်လို့ရမယ် ထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်လို စိတ်ကူးစိတ်ကူး၊ ဖွတ်တရွတ်တော့ ဘယ်လုပ်လို့ရမလဲ မမေ၊ ကျွန်တော်က အရုပ်မှ မဟုတ်ဘဲ ယောကျ်ားတစ်ယောက်ပဲ၊ ပြီးတော့ ချစ်သူရှိတဲ့ ယောကျ်ားတစ်ယောက်၊ ဒီတော့ သူ ဘာကိုမှတော့ အတင်းအကျပ် မလုပ်နိုင်ပါဘူး၊ ဒါပေမဲ့ မမေနဲ့ ကျွန်တော့်ရဲ့ အားနည်းချက်က အိန်ဂျယ့်လ်ကို သိပ်ချစ်ကြတယ်၊ မမေက တစ်ဦးတည်းသောမြေးအဖြစ် ချစ်တယ်၊ ကျွန်တော်ကတော့ သာမန် ကိုယ့်တူမလေးတစ်ယောက် ဆိုတာထက်ကို အိန်ဂျယ့်လ်ကို ပိုချစ်မိပါတယ်"

ဒေါ်ဆင့်ဆင့်သွယ် ငြိမ်ဆေးနေပါသည်။

"ကျွန်တော် စိတ်ကူးတာကတော့ သူနဲ့ ကျွန်တော်တို့ ဝေးဝေးနေရင် ကောင်းမယ်၊ အိမ်မှာ ဆက်ထားမဲ့အစား တခြားတစ်နေရာရာ၊ သူ့အမေအိမ်လည်း ရှိတာပဲ မမေ၊ သူ့အမေဆီကို အမှန်ဆို ပြန်နေသင့်တယ် မဟုတ်လား"

"သူတို့ကလည်း မတည့်ကြဘူးဆိုလား"

"သူ အလကားအပိုတွေ လျှောက်ပြောနေတာ၊ သူ လုပ်ချင်တာတွေ လုပ်လို့ရအောင် အမေနဲ့ သိပ်မခေါ်သလို လုပ်





နေတာ၊ ဒါဟာလည်း သူ့ဘက်ကပဲ၊ သူ့အမေဟာ ဖျို လေးရဲ့ အိမ်ရှင်ဆိုတာလည်း သူ မပြောဘူး၊ ဖျိုလေး ပြောမှ သိရတယ်၊ သူ အခု သူ့အမေအိမ်ကို ဝင်ထွက်နေတာ ပဲ၊ ခဏခဏ ရောက်တာပဲ၊ မတည့်ဘူး မဟုတ်ပါဘူး ...

သူ့အမေကလည်း အတင်းအကျပ် အမွေတောင်း တုန်းက စိတ်မကောင်းဖြစ်တာ ရှိမှာပေါ့၊ ဒါပေမဲ့ အခု အေးအေးချမ်းချမ်းပဲ၊ သူ့အမေက စိတ်ကောင်းရှိရှိ အမျိုး သမီးကြီးတစ်ယောက်ပဲလို့ ဖျို ပြောတယ်"

ဒေါ်ဆင့်ဆင့်သွယ်က သက်ပြင်းတစ်ရှိုက်နှင့် ...

"သူ့ကို မမေတို့က ညည်းအမေအိမ် ညည်းသွားနေရင် ကောင်းမယ်လို့ ဘယ်လိုလုပ် ပြောမလဲ သား၊ တကယ်က သူ့ဘာသာသူ သွားရမှာ၊ အမေနဲ့ ပြန်နေမယ်လို့ သူ့ဟာသူ ဆုံးဖြတ်သင့်တာ၊ ဒီအိမ်ဟာ ယောက္ခမအိမ်ဆိုပေမဲ့ မတ် လူပျိုရှိနေတော့ မသင့်တော်ဘူးလို့ သူ့ဟာသူ တွေးမိရမှာ"

"မမေ သူ့ကို နည်းနည်းဆွေးနွေးကြည့်ပါဦးလား"

"မှုယာ့အကြောင်း သား သိသားနဲ့၊ သူ ဆန္ဒမရှိတာတစ်ခု ကို မမေ တိုက်တွန်းလို့များ သူက သွားမယ်လုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်သလား၊ စကားအဖတ်တင်ရုံအပြင် သူကတော့ ... အမေအိမ် သွားလိမ့်မယ် မထင်ပါဘူး သားရယ်၊ အမေ... အတူသွားနေချင်တာဖြစ်ဖွဲ့ သူ့ဟာသူ စောစောကတည်း... သွားရောပေါ့”

“အမေနဲ့ကျတော့ လုပ်ချင်တာလုပ်လို့မရ၊ နေချင်တိုင်း... နေလို့မရ၊ သူ မလွတ်လပ်တော့မှာ စိုးလို့ဖြစ်မှာပဲ၊ ယောက္ခ... နဲ့ဆိုတော့ ဘာပဲဖြစ်ဖြစ် ယောက္ခမက စကားနည်းရုံ... တော်ရုံတန်ရုံ ဘာမှ မပြောမှာ မဟုတ်ဘူးမို့လား၊ ထင်သ... နေလို့ရတာပေါ့”

“သား ဘယ်လိုလုပ်ချင်လို့လဲဟင်၊ သူ့အမေဆီ ပြန်နေ... မေမေ့ကို ပြောစေချင်တာလား”

“အမှန်တကယ်တော့ ပြောစေချင်တာပဲ မေမေ၊ ဒါပေ... မေမေ့အနေနဲ့ ပြောလို့မကောင်းတာလည်း အမှန်ပဲ၊ ဘယ်... လုပ်ရင် ကောင်းမှန်းကို မသိပါဘူး မေမေရာ”

ညီညဦးသည် လည်ကုပ်ကို ကုပ်ကာ အတွေးနယ်ချဲ့ နေမိသည်။ မမူယာ သူ့အပေါ် ဘာကြောင့် ဒီလိုဖြစ်ရသလဲ ယောကျ်ားသေပြီး မသိစိတ်က အားငယ်အားကိုးရာမဲ့ကာ အနီးဆုံး...





...ကို ဖမ်းပြီး အားကိုးလိုစိတ် ပေါက်သွားတာမျိုးလား။ မှုမှန်မှ ...တော်ပါ့မလား။

ကိုနေ ဆုံးတာမှ လပိုင်းပဲ ရှိသေးတဲ့ အချိန်မျိုး ...ကာက်မှာ သူ့ စိတ်ကစားနိုင်တယ်ဆိုရင်တော့ အတော်ကြောက် ...ကောင်းသည့် မိန်းမပဲ။

“ဒီလိုဆိုရင်တော့၊ သူ့အမေကို မေမေ နည်းနည်းပါးပါး သွားပြီး ပြောဆိုကြည့်ရင်ကော”

“ဒီတိုင်း ဘာမှ မပြောဘဲ နေတာထက်စာရင်တော့ ကောင်းတာချည်းပဲ မေမေ”

“မေမေနဲ့ သူ့အမေလည်း ခမည်းခမက်သာဆိုတယ်၊ စိမ်းလိုက်ကြတာဆိုတာ၊ မင်္ဂလာဆောင်ရဲ့ နောက်ပိုင်းမှာ သေသေချာချာမှ ထပ်မတွေ့ဖြစ်ကြတော့ဘဲ၊ မေမေဖြင့် သူ့မြင်ရင် သေသေချာချာတောင်မှ မှတ်မိပါ့မလား မပြောနိုင်ဘူး”

“တစ်ခုခုတော့ စီစဉ်မှပဲ မေမေရယ်။ ဒီအတိုင်းတော့ သူ လုပ်နေပုံက ပြဿနာတစ်ခုကို မီးမွှေးဖို့ အစပျိုးနေပြီ”

“သား ... စိတ်ခိုင်နော်သား၊ မတော်တဆ ...”



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မေမေကလည်း၊ စိတ်မခိုင်စရာလား၊ 
မမှုယာကို ကိုကိုနေ ခေါ်လာတာ မြင်ကတည်းက သ
မကျလွှန်းလို့မှ၊ အစကတည်းက ကြည့်မရတဲ့ဟာ၊ ခု
ပိုင်းလေးမှာသာ ... ဩော် ... ငါ့အစ်ကိုရဲ့ ဇနီး၊ မု
လေးပါလားဆိုတဲ့ သနားတဲ့စိတ် ထားမိလို့၊ သူ့တစ်
တည်းဆိုရင်တောင် ဒီလောက်မဟုတ်ပါဘူး၊ အိန်ဂျယ်
ကိုပါ သူနဲ့ အမြဲတွဲတွက်မိလော့ ကိုယ် မဖေးမ 
ရောက်ရင် မျက်စိသူငယ်ဖြစ်ရမဲ့ သားအမိခိုပြီး ဂ
သက်တဲ့စိတ်ပေါက်မိလို့ ခုလောက် ပြောပြောဆိုဆို 
တာပါ ...

ရှေ့ဆက် အရောဝင်လို့မဖြစ်ဘူး၊ မမှုယာက 
ရဲတင်းတာပဲ၊ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်
ကြာရင် ဘေးပတ်ဝန်းကျင်က လူတွေက ကဲ့ရဲ့
လာမယ်၊ တစ်မျိုးထင်လာမယ်၊ အတင်းပြောလာ
မေမေ"

"အင်း ... အိန်ဂျယ်လ်လေး ဒက်ဒီ ခေါ်နေတာကို
ဘယ်လိုလုပ်ကြလဲ"





"ကလေးက သင့်တဲ့သူရှိတော့ ရဲနေတာပေါ့၊ ကလေးလေးကို ကျွန်တော်က သနားနေတော့ ဒီကိစ္စအတွက် အကြီးအကျယ် ပိတ်တော့ မဟောက်ရက်ဘူး မေမေရာ၊ မေမေပဲ အိန်ဂျယ်လ်လေးကို ချော့မော့ပြီး သင်ပေးပါတော့၊ ဒီလို မခေါ်ရဘူးဆိုတာ"

ဒေါ်ဆင့်ဆင့်သွယ်က သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်ပြီးလျှင် ...

"မေမေတို့ မှားခဲ့တယ် ထင်တယ်"

"ဘာကိုလဲ မေမေ"

"အိန်ဂျယ့်လ်ကိစ္စပေါ့ကွယ်၊ အဲဒီတုန်းက ဖေါ့ပေါ့ပါးပါးပဲ တွေးပြီး ဆုံးဖြတ်မိခဲ့ကြတယ်၊ နှစ်ကာလရှည်ကြာလာတဲ့ အခါကျတော့ ဟိုတုန်းက ကြိုတင်မတွေးမိခဲ့တဲ့ နောက်ဆက်တွဲ ပြဿနာတွေ ဝင်ရောက်လာနိုင်တယ်ဆိုတာ ကြိုမတွေးမိခဲ့ကြဘူး"

ဒေါ်ဆင့်ဆင့်သွယ်က စိတ်မကောင်း လက်မကောင်း သည်းညှုနေပါသည်။ မျက်နှာပြင်ဟာလည်း ပူပန်စိုးထိတ်ခြင်းနှင့် နွမ်းမှိုင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ခုလို ကိုကို ငယ်ငယ်ရွယ်ရွယ် စောစောစီးစီး ဆုံးသွားလိမ့်မယ်လို့လဲ ဘယ်သူက ကြိုတွေးမိပါ့မလဲ မေမေရယ်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ပျို့ကလျာ ဘယ်လောက်သိသလဲ"

"ဘာမှ မသိဘူး မေမေ၊ ကျွန်တော်။ တစ်ခါမှ ဘာမှ မပြောဖူးဘူး"

"သူ့ သိဖို့ လိုအပ်တာပေါ့ သား"

ညီညဦးက မျက်ခုံးကြီးကို စိတ်ရှုပ်လက်ရှုပ် တွန့်ထားမိရင်း ရင်ထဲ မောကျပ်ကျပ် ဖြစ်ချင်လာပါသည်။

ဒီကိစ္စဟာ ပျို့ကလျာကို ပြောပြသင့်သည့် ကိစ္စဆိုတာ မှန်သည်။ သို့သော် အရင်ကတော့ ဒီကိစ္စဟာ ထူးထူးခြားခြား အပြောင်းအလဲ တစ်ခုခု ဖြစ်လာနိုင်ကောင်းသည် မထင်ခဲ့၍ ပျို့ကို ညီညဦး ဘာမှ မပြောဖြစ်ခဲ့ခြင်းဖြစ်သည်။ ပြီးတော့ ဒီကိစ္စဟာ ပျို့နှင့် သူ တွေ့တောင်မတွေ့ဖူးကြခင် ဟိုးအစောကြီးကတည်းက ဖြစ်ခဲ့ပြီးတဲ့ အဖြစ်အပျက်တစ်ခုဖြစ်သည်။

ခုတော့ မပြောမဖြစ် ပြောရမည့် အကြောင်းတစ်ရပ် ဖြစ်ခဲ့ပြီပင်။ ကိုနေ ရှိနေသေးလျှင်တော့ ဒါကို သိရလို့လည်း





ပျို့မှာ ထူးခြားတဲ့ စိတ်ခံစားချက်အာရုံ ဖြစ်ပေါ်မလာနိုင်ဘူး ထင်သည်။

အခုတော့ ကိုနေကလည်း မရှိတော့ဘူးဆိုတော့...။

ညီညဦးသည် စိတ်ပျက်လက်ပျက် ခေါင်းတစ်ချက် ယမ်းလိုက်မိရင်း ...

"ကဲ ... မေမေ၊ ကျွန်တော် ရုံးပြန်သွားလိုက်တော့မယ်"

"အေး ... အေး၊ မေမေလည်း မူယာနဲ့ ပတ်သက်ပြီး ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားပါဦးမယ် သားရယ်"

ညီညဦး မေမေ့အခန်းထဲက ပြန်ထွက်လာခဲ့သည်။ မေမေကတော့ သူ့အခန်းထဲက သူ့ခုတင်ပေါ် ထိုင်နေလျက်ပုံစံနှင့်ပင် ကျန်ရစ်ခဲ့ပါသည်။ ညီညဦးသည် လှေကားက ဆင်းဖို့ မမူယာတို့အခန်းရှေ့ကအဖြတ် တံခါးဖွင့်ထားတဲ့ အခန်းထဲမှာ အိန်ဂျယ်လ်ကို တွေ့လိုက်ရ၍ အံ့သြသွားကာ ...

"အိန်ဂျယ်လ် သမီး မေမေနဲ့ လိုက်မသွားဘူးလား"

"မေမေနဲ့ လိုက်သွားတယ်၊ အခု ပြန်လာတာ"

"မေ... ရော"

"မေမေ အောက်ဆင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ အောက်ဆင်းသွားပြီဆိုတော့ အပေါ်ကို ကက်လာခဲ့ပြီးပြီပေါ့။ ညီညဦးသည် သူ့ခါးကို လာဖက်သော အိန္ဒိယဂျယ်လ် ဦးခေါင်းဆံပင်လေးကို ငုံ့၍ တစ်ချက်နမ်းမွှေးပြီး အောက်ထပ်ကို ဆင်းခဲ့ပါသည်။ လေကားတစ်ဝက်ရောက်သည်နှင့် ညှော်ခန်းထဲမှ တစ်ယောက်တည်း ခပ်မတ်မတ် ထိုင်နေသော မမှူယာကို ခပ်တည်တည်နှင့် တွေ့ရသည်။

ညီညဦးက ဘာမျှ မပြောဘဲ သူ့ကို ကျော်ဖြတ် လျှောက်ခဲ့၍ အိမ်ထဲမှ ထွက်ဖို့ပြင်သည်။

"ညီည"

ခေါ်သံကြောင့် ခြေလှမ်းတွေ တုံ့သွားရပါသည်။

"တို့အခေဆီမှာ တို့ သွားနေမှာ မဟုတ်ဘူး ညီည၊ ဒီမှာပဲ နေမှာ၊ အဲဒါကို သိထားဖို့ ပြောပြတာ"

သူ ကြားသွားခဲ့တယ်ပေါ့။ ချောင်းနားထောင်ခဲ့တယ်ပေါ့။ ကြားရင်လည်း ကြားပစေတော့။ ညီည သိပ်ဂရုမစိုက်ချင်တော့။ ပခုံးကို တွန့်ပြီး ...

"ခင်ဗျား သဘောပေါ့ မမှူယာ"

"ပြီးတော့ အိန္ဒိယဂျယ်လ်ဟာ မင်းရဲ့ သွေးလို့ တို့ပြောမိတာ ကတော့ မှားနေလို့လား"





ညီညဦးက တစ်ခုခု ပက်ခနဲ ပြောဖို့အလှည့် လှေကားခြေရင်းနားထိ အိန္ဒိယဂျယ်လ် ဆင်းလာနေပြီကို တွေ့လိုက်ရ၍ ပြောချင်တာကို မျိုချအောင့်အည်းလိုက်ကာ ချာခနဲ ပြန်လှည့်ထွက် ခဲ့ပါသည်။

❥ ○ ❥



www.burmeseclassic.com

www.burmeseclassic.com



၉

သားတွေးက အိန်ဂျယ်လ်ကို ချီကာ အခန်းထဲ ဝင်လာပါသည်။ အိန်ဂျယ်လ် လက်ထဲမှာ ရေခဲမုန့်တစ်ခု ဆုပ်ကိုင်ကာ စားလျက်သား။ တူဝရီးနှစ်ယောက် တခစ်ခစ် တခိခိ ရယ်မောသဘောကျ ချစ်ကြည်နေတဲ့ မြင်ကွင်းက ပျိုတို့ တူဝရီး မျက်နှာကိုပါ အပြုံးအပျော် ကူးစက်သွားစေပါသည်။

"အောက်ထပ်က ဆိုင်ထဲဝင်သွားတာ၊ မမ အပေါ်မှာ ထမင်းတက်စားနေတယ်ဆိုလို့ တက်လိုက်လာတာ၊ အောက်မှာ ဟိုဟာကိုင် ဒီဟာကိုင် အုပ်ဆောင်းအောက်ဝင် ဆံပင်ကောက်ချင်တယ် ပူဆာနဲ့ ... ဟား ... မလွယ်ဘူး"

ပျိုက ရယ်မောနေမိရင်း ...





"သားတွေးတို့ စားပြီးပြီလား"

"ကျွန်တော် ခုနကမှ ကျောင်းက ပြန်လာတာ၊ အိမ်မှာ သူတို့သားအမိ ရောက်နေတာနဲ့ သူ့ကို ခေါ်ပြီး ရေခဲမုန့် လိုက်ကျွေးတာ၊ သူတော့ ထမင်းစားပြီးပြီ၊ သူ့ဘွားဘွားက သူ့မြေးက ငါးကြော်ကြိုက်တယ်ဆိုပြီး လာမယ်မသိ မလာမယ်မသိ နေ့တိုင်း ကြော်ထားတာ၊ သူတို့မလာရင် ညကျ ကျွန်တော်က စားပစ်ရရော"

အားလုံး ရယ်မောနေရာ အိန်ဂျယ်လ်ကလည်း ရယ်နေပါသည်။

"ကလေးတွေထဲမှာ ဒီကလေးလေးလောက်ချောတာ ငါမတွေ့ဖူးဘူး၊ ရုပ်ကလေးက ဆန်းဆန်းလေးနဲ့ ချောတာ၊ အေးလေ ... သားတွေးတို့မောင်နှမကလည်း အချော၊ ညီညီဦးတို့ဘက်ကလည်း အချောတွေဆိုတော့ ကလေး အဖေတော့ မတွေ့ဖူးဘူးပေါ့"

"ကိုညနဲ့ ဆင်တူပဲ ကြီးကြီးရဲ့"

"ဟုတ်မှာပေါ့၊ ဒါကြောင့် သူလည်း မောင်ညီညီဦးနဲ့ပါ တူနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သားထွေး ထမင်းစားပါလား"

ပျို့က ထမင်းစားပွဲမှာမို့ ဖိတ်ခေါ်လိုက်သည်။

"တကယ်လား၊ ဟန်ဆောင်မခေါ်နဲ့နော်၊ ကျွန်တော်က ကြီးကြီး လက်ရာဆိုရင် အမြဲစားချင်နေတာ"

ကြီးကြီးမှာ ကျေနပ်ပြုံးနှင့် ...

"စားမှာဖြင့် ကြီးကြီး ယည့်လိုက်မယ်"

"စားမယ်နော် မမ"

"ဩော် ... စားပါဆို သားထွေးရယ်၊ တကယ်ခေါ်တာပါ"

အိန်ဂျယ်လ်က ပျို့ရဲ့ မျှားပြားလှစွာသော မွေးပွ ရုပ်တွေကို တစ်ရုပ်ပြီးတစ်ရုပ် ကောက်ကိုင်ဖက်ပွေ့ကြည့်လိုက် ပြန်ချလိုက်နှင့် အကြိုက်တွေ့နေပါသည်။

"ဟိုမှာ မမ အရုပ်တွေ ကြည့်ပြီး လိုချင်တပ်မက်တဲ့ မျက်လုံးကြီးတွေ ဖြစ်နေပြီ"

"လိုချင်တာ ယူသွားပစေပေါ့၊ ရပါကယ်"

"အိန်ဂျယ်လ် အရုပ်တွေကို ရေခဲမုန့်တွေ ပေကုန်ဦးမယ် သမီး၊ တူမမကောင်း ဦးလေးခေါင်း ဖြစ်နေဦးမယ်"

"အဲဒါ ဘာလဲ ဦးသားထွေး"





"နင် မကောင်းရင် ငါ့တာဝန် ကျနေမှာကို ပြောတာ ပေါ့"

"တူမဆိုတာက ဘာလဲ"

"ဩော် ... တူမဆိုတာက နင်က ငါ့တူမ၊ ငါက နင့် ဦးလေးလေ၊ ဘယ်လို ရှင်းပြရမှာလဲ၊ ဟိုအိမ်မှာဆိုရင် ဦးညီညဦးက နင့်ဦးလေးဒလဟာ၊ နင်က သူ့တူမ အဲလို"

"ဩော် ... ဦးလေးဆိုတာ တစ်အိမ်မှာ တစ်ယောက်ရှိတာ ပေါ့"

"မဟုတ်ဘူးလေ၊ ငါက ညည်းအမေရဲ့မောင်လေ၊ ဟိုအိမ် က လူက ညည်းအဖေရဲ့ ညီလေ၊ အဲဒါကြောင့် ဦးလေးတွေ တော်တာ"

"ဦးဦးညက ဦးလေး မဟုတ်ဘူး ဒက်ဒီ"

"ဟင် ... ဦးဦးညက ဘယ့်နှယ် ဒက်ဒီ ဖြစ်ရတာလဲ"

မေးရင်း သားထွေးက တဟားဟား ရယ်လိုက်ပါ သည်။

"မေမေက ပြောတယ်၊ ဦးဦးညက အိန်ဂျယ့်လ် ဒက်ဒီတဲ့၊ ဒက်ဒီလို့ ခေါ်ရမယ်တဲ့"



www.burmeseclassic.com

ကလေးရဲ့ စကားကြောင့် ပျိုနှင့် ကြီးကြီးမှာ တစ်ယောက်မျက်နှာတစ်ယောက် အံ့အားတသင့် တစ်မျိုးကြီး ကြည့်လိုက်မိကြပါသည်။

"အာ ... ဘာဆိုင်လို့လဲ၊ ညည်း နားကြားလွဲတာပါ၊ မှားနေပြီ အိန်ဂျယ်လ်ရဲ့"

"ဟင့်အင်း ... မမှားဘူး၊ မေမေ ပြောတာ၊ ဦးဦးညက ဦးဦးည မဟုတ်တော့ဘူး၊ ဒက်ဒီတဲ့"

သားထွေးမှာ ပျိုတို့ ဇရှ့တွင် သူ့အစ်မရဲ့ စကားအတွက် အိုးတိုးအမ်းတမ်း ရှက်အမ်းကြီး ဖြစ်သွားကာ ...

"ဘယ်က ဟုတ်ရမှာလဲ"

"ဟုတ်တယ်"

"မဟုတ်ဘူး၊ နင် တွေ့ကရာလူ ဒက်ဒီခေါ်မနေနဲ့၊ ဒီကောင်မလေးတော့ ဒုက္ခပဲ"

ပျိုကတော့ ကလေးရဲ့ စကားကို ယုံမိပါသည်။ ကလေးဆိုတာ ဟန်ဆောင်မှုမရှိ၊ မကောင်းတာ ကောင်းတာမသိ။ သူ ကြားသိတာကို အမှန်အတိုင်း ပြန်ပြောတတ်တာ။ မမှုယာပဲဟာ ကလေးကို ဘာတွေ လျှောက်သင်ပေးနေပါလိမ့်။ ပျိုရင်ထဲ ခိုးလိုးခုလု မကျေမချမ်း ဖြစ်လာသည်။





သားထွေးကလည်း ရှက်ရမ်းရမ်းနှင့် ...

"ကျွန်တော့်အစ်မကို တစ်ခါတစ်ခါကျ ရူးနေသလားထင်ရတယ်၊ မမက သူ့ယောက္ခမအိမ်နဲ့ အတော်ရင်းနှီးလား"

"အင်း ... ရင်းနှီးပါတယ်"

ပျိုက ခပ်တိုးတိုး ဖြေမိသည်။

"သူ့မတ်တော်တဲ့ ညီညဦးက လူပျို မဟုတ်လား"

"အင်း"

"မမက သူနဲ့ ခင်တာလား၊ မကြီး ယောက္ခမနဲ့ ခင်တာလား"

ပျိုသည် တစ်မျိုးလေး ဖြစ်နေပြီးမှ အလကားနေရင်း ရှင့်ပြောနေဖို့ မဟုတ်တဲ့ စကားတစ်ခွန်းကို တမင်တကာပင် ရှင်းရှင်းဖွင့်ပြောထားချင်လာတော့ကာ ...

"မမက ကိုညနဲ့ ရင်းနှီးတာ၊ ပွင့်ပွင့်လင်းလင်းပြော ရရင် ကိုညက မမရဲ့ ချစ်သူပါ"

"ဟင်"

သားထွေးမှာ ထမင်းဝါးရင်း ပလုတ်ပလောင်းမှ အတော်အံ့အားသင့်သွားမိပါသည်။ ညီညဦးဆိုတာ မမရဲ့ ချစ်သူတဲ့။ စိတ်ထဲမှာ နှမြောတောတော ခံစားလိုက်ရကာ ...

www.burmeseclassic.com



"ဩော် ..."

အသံရှည်ရှည်ထွက်ပြီး အာမေဋိတ် ပြုဖြစ်သ... သားတွေးသည် လှပနူးညံ့တဲ့ စိတ်သဘောလေးလည်း ကော... ပျိုကလျာဆိုတဲ့ မမကို ချစ်သည်။ သူတို့ အိမ်အောက်ထပ်ခန်း... လာငှားကတည်းက၊ စ,မြင်ဖူးကတည်းက ချစ်စနိုးကလေး ... မိတာ။

ဆက်ဆံပေါင်းသင်းရင်း ခင်မင်ရင်းနှီးလာ... သူ့ရဲ့တစ်ဖက်သတ် သံယောဇဉ်လေးကို လူငယ်ကလေးပီပီ အ... တကူ ဘရိတ်မအုပ်နိုင်၊ မအုပ်တတ်ပါ။

မမ မျက်နှာကလေးကို မြင်တွေ့နေရလျှင် ... စိတ်ချမ်းသာ ပျော်ရွှင်နေတတ်သည်။ မမမှာ ချစ်သူရှိ... တစ်ခါမှ တွေးမကြည့်ဖူးခဲ့။ ဒီအရွယ်ရောက်ပြီး ဒီလောက်လှ... မမမှာ ချစ်သူရှိမှာပဲ ဆိုတာ သူ တွေးမိသင့်သည်။ ဒါပေမဲ့... ချစ်သူ ရှိရှိမရှိရှိ သူ ချစ်မိတာကလေးကတော့ ပြောင်းလဲရွေ့... ကွယ်မသွားပါ။

"ဒီလိုဆိုရင် မကြီးရဲ့ ယောက္ခမက မမနဲ့ ဆိုရင်... ယောက္ခမလောင်းပဲပေါ့နော်"





ပျိုက ပြန်မဖြေအဲ နှုတ်ဆိတ်နေလိုက်သည်။ ဖြေဖို့လည်း မလိုတဲ့ မေးခွန်းဖြစ်သည်။ ပျို့ရင်ထဲမှာလည်း စိတ်အနှောင့်အယှက်ဖြစ်လျက် ရှိပါသည်။ မမှုယာက ကလေးကို ထိုစကားမျိုး ဘာကြောင့် ပြောရတာပါလဲ။ 'ဦးဦးညဟာ ဦးဦးည မဟုတ်တော့ဘူး၊ ဒက်ဒီတဲ့' ဆိုတဲ့ အိန္ဒိဂျယ့်လ်စကားက နားထဲက မထွက်တော့ပေ။

နဂိုကတည်းကမှ လူချင်းတူတူ သူလည်း မိန်းမ ကိုယ်လည်း မိန်းမ ဖြစ်တာချင်းတူတူ မမှုယာကို ဘာကြောင့် မှန်းမသိ ပျိုက ကြောက်လန့်မိပါသည်။ လူကောင်သေးသေး ခပ်ချောချော မိန်းမတစ်ယောက်ဟာ အဲသလို ကြောက်စရာကောင်းနေတာမျိုးလည်း တစ်ခါမှ မကြုံဖူးပါ။ စိတ်ထဲမှာတော့ မမှုယာဟာ ကိုယ့်အပေါ် အချိန်မရွေး ဒုက္ခပေးနိုင်တဲ့ လူတစ်ယောက်လို့ အမြဲပင် ထင်နေမိပါသည်။

အခုတော့ ရင်ထဲ ပိုပြီး ကတုန်ကယင်ဖြစ်ကာ ပိုပြီး ထိတ်လန့်မိသည်။ မနှစ်မမြို့ ဖြစ်မိသည်။ ဒေါသလည်း ဖြစ်ချင်လာပါသည်။ ဒီမိန်းမဟာ ကိုညကို ရည်မှန်းချိန်ရွယ်နေပုံပဲ။ အစ်ကိုရဲ့ ဇနီးဖြစ်ပြီး အစ်ကို မရှိတော့တဲ့နောက် ညီကို ချိန်တယ်ဆိုတာဟာ တော်တော်လည်း ရှက်ဖို့ကောင်းတဲ့ အရာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးကို ဒက်ဒီ ခေါ်စေသတဲ့။ ကိုညဟာလည်း အိန်ဂျယ့်လ်အပေါ် ဦးလေးတစ်ယောက်က တူမကို ချစ်တယ်ဆို တာထက်ကို ပိုပြီး ချစ်ခင်ဂရုစိုက်တဲ့သူဖြစ်သည်။ အဲဒီ ကိုညရဲ့ အိန်ဂျယ့်လ်အပေါ် ချစ်ခင်ဂရုစိုက်မှုကို သူ အခွင့်ကောင်းယူတော့ မှာပဲ။

ပျိုသည် ထမင်းစားတာပင် နေ့ကွေးကာ သိပ်မျို မကျချင်တော့။ ရှေ့မှာ သားထွေး ရှိနေတာကိုပင် မေ့လျော့ထား တစ်ယောက်တည်း တွေးမိတွေးရာ တွေးနေမိသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

အခန်းတံခါး ခေါက်သံကြောင့် ကြီးကြီးက တံခါး ဆီ လျှောက်သွားကာ ဖွင့်လိုက်ပါသည်။

"ဩော် ..."

ကြီးကြီးက မူယာ့ကို မြင်လျှင် နှုတ်ဆက်ပြုံးပြရင်း တံခါးသော့ဖွင့်ပေးလိုက်ပါသည်။ ခုနောက်ပိုင်း သူ့အမေထံ မကြာမကြာ ရောက်သော မူယာက ပျို့ရဲ့ ဆိုင်မှာလည်း ခေါင်း ဝင်လျှော်လိုက်၊ လက်သည်းခြေသည်း ဝင်ပြင်လိုက်၊ တစ်မျိုးပြီး တစ်မျိုး လုပ်တတ်တာမို့ အောက်က ဆိုင်ခန်းထဲ တစ်ခါတစ်ရံ ဆင်းလာတတ်သည့် ကြီးကြီးနှင့် ဆုံဖူးပါသည်။





မူယာက အခန်းထဲဝင်လာကာ ...

"ဟော ... အိန်ဂျယ်လ်တို့ သားထွေးတို့ကလည်း ဒီရောက် နေတာကိုး၊ တို့က အောက်ကဆိုင်ထဲ ဆင်းသွားတာ၊ ကောင်မလေးတွေက ပျိုကလျာ ထမင်းပြန်တက်စားနေ တယ်ဆိုလို့ ဒီကို ဝင်လာလိုက်တာ"

ပျိုသည် စိတ်အနှောင့်အယှက် ရှိလှ၍ ရင်ထဲတစ် မျိုး အပြင်တစ်မျိုးလည်း ဟန်မဆောင်တတ်သူပီပီ မမူယာကို ဟက်ဟက်ပက်ပက် ပြုံးမပြနိုင်ဘဲ ရှိသည်။ ဝတ္တရားကျေ လှမ်း ပြုံးလိုက်ရတဲ့ အပြုံးက အောင့်သက်သက် မဲ့တဲ့တဲ့နှင့် အသက် မပါဘဲရှိသည်။

"ဩော် ... သားထွေးကပါ ထမင်းစားနေတာကိုး"

သားထွေးသည်လည်း သူ့အစ်မ ရောက်လာတဲ့ အတွက် စိတ်အနှောင့်အယှက် ဖြစ်ဟန်ရှိသည်။ မျက်နှာ မှုန်မှုန် နှင့် ဘာမှ ပြန်မပြော။

"သဘောတွေကျ၊ ကျေတွေနပ်နေတာပေါ့လေ သားထွေး၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သားထွေးက မျက်မှောင်ကုတ်ကုတ်နှင့် ...

"ဘာကို သဘောတွေကျရမှာလဲ"

"ပျိုကလျာနဲ့ ထမင်းတစ်ဝိုင်းတည်း တူတူစားနေရလို့လေ"

သားထွေး မျက်နှာမှာ ပျို့ကို အားနာ မျက်နှာပူကာ နီမြန်းလာရင်း ...

"မကြီး ဘာတွေ လျှောက်ပြောနေတာလဲ"

"ဘာတွေ ပြောရမှာလဲ၊ အောင်မယ်၊ မောင်နှမချင်း မသိတာကျလို့"

ကြီးကြီးသည် ထမင်းစားပွဲထိ ပိုင်စိုးပိုင်နင်း ရောက်လာသော မှုယာ့ကို အံ့အားတသင့် ကြည့်နေသည်။ ပျိုကလျာကဲ့သို့ မှုယာနှင့် ကျွမ်းကျွမ်းဝင်ဝင် မဆုံဖူးသူပီပီ မှုယာရဲ့ ဟန်ပန် အမူအရာတို့ကို အထူးအဆန်း ဖြစ်နေပါသည်။

သားထွေးကလည်း ပျိုကလျာကို အားနာစိုးရိမ်စွာ တစ်ချက်ကြည့်လိုက်ပါသည်။ ပျိုကလျာ မျက်နှာ နီမြန်းမြန်း ရှိကာ ခေါင်းငုံ့နေတာ မြင်လျှင် သူ့အစ်မသူ စိတ်တိုကာ ...

"မကြီး ပေါက်ကရတွေ လျှောက်မပြောနဲ့နော်၊ ဘာစကားတွေ လျှောက်ပြောနေမှန်းကို မသိဘူး"





"ပျိုကလျာရေ ... သားထွေးတစ်ယောက်ဟာ အိမ်မှာဆိုရင် မ,မ,မ,မ,နဲ့ တမ,တည်း မ,နေတာ နားကို ငြီးရရော၊ မေမေဆို အစင်းသို့၊ အကြောင်းမရှိ အကြောင်းရှာ စကားလုပ်ပြောနေတာ၊ တို့မောင်ကလေးက အရှိုင်းကလေး ပျိုကလျာရေ့"

ပျို့ခေါင်းက ဖြည်းဖြည်းမော့တက်လာရကာ ...

"မမှုယာ ဘာတွေ ပြောနေတာလဲ၊ ဒီလို စကားမျိုးတွေ မမှုယာ အစ်မတစ်ယောက်အနေနဲ့ မပြောသင့်ဘူး ထင်တယ်၊ ပြီးတော့ မမှုယာဟာ ကိုညရဲ့ မရီးတစ်ယောက်လည်း ဖြစ်တယ်၊ ပျိုနဲ့ ကိုည ပတ်သက်မှုကို မမှုယာ သိရဲ့သားနဲ့၊ ပျိုတို့ တူဝရီးအပေါ် ရိုးရိုးသားသား ဆက်ဆံနေတဲ့ သားထွေး နှောင်မဝင်ရဲ မထွက်ရဲဖြစ်စရာကောင်းအောင် မမှုယာ မလုပ်သင့်ဘူးပေါ့"

မမှုယာက မျက်လုံးကို အပေါ်လှန်ကာ ဟက်ဟက်ပက်ပက်ကလေး လှပ်စွာ ရယ်မောလိုက်ပြီး ...

"ဩော် ... ပျိုကလျာနဲ့တော့ ခက်နေပါပြီ၊ တို့က အစ်မမို့ သိနေလို့ ပြောနေတာပေါ့၊ သူက အုံပုန်းလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပျိုကလျာကို ဘာမှ မပြောရဲလို့ နေမှာပေါ့၊ အိမ်မှာတော့ ပြောနေတာပဲ၊ သူမပြောလည်း ကိုကဲ ရိပ်မိပြီးသားပဲ"

"မကြီး ... မကြီး စကားတွေက ပြောလေကဲလေ တားလေ ဆိုးလေနဲ့ အတော်လွန်လာပြီ၊ ကျွတ် ... ဘာမျှ လျှောက်ပြောမှန်းမသိဘူး၊ မမကို အားနာဖို့ကောင်းတယ်"

"တွေ့လား သူ့မမ စိတ်ဆိုးမှာ စိုးရိမ်နေရှာ"

ကြီးကြီးပါ မမူယာကို ဘယ့်နှယ် မိန်းမပါလိမ့် ကြည့်လေပြီ။ ●ပျိုသည်လည်း အတော်ဒေါသထွက်လာ ...

"တော်ပါတော့ မမူယာ၊ ဒီစကားတွေ ရပ်ရင်ကောင်းမယ်"

"ပျိုကလျာက စိတ်ဆိုးသွားတာလား"

"ပျို စိတ်ဆိုးတာ မဆိုးတာ ထည့်မတွက်ပါနဲ့၊ မမူယာ ဟာ အသက်သုံးဆယ်ရှိတဲ့ မိန်းမတစ်ယောက်ပါ၊ ပြော သင့်တဲ့စကား မပြောသင့်တဲ့စကား ခွဲခြားသိနိုင်တဲ့ အရွယ် ပါ၊ ဘာဖြစ်လို့ မျက်နှာပျက်ရ ဆက်ဆံရခက်ရမဲ့ စကား မျိုးကို အကျိုးမရှိ ပြောချင်ရတာလဲ"



"အကျိုးအမြတ် ရှိမလားလို့ပါ၊ ကိုယ့်မောင်လေးအတွက် လေ ... အဟင်း ဟင်း"

"ပျိုနဲ့ ကိုညွ ချစ်သူတွေဆိုတာ မမူယာ သိပြီးသားပဲ၊ ပျိုတို့ နှစ်ကုန်ပိုင်းလောက် လက်ထပ်ဖြစ်မယ်ဆိုတာလည်း မမူယာ သိတယ်မဟုတ်လား"

"လက်ထပ်ဖြစ်မယ် ဆိုတာတော့ မသိပါဘူး"

သူ ပြောပုံက ပျိုနှင့် ကိုညွဟာ ချစ်သူတွေသာ ဖြစ်ရုံဖြစ်ပြီး လက်ထပ်ချင်မှ လက်ထပ်ဖြစ်မှာပါဆိုတဲ့ သဘောကို သက်ရောက်နေလေပြီ။ ပျိုသည် အတော်စိတ်တိုလာမိကာ ...

"ပျို့ကို မမူယာ မောင်နဲ့ အောင်သွယ်တဲ့ စကားမျိုး နောက်မပြောပါနဲ့ မမူယာ၊ ပျို မကြိုက်ဘူး"

သားထွေးသည် ဇွန်းကို ပန်းကန်ထဲပစ်ချကာ မျက် နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်လျက် ...

"မကြီး တော်ပါတော့၊ ကျွန်တော် တောင်းပန်ပါတယ်၊ တော်ပါတော့၊ ဘာဖြစ်လို့ ဒီစကားမျိုးတွေ လာပြောနေ တာလဲ၊ မေမေနဲ့ ကျွန်တော်ဟာ ကြီးကြီးတို့ မမတို့နဲ့ ရိုးရိုးသားသား အေးအေးချမ်းချမ်း ခင်မင်နေကြတာပါဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာလာမလုပ်ပါနဲ့၊ တော်ပါတော့ဗျာ၊ သိပ်ရှက်ဖို့ကောင်းတာပဲ”

မမှုယာက သူ့မောင်ကို စိတ်တိုသလိုကြည့်ရင်း _

“ဟဲ့ ... ငါ့ဟာငါ အောင်သွယ်သွယ်၊ ဘာပြောပြောနင်က ဘာဖြစ်နေတာလဲ၊ ဒါ နင် ငါ့ကို အော်စရာလား၊ နင် ပျိုကလျာကို တစ်ဖက်သတ် ချစ်နေတာ မဟုတ်လား”

“မကြီး”

သားထွေးက မခံနိုင်သလို ဟန့်တရဲ့ အော်လိုက်ပါသည်။

“ဘာလဲ”

“မကြီး မရှက်ဘူးလား”

“ဘာကိုရှက်ရမှာလဲ၊ ငါက လမ်းပေါ်မှာ ရှူးပြီး က,နေတာမှ မဟုတ်တာ၊ ဘာရှက်စရာရှိလဲ”

“လမ်းပေါ်မှာ ရှူးပြီးက,နေတာကမှ ဘာမှ ရှက်စရာမရှိဘူး၊ ရှူးတာဟာ ရှက်စရာမဟုတ်ဘူး၊ မကျန်းမာလို့ ရှူးတာ၊ မကြီး လျှောက်ပြောနေတာတွေကသာ ရှက်စရာ၊ မမှာ





လည်း ချစ်သူရှိတယ်၊ အဲဒါကို မကြီးလည်း သိရော်သားနဲ့ ဒီလောက်ဖွတ်ကျကျ လျှောက်မပြောနေစရာလား”

ပျိုသည် ရှက်ဒေါသနှင့် မျက်ရည်ပင် လည်မလို ဖြစ်နေတဲ့ ကောင်လေးကို ကြည့်ကာ မမှုယာ မောင်ဖြစ်နေရတာအတွက် သနားတောင် သနားမိပါသည်။ ဒီကောင်လေး သူ့ဟာသူ ကိုယ့်အပေါ် ဘယ်လိုစိတ်ထားထား သူ့စိတ်ထဲသူထားတာ၊ ဆောင်းဆိုပွဆာနေတာလည်း မဟုတ်၍ ပျို ဘယ်လိုမှ အပြစ်တင်ဖွယ်မရှိ။ စိတ်ဆိုးနေစရာလည်း အကြောင်းမရှိ။

ပျို့မှာ ချစ်သူရှိတာပင် သိတဲ့နောက်တော့ သူ့ဟာနှင့်သူ မျိုသိပ်ရေငုံနေမည့်ကောင်လေးမျိုးပင်။ သူ့အစ်မ လုပ်ကာမှ အရှက်ကွဲစရာဖြစ်သည်။ သူတစ်ပါးအိမ်ရာခန်းထဲ ဝင်ပြီး ဒီလောက်ရှေ့တိုးဖွတ်ကျပြီး ပြောချင်ရာပြောနေတဲ့ မမှုယာကိုသာ စိတ်လည်းဆိုး အံ့လည်းသြ။

ထူးဆန်းတဲ့ ခံစားချက် အတွေးတစ်ခုဟာ ပိုပြီး ယုံကြည်နိုင်မာစရာ ဖြစ်လာသည်။ ဒီမိန်းမဟာ ပျိုနှင့် ကိုညအကြား ဖွတ်တိုးဖြတ်ဝင်တော့မည်။ အန္တရာယ်ပေးတော့မည်။ သူ့မောင်အတွက် အောင်သွယ်ပေးတာမဟုတ်ဘဲ ပျို့ကို ကိုည



www.burmeseclassic.com

www.burmeseclassic.com



အနားက ရှင်းထုတ်လို့ရရင်ပြီးရော သွေးရှူးသွေးတန်းတွေ ဖြော နေတာဖြစ်သည်။

သူ လုပ်ချင်တိုင်း ဖြစ်မှာမို့လား။ ကိုညကကော အရုပ်လား။ သူ့ဆန္ဒကိုကော အလေးထားစရာလား။ သူ့အပေါ် အေါ်ဆင့်ဆင့်သွယ်ရော ကိုညရော စိတ်ပျက်လက်ပျက် ရှိကြတာ ပျိုလည်း သိသားပဲ။ ပျော်ပွဲစားထွက်ရာကို မလိုက်တော့ပါဘူးဆိုပြီး လှိုချန်နေရစ်ခဲ့တဲ့ ပျို့အလျှော့ပေးမှု အရှုံးပေးမှုကိုတောင် ကိုည က သိပ်စိတ်ဆိုးခဲ့တာ။

ပြီးတော့ ခုနောက်ပိုင်း ကိုညဟာ မမှုယာနှင့် ပတ်သက်ပြီး ကြီးစွာသော စိတ်အနှောင့်အယှက် ဖြစ်နေတာကိုလည်း ပျို ရိပ်မိသည်။ အကြောင်းရင်းတွေ အသေးစိတ် စုံစုံစေ့စေ့ မသိရပေမဲ့ မမှုယာကို ကိုည စိတ်ပျက် အမြင်ကတ်လှတာ ပျို သိသည်။

ဒါကြောင့် ကိုညဘက်အတွက် စိုးရိမ်နေစရာမလို။ မမှုယာဘက်အတွက်တော့ စိုးရိမ်မကင်း ရှိလှသည်။ ဒီလောက် ကြီးတောင် မျက်နှာပြောင်တိုက်ချင်လှတဲ့ မမှုယာမှာ ဘယ်လို ပိုင်ကွက်နိုင်ကွက်များ ရှိနေလို့ပါလဲ။





"တယ်ခက်ပါလားနော်၊ ရည်းစားဟာ ရည်းစားပေါ့၊ ဒါပေမဲ့ လက်မထပ်ရသေးတဲ့ အပျိုမှန်ရင် လွတ်လပ်သူပဲ လေ၊ ဒီလူနဲ့ ချစ်ကြိုက်နေတာနဲ့ပဲ ဒီလူနဲ့ပဲ လက်ထပ်ဖြစ် မယ်လို့ ဘယ်သူပြောလဲ"

ပျိုက မမှုယာကို စိမ်းစိမ်းခါးခါး ကြည့်လိုက်ရင်း ...

"ပျိုနဲ့ ကိုည လက်ထပ်မှာပါ၊ ကိုည မေမေ့ကိုရော ပျို့ ဖေဖေကိုပါ ပြောထားပြီးပြီ"

မမှုယာက ပျို့ကို စူးစူးရဲရဲ ပြန်စိုက်ကြည့်လိုက်ပါ သည်။ သူ့မျက်လုံးများက သရော်လှောင်ပြောင်ရိပ်နှင့် အရောင် လက်နေသည်။

"ပျိုကလျှာက ညီညအကြောင်းတွေ အားလုံး သိပြီးပြီလား"

ပျိုသည် အေးစက်သော ထိုစကားအတွက် ရင်ထဲ အလန့်တကြား စိမ့်ကနဲသွားပြီးမှ ဣန္ဒြေဆည်ကာ ...

"သိသင့်သိထိုက်တာ အားလုံး သိပါတယ်"

"အဟင်း ဟင်း ... စကားအကုန်မပြောနဲ့ဦး၊ ပျိုကလျှာ မသိတာတွေ အများကြီး ရှိနိုင်သေးတယ်ဆိုတာ ယုံစမ်း ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပျို့ မျက်နှာလေး ပျက်သွားရခိုက် ...

"ဥပမာ ညီညမှာ သူ့ရဲ့ သွေး ... ကလေးတစ်ယောက် ရှိထယ်ဆိုတာမျိုး"

ပျိုသည် မိုက်ခနဲ ပြာနှမ်းကာ ယိမ်းနွဲ့ခွေယိုင် မူးသွားရ၍ ကြီးကြီးနှင့် သားထွေးက စိုးရိမ်တကြီး အော်ဟစ်ထိန်းကူ ထားလိုက်ရပါတော့သည်။

• ၀ •





## ၁၀

"အိန်ဂျယ်ပေါ်ဟာ Test tube baby (ဖန်ပြွန်သန္ဓေ)တစ် ယောက်ပဲ သမီး"

ပျိုသည် မျက်စိလေ့ခိုပ်ကာ ဒရင်းဘက်ဒ်၌ ခွေခွေလေး လျှောင်းမှီနေရင်းပုံစံမှ မျက်လုံးအိမ်ထောင့်စွန်း၌ မျက်ရည်သွယ်ကလေး စီးကျလာလေသည်။ သိပ္ပံပညာရဲ့ ဆန်း ကျယ်သော တီထွင်နိုင်မှုတွေအရ ဖန်ပြွန်သန္ဓေသားဆိုတဲ့ ဝေါဟာရ ကို ကြားဖူးသိဖူးတာ ကြာခဲ့ပြီဖြစ်သော်လည်း ကြားဖူးနားဝထက် လည်း မပို၊ မျက်စိဖြင့်လည်း တစ်ယောက်မှကို မမြင်ဖူးခဲ့၊ ကိုယ်အနီးပတ်ဝန်းကျင်၌လည်း ဒီအဖြစ်မျိုး မကြုံခဲ့။



www.burmeseclassic.com

ခုတော့မှပဲ ဒီအဖြစ်အပျက်ဟာ ကိုယ်နှင့် အနီးကပ်ဆုံး ပတ်သက်ဆက်နွယ်နေတဲ့ မိသားစုတစ်ခုအတွင်း ရှိနေခဲ့တာကို တုန်လှုပ်အံ့အားသင့်စွာ ကြုံခဲ့ရလေပြီ။

မနေ့က ပျိုသည် မှုးမိုက်ပြီးတော့ကို လဲပြိုသွားခဲ့တာဖြစ်သည်။ သားထွေးပဲ အနီးအနားက ဆရာဝန်တစ်ယောက် အိမ်တိုင်ရာရောက် ပင့်ခေါ်ပေးခဲ့သည်။ ညီညမှာ ကလေးတစ်ယောက်ရှိတယ်ဆိုတဲ့ စကားတစ်ခွန်းက ပျို့အသည်းနှလုံးကို ခွဲစိတ်ပစ်လိုက်တာဖြစ်သည်။

မမူယာကတော့ ဆရာဝန် ရောက်လာပြီးတဲ့နောက် ကြီးကြီးကို အသာအယာပဲ နှုတ်ဆက်ကာ ဒီအဖြစ်အပျက်ဟာ သူနှင့် မဆိုင်တော့သယောင် ခပ်အေးအေးပဲ ကလေး လက်ဆွဲ၍ ပြန်သွားခဲ့ပါသည်။ ကြီးကြီးသည် မမူယာကို အကြီးအကျယ် စိတ်ဆိုးမုန်းတီးကာ ကျန်ရစ်ခဲ့သည်။

စိတ်လှုပ်ရှားမှုကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရတဲ့ ပျိုသည် ကိုယ်ခန္ဓာမှာ ဘာမှ မဖြစ်သော်လည်း ဘယ်နေရာမှာ ဘယ်လို ဒဏ်ရာဒဏ်ချက်တွေ ကျန်ရစ်ခဲ့သည် မသိ တစ်ကိုယ်လုံး ဝေဒနာ ဖိစီး၍ ဘုန်းဘုန်းလဲ ကျန်ရစ်သည်။ အဖြစ်အပျက်





ကို ဘာမှ မသိသေးဘဲ ဒီစကားတစ်ခွန်းကိုသာ ကြားလိုက်ရတာဖြစ်၍ ...

"ကြီးကြီး မဖြစ်နိုင်ပါဘူးနော်၊ မဖြစ်နိုင်ပါဘူးနော်"

ဟု တတွတ်တွတ် တိုင်တည်မေးခွန်းထုတ်ခဲ့ရသည်။ ပျိုသည် ကိုညထဲလည်း ဖုန်းမဆက်ဝံ့။ မဆက်သွယ်ဝံ့ဘဲ ဝမ်းနည်းအားငယ်စွာ အလဲလဲအပြိုပြို။ မနေ့က ညနေပိုင်းရော ဒီနေ့မနက်ပါဆိုင်ကို လုံးဝ ဆင်းနိုင်အားမရှိ။

သားထွေးသည် တုန်လှုပ်အံ့ဩ အားနာခြင်းတွေနှင့် ပျာယာခတ်နေသည်။ သူ့အမေကိုလည်း သွားခေါ်ချလာပါသည်။ ခေါင်းသင်းသင်းနွယ်သည် အိပ်ရာထဲ ပုံလဲနေရှာသော ပျို့ကို စိတ်မကောင်းခြင်း၊ အားနာခြင်းကြီးစွာ ကြည့်ရင်း ...

"မူယာဟာ တော်တော်ကြိုဟ်မွေတဲ့ မိန်းကလေးပဲ၊ ဖြစ်မှဖြစ်ရလေ၊ ဘာတွေ လျှောက်ပြောသွားပါလိမ့်"

တဖြစ်တောက်တောက် အားနာမဆုံးရှိသည်။ သူဆင်းလာမှ သားထွေး တိုးတိုးတိတ်တိတ် ပြောပြမှပဲ ပျိုဟာ ညီညဦးရဲ့ လက်ထပ်မည့် ချစ်သူ ဇနီးလောင်းဆိုတာကိုလည်း သိရသည်။ သူများ သမီးရည်းစား အရေးအခင်းတွင် ဘာကြောင့်

www.burmeseclassic.com



အသားလွတ် ဝင်ပြီး ခလောက်ဆန်ကာ ဒီစကားမျိုး ပြောသွား လိမ့်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ် လက်ထပ်ချ ချစ်သူ လူပျိုယောကျ်ားတစ်ယောက်မှာ ကလေးတစ်ယော ရှိသည့်လို့ ကြားလိုက်ရတော့ ပျို့ကလျှာ မည်သို့ ခံစားနာကျင်လို ရမည်ကို မှန်းဆနိုင်ပါသည်။

ဒေါသင်းသင်းနွယ်နှင့် သားထွေးရဲ့ နှစ်သိမ်ချော မြူစုမှုကြားမှာ ပျို့ တွင်တွင်သာ ငိုခဲ့ရသည်။ ဘာမှ မပြောနိုင် ပျို့ကို မှုယာ အလဲထိုးလိုက်နိုင်ပါသည်။

ညဘက်မှာ ညီညဦး ဖုန်းဆက်သော်လည်း ပျို မှာထားတဲ့အတိုင်း ကြီးကြီးက ပျို့ နေမကောင်းလို့ အိပ်သွား လို့သာ ပြောလိုက်၍ စကားပြောခွင့်မရ။ ကြီးကြီးက ညီညဦး ချက်ချင်း ပြောလိုက်စေလိုသည်။ ပျို့ကတော့ မပြောရဲ မမေးရဲ ပျို့နဲ့ ကိုညလို လူချင်း မတွေ့သော်လည်း ဖုန်းချင်း နေ့တိုင် တွေ့ဖြစ်တဲ့ ချစ်သူချင်းကြားထဲ ပြန်မမေးနိုင်တာ မဟုတ် မမှုယာ အသားလွတ်ကြီးတော့ လုံးလုံးလိမ်လည်ပြောမှာ မဟုတ် ပျို့က ယူဆမိရာ ကိုညထံမှ ဘာစကားကိုမှ မကြားရဲသေး ပါ။





ဒီမနက်လည်း ပျို့ ကောင်းစွာ နာလန်မထူသေး။ ညလုံးပေါက် တနုံ့နုံ့ ဖြစ်နေသော ကြီးကြီးက ဒီမနက် ညီညဦး ထံမှ ဖုန်းလာတော့ ပျို့ နေကောင်းသွားပြီလား မေးတဲ့ အခါမှာ တော့ ဒေါ်ပွပွနှင့် ဖွင့်ပြောပစ်လိုက်တာဖြစ်သည်။

"ပျို့ နေမကောင်းဘူး၊ တော်တော်နဲ့လည်း ကောင်းမှာ မဟုတ်သေးဘူး၊ မနေ့က မင်းရဲ့ မရီးဆိုတဲ့ မှုယာဆိုတဲ့ အမျိုးသမီး လာပြီး ပြောသွားတဲ့ စကားကြောင့် နူးပြီ တော့ကို လဲတာ၊ ဆရာဝန် အိမ်ဝင့်ရတယ် မောင်ညီညဦး၊ ဒီအမျိုးသမီးဟာ တော်တော်စိတ်ထားနိမ့်ကျတဲ့ အမျိုးသမီး ပါလား၊ နောင် ဒီအိမ်ကို လာလည်ဝင်ထွက်ခွင့်ကို အိမ် ရဲ့ အုပ်ထိန်းသူ လူကြီးတစ်ယောက်အနေနဲ့ ကြီးကြီး လုံးဝ ခွင့်မပြုနိုင်ဘူး၊ သူ နောက်ကို အိမ်မလာအောင် မင်း တာဝန်ယူပေးပါ"

"သူ ဘာတွေ ပြောသွားလို့လဲ ကြီးကြီး"

"မင်းမှာ ကလေးတစ်ယောက် ရှိတယ်လို့ ပြောသွားတယ်"

ညီညဦးသည် ဘာစကားမှ ဆက်မပြောနိုင်တော့။ အတော်ကြီး အားယူပြီးမှ ...

"ကျွန်တော် ခဏနေ လာခဲ့ပါမယ် ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



ညီညဦး ရောက်လာတဲ့အခါ ညီညဦးရဲ့ အမေဖြစ်သူ ဒေါ်ဆင့်ဆင့်သွယ်ပါ အိမ်ကို ပါလာတော့သည်။ မနက်ကတည်းက ပျို့ကို သတင်းမေးရင်း မျက်နှာပူ အားနာရသမျှအတွက်လည်း တောင်းပန်ပြေလည်လိုတဲ့ သဘောနှင့် ဒေါ်သင်းသင်းနွယ်နှင့် သားထွေးပါ ရောက်နေကြပါသည်။

သူတို့ သမီး သူတို့အစ်မက ပြောသွားတဲ့ စကားတစ်ခွန်းအတွက် ပျို့တို့ တစ္စဝရီးကို အလွန်အားနာနေရာ ဒေါ်သင်းသင်းနွယ်မှာ မီးဖိုထဲထိ ဝင်ကာ ကြီးကြီးကိုလည်း ပြေရာပြေကြောင်းပြော၊ ပျို့ကိုလည်း ဟိုဟာလေး စားမလား၊ ဒီဟာလေး သောက်မလားနှင့် မျက်နှာချိုသွေး ဖေးမနေကြရှာသည်။

သားထွေးက ဝရန်တာမှာ ထွက်ရပ်နေသည်။ သူ့အစ်မကို သူ အတော်ဒေါသဖြစ်နေပါသည်။ ညီညဦးဟာ တကယ်ဝဲဥ်အဖြစ် ရှိခဲ့တယ်ထား၊ လက်မထပ်မီ မိန်းကလေးဘက်ကကြိုတင်ဆင်ခြင်စဉ်းစားနိုင်အောင် စေတနာရှိး သဘောရိုးနှင့် ဤစကားကို ပြောပြတာမျိုးက တစ်မျိုး။ ခုဟာက 'နင် လက်ထပ်မဲ့ သူဟာ ဘယ်လို'ဆိုပြီး တမင်အထိနာအောင် နိုင့်ထက်စီးနင်းပြောသွားပုံမျိုးဖြစ်သည်။





ပျို့သည် မမှုယာကို မုန်းတီးလှသော်လည်း သူ့အမေဒေါ်သင်းသင်းနွယ်ကိုတော့ ဤကိစ္စနှင့် ဆိုင်လည်းမဆိုင်၊ လူကြီးတစ်ယောက်လည်းဖြစ်၍ ရိုင်းပျတဲ့အဖြစ်မျိုး မဖြစ်အောင် အေးအေးချမ်းချမ်းပဲ ဆက်ဆံပါသည်။ အမေကတစ်ယောက် သမီးကတစ်ယောက် သတ်သတ်စီပဲ ဆိုတဲ့ သဘောနှင့်ပဲ ဆက်ဆံပါသည်။

ညီညဦးတို့သားအမိ တံခါးခေါက်တော့ တံခါးဖွင့်ပေးသူက သားထွေးဖြစ်သည်။ ညီညဦးသည် သားထွေးကို ပြုံးတောင်မပြနိုင်။ ဟိုးအရင်ကတည်းက ပျို့ကို ကပ်တတ် ကပ်တတ်အရောဝင် ခင်မင်တဲ့ ဒီလူရွယ်လေးကို ကိုယ့်ချစ်သူ ကိုယ် သဝန်တိုတဲ့သဘောနှင့် သိပ်အမြင်ကြည်ချင်တာ မဟုတ်။

မမှုယာရဲ့ မောင်အရင်း ဖြစ်နေတာ သိရတဲ့အခါ ပတ်သက်ရာပတ်သက်ကြောင်း ဖြစ်နေ၍ ပျို့ဆိုင်မှာ နှစ်ကြိမ်လောက် ကြုံဆုံဖူးတဲ့အခါ ပြုံး၍ အသိအမှတ်ပြု နှုတ်ဆက်ရပါသည်။

ခုတော့ ပြုံးချင်စိတ်ကို မရှိ၍ မပြုံးပြဖြစ်။

ဒေါ်ဆင့်ဆင့်သွယ်ကတော့ နောင်နေဦးနှင့် မှုယာတို့ မင်္ဂလာဆောင်ချိန်တုန်းက နှစ်ကြိမ်လောက် ဆုံဖူးတဲ့ သားထွေးကို



www.burmeseclassic.com

www.burmeseclassic.com



တွားကျိုင်းလာလိုက်တာဟု တအံ့တသြနှင့် နှုတ်ဆက်ပါသည်။ သူတို့ လာသည်ဆိုမှ အခန်းထဲက ထွက်လာသည့် ဖျို့အတွက် သားထွေးကပဲ ဒရင်းဘက်ဒ် သယ်ချကာ အလောတော်မှီလို့ ကောင်းအောင် ခလုတ်နှိမ့်လျှောပေးတာကို ညီညဦးက ခပ်တည်တည် ကြည့်နေမိသည်။

ညီညဦးကို ဖျို့က ဘာမှ မမေး၊ စကားလည်း မပြော။ သူတို့လာတဲ့အတွက် လွတ်လွတ်လပ်လပ် စကားပြောဖို့ ရှောင်ပေးကာပြန်တော့မည်ပြင်တဲ့ သားထွေးတို့ သားအမိကို ဒေါ်ဆင့်ဆင့်သွယ်ကပင် ...

"ဒေါ်သင်းသင်းနွယ်တို့လည်း မပြန်ကြပါနဲ့ဦး၊ ဒီကိစ္စကို ဒေါ်သင်းသင်းနွယ်တို့လည်း သိထားမှာ မဟုတ်ဘူး၊ ကျွန်မတို့က နှစ်ဖက်တော်စပ်ရတဲ့ ဆွေမျိုးတွေ ဖြစ်နေကြတာပဲ၊ ဒေါ်သင်းသင်းနွယ်တို့လည်း သိသင့်ပါတယ်"

ဒေါ်သင်းသင်းနွယ်မှာ ရင်တထိတ်ထိတ်နှင့် ပြန်ထိုင်ရသည်။ သားထွေးက ဝရန်တာဘက် ထွက်သည့် တံခါးပေါက်ဝနားမှာ ထိုင်ကာ ဒူးပေါ် တံတောင်ထောက်လျက် ခပ်ကိုင်းကိုင်း ပုံစံနှင့် ခေါင်းငိုက်စိုက်ချလျက်သား။ ကြီးကြီးက ဖျို့နံဘေး





ဘပ်ထိုင်ကာ အေးစက်နေတဲ့ ဖျို့လက်ဖျားလေးတွေကို ဆုပ်ကိုင်ထားသည်။

"အိန်ဂျယ်လ်ဟာ Test tubc baby တစ်ယောက်ပဲ သမီး"

တိုးတိတ်သော်လည်း ပီသသည့် ဒေါ်ဆင့်ဆင့်သွယ်စကားအဆုံး၌ အားလုံးသည် အာမေဋိတ်သံမျှ မထွက်အောင် ငြိမ်၍ တိတ်နေကြသည်။ အတန်ကြာမှ မှိတ်ထားတဲ့ ဖျို့မျက်ဝန်းများဆောင့်မှ မျက်ရည်ကြောင်းနှစ်သွယ် စီးကျလာသည်။ စိတ်အေးသွားတာလား၊ ခုမှ စိုးရိမ်ကြီးသွားတာလား ဖျို့ကိုယ်ဖျို့လည်း ခွဲခြားနိုင်တော့ပေ။

ဖျို့ နားလည်ပါပြီ။ ဖျို့ သိလိုက်ပါပြီ။

"Test ... Test tube baby ဆိုတာ ! ..."

"ဖန်ပြွန်ထဲမှာ သန္ဓေအောင်ပြီးမှ မုယာ့ကိုယ်ထဲကို ဒီရှင်သန်တဲ့ သန္ဓေသားကို ပြန်ထည့်ပြီး ကိုယ်ဝန်ဆောင်စေခဲ့တာပါ ဒေါ်သင်းသင်းနွယ်"

"ဘာဖြစ်လို့ အဲဒီလို လုပ်ကြရတာလဲဟင်၊ ပုံမှန်အတိုင်း"

"ကျွန်မရဲ့ သားကြီး နောင်နေဦးက ကလေးမရနိုင်ဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆင့်ဆင့်သွယ် အသံက တိုးတိတ်တုန်ခါနေသည်။

"သူ ကလေး မရနိုင်ဘူးဆိုတာ အစောကြီးထဲက သိကြပါတယ်၊ ဒီအတွက်လည်း သားကြီးက အမြဲတမ်း ချို့ယွင်းချက်တစ်ခုအဖြစ် အားငယ်ခဲ့တယ်၊ သူ့ရဲ့ အားနည်းချက် ချို့ယွင်းချက်ကိုလည်း လက်မထပ်ကြခင်ကတည်းက မူယာ သိပါတယ်၊ သူတို့ လက်ထပ်ပြီးရင် စင်ကာပူကို ထွက်ကြမယ်၊ သူတို့ မိသားစုအတွက်တော့ Test tube baby ရအောင်ယူမယ်ဆိုတာ သူတို့ဘာသာ စီစဉ်ကြပြီးသားပါ၊ သဘောတူကြပြီးသားပါ ...

တိုတိုပြောရရင် သားကြီးက သူတို့လင်မယားက မွေးဖွားလာမဲ့ ကလေးအတွက် သူ့ညီ ညီညွှီးရဲ့ သွေးကိုပဲ လိုချင်ခဲ့တယ်၊ စင်ကာပူမှာတော့ ဒီကိစ္စဟာ မဆန်းကျယ်တော့ပါဘူး။ ကိုယ် ရွေးချယ်ချင်တဲ့ ဖခင်လောင်းကို အလှူရှင်အများကြီးထဲက ကြိုက်သလို ရွေးချယ်လို့ရပါတယ်၊ ဒီလူတစ်ယောက်ရဲ့ မိဘမျိုးရိုး သွေးအုပ်စု သူ့တစ်ကိုယ်ရည် အရည်အသွေး၊ အဆင့်အတန်းတွေကအစ





ပညာတတ်မတတ် အိုင်ကျူ အနိမ့်အမြင့်ကအစ နှစ်သက်သလို ရွေးလို့ရတာပါ ...

ဒါပေမဲ့ သားကြီးက သူ့ညီမှ သူ့ညီ၊ တစ်ဦးတစ်ယောက်ဆီက မျိုးဗီဇသွေးယူရတော့မဲ့အတူတူ သူ့ညီလေး အရင်းဆီကပဲ လိုချင်တယ်ဆိုပြီး ညီညွှီးကို အကူအညီတောင်းခဲ့တယ်၊ ခွင့်ပန်ခဲ့တယ်၊ ကျွန်မတို့သားအမိအဖိုလည်း အဲဒီတုန်းက အချိန်ကြာကြာ ရှည်ရှည်ဝေးဝေးတောင်မှ စဉ်းစားမနေမိခဲ့တော့ပါဘူး၊ အရှည်သဖြင့်ကိုလည်း မစဉ်းစားခဲ့ကြဘူး၊ ဘာမှလဲ အကျိုးမဲ့စရာမရှိ၊ ဝန်လေးစရာမရှိဘူးလို့ပဲ ရိုးရိုးကလေးတွေးပြီး ခေါင်းညိတ်လက်ခံလိုက်တာပဲ ...

သားငယ် စင်ကာပူကို သွားတယ်၊ သူ့ကို လိုအပ်တာတွေ စစ်ဆေး၊ အလှူခံတယ်၊ Test Tube မှာ သန္ဓေသားကို မွေးတယ်၊ အောင်မြင်တယ်၊ အသက်ရှင်တယ်ဆိုမှ မူယာ့ကိုယ်ခန္ဓာထဲ ထရန်စဖာလုပ်ပြီး သားငယ်လည်း အဲဒီတော့မှ ဒီကို ပြန်လာခဲ့တယ်၊ အဲဒီတုန်းက ညီညွှီး တက္ကသိုလ်က ပြီးကာစလေး၊ အသက်နှစ်ဆယ့်တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ် ကြားထဲလောက် ရှိသေးတာ၊ ဗီကိစ္စအတွက် ညီညဦးရော ကျွန်မရော နောင်နေဦး ဆန္ဒအတိုင်း ကူညီဖြည့်ဆည်းပေးလိုက်တယ်ဆိုတာကလွဲပြီး စိတ်ထဲမှာ တွေတွေရာရာ ဘာမှ မစဉ်းစားမိခဲ့ကြဘူး ...

အဖြစ်အပျက်ဟာ ဒါပါပဲ"

ဒေါ်ဆင့်ဆင့်သွယ်ရဲ့ လေးလေးမှန်မှန် စကားသံက လွဲလျှင် အခန်းထဲမှာ တိတ်ဆိတ်နေလေရာ ဒေါ်ဆင့်ဆင့်သွယ် စကားဆုံး၍ ရပ်လိုက်တဲ့အခါ အပ်ကျတဲ့ အသံမျိုးပင် ကြားရမလောက် ဆိုတဲ့အထိ ချောက်ချားဖွယ်ရာ တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ဤကိစ္စနှင့် ပတ်သက်၍ အတွေ့အကြုံ အကြားအမြင် မျက်ဝါးထင်ထင် မကြုံကြိုက်ဖူးကြတဲ့ ဒေါ်သင်းသင်းနွယ်တို့ သားအမိရော၊ ဖျိုတို့ တူဝရီးဒို့အဖို့ရာမှာ အဖြစ်အပျက်ဟာ ဆန်းကျယ်ထူးခြားပြီး ကြီးကျယ်နေပါသည်။

ဖျိုသည် အဖြစ်အပျက်အတွက် ဘယ်သို့ ခံစားရမည် မသိတော့ပါ။ ဘာကယ်ဆိုတော့ ဤကိစ္စဟာ ကိုယ့်နိုင်ငံ ကိုယ့်အလိုင်း အဝိုင်းထဲမှာသာ ရှေးကြီးခွင်ကျယ်ဖြစ်နေကာ နိုင်ငံတကာ





ဆေးလောကမှာတော့ ရှိးနေပြီဖြစ်တဲ့ကိစ္စတစ်ခုလိုပါ။ ဖျိုအတွက်ကတော့ မရိုးနိုင်။ ရိုးရိုးလေးလို့ သဘောမထားနိုင်အောင် ရင်ထဲလေးကာ မောနေပါသည်။

ကိုညဟာ ဒါကြောင့်ပဲ အိန်ဂျယ်လ်ကို အလွန်ချစ်တာ။ တခြားနိုင်ငံတွေမှာ ဖခင်မျိုးဗီဇသွေးအလှူရှင်တွေဟာ ဘယ်လို ခံစားသဘောထားကြမည် မသိနိုင်ပေမဲ့ မေတ္တာတရားနှင့် သံယောဇဉ် အကြင်နာတွေ ကြီးမားတတ်တဲ့ မြန်မာလူမျိုးအလှူရှင်တစ်ယောက်အနေနှင့်ဟော့ ကိုယ့်သွေးက လူဖြစ်လာတဲ့ ကလေးတစ်ယောက်ကို မသိရင် မမြင်ရင်သာ နေမည်၊ သိလို့မြင်လို့ကတော့ မေတ္တာတရားဟာ အခြားအနောက်နိုင်ငံများထက် ပိုပြီး လေးနက်ခိုင်မာစွာ ပေါ်ပေါက်ဖြစ်ထွန်းမှာမလွဲလို့ ဖျိုယုံသည်။

အဲဒီအပြင် ကိုညကကျတော့ ဒီကလေးဟာ ကိုယ့်သွေးမျိုးပဲ ပြန့်တော်စပ်နေရတာ။ တူမလည်း တော်စပ်နေတာ။ သံပ်ကို ရင်းတဲ့ သွေးဖြစ်နေပါသည်။ သူ ချစ်တာဟာ မဆန်း။ ပံမှန်ထက်ကို အတော်ချစ်ခင် သံယောဇဉ်ကြီးလို့လည်း သူ့လည်ပင်းက လော့ကက်ပြားထဲတောင် အိန်ဂျယ်လ်ပုံကို ထည့်ဆွဲခဲ့တာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အသိအကျွမ်းဖြစ် ရင်းနှီးခင်မင်ဆဲကာလမှာရော ချစ်သူဖြစ်ခဲ့ရတဲ့ ကာလမှာပါ အိန်ဂျယ်လ်နှင့် ပတ်သက်ပြီး ကိုညထံမှ အကြိမ်ကြိမ် ကြားဖူးနား၀ ရှိနေကာ အိန်ဂျယ်လ်ကို မမြင်ဖူးခင်ကတည်းက ရုပ်ရည်ကအစ မှန်းဆနိုင်လောက်အောင် ရှိခဲ့သည်။ အိန်ဂျယ်လ်နှင့် ပတ်သက်သည့် အသေးစိတ်တွေကို သိခဲ့ရသည်။ သူ့တူမလေး ဒီတစ်ယောက်ကို အတော်ချစ်တာပါလားလို့ အံ့ဩဘနန်းရှိခဲ့ရတဲ့အထိ ကိုညရဲ့ အချစ်ကို မြင်သာခဲ့ပါသည်။

သူ ချစ်မှာပေါ့။ သူ့သွေးကိုး။ တကယ်ဆိုတော့ မမှုယာ ပြောသလိုပင် သူ့ကလေးပဲပေါ့။ ပျိုသည် ရင်ထဲနင့်တာ မျက်ရည်တွေ ထပ်ကျလာသည်။ တိတိကျကျ ဆိုရရင် မမှုယာရဲ့ သွေးနဲ့ ကိုညရဲ့သွေး ပေါင်းစပ်ထားတဲ့ကလေး။

အမယ်လေး ... ပျို ရင်နာလိုက်တာ။ ပျို သ၀န်တိုလိုက်တာ။ မမှုယာနဲ့ ကိုည လူလူချင်း ထိတွေ့ပေါင်းစည်းမှု မရှိသော်လည်း သွေးချင်းပေါင်းစည်း၍ မွေးဖွားထားတဲ့ သူတို့ရဲ့ကလေး။

"သမီးရယ်"





ကြီးကြီးက ပျို့လက်လေးကို ဆုပ်ညှစ်သည်။ ပျို ဘယ်လို ခံစားနေမည်ကို မိန်းမချင်းဖြစ်တဲ့ အမျိုးသမီးကြီးသုံးယောက်လုံး ကိုယ်ချင်းစာနားလည်နိုင်ပါလိမ့်မည်။ ကိုနောင်နေဦးသာ ရှိခဲ့ရင်တော့ ပျို ဒီလောက် နှမြောတွန့်တို သ၀န်တိုရမှာ မဟုတ်။ ခုတော့ ကလေးအဖေဆိုတဲ့ ရုပ်တည်မှုနေရာမှာ တရား၀င်ရှိခဲ့တဲ့ ကိုနောင်နေဦးကလည်း ကွယ်လွန်ခဲ့ပြီ။

ကိုညဟာ မမှုယာကို ဘယ်လောက်မုန်းမုန်း ဘယ်လောက် အမြင်ကတ်ကတ် အိန်ဂျယ်လ်လေးကိုတော့ အင်မတန်ချစ်တာပဲ။ သူ မျက်နှာလွှဲခဲ့ပစ် လုပ်နိုင်မှာ မဟုတ်ပါ။ တစ်ခါမျှ မျှော်လင့်မထားဖူး အိပ်မက် မမက်ဖူးတဲ့ ကိစ္စရပ်မျိုးဖြစ်၍ ဘယ်လို ဖြေသိမ့်ရမယ်မျိုး မတွေးတတ်ပဲ ရှိပါသည်။

"လက်မထပ်ခင်မှာ ဒီကိစ္စကို သမီးကို ကြိုတင်ဖွင့်ပြောရမယ်ဆိုတာ သားရော အန်တီပါ နားလည်ပါတယ်၊ ပြောဖို့ကိုလည်း ဟိုတစ်နေ့ကပဲ တိုင်ပင်ခဲ့ကြတယ်၊ သားဆီက အရင်သိခွင့်ရလိုက်ရင်တော့ သမီး ဒီထက် ခံစားရသက်သာမှာပါ"

သားထွေးသည် စိတ်ပျက်လက်ပျက်နှင့်၀င်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ မကြီးက ကြားကဝင်ပြီး ဖွင့်ပြီး ပြောလိုက်ရမဲ့ ကိစ္စတော့ မဟုတ်ဘူး၊ ပြီးတော့ ပြောပုံကလည်း နားမခံသာဘူး၊ ဒိုင်းခနဲ ကြီး ပြောချလိုက် တာ၊ ဘာပဲဖြစ်ဖြစ် မကြီး မကောင်းဘူး၊ မမကို ကျွန်တော် တို့သားအမိ အရမ်းအားနာပါတယ်၊ မျက်နှာလည်း ပူတယ် တောင်းလည်းတောင်းပန်ပါတယ်"

"ဟုတ်ပါတယ်၊ ကိုယ့်သမီးက အပြောအဆို မတတ်တော့ ကိုယ်မှာ မျက်နှာပူရပါတယ်။ မှုယာက မိသားစုနဲ့ အပြင်လူနဲ့ပါ ဘယ်တော့မှ စကားပြောအဆင်မပြေဘူး မိသားစုအပေါ်တော့ ထားတော့၊ သူစိမ်းမိတ်ဆွေနဲ့ ပြော ဆိုဆက်ဆံရာမှာ သူ့စည်းကိုယ်စည်း ရှိတာပေါ့၊ သူ ဒီလိုစည်းမစောင့်ဘဲ ပြောချင်လာရင် ပြောချပစ်တော့ တစ်ခါတစ်ခါကျ သူ့စကားတွေက အတော်အရုပ်ဆိုးတာ ပေါ့လေ၊ ပျို့ကို အန်တီကလည်း တောင်းပန်ချင်ပါတယ် ဘာပဲဖြစ်ဖြစ် မှုယာနဲ့က စပ်ရင် လင်ညီအစ်မသဆော ဆွေမျိုးစာရင်း ဝင်ရတော့မှာ မဟုတ်လား၊ ဒီတော့ အတွက်ပါ အန်တီ့မှာ မျက်နှာပူနဲ့ တောင်းပန်ရတော့မှာ"





ဒေါ်သင်းသင်းနွယ်ကတော့ အားနာပါးနာနှင့် ပြောတာပင်။ ဒါပေမဲ့ သူက ဒီလို ကြိုတောင်းပန်ထားလိုက်တာနှင့်ပဲ ရှေ့လျှောက်တစ်သက်လုံး မမှုယာ ပြောချင်ရာ ပြောချင်သလို ပြောတာကို အောင့်အည်းငြိမ်သက်သည်းညည်းခံနေရတော့မှာ လား။ စိတ်ထဲက တွေးနေကာ ပျိုသည် ဘာစကားမှ မပြန်နိုင်။

"ယောက္ခမဖြစ်တဲ့ ဒေါ်ဆင့်ဆင့်သွယ်နဲ့ရော စကားပြော အဆင်ပြေပါရဲ့လားရှင်၊ ဒါကိုလည်း ကျွန်မမှာ အမြဲပူနေ တာပါ"

"ကျွန်မ စိတ်ထဲ ဘာမှ မထားပါဘူး၊ မှုယာနဲ့ကလည်း အပရိက စကားမျိုးလေးတွေပဲ ပြောဖြစ်တာပါ၊ မှုယာက စကားနည်းတယ်၊ ကျွန်မနဲ့ ဘာမှ သိပ်မပြောဆိုဖြစ်ပါဘူး၊ အဲဒါတစ်ခု ကျွန်မလည်းပြောချင်နေတာ၊ ဒီလိုပါ ဒေါ်သင်း သင်းနွယ်ရယ်၊ ကျွန်မတို့အိမ်မှာဆိုတော့ ယောက္ခမနဲ့ နေရတာထိုင်ရတာ သူ့မှာ ကျဉ်းကျပ်မှုများ ရှိမလား တွေးမိတယ်၊ သူက လွတ်လပ်တဲ့ တိုက်ပ် မဟုတ်လား...

သားကြီးရဲ့ဇနီး ချွေးမအကြီးဆိုတော့ ကျွန်မတို့မှာ စောင့်ရှောက်ရမဲ့ ဝတ္တရားလည်း ရှိပါတယ်၊ သူ ကျွန်မနဲ့ နေရတာ ပျော်ရင်လည်း ကိစ္စမရှိဘူးပေါ့၊ သူ့ဟာသူများ



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်နေချင်မလားလို့ သူတို့သားအမိအတွက် တိုက်ခန်းကျယ်ကျယ် လွင့်လွင့်လေးဖဲ့ပေါ့၊ တစ်ခန်းလောက် ဝယ်ပေးရမလားလို့ ကျွန်မ စဉ်းစားမိတယ် ...

ဒါ အမွေခွဲဝေတဲ့ သဘောမျိုးတော့ မဟုတ်သေးပါဘူး၊ လောလောဆယ် သူ့အတွက် သက်သက်ကြည့်ရှုစီစဉ်ပေးချင်တဲ့သဘောပါ၊ မူယာ့ကိုတော့ မေးမကြည့်ရသေးပါဘူး"

ဒီစကားမျိုး ကြားရလျှင် ဒေါ်သင်းသင်းနွယ် အနည်းအကျဉ်းမျှတော့ဖြင့် သဘောပေါက်ပြီ။ တကယ်တမ်းတော့လည်း အိမ်ထောင်သည်ဆိုလျှင်သာ သီးသန့်ခွဲနေတာ ကောင်းပြီး၊ လင်သေတဲ့ မုဆိုးမကလေးအဖို့ကတော့ အမေနှင့် ဒါမှမဟုတ် ယောက္ခမနှင့် အတူနေမှသာ ပိုမိုတင့်တယ်ပါမည်။ ဘာပဲဖြစ်ဖြစ် မူယာကလည်း ငယ်သေးသည်။ ယောက္ခမထက်စာရင် မိခင်နှင့် ပြန်နေချင်ကြမဲ့ သမီးမျိုးက လောကမှာ များမယ်ထင်ရပေမဲ့ မူယာတစ်ယောက်ကတော့ အမေနှင့် မနေလိုတာ ဒေါ်သင်းသင်းနွယ် သိသည်။

သို့သော် ယောက္ခမက ဒီလောက်စကားပျိုးလာပြီဆိုရင် ကိုယ့်ဘက်ကလည်း တာဝန်ကျေတဲ့ စကားပြောဖို့လိုသည်။





"ကျွန်မလည်း စဉ်းစားမိပါတယ်၊ ကျွန်မတောင် မူယာ့ကို ကျွန်မဆီ ခေါ်ထားဖို့ ဆုံးဖြတ်ထားပါတယ်၊ ကျွန်မတို့ သားအမိနှစ်ယောက်တည်း နှစ်ထပ်တောင်နေတာ အရမ်းကျယ်လွင့် ပိုလျှံနေတာပါ၊ အခန်းကလည်းကျယ်၊ နှစ်ထပ်လုံးမှာလည်း အိပ်ခန်းတွေပါ ဖွဲ့ပြီးသား။ မူယာရောနော မနေချင်ရင်တောင် လေးထပ်မှာဖြစ်ဖြစ် သီးသန့် ပေးနေလို့ရပါတယ်"

"မူယာ့ဆန္ဒကိုလည်း မေးကြည့်သေးတာပေါ့ ဒေါ်သင်းသင်းနွယ်ရယ်"

"ကျွန်မကတော့ ကျွန်မဆီ လာနေဖို့ ခေါ်ချင်တယ်၊ ကျွန်မလည်း ဒီမြေးကို ခုမှ တွေ့ခွင့်ရတာ မဟုတ်လား"

"ကဲ ... ဖျို့ သမီးလည်း အကျိုးအကြောင်း သိရပြီပဲ၊ စိတ်မဆင်းရဲနဲ့တော့နော်၊ သမီး စိတ်မကောင်းမှာစိုးလို့ အန်တီပ လိုက်လာတာ၊ အိမ်မှာလည်း ဘယ်သူမှ မရှိလို့ အန်တီ ပြန်ဦးမယ်၊ မူယာတို့ သားအမိလည်း အပြင်ထွက်သွားကြတယ်"

ဒေါ်ဆင့်ဆင့်သွယ်က နှုတ်ဆက်ကာ ပြန်ဖို့ပြင်သည်။ သူ့အမေ ပြန်လျှင် သူ နေရစ်ဦးမည်ဟု အစကတည်းက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးရှိသော ညီညဦးက ဒရိုင်ဘာခေါ်လာတာမို့ ဒေါ်ဆင့်ဆင့်သွယ် ပြန်ဖို့ အဆင်ပြေသည်။ ဒေါ်ဆင့်ဆင့်သွယ် ထ,ပြန်ကာ ညီညဦး ကျန်ရစ်မည်ကို သိလျှင် သားထွေးတို့သားအမိလည်း အလိုက်တသိ ထ,ကာ ပြန်ကြပါသည်။

ခဏတွင်းမှာပင် ဧည့်ခန်းထဲ ပျိုနှင့် ညီညဦးသာ ကျန်ရစ်ခဲ့ပြီး ကြီးကြီးလည်း အိမ်တွင်းထဲ ဝင်သွားပါသည်။ ပျိုကား မျက်စိဖွင့်ထားသော်လည်း ခေါင်းကိုစောင်းမိုကာ တစ်နေရာကို ရော်ရမ်းစိုက်ငေးနေသော မျက်လုံးများနှင့် ...။

"ပျိုလေး"

"......"

"ပျိုလေး၊ စကားပြောပါဦး၊ ကိုယ့်ကို အပြစ်တင်ချင်သလား ဟင်"

ပျိုက ခေါင်းကို ဖြည်းဖြည်းကလေး ခါကာ ...

"ကိုညကို ပျိုက အပြစ်တင်လို့ ဘယ်ရမလဲ၊ ပျိုနဲ့ မတွေ့ခင် နှစ်ပေါင်းများစွာကတည်းက စီစဉ်ပြုမူခဲ့တဲ့ကိစ္စ၊ ပြီးတော့ ဒီကိစ္စက ကိုညအစ်ကိုရဲ့ ဆန္ဒတစ်ခုကို ကိုည ကူညီဖြည့်ဆည်းတာသာဖြစ်တယ်၊ အပြစ်ကျူးလွန်တာမျိုးလည်း မဟုတ်တော့ ပျို ဘာကို အပြစ်တင်ရမှာလဲ ကိုညရယ်"





"ဒါပေမဲ့ ပျို စိတ်မချမ်းသာဘူး မဟုတ်လား"

"ပျို မပြောတတ်ဘူး ကိုညရယ်၊ ကိုညမှာ ဒီအဖြစ်အပျက် ရှိတယ်ဆိုတာကို အဆန်းတကျယ်နဲ့ အံ့အားသင့်လို့မဆုံး ဖြစ်တုန်းရှိပါသေးတယ်"

"ဒါဟာ ကိုယ့်ရဲ့ မျိုးဗီဇသွေးကို လှူခဲ့တယ်ဆိုတဲ့ အဖြစ်အပျက်တစ်ခုထက် မပိုပါဘူး ပျိုလေးရယ်"

"ဒါပေမဲ့ အိန်ဂျယ်လ်ကို ကိုည သိပ်ချစ်တယ် မဟုတ်လား"

"ကိုယ် အိန်ဂျယ်လ်ကို ချစ်တယ်၊ မှန်ပါတယ်၊ တကယ်တော့လည်း အိန်ဂျယ်လ်ဟာ ကိုယ့်တူမကလေးပဲလေ"

တူမလေးတစ်ယောက်ထက် ကိုည အချစ်ပိုပါတယ်ကွယ်။ ပျိုသည် ကိုယ့်ကိုယ်ကိုယ် သဘောထား မပြည့်ဝသူတစ်ယောက်လားလို့လည်း စိတ်ပျက်မိလျက် ဝမ်းသာဝမ်းနည်းနေသေးသည်။

"ကိုည၊ တကယ်တမ်း ပြောရရင် အိန်ဂျယ်လ်ဟာ ကိုကိုနေ့ သမီးလား၊ ကိုညရဲ့ သမီးလားဟင်"

ပျို့အသံဟာ တုန်ခါ၍ မျက်ရည်ပွင့်များ အလွှင့်လွှင့် အကြွေကြွေ။

"အိန်ဂျယ်လ်ဟာ ကိုနေနဲ့ မမှုယာရဲ့သမီးပေါ့ ပျိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား၊ အဲဒီလို ပြောလို့ရရဲ့လား ကိုညရယ်"

ပျိုသည် ဒရင်းမ်ဘက်ဒ် နံဘေးလာကပ်ထိုင်နေသော ကိုည ပခုံးပေါ် နဖူးမှောက်တင်ချ၍ တရှိုက်ရှိုက် ငိုကြွေးမိသည်။

"ပျို ... မငိုပါနဲ့ ပျိုလေးရယ်"

"ကိုကိုနေမှ မရှိတော့ဘဲ၊ သူ့အဖေနေရာက တရားဝင် ရပ်တည်တဲ့သူ မရှိတော့ဘဲ"

ပျို့ ငိုရှိုက်သံက ညီညဦးရဲ့ ရင်ကို နာကျင်စေသည်။ သူလည်း ဘယ်လို ပြောရမည်မသိ။ 'အဖေ'ဆိုတဲ့ စကားတစ်လုံးရဲ့ အဓိပ္ပာယ်ဟာ ဘာလဲ။ ဤလူသားကလေး တစ်ယောက်ကို ဖြစ်တည်ပေါက်ဖွားစေခဲ့ဘဲ မျိုးဗီဇသွေးရဲ့ ပိုင်ရှင်ဖြစ်ခြင်းသည် အဖေတစ်ယောက် ဖြစ်ခြင်းလား။ 'အဖေ'ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ် ကျယ်ဝန်းနက်ရှိုင်းမှုမှာ ဤမျှမက။ မိသားစု ဖွဲ့စည်းမှု တာဝန်ယူ ရပ်တည်မှု၊ အမိုးအကာကဲ့သို့ လုံခြုံရာကို ပေးမှု အဓိက,က ခံယူမှု။

ဒါတွေ ပါဝင်ဖြစ်တည်ဖွဲ့စည်းထားသေးသည်။ ကိုနေ ကိုယ်ကိုယ် ဖခင်တစ်ယောက်အဖြစ် မခံယူဘဲ အဖေ ဖြစ်နိုင်ပါ့ သလား။ သို့မဟုတ် တခြားဘာအဓိပ္ပာယ် ရှိသေးသလဲ။ ကိုနေက အဖေလား။ ကိုညက အဖေလား။ ဗီဇသွေး လျှာဒါန်းထား





အလှူရှင်ယောက်ျားသားတို့ဟာ အသီးသီး သက်ဆိုင်ရာကလေးတို့ရဲ့ အဖေလား။

ကိုညရဲ့ ချစ်ခြင်းမေတ္တာ သစ္စာတရားတို့ ပျို့အပေါ်မှာ ပြောင်းလဲသွေဖီသွားတာမဟုတ်။ အဖြစ်အပျက်လေးတစ်ခုကို သိလိုက်ရတာကလွဲရင် အရင် ကိုညနဲ့ အခု ကိုညဟာ တစ်ယောက်တည်းသော ကိုညပဲပေါ့။ ပျို ချစ်သော ပျို့ချစ်သူ ကိုညသာပဲပေါ့။ ပျို ဘာကို ဆုံးရှုံးကြေကွဲခံစားနေရသနည်း။

"ကိုနေက အဖေ၊ ကိုယ်ကအလှူရှင်၊ ဒီကိစ္စဟာ ရှင်းရှင်းကလေးပါ ပျို၊ ဒါပေမဲ့ အိန်ဂျယ့်လ်ကို ကိုယ့် တူမလေးမို့ ကိုယ်ချစ်တယ်၊ ရိုးရိုးကလေးပဲတွေး ပျိုလေးရယ်"

ညီညဦးက ပျို့အနားကပ်ကာ တိုးတိုးပြောနေသည်။ အိန်ဂျယ့်လ်ကို ကိုည ချစ်တာ ပျို ဘာမှ အပြစ်ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ ပျို ဘာဖြစ်နေတယ်ဆိုတာလဲ ပျို မသိတော့ပါဘူး ကိုညရယ် ... ဟု ရင်ထဲကသာ တိတ်တဆိတ် ညည်းညူရင်း ပျို့ရင်တွေ တင်းကျပ်နေရမြဲသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"လာမနေနိုင်ပါဘူး၊ မေမေတို့ အိမ်ကို မူယာ လာနေမှာ မဟုတ်ဘူး၊ မေမေ မခေါ်နဲ့၊ မူယာဟာ သူများအိမ်မှာ လာကပ်ပြီး မှီခိုနေမဲ့သူမျိုး မဟုတ်ဘူး"

"ညည်း ဘယ်လိုပြောလိုက်တာလဲ မူယာ၊ ဒါကပ်ရပ်မှီခိုနေရစာယ်လို့ ပြောရမဲ့ သူစိမ်းအိမ် မဟုတ်ပါဘူး၊ ညည်းအမေအိမ်ပါ"

"ဒါပေမဲ့ မူယာက အမွေခွဲပြီးပြီ၊ အမွေလည်း ယူသွားသောပြီးမှ အိမ်ပေါ်လာပြန်တက်နေသေးလို့ မေမေနဲ့ သားထွေးစိတ်ထဲက တွေးနေမှာ မခံချင်ပါဘူး"

သားထွေးသည် ဒေါသတကြီးနှင့် ...





"မေမေ ... မကြီးကို ဘာမှ ဒပြောမနေနဲ့၊ ဘယ်တုန်းက ပြောလို့ရဖူးလို့လဲ၊ သူ့သဘောပဲ သူ အမြဲဆောင်နေတာ မေမေ မသိဘူးလား၊ စေတနာထားလို့လည်း မရဘူး"

သားထွေးတို့သားအမိသည် အမွေခွဲပြီးသော သမီးကြီး မူယာကို လေးလွှာအခန်းတစ်ခန်း အပိုင်ပေးဖို့ တိုင်ပင်ကြပြီးဖြစ်သည်။ ပေနှစ်ဆယ် ပေခြောက်ဆယ် ဤအခန်းကြီးဟာ မူယာတို့သားအမိနှစ်ယောက်အတွက် လုံလောက်ကျယ်ပြောပါသည်။ ပြီးတော့ အမေနှင့် နီးနီးနားနားမို့ မုဆိုးမကလေးအတွက် ကြုံဖြွလည်း ရသည်။

"အဲဒီ ယောက္ခမကလည်း ဘယ်နည်းနဲ့ ပ,ထုတ်ရမလဲ ချောင်းနေတာဖြစ်မှာ"

"ညည်း ယောက္ခမ စိတ်သဘောကောင်းပါတယ် မူယာရယ်၊ ညည်း မပြစ်မှားပါနဲ့၊ ညည်းယောက္ခမ အိမ်ပေါ်နေတာကျတော့ မှီခိုကပ်ရပ်နေတာ မဟုတ်ဘူးလား"

"အို ... သူတို့ဆီက မူယာ ရစရာတွေ အများကြီး ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ယောက္ခမက ညည်း အနေမကျဉ်းကျပ်အောင် အခန်းတစ်ခန်း ဝယ်ပေးရင်ပေးမယ်လို့ ပြောတာပါ၊ ဒီအတိုင်း ပ,ထုတ်မှာလည်း မဟုတ်ဘူး"

"အခန်းတစ်ခန်း ဘာလုပ်ဖို့လဲ၊ သူတို့ ဘယ်လောက် ချမ်းသာလဲ မေမေလည်း မသိဘဲနဲ့"

"အခန်းဟာ ညည်းကို အမွေပေးတဲ့သဘော မဟုတ်ဘဲ သက်သတ်ပေးမှာလို့ ပြောပါတယ်"

"ဒါက အပြောပဲ ရှိသေးတာပဲ၊ လက်ထဲရောက်တာမှ မဟုတ်တာ၊ ပျားရည်နဲ့ ဝမ်းချတာမျိုးလည်း ဖြစ်နိုင်တာပဲ"

"အိန္ဒိယ်ဂျယ်လ်ဟာလည်း သူ့ မြေးပဲ မှုယာ၊ တစ်ဦးတည်း သော မြေးလေးပဲ၊ သူ မချစ်ဘဲ မကြည့်ရှုဘဲ နေမလား အချိန်တန်ရင် ရသင့်ရထိုက်တာ ရမှာပေါ့၊ သူတို့ တရားမျှ တတဲ့သူတွေပါ၊ ညည်းဘာဖြစ်လို့ ဒီလောက် လောဘ သဏ္ဌာရတွေ ထွက်နေရတာလဲ မှုယာရယ်၊ စိတ်ထဲရှိတောင် မြိုထားစမ်းပါ၊ ဖွင့်ပြောနေရတာ ရှက်စရာကောင်းပါတယ်"

"စရှက်ပါဘူး၊ ကလေးမရနိုင်တဲ့ သူတို့ရဲ့သားကို ယူပြီး စောစောစီးစီး မုဆိုးမဖြစ်လိုက်ရတာ မှုယာ ဘယ်လောက် နစ်နာထားသလဲ"





"ဒါ ညည်းဟာညည်း ရွေးခဲ့တဲ့ ယောကျ်ားလေ၊ ပြီးတော့ နောင်နေဦး သေတာ ကုသိုလ်ကံအလျောက်ပဲ၊ ညည်း မုဆိုးမဖြစ်အောင် ဘယ်သူမှ မလုပ်ဘူး"

"ဟိုအိမ်ပေါ်ပဲ မှုယာ နေမှာ၊ မေမေ့ဆီ လာမနေနိုင်ဘူး၊ သူတို့က အခန်းဝယ်ပေးမယ်ပြောလည်း မေမေက ငြိမ်ပြီး လက်ခံနေလိုက်ပြီးတာပဲ၊ သွားများ ငြင်းနေရသေးတယ်၊ မေမေ့ဆီ ခေါ်ထားမယ် ပြောလိုက်တော့ သူက အပိုသက် သက်ကြီး ဘယ်ပေးတော့မလဲ၊ မေမေဟာလေ အလကားနေ ရိုးနေတယ်"

"ရိုးနေတာ ကောင်းတာပေါ့ မကြီးရဲ့၊ လူလည်ကျနေတာမှ ရှက်စရာကောင်းတာ"

"နင်က ငါ့ကို လူလည်ကျတယ် ပြောတာလား"

သားထွေးက မှုယာ့ကို မျက်ခုံးတွန့်ပွန့်နှင့် ကြည့်

...

"မကြီး ‹ းလးကို မဟုတ်တရုတ်တွေလည်း မသင်ပါနဲ့ဗျာ၊ ဘာကိစ္စ ကိုညီညဦးကို ဒက်ဒီ ခေါ်ခိုင်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အဲဒါ နင့်ကိစ္စလား၊ မောင်ဟာ မောင်လိုနေပါလား၊ မဆီမဆိုင်တွေ ဝင်မဆွေးနွေးနဲ့၊ အိန်ဂျယ်လ်က သူ့သမီး မဟုတ်လို့ ဘာလဲ"

"တော်ပါတော့ မကြီးရာ၊ ရှက်စရာကြီးဗျာ၊ ဒါဟာ လူ တကာကို လိုက်ဖွင့်ပြောနေရမဲ့ကိစ္စလည်း မဟုတ်ဘူး၊ တကယ်လို့သာ ကိုညီညဦးဆိုက မဟုတ်ဘဲ ဆေးရုံက မျိုးဗီဇဘဏ်မှာ ရှိပြီးသား အလှူသွေးကိုသာ မကြီး ယူလိုက်ရရင်ရော ခုချိန်မှာ ဒီလူကို လိုက်ရှာပြီး အဖေ ခေါ်ခိုင်းနေဦးမှာလား၊ ကျုတ် ... ရှက်ဖို့ကောင်းတယ်"

"အဲဒါတွေ နင်တို့ ကုံးဘာလေ၊ ငါက ရှာအလှူရှင်ဆီ က ယူပါ့မလား၊ တမင်တကာကို ညီညဦးဆီက ယူဖြစ် အောင် ကိုနေကို တိုက်တွန်း နားချခဲ့တာပေါ့၊ အစောကြီး ကတည်းက ငါဟာငါ စိစဉ်ရွေးချယ်ပြီးသား ... သိပြီ လား"

"ကိုနေ့ ဆန္ဒ မဟုတ်ဘူးလား"

"ငါစိတ်ကူး ငါ့ဆန္ဒဆိုတော့ ကိုနေ့ဆန္ဒ ဖြစ်သွားတာပဲပေါ့ အကယ်၍များ ညီညဦးဟာ အိမ်ထောင်မကျဘဲ လူပျိုကြီး





ဖြစ်ခဲ့ရင် သူ့ပိုင်ဆိုင်မှုဟာ အိန်ဂျယ့်လ်ဆီ ဒါရိုက်ဟာစ်ပဲ ဆိုတာ ငါ ကြိုတွေ့ပြီးသား၊ သူ မိန်းမယူ ကလေး မွေး ဖြစ်ရင်တောင်မှ အိန်ဂျယ်လ်ဟာ သူ့သွေးသားအကြီးဆုံး သမီး နားလည်လား"

သားထွေးသည် သူ့အစ်မသူ အံ့သြရှက်ရွံ့ နာကျင် စွာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေပါသည်။ ကြားရတာ ရှက်စရာကောင်းလိုက်တာ။ မေမေလည်း မျက်ရည်ပင် လည်နေ လေပြီ။

"အခု ကိုနေကလည်း ဆုံးသွားတယ်၊ ဒီအနေအထားမှာ အဖြစ်သင့်ဆုံးက ဘာလဲ၊ နင် မစဉ်းစားတတ်ဘူးလား"

"ကိုညီညဦးမှာ လက်ထပ်ဖို့ ချစ်သူရှိတယ်ဆိုတာ မကြီး သိသားနဲ့၊ မမပျိုက ကိုညီညဦး ရည်းစားလေ"

"နင်က အဲဒီ ပျိုကလျာဘက်က ဘာဝင်နာနေတာလဲ၊ နင် ကြိုက်ရင် နင် ယူလိုက်ပါ"

"ဟာ ... ဘယ်လို ပြောလိုက်တာလဲ၊ ဟိုနေ့ကလည်း မမရှေ့မှာ အောင်သွယ်စကားမျိုးတွေ လျှောက်ပြောတယ်၊ မကြီး လုပ်ရပ်တွေ သိပ်ရှက်စရာကောင်းတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော့ နှင် ဘာလုပ်ချင်သလဲ၊ အိမ်ထဲက အိမ်ပြင် မထွက်ဘဲ ပုန်းနေလိုက်တော့၊ ငါ့ကိုတော့ ဘာမှ လာမပြော နဲ့ သားထွေး၊ အစ်မလုပ်သူက အောင်လည်း သွယ်ပေး ရသေး၊ သူကပဲ အပြစ်ပြောသေး"

"ကျွန်တော့်ဟာ ကျွန်တော် မမပျိုကို သဘောကျကျ မကျကျ မကြီး အောင်သွယ်စရာလည်း မလိုဘူး၊ မမမှာ သူ့ဟာနဲ့သူ ချစ်သူ ရှိနေတာ၊ ကျွန်တော်ကလည်း ဇွတ် တောင်းဆိုမဲ့သူ မဟုတ်ဘူး၊ ကျွန်တော်က ပမွှား၊ မမကို ဖွင့်ပြောဖို့တောင် စိတ်ကူးမထားတာ၊ မကြီး လုပ်လို့ သိကုန်ပြီ၊ မျက်နှာ ဘယ်လိုဆက်ပြရမလဲတောင် မသိဘူး"

"လဲသေလိုက်ဟယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ဒီလောက် နှိမ့်ချနေဖို့ မလိုပါဘူး၊ အဲဒီ ပျိုကလျာက ဘာမို့လို့လဲ"

"အောင်မြင်နေတဲ့ မိန်းမတစ်ယောက်လေ၊ မကြီးထက် ငယ်ပေမဲ့ သူက သူ့ဟာသူ လုပ်ငန်းတစ်ခု အုပ်ချုပ်အောင် မြင်နေတဲ့ မိန်းမတစ်ယောက်၊ ကုဋေ့နဲ့ သိက္ခာနဲ့ သူ့ပညာ နဲ့ သူ့ဂုဏ်ဒြပ်နဲ့၊ တော်တဲ့မိန်းမတစ်ယောက်လေ၊ ကျွန်တော် နဲ့တောင် မတန်ပါဘူးဗျာ"



"အမယ်လေး ... နှင် အဲဒီလောက်လည်း သူ့ကို အထင် ကြီးနေဖို့ မလိုဘူး၊ နှင် ယောကျ်ားပဲ"

"ယောကျ်ားပဲလို့ ပြောချင်ရင် ယောကျ်ားပီပီ သူ့ထက် သာအောင် လုပ်ပြရမှာပေါ့"

"တော်ပါတော့ သားထွေးရာ၊ နှင်နဲ့ စကားပြောရတာ မျှော်လင့်ချက်ကုန်လိုက်တာ၊ ဘာမျှော်မှန်းချက်မှ မရှိဘူး"

"မကြီးရဲ့ မျှော်မှန်းချက်ထားပုံနဲ့ ကျွန်တော် မျှော်မှန်းချက် ထားပုံမှ မတူတာ၊ မကြီးက ငွေထောတဲ့ကောင်ကို အပိုင် ဖမ်းပြီး ခုန်တက်မဲ့ မျှော်မှန်းချက်မျိုးပဲ ထားတာကိုး"

"ဘာပြောတယ်"

"ကဲ ... တော်ကြစမ်းပါ၊ ငါ စိတ်တွေ ညစ်လိုက်တာ၊ တစ်ခါတစ်ရံများ မောင်နှမရယ်လို့ တည့်အောင်နေကြစမ်း ပါ၊ ခုကိစ္စက သားထွေးကိစ္စ ပြောနေတာ မဟုတ်ဘူး၊ ညည်းကိစ္စ ပြောနေတာ မူယာ၊ ညည်း ဒီအိမ်မှာ ရှေ့နေမယ် မနေဘူး ဆုံးဖြတ်"

"ဆုံးဖြတ်ပြီးပြီ၊ မနေဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမဲ့ ညည်း ယောက္ခမက ညည်းကို သူဝို့နဲ့ မဟုတ်ဘဲ သီးသန့်နေစေချင်တဲ့ စကားဦးမျိုး သမ်းနေတယ်၊ ညည်း ဟိုမှာ အဆင်ပြေပြေရော နေထိုင်ရဲ့လားအေ”

“ကိုယ် နေတတ်သလိုပဲ မှုယာနေမှာပဲ”

“မကြီး နေတတ်သလိုနေတဲ့အခါမှာ မေမေနဲ့ ဂျွန့်တော့ မျက်နှာကိုတော့ ထောက်ပါဦး မကြီး၊ ကိုညီညဦးကို ဖွတ်အဖေ ခေါ်ခိုင်းနေတာမျိုး မကောင်းပါဘူး”

“ကဲဟယ်”

မှုယာသည် သူ့နံဘေးခုံမှာ ထိုင်နေသော သားထွေးရဲ့ ဇက်ပိုးကို ဖြန်းခနဲ တီးထည့်လိုက်ပါသည်။ သားထွေးသည် ဒေါ်သွေက်ကာ ‘ဟာကွာ’ဟု ရေရွတ်တောက်ခေါက်ပြီး ထိုင်နေရာမှ ထ,ထွက်သွားတော့၏။

“ညီညဦးက ငါ့ကို လက်ထပ်ချင်ပါတယ် ဖြစ်လာရင်တော့ ငါ ငြင်းမှာ မဟုတ်ဘူး၊ အဲဒါ မေမေတို့ကို ရှင်းအောင်ကြိုတင်ပြောပြထားတာ၊ မှုယာ့အတွက် ဒီထွက်ပေါက်ဟာ အကောင်းဆုံးအဖြေလို့ မှုယာ ယူဆထားတယ်၊ မှုယာ့ဘဝ အခြေတကျ လုံးဝ ဖြစ်သွားမယ်”





ဒေါ်သင်းသင်းနွယ်သည် သူ့သမီး မျက်နှာကို အထိတ်တလန့် တအံ့တသြ ငေးမောလို့သာ ကြည့်နေလိုက်မိပါသည်။ ဘယ်လို အတွေးအခေါ်ရိုင်းမျိုးတွေ ရှင်သန်နေတဲ့ ဇာစ်မြစ်ပေါက် တစ်ယောက်ထွန်းပါလိမ့်။ သူ့ပြောစကားနှင့်သူပင် သူဟာ ညီညဦးကို သက်ထပ်နိုင်ဖို့ မျှော်လင့်နေသည်ဆိုတာ ပေါ်လွင်ပါသည်။

နောင်နေဦး ကွယ်လွန်ခဲ့ပြီးတဲ့အချိန်တာ ကာလဟာ ဘာမှ မကြာမြင့်သေး။ မှုယာဟာ ကွယ်လွန်သူ လင်ယောကျ်ားအတွက် လွမ်းဆွတ်ပူဆွေးလို့ကောင်းတုန်း ရှိရမည့်အချိန်မျိုးမှာ သူ့လိုအင်ဆန္ဒ မျှော်လင့်ချက်တွေနှင့်သာ ဇောကပ် မွန်ထူနေသည်။

သူ့ယောက္ခမတို့ သူ့မတ်ဖြစ်သူ ညီညဦးတို့ မှုယာ့စိတ်သဘောတွေကို ရိပ်မိသိရှိလို့ပဲ အိမ်က နှာမစေချင်ကြသလား။ ဒီလိုဆိုရင်တော့ မှုယာ့ အခြေအနေဟာ ရှက်စရာကောင်းတဲ့ အခြေအနေတစ်ရပ်မှာ ရှိနေပြီ။ ဒေါ်သင်းသင်းနွယ်သည် သူ့သမီးကို စိတ်ပျက်လက်ပျက် ရှိလှသည် ဖြစ်သော်လည်း ဘယ်တုန်းကလဲ နိုင်နင်းအောင် မကိုင်တွယ်နိုင်ခဲ့တဲ့ ထင်ရာစိုင်း သမီးမျိုးမို့ ဆုံးမတားမြစ်စကား ဆိုရမည်ကိုပင် ဝန်လေးကာနေသည်။ မနာခံ



www.burmeseclassic.com

မှာ ပယ်ရှားမှာ သေချာနေလေရော စိတ်ဆင်းဆင်းရဲရဲနှင့်သာ သမီးကို ငေးကြည့်နေမိသည်။

✦ ○ ✦

ကျောင်းတွေဖွင့်ခါနီး ကျောင်းအပ်ရာသီ ရောက်လာတာမို့ အသက်ခြောက်နှစ် ရှိပြီဖြစ်တဲ့ အိန်ဂျယ့်လ်ကို သူငယ်တန်းအပ်ဖို့ လှုပ်ရှားကြရပါသည်။ အိန်ဂျယ်လ်က စင်ကာပူမှာ ပရီစကူးလ်တစ်ခုမှာ ကျောင်းအပ်ပြီး အတန်းတစ်နှစ် အပြည့် မဟုတ်ဘဲ သုံးပုံနှစ်ပုံလောက် စကောစက ကျောင်းနေဖူးခဲ့ပြီး ဖြစ်သော်လည်း ခုတော့ သူငယ်တန်းကပဲ စ,အပ်ရမည်။

အိန်ဂျယ်လ်တို့ သားအမိ ဒီကို ရောက်လာအပြီး ရက်ပိုင်းလောက်ကတည်းက အိန်ဂျယ်လ် ကျောင်းအပ်ဖို့ကိစ္စ အတွက် ကိုညက ပျို့ကို အကူအညီ တောင်းပြီးသားပါ။ ရန်ကုန် မြို့ရဲ့ နာမည်ကြီး ကျောင်းကြီးများစာရင်းထဲမှာ တစ်ကျောင်း အပါအဝင်ဖြစ်သော (......)ကျောင်းမှာ ပျို့အမေဘက်က အငယ် ဆုံးညီမ၊ ပျို့ရဲ့ အဒေါ်ရင်းက ကျောင်းအုပ်ဆရာမကြီးတစ် ယောက် ဖြစ်ပါသည်။





စ,ပြောတုန်းကတည်းက ...

"စိတ်ချပါ ကိုညရဲ့၊ အန်တီဦးကျောင်းမှာ အိန်ဂျယ်လ် ရရမှာပေါ့"

ပျို့က ကတိပေးပြီးသား။

ခုတော့ သူငယ်တန်းတွေ ကျောင်းအပ်ရမည့် အချိန် ပိုင်း ရောက်လာပြီ။ ဟိုးတလောကပဲ အန်တီဦး သမီး စေ့စပ်ပွဲ ကို ပျို့ ရောက်ခဲ့သေး၍ အန်တီဦးက ဘယ်လ, ဘယ်ရက်ပိုင်း ဖောင်မ်တွေ လာယူပြီး အပ်ဖို့ မှာလိုက်ပြီးသား။ ပျို့လည်း ကိုညကို ပြန်ပြောပြီးသား။

အခု ရက်နီးကပ်လာတဲ့အခါ ကိုညကပင် ...

"ပျို့ ... ဖောင်မ်ယူပြီး ဖြည့်ပြီး တင်ခဲ့ရမဲ့နေ့ကျ အန်တီဦး ကျောင်းကို ပျို့ပါ လိုက်ခဲ့ပေးပါဦးလား"

ပျို့သည် စိတ်နောက်နောက်ကျိကျိနှင့် ...

"ဘယ်သူ လိုက်အပ်မှာလဲ"

"ကိုယ်ပါ ပါတာပေါ့"

"မမှုယာလည်း ပါမှာလား"

"အင်း ... သူလည်း ပါမှာပေါ့၊ သူက အမေပဲ"



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဖျို မလိုက်ခဲ့ချင်ဘူး ကိုညႈ ဖျို့ကို ဘယ်လိုမှ သဘောမထားပါနဲ့ ခွင့်လွှတ်ပါ၊ ဖျို အန်တီဦးကို ဖုန်းလည်း ဆက်၊ သွားလည်းတွေ့ပြီး သေသေချာချာ မှာထားပါ့မယ်၊ အန်တီဦးကလည်း လက်ခံမယ် ပြောပြီးသားပဲ၊ ကိုညကို လည်း အန်တီဦး သိပြီးသားပဲ၊ ကိုယ့်ဘာသာ သွားအပ် လိုက်ကြပါ"

ကိုညက ဖျို့ကို တွေတွေကြီး စိတ်မကောင်းသလို ကြည့်နေပါသည်။ သူ့တူမလေး ကျောင်းအပ်ဖို့ ဖျို စွမ်းစွမ်းတမံ လိုက်မကူညီချင်ဘူးလို့များ တွေးနေမလား ကိုညရယ်။

"ဖျို့ကို နားလည်ပါ ကိုည၊ ဖျို သူနဲ့ မျက်နှာချင်းဆိုင် ရတိုင်း ကတုန်ကယင် ဖြစ်လာပြီး နှလုံးခုန်မြန် အသက် ရှူကျပ်နဲ့ လုံးဝ နေလို့မကောင်းတော့ဘူး"

"ကျောင်းဆိုတော့ ကိုယ်တို့နဲ့ မနီးစပ် သိပ်နားမလည်တဲ့ နေရာ ဖြစ်နေလို့ပါ"

"ဘာမှ မခက်ပါဘူး ကိုညရယ်၊ ဖောင်မ် သွားယူ၊ ဖောင်ဖြ ဖြည့်ပြီး အန်တီဦး ရုံးခန်းသာ မေးပြီး တန်းဝင်သွားလိုက် ပါ၊ ဖောင်မ်ကို အန်တီဦးဆီပဲ ပေးခဲ့၊ သူငယ်တန်းဆိုတော့





သင့်တင့်လျောက်ပတ်တဲ့ အလှူငွေတော့ ထည့်ရမယ်၊ ကိုယ် ထည့်မဲ့ ဗမာဏသာ ရေးဖြည့်ခဲ့၊ ဘာမှ ခက်ခက် ခဲခဲ အဆင့်တွေ မရှိပါဘူး ကိုညရယ်"

"အန်တီဦးကိုလည်း ကန်တော့သင့်သေးတာပေါ့"

"မကန်တော့ပါနဲ့၊ ရပါတယ်၊ အန်တီဦးက လက်ခံပေးမယ် ကတိပေးပြီးသားပါ"

"သူ ကူညီတာက ကူညီတာပဲလေ၊ ကိုယ်တို့ကတော့ ကျေးဇူးတင်ရတော့ ကန်တော့ချင်သေးတာပေါ့"

"ဒါ ... နောက်မှ ကန်တော့လည်း ရပါတယ်၊ အဲဒီကျ ဖျို့ဘာသာ ဝင်ကန်တော့လိုက်မယ်။ အခုက ဖျိုပါဖို့ မလိုပါဘူး၊ ဖျို မပါလို့ ဖြစ်ပါတယ်၊ ဖျို သေချာပြောထား မှာ၊ စိတ်ချပြီးသွားလိုက်ပါ ကိုည"

ဖျို့ကို ဘယ်လိုမှ ခေါ်လို့မရဘူးဆိုတာ သေချာ တော့ ကိုညလည်း ထပ်မခေါ်တော့ပါ။ မျက်နှာ သိပ်မကောင်း နဲ့ပင် ဒါဖြင့်လည်း သူတို့ဘာသာ သွားလိုက်ပါမယ်လို့ ပြောပြီး ပြန်ရတော့သည်။ ဒီကြားထဲ ဖျို အန်တီဦးဆီ တစ်ကြိမ် သွားလိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဟယ်၊ လက်ခံပေးမှာပေါ့၊ ငါ့ကျောင်းကိုက ညီညဦးတို့ နေရပ်လိပ်စာရှိတဲ့ မြို့နယ်ထဲပဲ ဟာ၊ လက်ခံရမှာပါ၊ ဘာမှ စိတ်မပူနဲ့၊ သမီးလည်း လိုက်လာမှာ မဟုတ်လား ပျို"

"အပ်တဲ့နေ့ ပျို လိုက်မလာတော့ဘူး အန်တီဦး၊ ကိုညတို့ကို အန်တီဦး ရုံးခန်းထဲပဲ တန်းဝင်ခိုင်းထားတယ်နော်"

"အေးပါ၊ စိတ်ပူစရာမလိုပါဘူး ပျိုရဲ့၊ ကျုပ် သတိရပြီးသားပါ၊ လွှတ်လိုက်ပါ"

ဒီတော့ ပျို့စိတ်ထဲ အေးအေးဆေးဆေးပဲ ထားလိုက်ပါသည်။ ကျောင်းအပ်လက်ခံတဲ့နေ့ရဲ့ ညဦးပိုင်းကျမှ မမျှော်လင့်တဲ့ အန်တီဦးထံက ဖုန်းစကားတစ်ခုကို လက်ခံရပါသည်။

အန်တီဦးက ဇဝေဇဝါနိုင်လှတဲ့ အသံနှင့် ဖုန်းထဲမှ ...

"ပျို ... ဒီနေ့ ညီညဦးတို့ လာအပ်တဲ့ ကလေးက ဘယ်သူ့ကလေးလဲ"

"အန်တီဦးကို ပျို ပြောတယ်လေ၊ ကိုည တူမ တော်ပါတယ် ကိုညအစ်ကိုရဲ့ ကလေးပါ"





"သူ့အစ်ကိုနာမည်က ဘယ်သူလဲ"

"ကိုနောင်နေဦးတဲ့"

"ဒါပေမဲ့ အခု ကလေးက အဖေနာမည်မှာ ညီညဦး ဖြစ်နေပါလား ပျို၊ သူတို့ မှားရေးတာလား"

ပျိုသည် ရင်ထဲ ဟိုက်ခနဲဖြစ်ကာ မူးခနဲ မိုက်ခနဲနှင့် စကားဆက်မပြောနိုင်အောင် အေးစက်တုန်ယင်လာပြန်သည်။ ဒေါသတွေလည်းထွက်၊ ဝမ်းနည်းခြင်းတွေလည်းစွက်။ ရင်ထဲ တလှပ်လှပ် ဖြစ်လာသည်။

"မှားဖြည့်ရအောင်ကလည်း ဘာမှ ခက်ခက်ခဲခဲ ဖြည့်ရတာ မဟုတ်ပါဘူး၊ ဗမာလို ပေးထားတဲ့ အချက်အလက်တွေ နောက်မှာ ဆိုင်ရာ ဆိုင်ရာ ရေးဖြည့်ရုံပဲဟာ၊ ကျောင်းအပ် ဖောင်မ်ဆိုတော့ မိဘနှစ်ပါးလုံး အမည် အလုပ်အကိုင် နေရပ်တွေ ဖြည့်ရတယ် ...

အဘအမည် ဦးညီညဦးတဲ့၊ အလုပ်အကိုင် ( ......) ကုမ္ပဏီ၊ အမိအမည်က ဒေါ်မှုယာတဲ့၊ မှိုခိုတဲ့၊ အဲဒါ ဘယ်လိုဖြစ်တာလဲ၊ သမီး ပြောတဲ့ အဖေနာမည်လည်း တစ်လုံးမှ မပါပါလား"

www.burmeseclassic.com

www.burmeseclassic.com



"က ... ကလေးအဖေက ကွယ်လွန်သွားပြီ အန်တီဦး"

"ကွယ်လွန်လည်း အဲဒီ ကွယ်လွန်သူအမည်ပဲ ရေးရတာ လေ၊ ဘေးက (ကွယ်လွန်)လို့ ထည့်ရမှာပေါ့"

"အဲ...အဲဒီဖောင်မ်ကို ဘယ်သူရေးဖြည့်သလဲဟင် အန်တီဦး"

"ဘယ်သိမလဲဟဲ့၊ အပြင်မှာ ရေးဖြည့်ခဲ့နှင့်ပြီးသား၊ ငါ တင်ခဲ့ရုံတင်ခဲ့တာ၊ ငါ့ရှေ့ ဖြည့်တာလည်း မဟုတ် အဲဒီကလေးအမေ အမျိုးသမီးစကားပြောဆိုတာလည်း မျိုးပါပဲ၊ ငါ မပြောတတ်ပါဘူး၊ ကလေးကတော့ ညီည ပေါ်ပဲ အတင်းတက်ထိုင်နေလို့ ညီညဦး ချီထားရ နေ့လယ်ကတည်းက သူတို့သုံးယောက်ပုံစံ ကြည့် တကယ့် လင်နဲ့ မယားနဲ့ သမီးနဲ့ ပုံစံကျနေတာ တောင် အန်တီဦး တွေးမိနေတာ၊ အခုမှ ဖောင်မ်တွေ ဖတ်ကြည့် စစ်ကြည့်နေရင်းနဲ့ အဖေ ညီညဦး ဖြစ်နေ တွေ့ရတာ၊ ညီညဦးဟာ အုပ်ထိန်းသူ ဖြစ်နေရင် မှာ ဆက်သွယ်ရမဲ့သူအမည်၊ အုပ်ထိန်းသူအမည် ပါ တယ်၊ အဲဒီမှာပဲ ဖြည့်ပေါ့၊ အဖေနာမည်ကတော့ အ နာမည် ဖြည့်ရတာဟဲ့၊ လာပြန်ပြင်ရင် ပြင်ခိုင်းလို"





ပျိုသည် ဟန်ဆောင်ထိန်းချုပ်ပြီး နှုတ်ခမ်းသားကို ကိုက်ထားတဲ့ကြားက ရှိုက်သံတစ်ချက် လွတ်ထွက်သွားကာ မထူးတော့ပြီဖြစ်၍ ငိုရှိုက်ချလိုက်မိတော့သည်။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ ပျိုကလျာ"

ပျို မဖြေနိုင်ဘဲ ငိုသာနေမိသည်။

"ဟဲ့ ... ပြောစမ်း၊ ဘာတွေ ဖြစ်နေတာလဲ၊ ညီညဦး ညည်းနဲ့ ဒီနှစ်ကုန်မှပဲ လက်ထပ်တော့မှာဆို၊ ဟိုးတလောက ညည်းအဖေနဲ့ ဖုန်းပြောရလို့ သူ လာရမှာတောင် ပြောနေ သေးတယ်"

အန်တီဦးရဲ့ သားအကြီးဟာ ဖေဖေ့ အကူအညီနှင့် အမေရိကားမှာ အလုပ်တစ်ခု တင့်တင့်တယ်တယ်ရကာ ဟန်ဟန် ပန်ပန် ရှိလေရာ အန်တီဦးနှင့် ဖေဖေတို့ဟာလည်း အဆက်အသွယ် ရှိတတ်ကြသည်။ သူ့သားထံ စားသောက်ဖွယ်ရာတွေ လိုအပ် တာတွေ အမြဲပို့နေတဲ့ အန်တီဦးက ဖေဖေ့အတွက်လည်း အမြဲထည့် ပို့ပေးတတ်ကာ ပျို့ထက်ပင် ဖေဖေနှင့် အဆက်အသွယ် စိပ်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



“သမီး ဘာဖြစ်လို့ ဒီလောက် ငိုရတာလဲ၊ အရှုပ်အရှင်း တစ်ခုခုရှိပြီထင်တယ်၊ ပြော ပြော၊ အန်တီဦးကို ပြောစမ်း ညည်းမှာ ပြောရတိုင်ပင်ရမဲ့သူ ရှိတာမဟုတ်ပဲနဲ့၊ ညည်း ကြီးကြီး မမမြကလည်း အိမ်ထဲက အိမ်ပြင် ထွက်တာမဟုတ် ဘူး၊ ဘာမှ သိပ်မျက်စိပွင့်တာ မဟုတ်ဘူး ...

တိုင်ပင်ရမဲ့သူ ဘယ်သူရှိလို့လဲ ပျို၊ ဒီလောက်ရင် ပက်လက်ငိုရအောင် ဘာပြဿနာတွေ ရှိနေလဲ၊ ညည်း ရော ယူဦးမှာလား၊ သူ မိန်းမယူလိုက်တာလား၊ ဘယ် လဲ၊ အန်တီဦးကို ပြောစမ်းပါ သမီးရယ်၊ ရင်ထိတ်လို့ တာ”

ပျိုသည် ဘာမှ မဖြစ်သလို ဟန်မပျက် မနေနိုင် ကိုယ့်ကိုယ်ကိုယ်သာ စိတ်ပျက်မိတော့သည်။ ကိုယ်ကလည်း ဒီကိစ္စအတွက် အချိန်ပြည့် ရင်ထဲ မချိတရိ ဖြစ်နေသူဖြစ် နည်းနည်းကလေး စိတ်လှုပ်ရှားရတာနှင့် မျက်ရည်က ထွက်

နောက်ဆုံးတော့ ပျိုသည် ညီညဦးတို့ရဲ့ ပြဿနာ တွေကို အန်တီဦးကို ပြောပြလိုက်ရပါတော့သည်။ အန်တီဦး လည်း အဆန်းတကျယ် ဖြစ်လျက်နှင့်ပင် ...





“မျိုးဗီဇအလှူရှင်ကို ဖခင်တပ်လို့ရသလား၊ ငါ သိ သလောက်တော့ ဒါမျိုးက ဒိုနာနိမ်းမ်ကို လျှို့ဝှက်ထား တာပါ၊ အေးလေ ... သူတို့ကတော့ အချင်းချင်းပြန်လှူ တော့ အလှူရှင်ကို ကိုယ့်လူပဲမှန်း အစကတည်းက အသိ ကိုး ...

မြန်မာပြည်မှာ ဒီကိစ္စနဲ့ ပတ်သက်တဲ့ ဥပဒေပုဒ်မ တွေ ဘာတွေ ရှိပြီလား၊ ငါ စုံစမ်း,စမ်းဦးမယ်၊ ဒီအမျိုး သမီးက ဒီလို ဇွတ်လုပ်နေလို့တော့ ဘယ်ဖြစ်မလဲ၊ ညီညဦး ကလည်း ငြိမ်နေတာပဲလား၊ မဟုတ်သေးပါဘူး၊ သူတို့က ဘာဆက်လုပ်မှာလဲ၊ ကလေးကို ညီညဦးက တာဝန်ယူရမှာ လား၊ သမီး ဒါတွေအကုန် ရှင်းရှင်းမေးမြန်း ထည့်တွက် ထားဦး၊ နောင်မှ စာရင်းရှုပ်လာမယ် ပျို ...

အဖေနေရာမှာ သူ့နာမည်ကို ထည့်ရေးခွင့်ကို ညီညဦးက ပေးထားတာလား၊ ဒါတွေဟာ တစ်ချိန်မှာ အရေးကြီးတဲ့ကိစ္စ ဖြစ်လာပြီး မမျှော်မှန်းနိုင်တဲ့ ပြဿနာ မျိုးတွေ ပေါ်ပေါက်လာနိုင်တယ်နော်၊ ဒီကိစ္စကို အလေး အနက်ထားပြီး စဉ်းစားထား သမီး”



www.burmeseclassic.com

www.burmeseclassic.com



ပျို့ အန်တီဦးကို ဘာမှ ရေရေရာရာ ထပ်မပြောနိုင်ခဲ့။ ပြောစရာလည်း စကားမရှိ။ ပြောလည်း မပြောတတ်။ အန်တီဦး ဖုန်းချသွားပြီးသည်၏ နောက်တော့ ပျို့ ပထမဆုံး လုပ်မိတဲ့ အလုပ်ဟာ ကိုညရဲ့ ဟဲန်းဒ်ဖုန်းနံပါတ်ကို ကမန်းကတန်း နှိပ်မိခြင်းပဲဖြစ်သည်။

"ဟယ်လို ... ပျို့လေးလား"

ပျို့သည် ဘာစကားမှ မဆိုနိုင်သေးဘဲ တရှိုက်ရှိုက်သာ အရင်ဖြစ်နေမိသည်။ ပျို့ရှိုက်သံတွေကို ကိုည ကြားကာ အလန့်တကြား ဖြစ်နေပါသည်။

"ပျို့ ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲပြော၊ ကိုယ် လာခဲ့ရမလား၊ ဘာဖြစ်လို့ ငိုနေတာလဲ ပြောစမ်းပါ ပျို့ရာ"

ပျို့သည် ဖွင့်မေးလိုက်မှ 'ဟုတ်တယ်၊ အဖေနာမည်တပ်ခွင့် ကိုယ် ပေးလိုက်တယ်' ဆိုတဲ့ အဖြေစကားမျိုး ကြားလိုက်ရမှာကိုလည်း အလွန်ပဲ ကြောက်လန့်နေပါသည်။ အိန်ဂျယ်လ်ကို ကိုညက ချီထားပြီး မမှုယာက ဘေးက ကပ်ယှဉ်နေတဲ့အခါ အားလုံးသော မြင်တွေ့သူတို့က သူတို့ကို မိသားစုလေးလို့ ထင်ကြမှာပဲ။





"ပျို့"

"......"

"ကဲ ... ပျို့လေး ကိုယ် ထွက်လာခဲ့မယ်၊ ဒါပဲနော်"

"ကိုည"

"ပြော ... ပျို့ ဘာဖြစ်သလဲ"

"မနက်က ... မနက်က ကျောင်းအပ်ကြတော့ အိန်ဂျယ်လ်ရဲ့ အဖေအမည်နေရာမှာ ဘယ်လို ဖြည့်ခဲ့သလဲဟင်"

"ဦးနောင်နေဦး ဖြစ်မှာပေါ့၊ ဘာဖြစ်လို့လဲ"

"ဒါဖြင့် ကိုည မသိဘူးပေါ့၊ ကိုည ခွင့်ပြုတာ မဟုတ်ဘူးပေါ့"

"ဘာကိုလဲ၊ ဘာဖြစ်လို့လဲ"

"အဖေနာမည်မှာ ဦးညီညဦးလို့ ဖြည့်ထားတာတွေ့လို့ အန်တီဦးက ပျို့ကို ဖုန်းဆက်မေးတယ် ကိုည၊ ကိုညကများ အိန်ဂျယ်လ်အဖေနေရာကို တရားဝင် ခံယူလိုက်ပြီလားလို့ ပျို့ ... ပျို့ မေးကြည့်တာပါ"

"ကျွတ် ..."



www.burmeseclassic.com

www.burmeseclassic.com



ညီညဦးထံက စိတ်ပျက်သံတစ်ချက် ထွက်လာသည်။ မမှုယာ ဖောင်မ် ဖြည့်နေတာကို ညီညဦးကလည်း ဂရုတစိုက် မကြည့်မိခဲ့ပါ။ ရိုးရိုးပဲ အဘအမည် ဦးနောင်နေဦးသာ ဖြစ်မည်ဟု ထင်သည်။ အို ... ဘာမှကို မတွေးမိတာပါ။ ခုမှ သိလိုက်ရတဲ့ အခါ စိတ်တိုခြင်း၊ စိတ်ပျက်ခြင်းတွေနှင့် ညီညဦး ခေါင်းတွေပင် ကိုက်လာသည်။

❥ ○ ❥





## ၁၂

"အဲဒီကျောင်းအုပ်ကလည်း သူများအရေးကိစ္စထဲ စပ်စပ် စုစု စွက်စွက်ဖက်ဖက်ပါလိုက်တာ၊ ဘယ်လို ကျောင်းအုပ်လဲ၊ တော်ပြီ ဒီလောက် နေရာတကာ ဝင်ပါတတ်တဲ့ ကျောင်းအုပ် ဆရာမကြီးရှိတဲ့ ကျောင်းမှာလည်း ထားမနေတော့ဘူး"

မမှုယာ့ အသံက ကိုယ့်ထက်ပင် ခက်ထန်ကျယ်လောင်နေသည်။

"ထားတာ မထားတာ မမှုယာ သဘော၊ နော် ...၊ နာမည်ကြီးကျောင်းကောင်းမို့ ရအောင် အပ်ပေးတာ၊ အကူညီတောင်းပြီး အကပ်နဲ့ ဝင်ရာမကျအောင် မေမေက သူ့မြေး အတွက် အလှူငွေကို တမင်တကာ ဒီလောက်အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးတာ၊ ကျောင်းအုပ်က ဝင်ပါတာ မမှုယာ ဘာမှ ပြောဖို့မလိုဘူး၊ အဲဒီအန်တီဦးက ပျို့အဒေါ်ရင်းပဲဟာ၊ ကလေးအဖေနာမည် ကျွန်တော် ဖြစ်နေတာ သူ့တူမ သူ မမေးဘဲ နေမလား ...

ကျွန်တော့်ကို ဘာမှ မပြောဘဲ ဒီလို အပိုင်ရေးဖြည့် ပစ်တာ ဘာသဘောလဲ"

"ဘာ သဘောရမှာလဲ၊ ကိုနေမှ မရှိတော့တာ၊ သေပြီ လေ"

"သေလည်းပဲ အဖေက အဖေပဲလေ၊ ကျွန်တော့်အမေလည်း သေပြီ၊ ဒါပေမဲ့ ကျွန်တော် မင်္ဂလာဆောင်ဖိတ်စာမှာ ကျွန်တော့်အဖေနာမည် ဦးတင်မောင်ဦးပဲပေါ့၊ ဘာမှ ပြောင်းစရာမရှိဘူး၊ ရှိရှိ မရှိရှိ ဒီအဖေက ဒီအဖေပဲ"

"ဒီနာမည်လေးတစ်လုံး ထည့်ရေးမိတာ မင်းမှာ ဘယ်လောက် ထိခိုက်နစ်နာသွားလို့လဲ၊ ဒီကျောင်းဝင်ခွင့်ဖောင်မ်ကို ကိုင်ပြီး မှုယာကလည်း ဘာမှ လုပ်လို့မရပါဘူး"

"ဘာမှ လုပ်လို့မရဘူးသိတယ်၊ လုပ်လို့လည်း မရဘူး၊ ဘာထိခိုက်နစ်နာသွားလို့လဲလို့ လာမပြောနဲ့၊ ကျွန်တော်က





လူပျိုတစ်ယောက်၊ အိမ်ထောင်ပြုမဲ့သူ၊ ကလေးအဖေကြီး မဟုတ်ဘူး"

မမှုယာက ပြုံးမဲ့မဲ့နှင့် ...

"ကဲ ... ဒါဖြင့် အိန်ဂျယ်လ်က ဘယ်သူ့ကလေးလဲပြော"

"ဒါကို ခင်ဗျား မေးစရာလား၊ ကိုနေနဲ့ မမှုယာကလေး ပေါ့"

"အိန်ဂျယ်လ်အဖေက ကိုနေလား"

"ဟုတ်တယ်"

"ဟာဟ ... မင်းအစ်ကိုက ကလေးရနိုင်လို့လား"

"ဪကဲ့"

ညီညဦးသည် ဒေါသပေါက်ကွဲကာ ဧည့်ခန်းဆက်တီခုံရှေ့က ကျွန်းပြားကနုတ်ထွင်းပေါ် တင်ထားသည့် မှန်ချပ်မည်းကြီးကို လက်သီးနှင့် ထိုးချလိုက်ပါသည်။ မှန်ချပ်ကြီးက ထုအထူကြီးမို့ မပြို။ ညီညဦး လက်ဆစ်များသာ ချက်ချင်း ယောင်ကိုင်းတက်လာသည်။

"ဟဲ့ ... သား၊ ကိုညာ ဒီလို မလုပ်နဲ့သား၊ ကြမ်းကြမ်းတမ်းတမ်းတွေ မလုပ်နဲ့၊ ဒီမှာ ကလေးတောင် လန့်ငိုပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဘွားအေ ပေါင်ပေါ်မှ အိန်ဂျယ်လ်သည် အတော် လန့်သွားကာ ပါးစပ်လေး ပြဲပြဲမဲ့မဲ့နှင့် အသံမထွက်ဘဲ ငိုနေလေပြီ။

"မေမေ ဘာလို့ အိန်ဂျယ့်လ်ကို ခေါ်ထားရတာလဲ၊ အိန်ဂျယ်လ် သွား ... သွားအိပ်တော့၊ လူကြီးတွေ စကား ပြောနေတယ်"

"မအိပ်နဲ့သမီး၊ လာ မေမေ့ဆီလာ၊ မင်း ပြောချင်ရင် ကလေး ရှေ့ပြောလေ၊ ပြောရဲရင် ဘယ်သူ့ရှေ့ပြောပြော ပေါ့၊ အိန်ဂျယ်လ် သိပစေပေါ့၊ သူ့သွေးသား ဖအေဟာ သူ့ကို ဘယ်လိုရက်ရက်စက်စက် ပြောတယ်ဆိုတာ"

"မမူယာ ခင်ဗျား လွန်လာပြီနော်၊ ကလေးရှေ့မှာ မဟုတ် တာတွေ ဇွတ်ပြောပြီး ကျွန်တော့်ကို နားလည်မှုလွဲအောင် မလုပ်ပါနဲ့"

"မူယာ ဟုတ်တာပြောတာပဲ၊ ကိုနောင်နေဦးဟာ ကလေး မရနိုင်တဲ့ လူတစ်ယောက်ပဲ၊ အိန်ဂျယ့်လ်သွေးဟာ မင်းဆီက စီးဆင်းလာတာလေ ညီညာ၊ မင်းရဲ့သွေး၊ သူ့ဖအေ မင်းပဲ"

"ခင် ... ခင်ဗျား သိပ်တရားလွန်နေပြီနော်၊ ဒီကိစ္စဟာ ကျွန်တော့်အစ်ကို လင်မယားကို ကူညီခဲ့တာ သက်သက်ပဲ





ဖြစ်တယ်၊ ကိုနေကသာ ဆန္ဒ ပြင်းပြင်းပျပျနဲ့ အကူအညီ မတောင်းခဲ့ရင် ဒီလိုကိစ္စမျိုး ကျွန်တော် ဘာမှ လုပ်စရာ အကြောင်း မရှိဘူး ...

ကျွန်တော်အလှူရှင်ပဲ ဖြစ်တယ်၊ ကျွန်တော် အိန် ဂျယ့်လ် အဖေမဟုတ်ဘူး၊ အိန်ဂျယ့်လ် ဦးလေး၊ အိန်ဂျယ်လ် ဟာ ခင်ဗျားနဲ့ကိုနေရဲ့သမီး၊ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး"

မမူယာက မထိတရီပြုံးနှင့် သူ့ရင်ခွင်ဆီ ရွေ့လာ ကာ ငိုကြွေးနေသော အိန်ဂျယ်လ်အား ကြည့်ရင်း ...

"အိန်ဂျယ်လ် ကြားတယ်နော်၊ မင်းရဲ့ သွေးရင်းသားရင်း ဖခင်စစ်စစ်ကြီးက မင်းကို သူ့သမီး မဟုတ်ဘူးတဲ့၊ ငြင်း နေတာ"

"တောက် ... ခင်ဗျား ပါးစပ်ပိတ်ရင်ကောင်းမယ်နော်၊ ကလေးလေးကို စိတ်မှာ ဒဏ်ရာဒဏ်ချက်ဖြစ်အောင် ခင်ဗျား လုပ်မနေနဲ့၊ ကလေးက ဘာမှ သိတတ်နားလည် တတ်သေးတာ မဟုတ်ဘူး၊ ကျွန်တော်တို့ သံယောဇဉ်တွေ ကိုလည်းသွေးမခွဲပါနဲ့၊ ကလေး စိတ်ထိခိုက်အောင် မလုပ် ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကလေး စိတ်ထိခိုက်အောင် အခု မင်း လုပ်နေတာလေ ညီညရဲ့"

"ခင်ဗျား လုပ်နေတာ၊ ရှင်းရှင်းလေးကိစ္စတစ်ခုကို ခင်ဗျား လက်ထဲ လုံးထွေးပြီး ရှုပ်ပစ်နေတာ"

"သူ့သွေးသားဟာ မင်းဆီက ဖြစ်လာတာ၊ မင်း ငြင်းမလား အခု ဒီအင်အေ ထ,စစ်ကြည့်ပါလား"

"တောက်"

ညီညဦးသည် မေးကြောကြီးတွေ တင်းကာ နှဖူး နထင်က သွေးကြောကြီးတွေ ထင်းကာ ထောင်ထလာတဲ့အထိ မျက်နှာတစ်ခုလုံး နီရဲရွှေးပျံကာ တုန်တုန်ခိုက်ခိုက် ဖြစ်နေလေသည်။ ဒေါ်ဆင့်ဆင့်သွယ်သည် ငိုသံပါကြီးနှင့် ...

"မှယာ ... မင်းတို့သားအမိကိုလည်း ငါတို့ ပစ်ထားမှာလည်း မဟုတ်ဘူး၊ သားကြီး မရှိပေမဲ့ သားကြီးရဲ့ ဇနီးနဲ့ သမီးအဖြစ် တစ်သက်လုံး ဦးဦးဖျားဖျား နေရာမှာ ထားမှာပါကွယ်၊ ချောင်ထိုးမထားပါဘူး၊ မင်းဟာ တစ်သက်လုံး ငါ့ချွေးမအကြီးပါပဲ၊ ဘာဖြစ်လို့ စိတ်ဆင်းရဲစရာ၊ လူကြား မကောင်းတဲ့ကိစ္စတွေ အစ,ဆွဲထုတ်လာတာပဲ၊ ဒီကိစ္စဟာ





အားလုံး ကျေကျေနပ်နပ် အပေးအယူ လုပ်ထားခဲ့တာပါ၊ သားငယ်က မင်းတို့လင်မယားကို သက်သက်မဲ့ အကူအညီ ပေးလှူခဲ့တာကလွဲရင် တခြား အရှုပ်အရှင်းလည်း မရှိပါပေမဲ့ ခုတော့ လူကြားရင်တောင် သို့လော သို့လော သံသယဝင် အထင်သေးချင်စရာ ဖြစ်တော့မယ် ...

အိန်ဂျယ်လ်ဟာ ညီညဦးကလေးဆိုတဲ့ စကားဟာ မပြောကောင်းတဲ့စကား ကြားမကောင်းတဲ့စကားပါ မှယာ၊ မင်း ဘာဖြစ်ချင်တာလဲ၊ မင်း စိတ်ထဲမှာ ဘာကို မကျေနပ် ဘူးလဲ၊ ဘာကို လိုချင်နေတာလဲ"

"ညီညဟာ ကလေးအဖေဖြစ်တယ်၊ အိန်ဂျယ့်လ်အဖေ ဖြစ်တယ်ဆိုတဲ့ ဝန်ခံမှုကို လိုချင်တယ်"

"မရဘူး၊ ဝန်မခံဘူး၊ တစ်သက်လုံး ဝန်မခံဘူး"

ညီညဦးရဲ့ ပေါက်ပေါက်ကွဲကွဲ အော်ဟစ်ပစ်လိုက်သံကြောင့် အိန်ဂျယ်လ်သည် ကြောက်လန့်တကြား ရှူးရှူးဝါးဝါး အော်ဟစ်ငိုလိုက်ပါသည်။ ရင်ကွဲပက်လက် အာခေါင်ခြစ် အော်ငိုနေတဲ့ အိန်ဂျယ့်လ်အသံက ကြေကွဲဆို့နင့်စရာကြီးပင်။

"အိန်ဂျယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



"လာမခေါ်နဲ့၊ သွား ... ကလေးကို မထိနဲ့"

ကြင်နာစွာ သနားကရုဏာသက်စိတ်နှင့် အနီးကို တိုးကပ်ပြေးလာတဲ့ ညီညဦးကို မှုယာက အော်ပစ်လိုက်ပါသည်။

"မမှုယာ ... ခင်ဗျား အသိဉာဏ်မရှိဘူးလား၊ နှလုံးသားရော မရှိဘူးလား၊ ခင်ဗျား စကားတွေဟာ ကလေးတစ်ယောက်ရဲ့ နုနယ်တဲ့ နှလုံးသားကို ထိခိုက်ဒဏ်ရာ ဖြစ်စေတယ်၊ ခင်ဗျား စကားတွေကို ဘာမှန်းမသိ ညာမှန်းမသိ အဟုတ်ထင်ပြီး အိန်ဂျယ်လ် ဘယ်လောက် ဝမ်းနည်းအားငယ်မလဲ ...

ဒီအရွယ်ဟာ ရေရေရာရာ မဟုတ်ပေမဲ့ ခံစားချက်ဆိုတာကို သိတတ်နေပြီ၊ ခံစားတတ်နေပြီ၊ အိန်ဂျယ်လ်အဖေဟာ သူ့အကြောင်းနဲ့သူ မတော်တဆ ကွယ်လွန်သွားရတဲ့ လူတော်လူကောင်း ဒေါက်တာနောင်နေဦးဆိုတာ သူ နားလည်မှုရှိရှိနဲ့ ဂုဏ်ယူတတ်ပါစေ၊ ယုန်ထင်ကြောင်ထင် ဇဝေဇဝါ ဒွိဟစိတ်တွေနဲ့ ကလေးတစ်ယောက် ရင်ထဲမှာ သူဟာ မလိုလားခံရတဲ့ ငြင်းပယ်ခံရတဲ့သူတစ်ယောက်ထင်လာမြင်လာအောင် မလုပ်ပါနဲ့ ...





ခင်ဗျား ပြောချင်တာ တောင်းဆိုချင်တာတွေကို ကျွန်တော် လက်ခံတာ မခံတာထား၊ နှစ်ယောက်ချင်း ဆွေးနွေးလို့ရတယ်၊ ကလေးရှေ့မှာ ဖွင့်မပြောနဲ့၊ သူ့အမှန်ကို သဘောပေါက်ပါစေ၊ သူ့အဖေဟာ လူတော်ဆရာဝန်တစ်ယောက်၊ မတော်တဆ သေဆုံးသွားရပေမဲ့ ဂုဏ်သတင်းမွှေးခဲ့တဲ့ ..."

"ဖေဖေ မသေဘူး၊ ဖေဖေ မသေဘူး၊ ဖေဖေ စင်ကာပူမှာ ဆေးရုံတက်နေတာ၊ ဖေဖေ မသေဘူး"

ရှုံ့ရှုံ့ဝါးဝါး အော်ဟစ်လိုက်တဲ့ အိန်ဂျယ်လ် အသံလေးက အားလုံးရဲ့ ရင်ထဲကို နှာကျင်ဖွယ် တိုးဖောက်ခွဲဝင်လာခဲ့သည်။

❥ ○ ❥

အိန်ဂျယ်လ်ကလေးသည် ထိုညက အတော်စိတ်ထိခိုက် အားငယ်ဝမ်းနည်းသွားပုံရကာ ညလယ်ခေါင်မှာ ရှုံ့ရှုံ့ဝါးဝါး ယောင်ယမ်းအော်ဟစ်လေ၍ မှုယာကော ဘေးကပ်ရက် အခန်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆင့်ဆင့်သွယ်ရော လန့်နိုးလာတဲ့အခါ တစ်ကိုယ်လုံး ချွေးအိုင်တွင် နစ်လျက် အပူပြင်းပြင်းဖျားလျက်ရှိလေသည်။

ကိုယ် အပူချိန်များလှတဲ့အတွက် အဝတ်လဲပေး၊ ရေခဲကပ်ပေး လုပ်နေစဉ် အချိန်အတွင်း အိန်ဂျယ်လ်သည် ကယောင်ကတမ်း ရေရွတ်ညည်းတွားလျက်ရှိသည်။ အဘွားဖြစ်သူမှာ မြေးမလေးအတွက် ခြေမကိုင်မိ လက်မကိုင်မိ မျက်ရည်စမ်းစမ်း ရှိရလေသည်။

မူယာရော ဒေါ်ဆင့်ဆင့်သွယ်ဝါ ပြန်မအိပ်ရတော့။ ရေခဲဖတ် အုပ်ပေးနေလျက်က အဖျားက မကျ။ လေ့ကားမှ ဆင်းချည်တက်ချည် ရေခဲယူကြ၊ ရေဇလုံလဲကြ၊ လှုပ်ရှား ယောက်ယက်ခတ်နေကြမှုကြောင့် ညီညဦးလည်း မိုးမှကောင်းကောင်း မလင်းသေးခင် အစောကြီးပင် နိုးလာသည်။

ညီညဦးသည် သူ အဲတော်ချစ်တဲ့ တူမကလေး အတွက် မချိတင်ကဲ စိတ်မကောင်း ဖြစ်ရသည်။ မမူယာကိုလည်း စိတ်မပြေနိုင်အောင် ဖြစ်မိသည်။ ကလေးစိတ်ကို ထိခိုက်ဆင်းရဲအောင် မဆင်မခြင် ပြောချင်ရာပြောထွက်တဲ့ အမေဟု စိတ်ထဲ မျက်ကာနေသည်။





မူယာကလည်း ညီညဦးကို အခဲမကြေ။ မူယာသည် ဘာကိုမှ အခဲမကြေပေ။ အဖြစ်အပျက်ကိုလည်း အခဲမကြေ၊ လူတွေကိုလည်း ညီညဦးကစ၍ ယောက္ခမကြီးရော ပျိုကလျာကိုပါ အလိုလို အခဲမကြေနိုင် မုန်းမျက်နေသည်။

ကိုယ်ဖြစ်ချင်ရာ ကိုယ့်တစ်ဆန္ဒကိုသာသိသူ မူယာသည် သူမ ဘယ်လိုမှ ကိုင်တွယ်ဖန်တီးမရသော ကံကြမ္မာကြီးကိုကအစ မုန်းတီးငြိုးမျက်ကာနေသည်။

အချိန်ကောင်းအရွယ်ကောင်း ဘဝအခြေအနေလေးလည်း မျှော်လင့်ချက်တွေ တရိပ်ရိပ်နှင့် တစ်ရှိန်ထိုး တက်ဖို့သာရှိတဲ့ အခြေအနေမှာမှ ရုတ်တရက် ဆုံးပါးကွယ်လွန်သွားတဲ့ ခင်ပွန်းသည် နောင်နေဦးကအစ မူယာ စိတ်နာသူစာရင်း၌ပါလေသည်။

စောစောစီးစီး ငယ်ငယ်ရွယ်ရွယ်အချိန်မှာ 'မုဆိုးမ' ဆိုတဲ့ အဖြစ်နှင့် ပတ်ဝန်းကျင်ရဲ့ ကရုဏာသက်မှုကိုရအောင် ညှိုးညှိုးငယ်ငယ် ကုပ်ကုပ်ရုပ်ရုပ် ပိပိရိရိ အပိုးကျိုးကျိုးနေပြရမည့် ဘဝကိုလည်း လုံးဝ စိတ်မပါပေ။ အများအားကျ တောက်ပထည်ဝါတဲ့ ဘဝမှာ မာန်ချီဝင့်ထည်ပြီးတော့သာ နေလိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသေတော့လည်း သူမ မျှော်လင့်သလောက် လျော်ကြေးပမာဏကို မရခဲ့။ ငွေကြေး အသင့်အတင့်ကလွဲရင် လက်ဆုပ်လက်ကိုင် ဘာမှ မရှိတဲ့ အခြေအနေကို ရောက်ခဲ့ရခြင်းအတွက်လည်း ဘဝကို စိတ်နာမဆုံး။ လေယာဉ်ပေါ် အပြန်ခရီးကတည်းက ရှေ့ရေးအတွက် စိတ်ကူးယဉ်မျှော်လင့်ချက် ဇာတ်ကွက်ကို မှုယာ ပနွက်ရိုက်ခဲ့ပြီးကာမှ ဒီရောက်တော့ သူ့စိတ်ကူးယဉ်ဇာတ်လမ်းတွဲထဲက မင်းသားဖြစ်သူ မတ်တော်မောင်က လက်ထပ်မည့်ဆဲဆဲ ချစ်သူနှင့် ဖြစ်နေတာဟာလည်း လောကဇာတ်ခုံကြီးက သူမကို ပြက်ရယ်ပြုလိုက်တာပဲလို့ ထင်ကာ မခံချိ။

ညီညဉ်းမှာ ချစ်သူရယ်လို့ ရှိမနေခဲ့လို့ကတော့ မှုယာ့လက်ခုပ်ထဲက ပြေးလို့ကို မလွတ်တာ မှုယာ သိသည်။ ခုတော့ သူ့နှလုံးသားက ပိုင်ရှင်နှင့်၊ ကျူးကျော်ချဉ်းနင်းဝင်ဖို့ မလွယ်ကူ။ မတ်တော်မောင်ရဲ့ ချစ်သူဆိုတဲ့ မိန်းမပျိုကိုလည်း အရာရာတွင် အောင်မြင်ပြည့်စုံခြင်းသရုပ် ဆင်မြန်းထားနိုင်ခွင့် ရသူအဖြစ် မရှုစိမ့်။ မနာလိုကာ မေတ္တာမထားနိုင်၊ မုဒိတာ မပွားနိုင်ဖြစ်ကာ အသားလွတ် နေရင်းထိုင်ရင်း အခဲမကြေပေ။





သူ ဆင်မဲ့ ဇာတ်ကွက်ကို နှောင့်ယှက်ဖောက်ဖျက်သူရယ်လို့သာ မုန်းတီးလျက်ရှိသည်။ သူမရဲ့ ခလုတ်ကန်သင်းဥမိန်းမကိုမှ အထင်တကြီး ရင်းနှီးခင်မင်နေကြပြန်တဲ့ မေမေနဲ့ သားထွေးကိုလည်း မကျေနပ်။

မှုယာ့ အတွင်းကျိတ်စိတ်မနောတို့ကို အချိန်တိုတိုနှင့် ရိပ်မိသိရှိသွားကြတဲ့ သူတို့အားလုံးကို မှုယာ အခဲမကြေ။ သူမ ရည်ရွယ်မျှော်လင့်သလို ဖြစ်လာဖို့ဝေးလို့ အိန်ဂျယ်လ်ရဲ့ သွေးရင်း ဖခင်တစ်ယောက်အဖြစ်ကိုပင် မခံယူနိုင်၊ လက်မခံနိုင် ခါးခါးသီးနေတဲ့ ညီညဉ်းကိုလည်း မျက်နှာတောင်မှ ခုချိန်မှာ ကြည့်လိုစိတ် မရှိပေ။

“ဟဲ့ ... ဟဲ့ ... ကလေးက အပူကြီးလို့ တရက်နေပြီ၊ သား ပြတင်းပေါက်တွေ ဖွင့်စမ်း၊ ဟဲ့ ... သမီးလေး အိန်ဂျယ်လ် ... သမီးလေး”

“မေမေ ... ဆေးရုံသွားရအောင်”

“အေး ... လာ ... လာ၊ မှုယာ ကလေးကို ဆေးရုံပို့ရအောင်”

www.burmeseclassic.com



ညီညဦးက အိန်ဂျယ်လ်ကို ဝင်ပွေ့၍ မှုယာက ညီညဦး လက်ကို ပုတ်ထုတ်ရင်း ...

"လာမချိန်နဲ့ ညီည၊ မင်း့ကလေး မဟုတ်ဘူးဆို မထိနဲ့၊ ငါ့ဟာငါ ငါ့သမီးကို ဘာလုပ်လုပ်၊ မင်း ဝင်စီစဉ်စရာ မလိုဘူး"

"မမှုယာ ဘာဖြစ်နေတာလဲ၊ အစ်ကက ခင်ဗျားသမီး နေကောင်းသွားဖို့ မဟုတ်ဘူးလား၊ ခင်ဗျား ကတ်ဖိုးကတ်ဖဲ့ တွေ လုပ်မနေနဲ့၊ ကလေး ဒုက္ခရောက်သွားမယ်"

"ဘာဖြစ်လို့ လာပူနေသလဲ၊ ကိုယ့်ကလေး မဟုတ်ဘဲနဲ့"

"ဒါ ကျွန်တော့် တူမတော့ တော်သေးတယ်လေ၊ အရေး အကြောင်းထဲမှာ ခင်ဗျား အတ္တတွေ လာအရေးပါမနေနဲ့"

ညီညဦးက ကလေးကို ရွတ်ဆွဲပွေ့ကာ အပြင်ထွက်လာလျှင် ဒေါ်ဆင့်ဆင့်သွယ်လည်း ပိုက်ဆံအိတ်ကို ဘာတို့ ဝင်ယူကာ သွားဖို့ အဆင်သင့်ပင်။ မှုယာသည် ငြင်းဆန်အားတဲ့ အချိန်မျိုး မဟုတ်၍ နှုတ်ခမ်းကို ကိုက်ကာပါလာသည်။ ညီညဦးက ကားကို ကလေးဆေးရုံကြီးသို့ တန်းမောင်းလာခဲ့သည်။



ဆေးရုံကြီးအရေးပေါ်ကတစ်ဆင့် လိုအပ်တဲ့ စမ်းသပ်မှုပြုလုပ်ပြီးလျှင် အိန်ဂျယ်လ်ကို ဆေးရုံတင်ရပါသည်။ အပူချိန်ကလည်း အရမ်းကြီးနေ၊ အပူကြီးလျှင် တက်တတ်တဲ့ ကလေးလည်း ဖြစ်နေ၍ ဆေးရုံတင်ခိုင်းတဲ့အတွက် လူကြီးသုံးယောက်လုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြရသည်။

အိန်ဂျယ်လ်အတွက် သီးသန့်အခန်းငယ်လေးတစ်ခု ရကာ တာဝန်ကျ ဆရာဝန်တစ်ယောက်က လာရောက်စမ်းသပ်နေရင်း ဒေါ်ဆင့်ဆင့်သွယ်ကို ကြည့်ကာ ...

"အန်တီ နှောင်နေဦး အမေလားဟင်"

"ဟုတ်ပါတယ် ဒေါက်တာရယ်"

"သမီးက နန္ဒာပါ အန်တီ၊ ပါ့ထ်ဝမ်း ပါ့ထ်တူးတုန်းက အန်တီတို့အိမ်ကို ရောက်ဖူးပါတယ်၊ နှောင်နေဦး သူငယ်ချင်းပါ"

"ဩော် ... ဟုတ်လား၊ အန်တီက မမှတ်မိလို့၊ ဝမ်းသာလိုက်တာ သမီးရယ်၊ အန်တီ့မြေးလေးကို ကြည့်ပေးပါဦးကွယ်"

"ဒါ အန်တီ့ မြေးဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



"နောင်နေဦးရဲ့ သမီးလေးပါကွယ်"

"ဩော် ... ဟုတ်လား၊ နောင်နေဦး သမီးလေးလား"

ဆရာဝန်မလေးသည် ဘီပီတိုင်းတဲ့ လက်ပတ်ကို ကလေးလက်မှာ စည်း၍ လေညှစ်ထည့်ကာ ပိုက်ကို ခေါက်ပြီး ဟက်စ်တာက်စ် စမ်းနေရင်း ...

"နန္ဒာက ဒီကိုရောက်တာ နှစ်လပဲ ရှိသေးတယ် အန်တီ၊ အရင်က မော်လမြိုင်မှာ တာဝန်ကျတာ၊ နောင်နေဦး သတင်းကို သတင်းစာမှာ တွေ့လိုက်ရပါတယ်၊ အရမ်း အံ့သြပြီး စိတ်မကောင်းဖြစ်နေတာ၊ ရောက်လည်း မရောက် လိုက်နိုင်ဘူးလေ"

"အေးကွယ်၊ တော်တော်များများ မရောက်ကြပါဘူး"

"ဟိုမှာ ဆုံးပြီး ဒီမှာ အသုဘမချဖြစ်ဘဲ ရက်လည်ပဲ လုပ်တာထင်တယ်၊ အချင်းချင်းတော့ ဖုန်းသတင်း လှမ်း မေးကြပါတယ်၊ နေစိုးတို့တော့ ရောက်တယ် ထင်တယ်၊ အန်တီ ... နေစိုး သိတယ်နော်"

"အေး ... မောင်နေစိုးတော့ သိပါတယ် သမီးရယ်"

"နေစိုးလည်း ဒီမှာပဲ အန်တီ၊ နန္ဒာ သွားခေါ်လာဦးမယ်"





ဆရာဝန်မလေးက အချိန်စေ့သွား၍ ပိုက်ခေါက်ကို ဖြေကာ လေလျှော့ပြီး အိန်ဂျယ်လ် လက်ဖျံကလေးကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုသည်။

"သွေးလွန်တုပ်ကွေးလက္ခဏာတော့ မတွေ့သေးဘူး အန်တီ၊ ဒါပေမဲ့ နောက်ရက်တွေတော့ ဆက်တော့ စစ်ရဦးမယ်၊ ဒါက ကလေးအမေလား"

မှုယာ့ဘက် လှည့်မေးတာမို့ မှုယာက ခေါင်းညိတ် ပြလိုက်လျှင် ဆရာဝန်မလေးက ပြုံးရင်း ...

"သိပ်မစိုးရိမ်နဲ့နော်၊ ကလေးအဖေနဲ့က ကျောင်းမှာ တောက် လျှောက် သိပ်ခင်လာတဲ့ သူငယ်ချင်းတွေပါ၊ ဒီဝါဒ်မှာ နောင်နေဦး သူငယ်ချင်းနှစ်ယောက်တောင် ရှိတာ၊ သေချာ ဂရုစိုက်မှာ၊ ဘာမှ စိတ်မပူနဲ့"

ဆရာဝန်မလေးသည် အခန်းငယ်လေးထဲက ထွက် သွားပြီး မကြာလှခင် တခြားဆရာဝန်တစ်ယောက်ကို ခေါ်ကာ ပြန်လာပါသည်။

"ဟာ ... အန်တီ၊ ကျွန်တော် နေစိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် မောင်နေစိုးရယ်၊ သားကိုတွေ့တော့ အန်တီ သားကြီး သတိရလိုက်တာကွယ်"

ဒေါ်ဆင့်ဆင့်သွယ်မှာ တရှုံ့ရှုံ့ငိုရှာပါတော့သည်။

"ဟာ ... မငိုပါနဲ့ အန်တီရယ်။ စိတ်မကောင်းမဖြစ်ပါနဲ့၊ ဒါနောင်ကြီး သမီးလေးပေါ့ ဟုတ်လား၊ ချစ်စရာကောင်း လိုက်တာ၊ နောင်ကြီးနဲ့ ချွတ်စွပ်ပဲနော်"

"အဖျားက တရှောင်ါး၊ ဟက်စ်တက်စ်တော့ ဘာမှ မတွေ့ သေးဘူး၊ အခုတော့ အတက်ကျနေတယ်၊ ရောက်လာကာစ က တက်နေတယ်တဲ့"

နန္ဒာက အခြေအနေကို ဝင်ပြောပြပါသည်။ နေစိုးသည် ကလေးအထူးကုနှင့် အမ်အက်စ်စီ အောင်ပြီးကာ ဝါ့ဒ်မှာ လက်ထောက်ဖြစ်ပါသည်။

"တချို့ကလေးတွေလည်း ဝက်သက်ပေါက်ကြတဲ့အချိန်ပဲ၊ အဲသလို တစ်ခုခု ထွက်ချင်လို့လည်း ဖြစ်နိုင်ပါတယ်၊ ဝမ်းပိုက်က ကလီဇာတွေ စမ်းတာတော့ ဘာမှ ကြီးမနေ ရောင်မနေဘူး၊ မစိုးရိမ်ပါနဲ့ အန်တီရယ်၊ ကောင်းသွားမှာ ပါ၊ စိုးရိမ်စရာလက္ခဏာ မတွေ့ပါဘူး"





"ဘာမှ မစိုးရိမ်နဲ့ ညီမ၊ စိတ်ပေါ့ပေါ့ပါးပါးထား၊ ဘာမှ မဖြစ်ဘူး၊ အကောင်းဆုံး ဂရုစိုက်မှာ စိတ်ချ"

မကြာသေးမီက ယောက်ျား ကွယ်လွန်ထားရတဲ့ မုဆိုးမကလေးတစ်ယောက်အဖြစ် မူယာ စိတ်ထိခိုက်အားငယ်နေ မှာကို ကြင်နာစွာ ဒေါက်နေစိုးရော ဒေါက်တာနန္ဒာပါ ဝိုင်းဝန်း အားပေးနှစ်သိမ့်နေကြတာပင်။

မူယာသည် အမူရှိန်ကြောင့် အသားကလေးတွေ နီရဲနေသော သမီးလေး အိန်ဂျယ်လ်ကို မျက်ရည်အဝိုင်းသားနှင့် စိုက်ငေးနေမိသည်။ ဒေါက်တာနောင်နေဦးရဲ့ သမီးလေးဆိုပြီး ဂရုစိုက်ခံရ၊ ကရုဏာသက်ခံရလိုက်တာ။ ကိုယ်တိုင်လည်း ဒေါက်တာ နောင်နေဦး ဇနီးမို့ ရိုင်းပင်းကြင်နာချင်သူတွေများလိုက်တာ။

ဝါ့ဒ်က အကြီးဆုံး ဆရာဝန်ကြီးသည်လည်း နောင်နေဦးကို သိကျွမ်းရင်းနှီးသူ ဖြစ်နေပါသည်။ မကြာမကြာ ဟိုလူက လာကြည့်၊ ဒီလူက လာကြည့်နှင့် အားလုံး ဝိုင်းဝန်းဂရုစိုက်ကြသည်။

"နောင်နေဦး သမီးလေးလား ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လာမေးတိုင်း ခေါင်းညိတ်ပြရရင်း မှုယာ့ စိတ်တွေ ဝမ်းနည်းနောက်ကျိလာသည်။ စိတ်ဓာတ်ပြင်းထန်ကာ အလိုမကျမှုတွေ ရင်မှာပိုက်ထားခဲ့ရသူ မှုယာသည် သမီးလေးအတွက် ပူပန်သောကရော၊ စိတ်လှုပ်ရှားထိခိုက်ရတာတွေကော့ ညက အိပ်ရေးပျက်ခဲ့တာရော ရောပေါင်းကာ ခေါင်းထဲက တရိပ်ရိပ် မူးဝေလျက် ရင်တွေလည်း တလှပ်လှပ် တုန်နေခဲ့သည်။





## ၁၄

"ဒီမှာတော့ ဒီကိစ္စတွေဟာ အဆန်းမဟုတ်တော့ဘူး သမီးကြီးရဲ့၊ အိမ်ထောင်မပြုချင်ဘဲ ကိုယ်တိုင် ကိုယ်ဝန်ဆောင်ပြီး ကိုယ့်ရင်သွေးကို မွေးဖွားချင်တဲ့ အမျိုးသမီးတွေဟာ အဲဒီနည်းနဲ့ပဲ ကလေးမွေးဖွားကြတယ်၊ များသောအားဖြင့် ဖခင်မျိုးစေ့ရဲ့ အလှူရှင်ကို ဘယ်သူဆိုတာ မိခင်တွေ ကိုယ်တိုင် မသိကြပါဘူး၊ အချက်အလက်ဒေတာတွေကိုပဲ လေ့လာပြီး သူတို့ ရွေးချယ်ကြတယ်၊ ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး အရှုပ်အရှင်းပြဿနာ ဖြစ်တယ်ရယ်လို့လဲ မကြားဖူးလှပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တချို့ဆိုရင် မိခင်တွေက ကိုယ်ဝန်ကိုးလတာကြီး မဆောင်ချင်လို့ မိုက်အငှားနဲ့ ကိုယ်ဝန်ဆောင်ခိုင်းတဲ့ ကိစ္စတွေ တောင်ရှိတယ်၊ ဒါတွေတော့ ရုပ်ရှင်တွေ ဘာတွေ ရိုက်ကြတာတောင် ဇာတ်လမ်းမျိုးစုံရှိတယ်လေ၊ အဖေရင်း အမေရင်း မျိုးစေ့ကိုပဲ တခြားမိန်းမတစ်ယောက် ကိုယ်ခန္ဓာ ထဲမှာ သန္ဓေဆောင်ခိုင်းတာပေါ့၊ မြန်မာပြည်မှာ အဲဒီလောက် ထိတော့ မရှိဖူးသေးဘူး ထင်တယ် ...

Test tube မှာ သန္ဓေအောင်ပြီးမှ ကိုယ်ခန္ဓာထဲ ထည့်ပြီးလွယ်တဲ့ ကလေးတွေတော့ မြန်မာပြည်မှာလည်း အတော်များများ ရှိနေပြီ သတင်းကြားတယ်၊ ငွေကုန်ကြေး ကျများတော့ တတ်နိုင်တဲ့ အသိုင်းအဝိုင်းထဲမှာပဲ ဒီကိစ္စမျိုး ရှိမှာပေါ့၊ ဒါဟာ ဘာမှတော့ ရေးကြီးခွင်ကျယ် မရှိလှ ဘူးလို့ ဖေဖေ ထင်ပါတယ်၊ ဖေဖေကတော့ ဒီနိုင်ငံမှာ နေတဲ့ လူတစ်ယောက်ရဲ့ အမြင်ပေါ့ သမီးကြီးရဲ့ ...

မြန်မာပြည်က လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲ တော့ နည်းနည်းပါးပါး အသစ်အဆန်း ဖြစ်နေဦးမှာပေါ့လေ၊ ဒါပေမဲ့ ပြဿနာ မရှိလှပါဘူးလို့ ဖေဖေ ထင်ပါတယ်၊ သမီးကြီး စိတ်ထဲမှာ သိပ်အနှောင့်အယှက် ဖြစ်နေလို့လား"





ပျို့သည် ဖုန်းထဲက ဖေဖေ့အမေးကို ဘာပြန်ဖြေရမယ် မသိ။ အန်တီဦးထံကတစ်ဆင့် ရက်သိပ်မခြားဘဲ ဒီကိစ္စကို ဖေဖေ သိသွားပါသည်။ အန်တီဦးလည်း ဘာတွေ ရှုပ်ထွေးလာနိုင် သလဲဆိုတဲ့ စိုးရိမ်ပူပန်ခြင်းနှင့် ဖေဖေ့ထံ ဖွင့်ပြောလိုက်တာပဲဖြစ် သည်။ ပျို့ကလည်း ဖေဖေ့ကို သိစေချင်တာပါ။ သို့သော် ပျို့ နှုတ်က ဖွင့်ပြောဖို့ ပြောမထွက် နှုတ်မရဲ ဖြစ်နေတာ။ ခုလို အန်တီဦးက ကြားကဝင်ပြောလိုက်တော့ ပျို့ ပိုပြီး ကျေနပ်မိပါ သေးသည်။

"ဒီကိစ္စဟာ သမီးနဲ့ မတွေ့ခင် လေးငါးနှစ်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စလို့လည်း သမီးကြီး ပြောတယ်လေ"

"ဟုတ်ပါတယ် ဖေဖေ"

"အခု သမီးကြီး ဘာတွေ စိတ်ဆင်းရဲနေသလဲ၊ သမီးကြီး ငိုနေတယ်ဆိုတာ တင်တင်ဦးဆီက ကြားရတော့ ဖေဖေ စိတ်မချမ်းသာဘူးကွယ်၊ ဘယ်လို အကျပ်အတည်းပြဿနာ တွေ့ကြုံရလို့လဲ"

"ကလေးအဖေရင်းက သေသွားတယ် ဖေဖေ"

"ဒါကို တင်တင်ဦး ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးအမေက ဒီကလေးဟာ ကိုညီညဦးရဲ့သွေး၊ ကိုညီညဦးရဲ့ ကလေးလို့ ပြောလာတယ် ဖေဖေ"

"ဒါက အခြေခံအချက်အလက် တစ်ခုအနေနဲ့ မှန်နေသားပဲ၊ သူက ဒါဟာ ညီညဦး ကလေးပါဆိုလည်း အိုကေပေါ့၊ အဲဒါ ဘာဖြစ်သလဲ၊ သူ ပြောချင်သလို ပြောလို့ရတာပဲ၊ သူကလည်း ညီညဦးဆီက ယူထားတာ သေချာနေတာကိုး၊ ညီညဦး ကလေးဆိုပေမဲ့ အဲဒီကလေး အမေနဲ့ ညီညဦး ပေါင်းသင်းနေထိုင်လို့ရတဲ့ကလေး မဟုတ်ကြောင်း အားလုံး သိတာပဲ၊ သမီးလည်း သိတာပဲ မဟုတ်လား"

ဖေဖေ ပြောတော့လည်း စိတ်ခတ်ကျစရာ မလိုသလို ပင်။

"ညီညဦးက ဘာပြောလဲ"

"ကိုညက သူဟာ ကလေးရဲ့ ဦးလေးတဲ့၊ ဒါပေမဲ့ ကလေးကို သူ ချစ်တယ် ဖေဖေ"

"ချစ်မှာပေါ့၊ ချစ်တော့ ဘာဖြစ်သလဲ၊ သူက သူ့ကိုယ်သူ ဦးလေးလို့ပဲ ခံယူထားသားပဲ၊ ကလေးကို တူမလေးလို ချစ်မယ်၊ တူမကလေးလိုထက်လည်း ပိုချစ်ရင်ချစ်မယ် It's not a problem ပါ သမီးကြီးရဲ့"





"အဲသလိုချစ်တာကို ပျို့က မချစ်စေချင်လို့လည်း မဟုတ်ပါဘူး ဖေဖေ၊ ပျို့ ရှင်းမပြတတ်ဘူး၊ ပျို့စိတ်ထဲမှာ ဒုတိယပဲဖြစ်ရသလိုလို၊ သူ့မှာ ချို့ယွင်းချက်ပဲ ရှိသွားသလိုလို ခံစားနေရတာမျိုး၊ ဝမ်းနည်းနေတာပါ"

"ဒါ ... စိတ်ပါ သမီး၊ စိတ်ကြောင့် ဖြစ်နေတာပါ"

"ကလေးအမေကလည်း ကလေးကို ကိုညကလေးလို့ချည်းပဲကြေညာနေတယ်"

"ဒါလည်း စိတ်ပဲ၊ သူ စိတ်ခတ်ကျ စိတ်အားငယ်နေပြီး ရေနစ်တဲ့သူ ကောက်ရိုးမျှင်ပဲဖြစ်ဖြစ် ဆွဲမိဆွဲရာ ဆွဲသလို ဖြစ်နေတာမျိုးပါ၊ ဒီထက်လည်း သူ ပိုဖြစ်လို့မရဘူး၊ ဒီကောက်ရိုးကလည်း သူ့ကို ကယ်မ,ဆယ်တင်မှာ မဟုတ်ဘူး၊ သူ ဖွတ်ဆွဲနစ်ရင်လည်း သူပဲ နစ်သွားမှာ၊ သူ ဒီလိုကြေညာနေတာကလွဲပြီး ညီညဦးကို ဖွတ်အရယူလို့မှ မရဘဲ၊ ညီညဦးက အရုပ်မှ မဟုတ်ဘဲ၊ လူ[illegible]လ၊ လူမှ လူယောကျာ်း၊ သူ့မှာ သမီးရှိတယ်၊ ဟိုအမျိုးသမီးက ဖွတ်ယက်တွဲလို့ရမလား ပြောပါဦး"

"မရနိုင်ပါဘူး၊ ကိုညကဆိုရင် သူ့ကို အတော်စိတ်ပျက်ခါးသည်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သမီးမှာ ဘာများ စိတ်ညစ်စရာရှိလို့လဲ သမီးရယ်၊ ငိုနေရလောက်စရာ ဘယ်မှာလဲ၊ အရေးပါတာနဲ့ မပါတာကို ခွဲပြီးမြင်တတ်ပါ"

"ဖေဖေလည်း ကိုညနဲ့ ပျို့ကို သဘောတူပေးတုန်းပဲပေါ့နော်"

"သဘောတူတာပေါ့၊ သဘောမတူစရာ ဘာရှိသလဲ"

ပျိုသည် ဖေဖေနှင့် ဖုန်းပြောပြီးလျှင် အတော်စိတ်ချမ်းသာသွားပါသည်။ ရင်အမောလည်း ပြေလျော့သည်။ ဖေဖေနှင့် ဖုန်းချပြီး မကြာခင် ဖုန်းကောလ်တစ်ခုက ထပ်ဝင်လာသည်။

"ဟယ်လို"

"ပျိုလေးလား"

"ကိုည"

"ပျို ဖုန်းပြောနေတာ ထင်တယ်"

"ဖေဖေနဲ့ ပြောနေတာ ကိုည၊ အန်တီဦး လှမ်းပြောလိုက်လို့ ဖေဖေ ပျို့ဆီ ဖုန်းဆက်တယ်"

ညီညဦးထံမှ အသံ ခဏတိတ်သွားရပြီးမှ အားငယ် လျော့လျော့ အသံနှင့် ...





"အန်ကယ်လ် ဘာပြောသေးလဲဟင်"

"ဖေဖေက ပျို့ကို စိတ်အထားတတ်ဖို့ဖျောင်းဖျပါတယ်၊ အရေးပါတာနဲ့ မပါတာကို ခွဲပြီး မြင်တတ်ဖို့ပြောတယ်၊ ဖေဖေတို့ဆီအဖို့တော့ ဒီအဖြစ်မျိုးက ရိုးနေတော့ It's not a problem တဲ့"

ညီညဦးထံမှ သက်ပြင်းမှုတ်ထုတ်လိုက်တဲ့ အသံကြီး ထွက်ပေါ်လာပါသည်။

"ကိုည မနေ့က ဖုန်းမဆက်ဘူးနော်၊ ပျိုကတော့ ရင်ထဲမှာ ရှုပ်ထွေးနေလို့ နားပဲနေချင်တာနဲ့ မဆက်မိတာပါ၊ ကိုည မဆက်တာကော ဘာဖြစ်လို့လဲဟင်"

"ကိုယ် ပြေးလွှားအလုပ်ရှုပ်နေလို့ ပျို၊ အိန်ဂျယ့်လ်ကို ဆေးရုံတင်ထားရတယ်"

"ဟင်"

ပျိုသည် ချစ်စဖွယ်ကလေးမလေးရဲ့ မျက်နှာကို မြင်ယောင်ကာ စိတ်မကောင်းနိုင်အောင် ဖြစ်သွားရပါသည်။

❥ ○ ❥



www.burmeseclassic.com

www.burmeseclassic.com



ခုထင်ပေါ်က ကလေးငယ်ကို ငေးစိုက်ကြည့်ရင်း ပျို့ရင်ထဲ ကြင်နာကရုဏာသက်စိတ်တို့ လှိုက်တက်လာသည်။ လူဖြစ်လာရပုံကိုက အများထက် ထူးခြားဆန်းကြယ်ခဲ့ရတဲ့အပြင် သူကလေး ဟုတ်တိပတ်တိ အရွယ်မရောက်ခင် မွေးသဖခင်က ကံဆိုးစွာ ကွယ်လွန်ခဲ့ရပြီ။ အမေက စိတ်ထားပြည့်ဝဖြောင့်မှန်ခြင်း၌ ချို့တဲ့အားနည်းနေတဲ့သူ။

ဤကလေးငယ်မှာ ကောင်းမွန်စွာ အုပ်ထိန်းသွန်သင်နိုင်စွမ်းသည့် ဆွေမျိုး အသိုင်းအဝိုင်း လိုအပ်ပါသည်။

"ဟိုဆရာဝန်က တော်တယ်၊ ကိုနေ့ ဘော်ဒါလေ၊ သူက မနေ့ကတည်းက ဝက်သက်ဖြစ်နိုင်တယ်ပြောနေတာ၊ အခု ထွက်လာပြီ တွေ့လား၊ တော်တော်အခံရခက်မှာပဲ"

ပျို့က ခုတင်ခေါင်းရင်းမှာ ရပ်ကာ ပျို့တို့ဘက်ကို ကျောပေးလျက် ပြတင်းပေါက်မှ အပြင်ကို ငေးကြည့်နေတဲ့ မမှုယာကို တစ်ချက်လှမ်းကြည့်လိုက်မိပါသည်။ သူ့ခမျာလည်း လောဘကြီးလှတဲ့ ဆန္ဒတို့နှင့် ပူလောင်လှပါသည်။





"ကိုည"

"ဘာလဲ ပျို့လေး"

"အိန်ဂျယ်လ်ဟာ ကိုညရဲ့ သမီးလေး ဟုတ်ပါတယ်လို့ သူ့ကို ခေါင်းညိတ်ပေးလိုက်ရင် ဘာဖြစ်သွားမလဲဟင်"

ပျို့ရဲ့ လေသံတိုးတိုးကလေးက ညီညဦးရဲ့ ပါးပြင်၌ ရှပ်တိုက်သွားသည်။

"ပျို့လေးကလည်းကွာ၊ ဘာတွေ လာမေးနေတာလဲကွာ"

"ပျို့ မေးတာသာ ဖြေပါ ကိုညရဲ့၊ အင်း ... ဟုတ်တယ်လို့ ခေါင်းညိတ်လိုက်ရင် ဘာဖြစ်သွားမလဲ"

"ဘာမှ မဖြစ်သွားဘူး၊ ဘာမှလဲ မဖြစ်လာနိုင်ဘူး၊ သူ ဆင်နေတဲ့ အချိုးက သူကအမေ ကိုယ်ကအဖေ ကဲ၊ ရေ့ ဘဝကိုပဲ လက်တွဲပြီး လျှောက်ရတော့မှာလိုလို၊ ရမလား ကွ၊ သူ့ပါးစပ်က ပြောချင်ရာပြောနေတိုင်း ဖြစ်လာမလား"

"ရှူး ..."

ညီညဦး အသံကျယ်ချင်လာ၍ ပျို့က ခပ်တိုးတိုး ဟန့်ရင်း ပြုံးလိုက်ရပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းမက အစ်ကို့အမွေရော ညီအမွေရော အပိုင်သိမ်းချင်နေတာ၊ ဒါပဲ၊ သူ့ရည်ရွယ်ချက်ရင်းက ဒါပဲ"

"အခု သူ လုပ်ချင်တာလည်း လုပ်လို့မရဘူး မဟုတ်လား"

"ဒီကိစ္စအတွက် ဥပဒေပုဒ်မမျိုး မြန်မာပြည်မှာ ရှိမရှိ ကိုယ် မသိရသေးဘူး၊ တစ်ချိန်မှာတော့ သူက အိန်ဂျယ်လ်ဟာ ကိုယ့်သမီးဆိုပြီး ကိုယ့်ဆီက အမွေတစ်ပုံ တောင်းလာတာမျိုးတော့ လုပ်ချင်လုပ်မှာပေါ့"

"လုပ်လာရင်လည်း တစ်မုံပေး ယိ ပက် မပိုဘူး မဟုတ်လား ကိုည"

ညီညဦးက ပျို့ကို တ ကသြ ကြည့်ကာ –

"ပျို ဘာတွေ ပြောနေတာလဲ"

"သူ ပြောနေတာတွေကို ဟုတ်တယ်၊ အဲဒီတော့ ဘာဖြစ်သလဲဆိုတာမျိုး နားအေးပါးအေး ခေါင်းညိတ်လိုက်ပါလား ကိုည၊ သူ့ကို ကြည့်ရတာ ပူလောင်နေရှာတယ်၊ လောဘ ဒေါသ မောဟတွေ သူ့မှာ များလွန်းနေတယ်၊ သူနဲ့ တုံ့ပြန်ရင်ဆိုင်ငြင်းခုန်နေမဲ့အစား သူက ဒါ ရှင့်သမီး ဆိုရင် အိုကေ လို့ပဲ ခေါင်းညိတ်ပေးလိုက်ပါလား ကိုည"



BURMESE CLASSIC .com



ညီညဦးက ပျို့ကို ငေးမောတွေဝေကာ စိုက်ကြည့်နေပါသည်။

"ကလေးလေးမှာလည်း စိတ်မှာ ဒဏ်ရာ ဖြစ်ပါတယ် ကိုညရယ်၊ လူကြီးချင်း မင်းဟာ အဖေ ဟုတ်တယ် မဟုတ်ဘူး ငြင်းနေကြရင် ကလေးရဲ့ ရင်ထဲမှာ ဘယ်လောက် ထိခိုက်ခံစားရမလဲ၊ ကလေးကို ဒက်ဒီခေါ်ဖို့ သူက သင်ခဲ့ရင်လည်း မကန့်ကွက်ပါနဲ့၊ ခေါ်ပါစေတော့"

"အိန်ဂျယ်လ်ကို ကိုယ်က သိပ်ချစ်ပြီးသားပါ ပျိုရယ်၊ သူ ဖွတ်လုပ်နေတာကိုသာ အမြင်ကတ်လို့ ငြင်းထုတ်ပစ်နေတာပါ"

မူယာသည် နောက်ဘက်မှ ပကျိပကျိ တွတ်ထိုးနေတဲ့ ညီညတို့နှစ်ယောက်ကို မရှုစိမ့်နိုင်ဖြစ်လာသည်။ အခန်းထဲမှာ အိပ်မောကျနေတဲ့ လူနာကလေးအပြင် လူသုံးယောက်ရှိတာ၊ နှစ်ယောက်က စကားအမျှင်မပြတ်ဘဲ သူ တစ်ယောက်တည်းမှ တသီးတသန့် အထီးကျန်ကျန်။ ကိုယ်ကလည်း စကားသွားရော မပြောချင်။ ပြတင်းပေါက်က ကြည့်ပြီး ကျောခိုင်းနေရတာလည်း ကြာတော့ ညောင်းလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



မှုယာက ချာခနဲ ဒီဘက်လှည့်လိုက်ကာ ...

"ညီညု ... တို့ အိမ်ခဏပြန်လိုက်ဦးမယ်"

"ကားမလာသေးဘူး"

"ညီညုကားကို တို့မောင်းသွားရင်ကော မရလို့လား၊ ညီညုကလည်း ဒီမှာနေဦးမှာပဲ၊ မနေချင်လည်း ပျို့ကလျာကို ပို့ခိုင်းလည်း ရတာပဲ၊ တို့ ခေါင်းတွေ ကိုက်နေတယ်၊ ခဏ နားချင်နေတယ်"

"ဒါဖြင့်လည်း ယူသွားလေ၊ ကျွန်တော်က မပြန်သေးပါဘူး၊ ညနေ မေမေ လာတဲ့အထိနေမယ်"

"ဒါဖြင့် ကားသော့ပေး"

ညီညုဦးထံက ကားသော့ကို ပျို့က တစ်ဆင့်ယူကာ မှုယာ လက်ထဲ ထည့်လိုက်သည်။ မှုယာ ကြည့်တဲ့ စိမ်းတောက်တောက်မျက်ဝန်းများကို လျစ်လျူရှုကာ ကြည်ကြည်လင်လင်ပြုံးပြလိုက်ပါသည်။ အဲဒီအပြင် မှုယာ ထွက်သွားတဲ့နောက်က လိုက်ကာ ခါတ်လှေကားအထိ လိုက်ပို့ဖို့ပါလာခဲ့ရင်း မှုန်တေနှမ်းညစ်နေတဲ့ မှုယာ မျက်နှာထားကို ဆေးက အကဲခတ်သျက် ...

"မှုယာ"





မှုယာက စိတ်အနှောင့်အယှက်ဖြစ်သလို ဖျတ်ခနဲ ကြည့်ကာ ...

"ဘာလဲ"

"ပျို့ တစ်ခုလောက် မေးချင်လို့ပါ"

"စိတ်ရှုပ်စရာတွေတော့ လာမပြောနဲ့၊ တို့စိတ်တွေ ပင်ပန်းနေတယ်"

"စိတ်ချမ်းသာစရာစကားပဲ ပြောမှာပါ မှုယာ၊ အိန်ဂျယ်လ်လေးရဲ့ ဖခင်က ကိုညုလို့ ပျို့ရော ကိုညုပါ လက်ခံပါတယ်"

"ဘာ"

မှုယာသည် ခြေလှမ်းတွေ ရပ်ပစ်လိုက်ကာ ...

"မင်း ငါ့ကို လာနှောက်နေတာလား"

"မနှောက်ပါဘူး မှုယာ၊ နှောက်စရာလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"

"တခြားအဓိပ္ပာယ် ဘာမှ မပါပါဘူး မှုယာ၊ အိန်ဂျယ်လ်ဟာ ကိုညုရဲ့ သွေးက ဖြစ်တည်လာတယ်၊ ကိုညုရဲ့ကလေး၊ ကိုညုက အိန်ဂျယ့်လ် ဖခင် ဆိုတာကို ငြင်းစရာမရှိပါဘူး၊ လက်ခံပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပျို့ရဲ့ ရိုးရိုးလေးစကားကို မမွယာရဲ့ စိတ်ထဲမှာ ဘယ်လိုတွေ အဓိပ္ပာယ်ကောက်နေမလဲတော့ မသိပါ။ မမွယာ မျက်နှာဟာ ကျေနပ်နှစ်သိမ့်ပုံလည်းမရ။ ညိုမှောင်ကာ ပျို့ကိုသာ ဘာသဘောနှင့် ပြောနေသလဲ အဖြေရှာသလို စူးစူးဝါးဝါး ကြည့်နေသည်။ သဘောရိုး စေတနာရိုးနှင့် ပြောတယ်လို့ မယုံနိုင်လောက်အောင် ဖြစ်နေသည်မှာ သူ့ရဲ့ အတွင်းစိတ်အခြေခံက မှုမမှန်လို့ပင်တကား။

ပျို့သည် သံသယတွေ စွန်းထင်းနေတဲ့ မမွယာ မျက်ဝန်းတွေကို စိတ်မကောင်းစွာသာ ငေးကြည့်နေခဲ့မိသည်။ မမွယာရဲ့ ပူလောင်မှုကို သနားနေမိသည်။ မမွယာကတော့ မွှင့်ဟလာတဲ့ ခါတ်လှေကားထဲ ဝင်သွားတဲ့အထိ ပျို့အပေါ် စေခွဲမရ သင်္ကာမကင်းတဲ့ ပူပြင်းသော မျက်ဝန်းများနှင့် ကြည့်သွားခဲ့ပါသည်။

ပျို့ ပြန်ဝင်လာခဲ့ပြီး ကိုညကို နှုတ်ဆက်ကာ ပျို့ပါ ပြန်တော့ဖို့ပြင်ရသည်။ ညနေစောင်းမှာ ပျို့ ကိုယ်တိုင် တစ်ကိုယ်လုံး ပေါင်းတင်ပေးရမည့် သတို့သမီးလောင်းတစ်ဦးကို ချိန်းထားတာ ရှိသည်။ ကိုညကတော့ သူ့အမေလာမှ ပြန်တော့မည်။ ပျို့ ဆေးရုံမှ ဆင်းလာကာ ကားပေါ်တက်၊ ကားကို ဆေးရုံဝင်းထဲက





မောင်းထွက်ခဲ့ပြီး ပြည်လမ်းဘက် တက်ခဲ့လျှင် ပြည်လမ်းထောင့် မီးပွိုင့်မှာ လူတွေ စုရုံးဝိုင်းအုံကာ ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားနေတာမြင်ရ၍ ကားကို ပန်းကွေ့ရှောင်တက်ကာ ဖြည်းဖြည်းကလေး ကျော်ဖြတ်စဉ် ...

"ဟင် ..."

လူတွေ စုရုံးဝိုင်းအုံနေတဲ့ အလယ်မှာ ရှိနေတဲ့ကားက ကိုညရဲ့ ကားလေးပါလား။ ခပ်လှမ်းလှမ်းရှေ့လေးမှာ သူနှင့် တိုက်ထားတဲ့ကားက ရေးနောလ်ဘတ်စ်ကားကြီး။

"မမွယာ ... မမွယာ"

ပျို့ ကားကို ရပ်ကာ လူအုပ်ဆီပြေးဝင်လာခဲ့သည်။ လူအုပ်အလယ်က ကားကလေးဟာ ခေါင်းပိုင်းကြေမွတိုဝင် ပြားချပ်နေလျက် မှန်ကွဲစများ အဖွေးဖွေး။ အတွင်းဘက် ချိုင့်ဝင်လာတဲ့ ကားရဲ့ ဒက်ရှ်ဘုတ် စတီယာရင်တို့နှင့် ထိုင်ခုံကြား ညပ်ဂ ျပ်နေတဲ့ အမျိုးသမီးဟာ ခေါင်းမော့လန်လျက် သွေးအရဲသား

ပျို့ မျက်လုံးထဲ မျက်ရည်တွေ ပြည့်တက်လာကာ ...

"မမွယာ"

တိုးရှိုက်ကြေကွဲစွာ ခေါ်ငင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဒီဇင်ဘာလတွင် ပျို့တို့ မင်္ဂလာဆောင်ပွဲကို ကျင်းပတော့ သမီးကလေးက ပန်းကြဲပါသည်။ ခုတော့ဖြင့် နုနယ်သေးတဲ့ အိန်ဂျယ့်လ် နှလုံးသားထဲက ပူဆွေးသောကတို့လည်း မေ့လျော့အနည်ထိုင်ပြီ။ သူ့ ဦးဦးညကို ဒက်ဒီ အန်တီပျို့လေးကို မာမီလို့လည်း နှုတ်ကျိုးစပြုပြီ။

ပျို့သည် အခါများစွာပင် မမှုယာ ကွယ်လွန်စဉ်က ရုပ်မျက်နှာကို ပြန်မြင်ယောင်မိရင်း ကြက်သီး တဖျပ်ဖျစ် ထ,မြဲရှိတုန်းပင်။ များပြားလှတဲ့ အလိုဆန္ဒလောဘတို့နှင့် ထိုအရာတို့မပြည့်ဝရသေးတဲ့အတွက် မရောင့်မရဲ အခဲမကြေတဲ့ ဒေါသရိပ်တို့ရောနှောယှက်ဖြာနေသော ကံဆိုးတဲ့ မျက်နှာကလေးတစ်ခုကိုဘယ်တော့မှ မမေ့ဘဲ ကရုဏာသက်ဆဲ ရှိတုန်းပင်။

လယ်ဝင်းနိုနို

BURMESE CLASSIC .com

www.burmeseclassic.com